ဝေဘာဝယာတာ၅၆၆ ရှုပ

ဘုရားဖြူဆရာတော်

ooo

ရန်ကုန်မြို့-အရှေ့ပိုင်း

ဘုရားမြို့။ ဆရာတော်။

ရေးသားတော်မူအပ်သော

ဝေါဟာရယဉ်ကျေးမှု

နီးခုတ်သတင်းစာပုံနှိပ်တိုက်။

မောင်ဂိုမာရီလမ်း၊ တိုက်နံပါတ်-၈၄၊

ရန်ကုန်မြို့၊

၁၃၉၁-ခုနှစ်-ဗဒ္ဓမဝါဆိုလ။

နိဒါန်း။

ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတောစေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိအက္ခာတော။ ။

ဝိဝိဓဝိသေသနယတ္တာ၊ အထူးထူးအပြားပြားသောနည်း၊ထူးသောနည်းရှိသည်၏အဖြစ်ကြောင့်။ အယံဝိနယော၊ဤဝိနည်းကို။ ဝိနယောတိ၊ဝိနည်းဟူ၍။ ဝိနယတ္ထဝိဒူဟိ၊ဝိနယသဒ္ဒါ၏အနက်ကို သိကုန်သောပညာရှိတို့သည်။ အက္ခာတော၊ဆိုအပ်၏။ ကာယ ဝါစာနံ၊ကိုယ်-နှုတ် တို့ကို။ ဝိနယနတောစေဝ၊ဆုံးမတတ်သောကြောင့်လည်း။ အယံဝိနယော၊ဤဝိနည်းကို။ ဝိနယောတိ၊ ဝိနည်းဟူ၍။ ဝိနယတ္ထဝိဒူဟိ၊ဝိနယသဒ္ဒါ၏အနက်ကိုသိကုန်သောပညာ ;တို့သည်၊အက္ခာတော၊ဆိုအပ်၏။ ။ဤဝိနယသဒ္ဒါ၏အနက်ပြ ဂါထာဌာန်။ ''ဝိဝိဓဝိသေသနယတ္တာ'' ဟူသောပထမ-ပါဒမှာ။ဝိဝိဓ နယတ္တာ၊ဝိသေသနယတ္တာ၊ဟုပုဒ်ခွဲခြားခြင်း၏။ ''ဝိဝိ ၊ နယာ ဇော်တိ ဝိနယော''-ဟုဝိဂြိုဟ်ပြု။ ။ဇော်၊ဤဝိဒုကတ်၌။ ဝိဝိဓာ၊အထူးထူး အပြားပြား ပြားကုန်သော။ နယာ၊ နည်းတို့သည်။ အတ္ထိသန္တိ၊ ဂိုကုန်၏။ ဇုတိတသဒ္ဒာ၊ ထိုကြောင့်။ ဝိနယော၊ဝိနည်းမည်၏။ ။ ''ဝိ၊သသာ နယာ ဇော်တိ ဝိနယော''ဟု ဝိဂြိုဟ်ပြု။ ။ဇော်၊ဤ ဝိဒုကတ်၌၊ ဝိသေသာ၊ထူးကုန်သော။ နယာ၊နည်းတို့သည်။အတ္ထိ သန္တိ ဂိုကုန်၏။ဇုတိတသဒ္ဒာ၊ထိုကြောင့်။ဝိနယော၊ဝိနည်းမည်၏။ ။ ။ငါးပါးသော ပါဏာတိပါတာ မှုန်ခြေသား ပါဏာတိပါတ,စသော ခုနစ်ပါးသော အာပတ်အစု မာတိကာ,ဗုဒ္ဓဘာဇနီ,စသော ပြားသော နည်းရှိသောကြောင့်''ဝိနည်း''ဟု ခေါ်အပ်၏။ လောကဝဇ္ဇသိက္ခာ ပုဒ်တို့၌ တင်းကင်းပြုခြင်း၊ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ ထွေ

လျှောပြုခြင်း, အကျိုးရှိသော၊ ထူးသောအနုပညာတ်နည်းရှိသော ကြောင့်လည်း၊ "ဝိနည်း"ဟု ဆိုအပ်၏။ ။"ဝိနယနတောစေဝ ကာယဝါစာနံ"ဟူသောဒုတိယပါဒအလိုမှာ။"ကာယဝါစာယော ဝိနေတိတိ ဝိနယော" ဟု ဝိဂြိဟ်ပြု။ ။ကာယဝါစာယော၊ ကိုယ်-နှုတ် တို့ကို။ ဝိနေတိ၊ ဆုံးမတတ်၏။ ဤတို့ တာသ္မာ၊ ထို ကြောင့်။ ဝိနယော၊ဝိနည်းမည်၏။ ။ကိုယ်-နှုတ်-လွန်ကျူး ခြင်းကို ဆုံးမတတ်သောကြောင့်လည်း၊ "ဝိနည်း"မည်၏-ဟုဆို သည်။ ။ထိုသို့အထူးထူးအပြားပြားသောနည်း၊ထူးသောနည်း ရှိ၍၊ ကိုယ်-နှုတ်-တို့၏ လွန်ကျူးခြင်းကို ဆုံးမတတ်သော"ဝိ နည်း"ကို၊ မြတ်စွာဘုရားသည်၊ သုတ္တန်ဒေသနာတော်များကဲ့သို့၊ သတ္တဝါတို့၏ အလို"အဇ္ဈာသယ"ကိုလိုက်၍လည်း ဟောတော် မမူ။ အဘိဓမ္မာဒေသနာတော်များကဲ့သို့၊ "ယထာသဘာဝ" အ တိုင်းလိုက်၍လည်း ဟောတော်မမူ။ စင်စစ်အားဖြင့်-အပြစ်အား လျော်စွာ အာဏာထားသောအားဖြင့်၊သနားခြင်း"မဟာကရုဏာ သမာပတ္တိ" ဥာဏ်တော် ပြဋ္ဌာန်း၍ ဟောတော်မူသည်။ ထို ကြောင့်-အချို့သော ဝိနည်းဒေသနာတော်သည်၊ လူတို့နှင့်လည်း ဆက်ဆံ၏။ ရဟန်းတို့နှင့်လည်း ဆက်ဆံ၏။ အချို့သောဝိနည်း ဒေသနာတော်သည်၊လူတို့နှင့်မဆက်ဆံ၊ရဟန်းတို့နှင့်သာဆက်ဆံ သည်။ လောကဝဇ္ဇအမည်ရသောသိက္ခာပုဒ်များသည်၊ လူတို့လွန် ကျူးလျှင်လည်း၊ လွန်ကျူးသော လူတို့အား အပြစ် ရောက်စေ တတ်၏။ ရဟန်းတို့ လွန်ကျူးလျှင်လည်း၊ ရဟန်းတို့အား အပြစ် ရောက်စေတတ်သည်။ ပဏ္ဏတ္တိဝဇ္ဇအမည်ရသော သိက္ခာပုဒ်များ သည်ကား။ လူတို့နှင့်မဆက်ဆံ၊ရဟန်းတို့နှင့်သာ ဆက်ဆံ၍၊ ရ ဟန်းတို့အားသာလျှင် အပြစ် ရောက်စေတတ်သည်။ ။အချို့ သောသိက္ခာပုဒ်များကို၊ လူတို့၏ ကဲ့ရဲ့စွပ်စွဲ- အပြစ်တင်ခြင်းမှ၊ ကင်းလွတ်စေခြင်းငှါ၊ လူတို့အား သနားသဖြင့် ပညတ်တော်မူရ သည်။ ။ထိုသို့ မဟာကရုဏာသမာပတ္တိဥာဏ်တော်ပြဋ္ဌာန်း၍ ဟောတော်မူ**အပ်**သော ဝိနည်းဒေသနာ-ဝိနည်းပိဋကတ်၌။ သင်

ကြားခြင်းမကျနလျှင်၊ ဒုပ္ပဋိပန္နဖြစ်၍ ၊သိလျက်စီးခြင်းသို့ရောက်
တတ်သည်။ ။"အရိုဋ္ဌ" အမည်ရှိသော ရဟန်းသည်၊ မြွေကထိ
ကဖြစ်၍ ၊ ဗဟုသုတပင် ရှိသော်လည်း၊ ဝိနည်းဒေသနာ–ဝိနည်း
ဝိဒူကတ်၌ သင်ကြားခြင်း မကျနမျှ၊ ကမ္မဋ္ဌာန်းရယ်-ကိလေသဋ္ဌာ
ရယ် – ဝိပါကဋ္ဌာန်းရယ် – ဥပဝါဒဋ္ဌာန်းရယ်– အာဏာဝိတိက္ကမဋ္ဌာ
ရယ်-ဟု မဂ်ဖိုလ်၏ အနှစ်ရယ်ငါးပါးရှိရာတွင်။အစအဆုံးရယ်
လေးပါးကိုသာသိလေသည်။ ဝိနည်းကိုသင်ကြားခြင်း၌ မကျန်၊
ဝိနည်း၌ မလိမ္မာခြင်းကြောင့်၊ ပဏ္ဏာတ္တိ သိက္ခာပုဒ်ကို လွန်ကျူး
ခြင်း–အာဏာ ဝိတိက္ကမဋ္ဌာန်းရယ်-ကို မသိသဖြင့်၊ အယူမှားပြီး
လျှင်၊ ဘုရားဂိုဏ်စွပ်စွဲ၍ သိလျက်စီးခြင်းသို့ရောက်ရလေသည်။
ထိုကြောင့် လောကဝဇ္ဇ,ပဏ္ဏာတ္တိဝဇ္ဇ, ကွဲးပြား ခြားနားအောင်၊ ဝိ
နည်းကို သင်ကြားလေ့လာပြီးလျှင်၊ လူတို့အား အပ်သော်လည်း၊
ရဟန်းတို့အား မအပ်သော "ပဏ္ဏာတ္တိဝဇ္ဇ" သိက္ခာပုဒ်တော်များ
နှင့် လူတို့၏ ကဲ့ရဲ- အကြည်ညို ပျက်ဆီးယိုယိုရာမှ လွတ်ကင်း
အောင်၊ လူတို့အား သနားသဖြင့်. ပညတ်တော်မူသော "ပဏ္ဏာတ္တိ
ဝဇ္ဇ"သိက္ခာပုဒ်တော်များကို၊ ဝိတိက္ကမစေတနာနှင့်တကွ၊ ဘုရား
ရှင်၏ အာဏာတော်ကိုကျူးလွန်ကျော်နင်းသဖြင့်၊မဂ်ဖိုလ်သုဂတ်
ကို တားမြစ်တတ်သော "အာဏာဝိတိက္ကမဋ္ဌာန်းရယ်" မပြီတွယ်
အောင်- ဝေါဟာရကောက်ထိန်းသိမ်းရန်၊ ရဟန်းများမှာ အရေးကြီး
ထားသည်။ ။ရှင်သာမဏေပြုလုပ်ခဲ့စဉ်ကလည်း။ "သံသာရဝဋ
ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇ ယာစာမိ"ဟု–သာ ရာထံတောင်း
ပန်ခဲ့သည်တကာန်၊ ရဟန်းခံရန် သိမ်အပြင် သံဃာအစည်းအဝေး
တွင်၊ "သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ
သံဃော အနုကမ္ပံ ဥပါဒါယ"– ဟု သံဃာတော်မြတ်များ ထံ
တောင်းပန်ခဲ့သည်တကာန်၊ ဤသို့ နှုတ်တန်–ရေးကောက်ကြမ်း,ပြန်၍ဝန်ခံ
ကောင်းပန်ခဲ့ပြီးမှ၊သာသနာတော်ဆို ဝင်ခွင့်ရသဖြင့်၊ အရဟတ္တ
ဖိုလ်အားလျော်သော သက်ဦးကုန် ဝတ်ဆင်၍ ရဟန်းပြုလုပ်လာ
ကြသည်ဖြစ်သောကြောင့်၊ မူလဝန်ခံချက်ကို မယုတ်လေ

မှ၍၊ မဂ်ဖိုလ်အားလျော်သော အကျင့်သိက္ခာ,သမာဓိ,ပညာ, ကိုသာ၊ လေ့လာပွားများအားထုတ်ကြရာ၏။ ။

မြတ်စွာဘုရားသည်၊ ဆယ်ပါးသော အကျိုးထူးတရားရှိမည့်ကိုအစွဲးပြု၍ ရဟန်းတို့အား "သိက္ခာပုဒ်" ပညတ်တော်မူသည်။

ဆယ်ပါးသောအကျိုးထူးတရားကား။

{၁} သံဃသုဠုတာယ။
{၂} သံဃဖာသုတာယ။
{၃} ဒုမ္မင်္ကုနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ။
{၄} ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ။
{၅} ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ။
{၆} သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ။
{၇} အပသန္နာနံ၊ ပသာဒါယ။
{၈} ပသန္နာနံ ဘိယ္ယောဘावါယ။
{၉} သဒ္ဓမ္မဋ္ဌိတိယာ။
{၁၀} ဝိနယာနုဂ္ဂဟာယ။

၅၂ ဆယ်ပါးသောအကြောင်းတို့တွင်။ ။

၁။ ။"သံဃသုဠုတာယ"-ဟူသည်ကား၊ မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်တော်မူသောအခါမှာ။ဗလက္ကာရ-နိုင်ထက်မူ၍. ပညတ်တော်မူသည်မဟုတ်။ သံဃာကောင်းပြီးဟု-ဝန်ခံချက်ရမှ ပညတ်တော်မူသည်၊

၂။ ။"သံဃဖာသုတာယ" -ဟူသည်ကား၊ သံဃာချမ်းသာစွာ နေရခြင်းငှါ ပညတ်တော်မူသည်။

၃။ ။"ဒုမ္မင်္ကုနံပုဂ္ဂလာနံ နိဂ္ဂဟာယ"-ဟူသည်ကား၊ သီလမရှိကုန်သော ပုဂ္ဂိုလ်တို့အား၊ သိက္ခာပုဒ်ကို ပြု၍ နှိပ်နှင်းခြင်းငှါ ပညတ်တော်မူသည်။

၄။ ။"ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ"-ဟူသည်ကား၊ သီလကိုချစ်မြတ်နိုးကုန်သော် ရဟန်းတို့အား ချမ်းသာစွာ

နေရခြင်းဌာ။ ပညတ်တော်မူသည်။ ထိုသီလကို ချစ်မြတ်နိုးကုန်သောရဟန်းတို့သည်၊ ပြုအပ်သောအမှု၊မပြုအပ်သောအမှု၊အပြစ်ရှိ-မရှိသောအရာဌာနကိုသိ၍ သိက္ခာသုံးပါးကိုဖြည့်ကျင့်ခြင်းဌာ။ အားထုတ်အပ်သည်ရှိသော် မပင်ပန်းကုန်။ ထိုသို့အပြစ်ရှိ-မရှိကို သိပြီးမှ၊ တရားကို အားထုတ်ရသောကြောင့်၊ သိက္ခာပုဒ်ပညတ်တော်မူခြင်းသည်။သီလကိုချစ်မြတ်နိုးသောရဟန်းတို့အား ချမ်းသာသည်။ {တနည်းသော်ကား} ဒုဿီလ ရဟန်းတို့အား အကြင် နှိပ်နင်းခြင်းသည်ရှိ၏။ ထို နှိပ်နင်းခြင်းသည်သာလျှင်၊သီလကိုချစ်မြတ်နိုးကုန်သောရဟန်းတို့အားချမ်းသာသည်။ ဒုဿီလ ပုဂ္ဂိုလ်ကိုအမှီပြု၍ ဥပုသ်ကံမတည်။ပဝါရဏာကံမတည်။သံဃာကံတို့သည် မဖြစ်ကုန်။ ညီညွတ်ခြင်း သာမဂ္ဂီမဖြစ်နိုင်။ ရဟန်းတို့သည် သမာဓိမရကုန်သည်ဖြစ်၍၊ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း, ကမ္မဋ္ဌာန်းစသည်တို့ကို အားထုတ်ခြင်းဌာ, မစွမ်းနိုင်ကုန်။ဒုဿီလပုဂ္ဂိုလ်တို့ကိုနှိပ်နင်းအပ်သည်ရှိသော်အလုံးစုံသော ဥပဒ္ဒဝေါ ဖြစ်ခြင်း မရှိ၊ ငြိမ်းငေ့၏။ ထိုကြောင့်လည်း၊ သိက္ခာပုဒ်ပညတ်တော်မူခြင်းသည်၊သီလကိုချစ်မြတ်နိုးကုန်သောရဟန်းတို့အား ချမ်းသာသည်။

၅။ ။"ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ"-ဟူသည်ကား။ ကိုယ်-နှုတ်-ကို မစောင့်စည်းခြင်းဌာ တည်သောသူသည်၊ ယခုပစ္စုက္ခ ဘဝတွင်၊ လက်ဖြင့် ပုတ်ခတ် ခံရခြင်း၊ ဒုတ် လုံးဖြင့် အရိုက်ခံရခြင်း၊လက်ဖြင့် ခြေဖြင့် ခံရခြင်း၊အရှိန်အစောင်းမဲ့ ခံရခြင်း၊ အကျော်အားစာမဲ့ ဖြစ်ခြင်း၊ နှလုံးမသာမရာဖြစ်ခြင်းစသော ဒုက္ခ အထူးတို့သည် မျက်မှောက်သော အတ္တဘောဌ ဖြစ်သော အာသဝေါတို့မည်ကုန်၏။ ထိုကဲ့သို့သော အာသဝေါဒုက္ခတို့ကို ရိတ်ပင်တားဆီးခြင်းဌာ၊သိက္ခာပုဒ်ပညတ်တော်မူသည်။

၆။ ။"သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ"-ဟူသည်ကား မစောင့်စည်းခြင်းဌာတည်ရှိ၍ပြုအပ်သောမကောင်းမှုကံ အရင်းခံကုန်သောသူတို့သည်၊ နောင်တမလွန်ဘဝ၌အပါယ်ငရဲ

စသည်တို့သို့ကျရောက်အံ့သော ဒုက္ခအထူးတို့သည်၊ နောင် တမလွန်အာသဝေါ်တို့မည်ကုန်၏။ ထိုအာသဝေါဟူသောဒုက္ခတို့ကို ပယ်ခြင်းဖျောက်ခြင်းငှါ သိက္ခာပုဒ်ပညတ်တော်မူသည်။

၂။ ။"အပ္ပသန္နာနံ ပသာဒါယ"-ဟူသည်ကား။အကြင်သူတို့သည်၊သာသနာတော်ကိုမကြည်ညို။ ထိုသူတို့သည်သိက္ခာပုဒ်ပညတ်ခြင်းကိုသိ၍ရင်း။ ပညတ်တော်မူသော သိက္ခာပုဒ်အတိုင်းလိုက်၍ကျင့်သော ရဟန်းတို့ကို မြင်၍ရင်း။ သာသနာကို ကြည်ညိုကြကုန်၏။ လောကဌ် တသ်နှစ်သက်ခြင်း ရာဂဖြစ်ရာ အာရုံ, (ကာမဂုဏ်ငါးပါးကိုယူ)ဒေါသဖြစ်ရာအာရုံ, မောဟဖြစ်ရာအာရုံ,တို့သည်ရှိကုန်၏။ ထိုအာရုံတို့မှရဟန်းတော်တို့သည်ဝေးစွာရှောင်ကြဉ်ကြကုန်၏။ ပြုလုပ်နိုင်ခဲ့သောရဟန်းအလုပ်ကို ပြုလုပ်တော် မူကြပေကုန်၏။ ဝန်လေးစွာသော သာသနဝန်ကို ထမ်းဆောင်တော်မူကြပေကုန်၏။ ဟူ၍ ကြည်ညို လေးမြတ်ခြင်းသို့ရောက်ကြကုန်၏။ ထိုသို့ သာသနာတော်ကို သက်ဝင် ယုံကြည်ခြင်းမရှိသေးသောသူတို့အား သက်ဝင်ယုံကြည်ခြင်းကို ဖြစ်စေခြင်းငှါ သိက္ခာပုဒ်ပညတ်တော်မူသည်။ (မိန္ဒာဒိဋ္ဌိအယူရှိသော ဝေဒိကပုဏ္ဏားသည်၊ ဝိနည်းဝိဒူကတ်ပေစာကိုမြင်သဖြင့် သာသနာတော်ကို ကြည်ညိုဘူးလေသည်၊) ဤအချက်မှာ-ကိုယ်တပါးတည်းအတွက်နှင့်၊ ဒါယကာ သာသနာ အကြည်ညိုပျက်အောင်မပြုကျင့်မိရန်-ရဟန်းများ ဂရုထားသင့်၏။

၃။ ။"ပသန္နာနံ ဘိယ္ယောဘာဝါယ"ဟူသည်ကား။အကြင်သူတို့သည်သာသနာကိုကြည်ညိုရင်းစွဲးရှိကြကုန်၏။ ။ထိုသူတို့သည် သိက္ခာပုဒ်ပညတ်ချက်ရှိသည်ကို သိ၍ရင်း။ ပညတ်တော်မူသော သိက္ခာပုဒ်တော်ရှိသည့်အတိုင်းလိုက်နာ၍ကျင့်ကုန်သောရဟန်းတို့ကို တွေ့မြင်သိရှိ၍ရင်း။ အသျှင်ကောင်းတို့သည်၊ ပြုနိုင်ခဲ့သည်ကိုပြုတော်မူကြကုန်၏။ ။လောက လူအပေါင်းတို့မှာ၊ထမင်းနှစ်ထပ်စားမြိုးရှိရာတွင် အသက်ထက်ဆုံး ဆွမ်းတထပ်ကိုသာစား၍ရသောအကျင့်၊မြတ်သောအကျင့်ရှိသော ဝိနည်းဌ ဧကဘတ်စည်း

ခြင်းကို အစဉ် စောင့်ရှောက်တော်မူကြပေကုန်၏။ အံ့သြဘွယ် ရာ- ဟု၊ ကြည်ညိုရင်းထက် ကိုးလွန်၍ ကြည်ညို စေခြင်းငှါ သိက္ခာပုဒ် ပညတ်တော်မူ၏။

၉။ ။"သဒ္ဓမ္မဠ္ဠိတိသာ"- ဟူသည်ကား၊ "ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊အဓိဂမသဒ္ဓမ္မ"-ဟူသော သူတော်ကောင်းတရား၊ သာသနာ သုံးပါး၊ တာဝှည်လေးမြှင့် တည်စေခြင်းငှါ သိက္ခာပုဒ် ပညတ်တော်မူသည်။ထိုတွင် "ပရိယတ္တိသဒ္ဓမ္မ" ဟူသည်-အလုံး စုံသော ဘုရားစကားတော်သည်-ပရိယတ္တိသဒ္ဓမ္မမည်၏။ ဧတင် တေရသ,စသော ကျင့်ဝတ်များနှင့်၊ သီလ, သမာधိ, ဝိပဿနာ သည်- "ပဋိပတ္တိသဒ္ဓမ္မ" မည်၏။ လောကုတ္တရာတရား ကိုးပါး သည်- "အဓိဂမသဒ္ဓမ္မ"မည်၏။ ထိုအလုံးစုံသော သဒ္ဓမ္မသုံးပါး တည်ခြင်းအကြောင်း ဖြစ်၏။ သိက္ခာပုဒ် ပညတ်ခြင်း ဂိုဏ်သော် ရဟန်းတို့သည်သိက္ခာပုဒ်ကိုင်း။သိက္ခာပုဒ်၏ အဘွင့်-ဝိဘင်းပဒ ဘာဇနီကိုင်း။ ထိုသိက္ခာပုဒ်-ဝိဘင်းပဒဘာဇနီ၏ အနက် အ ဓိပ္ပါယ်ကို ထွန်းပြာဘတ်သော တပါးသော ဘုရားစကားတော်ကို ၎င်း-သင်ကြားကြကုန်အံ့။ ပညတ်တော်မူတိုင်းလည်း လိုက်နာ ကျင့်ကြံကြကုန်၍၊ ထိုအကျင့်ဖြင့် သိအပ်သော လောကုတ္တရာ တရားကိုသိကြကုန်အံ့။ထိုကြောင့် သိက္ခာပုဒ် ပညတ်တော်မူခြင်း သည် သာသနာသုံးပါး၊သူတော်ကောင်းတရား တာဝှည်စွာတည် ခြင်း၏ အကြောင်းဖြစ်လေသည်။

၁၀။ ။"ဝိနယာနုဂ္ဂဟာယ"ဟူသည်ကား။"သံဝရဝိနည်း, ပဟာနဝိနည်း, သမထဝိနည်း, ပညတ္တိဝိနည်း"ဟူသော၊လေးပါး သောဝိနည်းကို ရှုံးမြောက်ထောက်ပံ့ခြင်းငှါ၊ သိက္ခာပုဒ် ပညတ် တော်မူသည်။ သံဝရဝိနယော တိ-သီလသံဝရော, သတိသံ ဝရော,ညာဏသံဝရော,ခန္တိသံဝရော,ဝီရိယသံဝရော,တိ ပဉ္စဝိဓော သံဝရော,ယတ္ထာသကိ သံဝရိတဗ္ဗာနံ ဝိနေတဗ္ဗာနဉ္စ ကာယဒုစ္စရိ တာဒီနံ သံဝရဏတော သံဝရော ဝိနယော တိ ဝုစ္စတိ၊ ပဟာနဝိနယော တိ ကာမဗျာပါ ပဟာနံ, ဗျာပါ ပဟာနံ, ဝိကွမ္ပနပ္ပဟာနံ, သမုဒ္ဓစ္စပ္ပ

ဟာနံ,ပဋိပဿဒ္ဓိပ္ပဟာနံ, နိဿရဏာပ္ပဟာနန္တိ–ပဠုဝိဓေ္ဓပဟာနံ, ယသ္မာစာဂဗ္ဗေနပဟာနံ,ဝိနယနဗ္ဗေနဝိနယော။ တသ္မာ ပဟာနဝိနယောတိဝုစ္စတိ။ ။သမထဝိနယောတိ– သတ္တ အဓိကရဏာသမထာ။ ။ပညတ္တိဝိနယောတိသိက္ခာပဒမေဝ။သိက္ခာပဒပညတ္တိယာ ဟိ ဝိဇ္ဇမာနာယ ဧေ သိက္ခာပဒသမ္ဘဝတော ပညတ္တိဝိနယောဝိ သိက္ခာပဒပညတ္တိယာ အနုဂ္ဂဟိတော ဟောတိ။ ။ဋီကာ။

{တနည်းသိက္ခာပုဒ်ပညတ်ခြင်းအကြောင်း။}

{၁} ဒိဋ္ဌဓမ္မိကာနံ ဘယာနံ သံဝရာယ
{၂} သမ္ပရာယိကာနံ ဘယာနံ ပဋိဃာတာယ၊

၁။ ။မျက်မှောက်သောအတ္တဘောဖြစ်ကုန်သောကဲ့ရဲ့စွပ်စွဲခြင်း၊တဇ္ဇနီယ,စသောကံ ဥပုသ်ပဝါရဏာထားခြင်း၊ကျေးဇူးမဲ့ကျေဉ်စောအံ့သည်ကိုပြုသောအမှုဟုဆိုအပ်ကုန်သော ဘေးတို့ကိုစောင့်စည်းခြင်းငှါ၊သိက္ခာပုဒ်ပညတ်တော်မူသည်။

၂။ ။နောင်တမလွန်ဘဝ၌ဖြစ်လတ္တံ့ကုန်သော ဝိပါကဒုက္ခဟုဆိုအပ်ကုန်သောဘေးတို့ကိုပယ်ဖျောက်ခြင်းငှါလည်း၊သိက္ခာပုဒ်ပညတ်တော်မူသည်။

{၁} ဂိဟိနံ အနုကမ္ပာယ
{၂} ပါပိစ္ဆာနံ ဘိက္ခူနံ ပကၠပ္ပဆေဒါယ။

၁။ ။လူတို့ကို အစဉ်သနားသဖြင့်၊ သဒ္ဓါတရားကို စောင့်ရှောက်ခြင်းငှါ၊သိက္ခာပုဒ်ပညတ်တော်မူသည်။

၂။ ။မကောင်းမူရာ၊ ယုတ်မာသော အလိုဆိုးရှိကုန်သော ရဟန်းတို့၏၊ အပင်းအသင်း–ဂိုဏ်းဂဏကို ဖျက်ဆီးခြင်းငှါ လည်း၊သိက္ခာပုဒ်ပညတ်တော်မူသည်။

ဤသို့ အကျိုးထူးဝိသေသရှိမည့်–အကြောင်းများကို အစွဲပြု၍၊သိက္ခာပုဒ်ပညတ်ခြင်းကို။

{၁} သဗ္ဗညူပညတ္တိ၊ {၂} ပဒေသပညတ္တိ၊

ဟူ၍ ခွဲးခြားရာသေး၏။ ။{၁}"သဗ္ဗညူပညတ်"ဆိုသည်ကား-ဤအရပ်ရောက်လျှင်အာပတ်သင့်၏။ ။ထိုအရပ်ရောက်လျှင် အာပတ်မသင့်ဟု - အရပ်ချင်းချန်ချက်မရှိ - ပညတ်တော်မူခြင်းသည်၊"သဗ္ဗညူပညတ်"မည်၏။ မည်သည့်အရပ်မှာဖြစ်စေ၊ အာပတ်သင့်တတ်သည်။ ။

(ယခုကာလမျှားလို၊ အင်္ဂလန်-အမေရိကံ- ဂျပန်စသော တိုင်းတပါးသို့ သွားလာနေထိုင်ခိုက်ဖြစ်၍ အာပတ်မသင့်ဟု၊ အရပ်ချင်းချန်ချက်မရှိ၊)

{၂} "ပဒေသပညတ်"ဆိုသည်ကား- အရပ်ကိုရွေးချယ်၍ ပညတ်တော်မူသည်။ထိုအရပ် ရွေးချယ်၍ ပညတ်တော်မူသော သိက္ခာပုဒ်၊လေးပါးသာရှိသည်။

(၁) ဝိနည်းဗိုဒ်ပုဋ္ဌိုလ်လျှင် ငါးပါးမြောက် သံဃာစည်းဝေးပ်အံ့-ရဟန်းခံနိုင်ခြင်း။

(၂) အထပ်ထပ်ချုပ်အပ်သောဘိနပ်ကိုစီးရခြင်း။

(၃) အမြီးရေချိုးရခြင်း၊

(၄) သားရေအခင်းအပ်ခြင်း။

ဤ လေးပါးသော သိက္ခာပုဒ်သည်၊ ပစ္စုန္တရစ်မှာသာ အပ်၍ အာပတ်မသင့်သည်၊မရှိမဒေသဖြင့်အံ့-မအပ်-အာပတ်သင့်သည်သာ။ ဤသို့ အရပ်ကို ရွေးချယ်၍ ပညတ်တော်မူသောကြောင့်၊ "ပဒေသ ပညတ်" မည်၏။ ဤ လေးပါးသော သိက္ခာပုဒ် မှ ကြင်းသော သိက္ခာပုဒ်ခုနှစ်သည် "သဗ္ဗညူပညတ်" မည်၏။ လွန်ကျူးလျှင်မတည့်သည့်အရပ်ဒေသမရှိ၊ အာပတ်သင့်သည်တည်း။

(၁) ကာဒေသဝိဒိသ၊

(၂) ဗုဒ္ဓဒေသဝိဒိသ

ဟူ၍လည်း ခွဲးခြားရာသေး၏ (၁) အာဂေ သလက်ဖွယ်ရှိ-

ရည်၍ ဟည့်တ်ခွင့်ပြုတော်မူခြင်းသည် "ကာလောဒိဿ" မည်၏။ ကျင်ကြီး,-ကျင်ငယ်,-သစ်စိမ်းပြာ,-မြေညက်,-ဤ လေးပါးသော ဆေးကို၊ "မဟာဂိုကဒူ" ဆေးကြီးခေါ်သည်။ ထို မဟာဂိုကဒူ ဆေးကြီး လေးပါးကို၊ မြွေကိုက်ခဲ်းသောအခါမှာ၊ ကဖ္ပိယကာရ က မရှိသော်၊ ကိုယ်တိုင်ယူ၍ သုံးဆောင်ကောင်းသည်။ တပါး သောအခါမှာ အကပ်ခံပြီးမှသာ သုံးဆောင်ကောင်းသည်။ ဤသို့ အခါကာလကို ရည်မှတ်၍ ခွင့်ပြု ပညတ်တော် မူသောကြောင့်၊ "ကာလောဒိဿ" မည်၏။ ။

သာသနာနောက်ပိုင်း—ယခုကာလကိုဆိုသည်မဟုတ်။

(၂) "ပုဂ္ဂလောဒိဿ"–ဆိုသည်မှာ။ ပုဂ္ဂိုလ်ကိုမှတ်၍ ပညတ် ခွင့်ပြုတော်မူသည်ကို ဆိုသည်။ စားမြုံ့ပြန်တတ်သော–"ရောမဋ္ဌ က"–ရဟန်းကို–စားမြုံ့ပြန်ခြင်းဌာအပ်၏ဟု၊ ခွင့်ပြုတော်မူခြင်း ပင်တည်း။

ယခုကာလ– အချို့သော ရဟန်းများသည်၊ သဗ္ဗတ္ထပညတ္တိ။ ပဒေသပညတ္တိ– ဆိုသောအရာကိုတနှည်းထွင်၍၊ တိုင်းတပါးသို့ ရောက်သွားလျှင်၊ သာသနာတည်ထွန်းရာ အရပ်ဒေသမှာသာ မ အပ်သည်၊ သာသနာ တည်ထွန်းရာ အရပ်ဒေသ မဟုတ်သဖြင့်၊ သိက္ခာပုဒ်ကိုလွန်ကျူးသော်လည်း–သိမြင်စွပ်စွဲမည်သူ မရှိသော ကြောင့်အပ်၏ –ဟု–"ပဒေသပညတ္တိ"–ဆိုသောအရာကို အလွဲ သုံးစားကြသည်။ ။ထိုအတူ-ကာလောဒိဿ–ဆိုသောအရာမှာ လည်း၊ ဧရိ သာသနာ စည်ကား ကောင်းစားစဉ်ကသာ မအပ် သည်၊ ယခုလို အင်္ဂလိပ်မင်း စိုးအုပ်၍–အင်္ဂလိပ်ဘာသာ ထွန်း ကားလာသောအခါကာလစသည်များမှာအပ်၏ဟု အယူရှိကြပြီး လျှင် "ကာလောဒိဿ" ဆိုသော အရာကို အလွဲသုံးစား လိုကြ သည်။

"နှ မယံ အပညတ္တံ ပညေ့ပသာမ၊ပညတ္တံဝါ နှ သမုစ္ဆိန္ဒိသာမ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိသာမာတိ"။ ဟူ၍၊ သျှင်ဥပသေနမထေရ်က – ဘုရားကို လျှောက်ထားရာ၊

မြတ်စွာဘုရားက၊ သာဓု,သာဓု,ဥပသေနှ-ဟု၊ သာဓု-ခေါ်တော်မူသည်။

ဘယ်နှယ်၊ မြတ်စွာဘုရား။ မယုံ၊ သာဝကဖြစ်ကုန်သော တပည့်တော်တို့သည်၊ အပညတ္တိ၊မြတ်စွာဘုရား ပညတ်တော် မမူသော သိက္ခာပုဒ်ပညတ်ခြင်းကို။ နုပညပေသာမ၊မပညတ်ပါကုန်။ ပညတ္တံ ဝါ၊ပညတ်တော်မူပြီးသောသိက္ခာပုဒ်ကိုလည်း။ နသမုဒ္ဓိန္ဒိသာမ၊ မဖြတ်ပါကုန်၊ ဝါ-မပျောက်လွှင့်ပါကုန်။ ယထာ ပညတ္တေသု၊ ပညတ်တော်မူတိုင်းကုန်သော။သိက္ခာပဒေသု၊သိက္ခာပုဒ်တို့၌။သမာဒါယ၊ကောင်းစွာယူ၍။ဝါ-ကောင်းစွာဝန်ခံ၍။ ဝတ္တိသာမ၊ ကျင့်ပါကုန်၏။ ဣတိ၊ဤသို့ လျှောက်၏။ ။သိက္ခာပုဒ်ပညတ်ခြင်းသည်။ သာဝကတို့၏အရာ မဟုတ်-ဘုရားရှင်တို့၏ အရာသာဖြစ်၍-မြတ်စွာဘုရားပညတ်တော်မမူခဲ့သည်ကို၊ ယခုကာလ သာဝကရဟန်းတို့က မပညတ်သင့်။ပညတ်ပြီးသောသိက္ခာပုဒ်ကို လည်းမထိုလေးစား ပယ်ကျောက်နှင်းခြင်းကိုမပြုသင့်။ သိက္ခာပုဒ် ပျောက်ပျက်သွားအောင်-မပျောက်ပျက်သင့်။ ။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်-"သျှင်ဒေဝဒတ္တ"သည်၊ မြတ်စွာဘုရား မပညတ်သည့်အရာ၌ ပညတ်လိုသဖြင့်-မြတ်စွာဘုရာ.အား ရန်ရှာ၏ လျှောက်ထားရာ၊ မြတ်စွာဘုရားကပယ်ဖြစ်တော်မူသဖြင့်ဂိုဏ်းထိုးထောင်၍ သံဃာသင်းခွဲသောကြောင့်သေသည်၏ အကြောင်းမဲ့၌ငရဲသို့ရောက်ရလေသည်။

မြတ်စွာဘုရား ဇရာ၌ နှစ်ပြီးသည်နောက်၊ ရှုနစ်ရက်လောက် ဂိုလျှင်ပင်၊အာတုမပြည်သား "သုဘဒ္ဒ"မည်သော တောထွက်ရဟန်းကြီးသည်၊ ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တော်များကို၊ ကျူးကျော်လွန်လွှဲ၊ကျော်ကျော်နှင်းနှင်း၊ပယ်ဖျက်ခြင်းကို ပြုလိုသောသဘောနှင့်ပြောဆိုသော စကားကဲ့သို့-

"သုမုဏ္ဍာမယံ ,တနမ ,ာသမကေနှ၊ဥပဒ္ဒုတာပဟောမ၊
ဟုံ၊ဝါကပ္ပတ် ဇုန်ဝါနှကပ္ပတိတ်"၊

တေနမဟာသမဏေန၊ ထိုပရိနိဗ္ဗာန် စံသွားလေပြီးသော ရဟန်းကြီးဂေါတမမှ။မယံ၊ငါတို့သည်။သုမဂ္ဂာ၊ကောင်းစွာလွတ်ကြကုန်ပြီ။ တေနမဟာသမဏေန၊ထိုရဟန်းကြီး ဂေါတမသည်။ ဝေါ၊သင်တို့အား။ဣဒံ၊ဤအမှုသည်။ကပ္ပတိ၊အပ်၏။ဝေါ၊သင်တို့အား။ဣဒံ၊ဤအမှုသည်။ နဂဏ္ဍတိ၊မအပ်။ ဣတိ၊ဤသို့။မယံ၊ငါတို့ကို။ဝါ-ငါတို့သည်။ဥပဒ္ဒုတာ၊နှိပ်စက်အပ်ကုန်သည်။ဟောမ၊ဖြစ်ကြကုန်၏။

"ဣဒါနိ ပန မယံ ယံ ဣစ္ဆိသာမ တံ ကရိဿာမ၊ ယံ နဣစ္ဆိသာမ နတံ ကရိဿာမာတိ"။ ။

ဣဒါနိပန၊ပရိနိဗ္ဗာန်စံသွားပြီးသောယဇုအခါ၌မူကား။မယံ၊ငါတို့သည်။ ယံ၊အကြင်အမှုကို။ ကာတုံ၊ပြုခြင်းငှါ။ ဣစ္ဆိသာမ၊အလိုမရှိကြကုန်၏။ တံ၊ထိုအမှုကို။ ကရိဿာမ ၊ပြုချင်သလိုပြုရကုန်တော့အုံ့။ယံ၊အကြင်အမှုကို၊ကာတုံ၊ပြုခြင်းငှါ။ နဣစ္ဆိသာမ၊အလိုမရှိကုန်။ တံ၊ထိုအမှုကို၊ နကရိ သာမ၊မပြုဘဲနေရကုန်တော့အုံ့။ ဣတိ၊ဤသို့ ပြောဆိုလေ၏။ ။ဤသို့ "သုဘဒ္ဒ"မည်သော တောထွက် ရဟန်းကြီး သည်၊ မြတ်စွာဘုရား ပညတ်တော် မူခဲ့သောသိက္ခာပုဒ်တော်များမရှိသကဲ့သို့-ငါလုပ်ချင်လျှင်အပ်သည်ဖြစ်စေ မအပ်သည်ဖြစ်စေ လုပ်မည်။ ငါ မလုပ်ချင်လျှင်၊ပြုလုပ်ရမည့်-ဥပုသ်,ပဝါရကာ, စသည်ကိုသော်လည်း မပြုမလုပ်ဘဲ နေ့ မည့်-ဟူသော အနေမျိုးနှင့်-ဝိနည်း ပညတ်ကို၊ မရိုမသေ-မထေလေးစား။ ပျောက်ပျက်သွားအောင်- ပြောဆိုသော (သုဘဒ္ဒ) ရဟန်းကြီး၏, စကားကို၊ ကြားသိတော်မူရသော (**အဘျွန်မဟာကဿပ**)မထေရ်ကြီးမှာ-နှလုံး သိုးပွတ်၊ ကျွတ်၍, ကျမတတ်၊ဝမ္မသံဝေဂဖြစ်ပြီးလျှင်၊"**အဝမ္မ**ဝါ**ဒီ**"**အလင်္ဂီ**-ဂိုဏ်းဂဏ-**အပင်း အ**သင်း**အား**မကြိုးသေးမီ၊ဟုတ်မှန်သောဝိနည်းကို တားမြစ်ဝိတ်ပင်၍-မဟုတ်မမှန်သောအဝိနည်း။မထွန်းတောက်-မပွားများသေးမီ၊သံဂါယနာတင်ခြင်းငှါအားထုတ်၍, သုတ်, **အဘိ**ဓမ္မာ, **ဝိ**နည်း, ကို-**သံ**ဂါယနာ တင်တော်မူခဲ့ရလေသည်။ (**ယ**ဇုအခါမှာ**လ**လည်း

ဝိနည်းကို မလေးမစား ပြုသူတို့အတွက်-ဓမ္မသံဃာ ဖြစ်စရာ-ဖြစ်ကြပါကုန်။)

ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသည်နောက်အနှစ် (၁၀၀)တရာ ရှိသောအခါမှာ သည်း၊ ဝေသာလီပြည်၌ နေကုန်သော "ဝဇ္ဇီ" တိုင်းသားရဟန်းများသည်-မြတ်စွာဘုရားပညတ်တော်မူခဲ့သော သိက္ခာပုဒ်တော်များကို ကျူးလွန်ကျော်နင်း၍၊ အဝိနယဝဏ္ဏ-ဆယ်ပါးကို၊ "အခမ္မ"ပြုကြသောကြောင့်၊(အသျှင်မဟာယသ) အမှီးရှိသော-ရဟန္တာ (၇၀၀)ရုနစ်ရာ-အသျှင်မြတ်တို့ "ဒုတိယ သံဂါယနာ"တင်တော်မူခဲ့ကြရလေသည်။(ဝိနည်းကိုကမောက္ခမ ပြုသောကြောင့်ပင်။)

ဂိုဏ်းဂဏကွဲပြားခြင်း။

ထိုဒုတိယသံဂါယနာတင်မှာ အသျှင်မဟာယသ, အသျှင်ရေဝတ, အသျှင်သဗ္ဗကामီ, မထေရ်တို့ အမှီးရှိသော "ဓမ္မဝါဒီ" ရှိ၏။ ။အဝိနယဝဏ္ဏ ဆယ်ပါးကိုပြုကြသော ဝဇ္ဇီတိုင်းသား ရဟန်းများက "တရှိ၏" ဖြစ်၍ ကွဲပြားကြလေသည်။ ။ ယင်းသို့ ကွဲပြားရခြင်းမှာ-ဝဇ္ဇီတိုင်းသား ရဟန်းများသည်၊(အ သျှင်မဟာယသ)အမှီးရှိသော ဒုတိယ သံဂါယနာ မထေရ်ကြီး များက-တဆဲ့နှစ်သိန်းသော သံဃ အစည်း အဝေး၌၊ ဝိနည်း မ ဟာတ်ကြောင်း ဆုံးဖြတ်ပါသော်လည်း-မလိုက်နာ၊ မိမိတို့အယူကို မမှန်လွှတ်သဖြင့်-ဒုတိယသံဂါယနာတင်ပွဲမှ နှင်ထုတ်ခံရသည်။ ထိုကြောင့် ကွဲပြားသည်။ ။ဒုတိယ သံဂါယနာတင်ပွဲမှ နှင် ထုတ်ခံရသော"အဝမ္ဗဝါဒီ"-ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် လည်း အပင်းအသင်.ရဟန်းဆောင်းရှာဘွေပြီးလျှင် တသောင်းသော ရဟန်းတို့သည်၊ အညီအညွှတ် စည်းဝေးကုန်ကျက်-သံဂါယနာ တင်မည်ဟု၊ သံဂါယနာ တင်ကြကုန်သေးသည်။ ထိုဝဇ္ဇီတိုင်း သား "အဝမ္ဗဝါဒီ" ရဟန်းများတင်သော သံဂါယနာတင်ကို (မဟာသင်္ဂီတိ) ဟု ခေါ်ထွင်သည်။

(ပထမ, ဒုတိယ, သံဂါယနာတင် သံဃာထက်၊ သံဃာ အရေအတွက်များလို့ မဟာဝေါဟိုတိ၊ဟု ဆိုသည်။မြတ်လို့၊ဟုတ် မှန်လို့ဆိုသည်မဟုတ်။)

ထို ရဟန်းများ ဂိုဏ်းကိုလည်း (**မဟာသင်္ဃိတိဂိုဏ်း**) ဟု အမည် တွင်သည်။ ။ထို မဟာ သင်္ဃိတိ ဂိုဏ်းမှ ကွဲးပြန် သည်ကား။ ။(၁) **ဧကောဟာရိကဂိုဏ်း**။ ။(၂) **ဧကဗျောဟာ ရိကဂိုဏ်း**–ဟူ၍ ကွဲးပြန်သည်။ ။ဧကောဟာရိကဂိုဏ်းမှ ကွဲးပြန် သည်ကား။ ။(၁) **ပဉ္ဇတ္တိ ဝါဒဂိုဏ်း**။ ။(၂) **ဗဟုသုတ ဝါဒကဂိုဏ်း**၊ဟု ကွဲးပြန်သည်။ ။ထိုဂိုဏ်းနှစ်ပါးမှ ကွဲးပြန်၍၊ "**စေတီယ ဝါဒ**" ဟူသောဂိုဏ်းအနွယ်ဖြစ်ပြန်သည်။ ။

ဤသို့လျှင်– "မဟာသင်္ဃိတိ ဂိုဏ်း" ဆရာ တို့၏ အနွယ် အဆက်မှ၊သာသနာတော်သက္ကရာဇ်၊ အနှစ် ၂ ဝ ဝနှစ်ရာအတွင်း မှာပင်၊ငါးပါးသောအနွယ်အဆက်– ဂိုဏ်း–ဂဏကွဲးပြားသည်။ "ပထမ မဟာသင်္ဃိတိ" ဂိုဏ်းရင်းနှင့်သော်– ဂိုဏ်း ခြောက်ပါး ဖြစ်သတည်း။ ။ထို အနှစ်–၂ ဝ ဝ–အတွင်းမှာပင်၊ "**မဟိံသာ သကဝါဒ**"– "**ဝဇ္ဇိပုတ္တကဝါဒ**"ဟူ၍ "**အာစရိယဝါဒ**"–နှစ်ပါး ကွဲးပြန်သည်။ ။"ဝဇ္ဇိပုတ္တကဝါဒ"မှလည်း။(**ဓမ္မုတ္တရိယ ဝါဒ**) (**ဘဒ္ဒြယာနိက ဝါဒ**) (**ဆန္နာဂါရိက ဝါဒ**) (**သမိတီယ ဝါဒ**) ဟူ၍ လေးပါးသော အာစရိယအနွယ် ဖြစ်ပြန်သည်။ ။"**မ ဟိံသာသက**" အနွယ်မှလည်း၊(**သဗ္ဗတ္ထိကဝါဒ**)(**ဓမ္မဂုတ္တိကဝါဒ**) ဟူ၍ နှစ်ပါး ဖြစ်ပြန်သည်။ ။"သဗ္ဗတ္ထိကဝါဒ" မှလည်း– ကွဲး ပြား၍ "**ကဿပိက**" ဟူသော ဆရာအနွယ်ဖြစ်လာပြန်သည်။ ထိုကဿပိက ဆရာအနွယ်မှလည်းကွဲး၍။ "**သက်ဋ္ဌိက**"ဆရာ **အနွယ်** ဖြစ်ပြန်သည်။ ။ထို သက်ဋ္ဌိကအနွယ်မှလည်း ကွဲး၍၊ "**သုတ္တဝါဒ**"**အနွယ်** ဖြစ်ပြန်သည်။ဤ"**တဆဲ့နှစ်ပါး**"သော **အနွယ်** သည်ကား၊ထေရဝါဒမှ ကွဲးပြား၍ ဖြစ်လာလေသည်။ ။ဤသို့ မဟာသင်္ဃိတိဆရာတို့၏ **အနွယ်** ခြောက်ပါး။ **အာစရိယအနွယ်**

ဆဲ့နှစ်ပါး - ပေါင်း ဆဲ့ရှစ်ပါး တို့သည်၊ သာသနာနှစ်- ၂၀၀ အတွင်းမှာပင်ဖြစ်ပွားသတည်း။ ။

မဟာသင်္ဂီတိအနွယ်(၆)ပါးကား။

(၁) ဂေါကုလရိုလ်း။
(၂) ကေဠောဟာရိကရိုလ်း။
(၃) ပဏ္ဏာတ္တိဝါဒရိုလ်း။
(၄) ဗဟုဿုတိကရိုလ်း။
(၅) စေတိယဝါဒရိုလ်း။
(၆) မဟာသင်္ဂီတိရိုလ်းရင်း၊

အာစရိယဝါဒ(၁၂)ပါးကား။

(၁) မဟိံသာသကဝါဒ။
(၂) ဝဇ္ဇိပုတ္တကဝါဒ။
(၃) ဓမ္မုတ္တရိယဝါဒ။
(၄) ဘဒ္ဒယာနိကဝါဒ။
(၅) ဆန္နာဂါရိကဝါဒ။
(၆) သမ္မိတိယဝါဒ၊
(၇) သဗ္ဗတ္ထိကဝါဒ။
(၈) ဓမ္မဂုတ္တိကဝါဒ။
(၉) ကဿပိကဝါဒ။
(၁၀) သက်ိန္ဒိကဝါဒ။
(၁၁) သုတ္တဝါဒ။
(၁၂) မူလဆေရဝါဒ။

နှစ်ရပ်ပေါင်း{၁၈}ပါးဖြစ်သည်။

ဤ-၁၈-ပါးသော ဂိုဏ်းကြီးတို့ကိုပင် (အဋ္ဌာရသနိကာယ) ဟူ၍.၎င်း (အဋ္ဌာရသအာစရိယကုလ) ဟူ၍.၎င်း ဆိုသည်။

ထိုတဆဲ့ရှစ်ပါးသော ဂိုဏ်းတို့တွင်-မူလဒုတိယသံဂါယနာတင်-အသျှင် မဟာယသ တို့၏-"ထေရဝါဒ" သည်သာ၊ဘုရား ဟောတော်မူရင်းနှင့်မကွဲးမပြား"ခမ္ဗဝါဒီ"ဖြစ်သတည်း။ ။ကြွင်းသော ၁၇-ပါးသော ဂိုဏ်း- ဂဏ-သံဃာတို့သည်ကား။ ရဟန်းတို့၏ပရိကွာရ အသွင်စသည်တို့သာ တူကုန်သည်။ အယူဝါဒ မှာမူကား၊ မြင်စွာဘုရား ပညတ်တော်မူချက်နှင့်မညီ၊ ချွတ်လွဲ ပေါက်ပြန်၍ ယူကြသဖြင့်၊ "အခမ္ဗဝါဒီ" ချည်းသာ တည်း။ ။ ဤကဲ့သို့ဂိုဏ်းများစွာကွဲးကြသည်မှာ၊ဝိနည်းနှင့်စပ်၍ ၊ ဝိနည်း၏ ပါဠိ-အနက်ကို ဖျက်ကြသောကြောင့်သာကွဲးခဲ့ကြရသည်။

ဂိုဏ်းကြီး{ ၁၈ }ပါးမှတပါးအခြားဂိုဏ်းများ။

(၁) ဟေမဝတိဂိုဏ်း။
(၂) ရာဇဂိရိကဂိုဏ်း။
(၃) သိဒ္ဓတ္ထိကဂိုဏ်း။
(၄) ပုဗ္ဗသေလိယဂိုဏ်း။
(၅) အပရသေလိယဂိုဏ်း။
(၆) ဝါဇိရိယဂိုဏ်း။

ဤဂိုဏ်း ခြောက်ဂိုဏ်း အာစရိယ ဝါဒတို့သည်၊ နောက်အဆင့်ဆင့်-ဖြစ်ပွားပေါ်ပေါက်၍ လာသော ဂိုဏ်းဂဏ-အာစရိယ ဝါဒများဖြစ်သည်။

ထိုနောက် "သိရိဓမ္မာ သောက" မင်းကြီးသည်၊ သာ သနာတော်ကို လွန်စွာ ကြည်ညိုသဖြင့်၊ နေ့စဉ်-နေ့စဉ်- နေ့တိုင်း-နေ့တိုင်း၊ ငါးသိန်းသော အသပြာတို့ကို စွန့်လွှတ်လျက်၊ သာသနာတော်၌ များမြတ်သောလောတ်ပူဇော်သက္ကာရကို ပြုစေသည်။ထို အခါ-တိတ္ထိတို့မှာ၊လောဘ်လာဘနည်းပါး၍ ၊လောဘ်ကိုတသ်မက်မောသဖြင့်သာသနာတော်တွင်းသို့ရဟန်းပြုကြပြီးလျှင်၊မိမိတို့၏

အယူဝါဒများကို၊ "အယံဝမ္မော-အယံဝိနယော-ဇုဒ်သတ္ထုသာသနန္တိ-" ဤသည်ပင်လျှင်-ဝမ္မ၊ ဤသည်ပင်လျှင်-ဝိနည်း။ ဤသည်ပင်လျှင်-ဘုရားအဆုံးအမသာသနာ ဟူ၍ ပြကြကုန်သတတ်။

(ဘာသာမျိုးခြား အယူကွဲးပြားသောသူများကို၊ ရဟန်း ပြိုလုပ်ပေးလိုသူတို့ ဂရုထားရန်။)

အချို့သောတိတ္ထိတို့သည်လည်း၊ မိမိ ကိုယ်ဘုံင်၊ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍၊ ရဟန်းကောင်းတို့၊ ကံကြီး-ကံငယ် ဥပုသ်- ပဝါရကာ ပြုရာ၊ ဥပုသ်အိပ်- ပဝါရကာ အိပ် သို့၊ ဝင်ရောက်ကြကုန်၏။ ။ ထို တိတ္ထိ ရဟန်းတို့ကို၊ ရဟန်းကောင်းတို့က၊ ဝမ္မ ဝိနယ- ဟူသော မြတ်စွာဘုရား အဆုံး အမ တော်ဖြင့်၊ ဆုံးမ နှိပ်နှင်း ပါသော်လည်း၊ ဝမ္မ-ဝိနယ အားလျော်သောအကျင့်မြတ်၌ မတည်ဘဲ၊ မျှားစွာသော သာသနာတော်၏ ဥပဒ္ဒဝေါ-ဘေးရန်-ဆုးခြောင့်တို့ကို ဖြစ်စေကြကုန်၏။ ထိုအခါ မှာ ရဟန်းကောင်းတို့သည်၊ အယူမစင်ကြယ်သောတိတ္ထိရဟန်း၊ ရဟန်းယောင်ဆောင်သောတိတ္ထိတို့နှင့်ရောနှောမ်ား ဥပုသ်-ပဝါရကာ မပြုလိုကြသဖြင့်၊ ဥပုသ်မပြုဘဲ၊ နေကြသည်မှာ၊ ချုနစ်နှစ်ကြာ မြင့်လေသည်။ ။ထိုနောက် အသောကမင်းကြီးသည်၊ အဟောဂင်္ဂါတွင်သီဘင်းသုံးနေသောမောဂ္ဂလိပုတ္တတိဿမထေရ်ကိုပင်ပင့်ယူ၍၊ ရင်းမထေရ်ထံတွင်-မြတ်စွာဘုရားအယူမှန်ကိုသင်ကြားပြီးလျှင်၊ သာသနာတော်၌အပြစ်သော တိတ္ထိရဟန်းတို့ကို နှိပ်နှင်းပျက်ဆီး၍ သာသနာတော်ကို စင်ကြယ်စေရလေသည်၊ ထိုအခါမှ ရဟန်းအပေါင်း စည်းဝေး၍-ဥပုသ်ပြုတော်မူကြ၏။ ထိုခြောက်သန်းသော-သံဃာ အစည်းအဝေးတွင်၊ အဆွင်မောဂ္ဂလိပုတ္တတ်သမားထေရ်သည် ဖြစ်ပြီးဖြစ်လတ္တံ့သော အယူဝါဒတို့ကို တားမြစ်စောင့်ရှောက်ခြင်းငှါ၊ မြတ်စွာဘုရားပေးတော်မူသော နည်းဖြင့် မြတ်စွာ ဘုရား ထားတော်မူခဲ့သော မာတိကာကို၊ ဝေဘန်းတော်မူ၍ဟုတ်မှန်သောသကဝါဒဘက်က-သုတ်ပေါင်း

၅၀၀။ မဟာတိမဂ္ဂနိ်သော ပရဝါဒဘက်က-သုတ်ပေါင်း-၅၀၀။ အားဖြင့်၊ သုတ်ပေါင်း တထောင်ကို ဆောင်၍၊ ကထာ ဝတ္ထု ကျမ်းကိုပေါ်တော်မူရ၏။ ထိုနောက်မှ-တိပိဋကဓရ-ပဋိသမ္ภိဒါပဋ္ဌာဖြစ်သော ရဟန်းတထောင် ရွေးကောက်၍၊ သံဂါယနာတင်တော်မူကြကုန်၏။ ဤသို့ တတိယ သံဂါယနာ တင်ရခြင်းသည်လည်း၊ အယူဝါဒနှင့်တကွ-ဝိနည်းနှင့်စပ်လျဉ်းသော သာသနာတော်၏ အညစ်အကြေးကို သုဓိသင် ရှင်းလင်းခြင်းငှါ တင်တော်မူရလေသည်။

(အထူးမှတ်ချက်။ ။ပထမ သံဂါယနာ တင်စဉ်အခါမှာ၊ သာသနာတော်၏ အညစ်အကြေးဘေးရန် မကြီးကျယ်လှသေး။ ဒုတိယသံဂါယနာတင်မှာ သာသနာတော်၏ အညစ်အကြေးဘေးရန် ကြီးကျယ်ခက်ထန်လာသည်။ ထိုထက် တတိယ သံဂါယနာတင်မှာ ရှုပ်ထွေးကြီးကျယ်ခက်ထန်လာသည်။)

သိရိဓမ္မာသောကမင်းသာသနာပြုပုံ။

(၁) သာသနာကို အတည် အကျ ဆုံးဖြတ်ရန် သံဂါယနာ တင်ခြင်း။ ။

၂။ ။သာသနာ၏ မူလအခြေအမြစ်ဖြစ်သောဘုရားဝါဒကို ပေါ်ပြ၍၊ ၎င်းအတိုင်းလိုက်နာဆောင်ရွက်ရန်မင်း၏ အမိန့်တော် ထုတ်ပြန်ခြင်း။ ။

၃။ ။သာသနာတော်၏ စင်ကြယ်ခြင်းကို ကြည့်ရှုစောင့်ရှောက်ရန်၊ အကြီးအမှူးအဆင့်ဆင့်ခန့်ထားခြင်း။ ။

၄။ ။သာသနာအယူဝါဒပြန့်နှံ့စေရန်၊ သံဃာတို့ကိုဒေသစာရိလှည့်လည်ဟောပြောရန်စေလွှတ်ခြင်း။ ။

၅။ ။သာသနာကျမ်းဂန်တို့ကို၊ မင်း၏ အမိန့်မှတ်၍ သုဓိသင်ရှင်းလင်းစေခြင်း။ ။

ဤသို့သာသနာတော်ကိုသိရိဓမ္မာသောကမင်းကြီးသည်။ အနု-

ညာတ၊သာမညအားဖြင့်သာ၊သာသနာကိုပြုစုခဲ့သည်မဟုတ်ဘဲ၊ အနိုင့် အထက်၊ နှိပ်စက် ဖိစီး-ဝါဒတပါးကို ဖျက်ဆီးခြင်း၊ အတင်းအကြပ်-အမိန့်တော်မှတ်၍၊ သာသနာကို ပြုစုခဲ့ရလေသည်။ ။ထိုသာသနာတော် သန့်ရှင်းစင်ကြယ်ရန်အတွက် ထုတ်ပြန်သောအမိန့်တော်များမှာ၊ သံဂါယနာမတင်မီ- အမိန့်တော်များနှင့်-တင်ပြီးမှထုတ်ပြန်သောအမိန့်တော်များတွင်(၄၀) လေးဆယ်လောက်သောအမိန့်တော်များကို။ ဗုဒ္ဓဃောသလျှောက် ကျောက်တိုင်-ဂုဟိုဏ်-ကျောက်ဆောင်များအပေါ်နှိုက်၊ ရေးထုတင်ထားကြသဖြင့်၊ အခု အရပ်ဒေသများမှာ ယခုထက်တိုင် ထင်ရှားရှိသေးသည်ဟူ၏။ ။

ထို သိရိဓမ္မာသောကမင်း ပြုသော သာသနာသည်၊ရှေး၊ပထမ သင်္ဂါယနာတနာတင်-သျှင်မဟာယသအမှူးရှိသော ဓမ္မဝါဒီသံဃာတော် ခုနစ်ရာတို့တင်သော-ဒုတိယ- သင်္ဂါယနာတင်နှင့် အညီ ပြုလေသည်။ ထိုသိရိဓမ္မာသောက ပြုသောသာသနာသည်၊ တောင်ပိုင်းတရျောက်ပြန့်နှံ့၍တည်သဖြင့် (တောင်ပိုင်းသာသနာ) ဟုခေါ်ဆိုသည်၊ ။ထိုသိရိဓမ္မာသောကမင်းကြီး သင်္ဂါယနာသုံးတန်နှင့်အညီ ပြုအပ်သောသာသနာသည်၊ မဇ္ဈိမဒေသမှ-ပဋ္ဌန်ရစ်သို့-ပြန့်ပွါး၍၊သိရိဓမ္မာသောကမင်းကြီး၏၊ သားတော် အဿဘမဟာ မဟိန္ဒဝေထေရ်သည်၊ သီဟိုဠ်ကျွန်းသို့ ကြွသွား၍ သာသနာပြုသဖြင့်၊ ထိုသီဟိုဠ်သာသနာမှ၊ ငါတို့မြန်မာနိုင်ငံသို့ ရောက်လာကြောင်းထင်ရှားသည်။ ။သို့အတွက်ငါတို့မြန်မာနိုင်ငံ ရှိသာသနာကို၊သိရိဓမ္မာသောကမင်း၊သံဂါယနာသုံးတန်နှင့်အညီ ပြုအပ်သော သာသနာဟု မှတ်ယူအပ်၏။ ဗုဒ္ဓဃောသ ရာဇဝင်က၊ (တောင်ပိုင်းသာသနာ)ဟုအမည်ပေးလေသည်။

ကနိဿကမင်းသာသနာပြုပုံ။

ဗုဒ္ဓဃောသရာဇဝင်တွင် ကတိယသံဂါယနာတင်-သိရိဓမ္မာသော ကမင်းခေတ်ကိုနှိုက်ပေါင်း ၃ ၊ ၉ - ၁-ကွာခြားမှု။ သာသနာသက္ကရ

ရာဇာ ၅၀၄-ခုနှစ်လောက်မှ၊ ဇုန္ဒိယအနောက်မြောက်ပိုင်း-ပက်သျှဝါ ပြည်တွင်၊ ဆိသိယန် လူမျိုးတို့ကို အုပ်စိုးရ။ သာကမင်းပြုသည်ဟူ၏။ ထိုင်ယမ်မည် (**သာက**) ကနိသျှကဘွဲ့ခံ-ပက်သျှဝါ ရှင်ဘုရင်သည်၊ ငါတို့ဗုဒ္ဓမြတ်စွာသာသနာကိုအားပေး၍၊ သံဂါယနာတင်သည်ဟု အဆိုရှိသည်။ ထိုကနိသျှကမင်း တင်သော သံဂါယနာကိုလည်း (**စတုတ္ထသံဂါယနာတင်**) ဟု အမည်ပေးသည်။ ထိုကနိသျှကမင်းပြုသောသာသနာသည်၊ မြောက်ပိုင်းဆိုပြန့်နှံ့သွားသဖြင့်၊ (**မြောက်ပိုင်းသာသနာ**)ဟု ခေါ်ဆိုကြသည်။ တိဗက်ပြည်၊ တာတရီ-တရုပ်ပြည်တို့၌၊ ကနိသျှကမင်းပြုသော သာသနာကိုပင်အလေးပြု၍ ယုံကြည်ကြသည်ဟူ၏။ ။ကနိသျှကမင်းသံဂါယနာတင်၍သုဓ�်ပြုပြင်ခဲ့သောသာသနာကျမ်းစာများသည်၊ ခရစ်သက္ကရာဇ်ပေါ်ပြီးနောက် ၆၅- ခုနှစ်တွင်၊ တရုပ်ပြည်၌မင်းပြုစုသောသာသနာတဦးဖြစ်လေသည်။ တိဗက်ပြည်ကသည် ဇပန်ပြည်အထိရှိသော မြောက်ပိုင်းသာသနာဝင်တို့သည်၊ယခုထက်တိုင်-ထိုကျမ်းများကိုလိုက်နာကြကုန်၏။ ။

ဤသို့လျှင်-သိရိဝံမှာသောကမင်းပြုသောတောင်ပိုင်းသာသနာနှင့်-ကနိသျှကမင်း ပြုသော မြောက်ပိုင်းသာသနာ ကွဲးပြားခဲ့ကြလေသည်။

အာဗကနဲ့ဆွတန်ပြည်။
နီပေါပြည်။
အရှေ့ဘက်တုကစွတန်ပြည်။
တိဗက်ပြည်။
မောင်ဂွတ်ပြည်၊
မန်ချူးရီယပြည်။
တရုပ်ပြည်။
ဇပန်ကျွန်း။

စသော မြို့ပြ-ပြည်ရွာ-နိုင်ငံများတွင်၊ ငါတို့ ဂေါတမမြတ်စွာဘုရား၏ သာသနာ၊ ယခုအခါမှာပင် ထင်ရှားရှိလေသေးသည်ဆို

ရာမှာ။ ပက်သျှဝါပြည်ရှင်၊ ဘုရင်ကနိဿကမင်း၊ ပြိုသွားသော မြောက်ဗိုင်း သာသနာနှင့်ပင် တူလေသည်။ ထိုကနိဿကမင်းပြိုသွားသောသာသနာသည်လည်း၊ သာသနာတော် ၂၀၀-အတွင်း ယခင်ပြဆိုခဲ့ပြီးသော-အခမ္ဘဝါဒီ မဟာသိဂီတိအနွယ်မှ-အဆင့်ဆင့်ကွဲးပြားသွားသော ၁၇-ဂိုဏ်းသားရဟန်းများ၏ သာသနာတုကိုသာပြုစုသွားသည်ဟု-ယူဘွယ်ရာရှိသည်။ အဘယ်ကြောင့်နည်းဟူမူကား၊ရင်းကနိဿကမင်း၊ပြိုသောသာသနာကို၊ခိုင်မာလှစွာသော- သာသနာဝင် ကျမ်းများနှင့် ရာဇဝင်များတွင်လည်း၊ မဖေါ်မပြကြလေ။ ရင်းပြင် မျက်မြင်အားဖြင့်လည်း-တရုတ်-ကျပန်-တိဗက်ပြည်များမှ လာရောက်ကြသော ရဟန်းဆိုသူတို့ကို တွေ့မြင်ရသည်မှာ၊ တောင်ပိုင်းသာသနာ ဟု ခေါ်ဆိုသော သိဟိုဠ်သာသနာ။ ငါတို့မြန်မာနိုင်ငံရှိသောသာသနာမှာ၊ပါဠိတော်အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်းလိုက်နာ၍ ရဟန်းတို့၏ဝတ်ခြင်း ရုံခြင်းစသောအသွင်သဏ္ဌာန် ပရိက္ခရာကိုယူရသော်မြန်မာရဟန်းတော်များနှင့် များစွာကွဲးပြားခြားနားလေသည်။ ။မဟာသိဂီတိအနွယ်ဝင်ရဟန်းတို့ အပြုအမူအကျင့် ကွဲးပြားပုံကိုပြဆိုရာ အဋ္ဌကထာတွင်။

နာမလိုဂ် ပရိက္ခာရံ၊အာကပ္ပကရဏီယာနိစ၊
ပကတိဘာဝံ ဗဟိတ္ဝာ၊တဋ္ဌအညံ့အကံ်သုတော၊ ။

ဟူ၏။ ။နာမံ ဂိုဏ်း၏အမည်ကိုရင်း။ သိဂ်ံ၊ဝတ်ခြင်း ရုံခြင်းစသော အသွင်သဏ္ဌာန်ကိုရင်း၊ ပရိက္ခာရံ၊ ဆိုင်းစသော အသုံးအဆောင်ပရိက္ခရာကိုရင်း၊ အာကပ္ပကရဏီယာနိစ၊ ရပ်ခြင်း-သွားခြင်း စသော ဣရိယာပုတ်အထူး-သက်နှိုးချုပ်ခြင်း စသော ကိစ္စအထူးတို့ကိုရင်း၊ ပကတိဘာဝံ၊ ပြကတော့သဘောကို၊ ဗဟိတ္ဝာ ပယ်စွန့်၍၊ တဋ္ဌ-ထိုအမည်-ဝတ်ရုံခြင်းစသော အသွင်သဏ္ဌာန်ကိုလည်း၊အညံ့ အခြားတပါးကို၊ ဒေတ၊ထိုမဟာသိဂီဂိုဏ်းဝင်ရဟန်းတို့သည်၊ အကံ်သု၊ ပြကြကုန်၏။ ?ဤ၌ထိုအဆိုတ

ကထာဆရာပြုဆိုသောကြောင့်၊ ယခုအခါ တရုပ်-တိဗက်-ဂျပန်စသော တိုင်းပြည်များနှိုက်ရှိသော- ရဟန်းဆိုသူများကို၊ မဟာသင်္ဃာတိုကိုဏ်းနှင့်တကွသော -၁၇- ဂိုဏ်းသားတို့၏ အနွယ် အဆက်-ဟုပင်မှတ်ထင်ဘွယ်ရှိ၏။ ။ထိုမဟာသင်္ဃာတိုဂိုဏ်းသားတို့သည်၊ မူလ, ပထမ, သံဂါယနာတင်ကို ဖျက်ဆီး၍, ဘုရားသာသနာတော်နှင့် မည်ပြည်တည်ဆန့်ကျင်ဘက်ပြု၍ သံဂါယနာတင်ခဲ့ကြသော ဂိုဏ်းသားများဖြစ်ကြသည်။ ယင်းသို့ဖြစ်၍, ထိုဂိုဏ်းသားများမှ၊ အဆင့်ဆင့်ဖြစ်ပွားလာသည်ဟု- မှတ်ယူဘွယ်ရှိသော-ယခုအခါရှိ (မြောက်ပိုင်းသာသနာဝင်)ရဟန်းဆိုသူတို့နှင့်-တောင်ပိုင်းသာသနာဝင်-ဟု ခေါ်ဆိုကြသော-သီဟိုဠ်-ယိုးဒယား-မြန်မာ ရဟန်းတော်တို့သည်။ ဆက်ဆံပေါင်းသင်းခြင်းကို အလျှင်းမပြုသင့်ကြပေ။ မူလဂိုဏ်းရင်းကပင်-အဝမ္ဘဝါဒီ-အလဒ္ဓိဂိုဏ်းသား-သာသနပစ္စတ္ထိက-သာသနာတော်၏ ရန်သူများဖြစ်ခဲ့ကြသောကြောင့်၊ မည်သည့် သာသနာပြု မထေရ်၊ မည်သည့် သာသနာပြုမင်းများလက်ထက်ကမှ၊ရင်းမြောက်ပိုင်းသာသနာကို အရေးလုပ်၍ဆက်ဆံပေါင်းသင်း၊ပြုစုခြင်းကိုမပြုခဲ့ကြပေ။ဇာ္ဗူဒ္ဒီပရာဇဝင်ချုပ်တွင်-အနည်းငယ် တွေ့ရှိရသည်မှာ၊ ခရစ်သက္ကရာဇ်ပေါ်ပြီးသည့်နှောက်-၆ ၃၄-ခုနှစ်လောက်မှာ။ဇာ္ဗူဒ္ဒီယမြောက်ပိုင်းနှိုက် (**သီလာဒိတ္တယ**) အမည်ရှိတော ဗုဒ္ဓသာသနာဝင်-ဘုရင်တဦး စိုးအုပ်ဘုံးလေသည်။ ထိုသီလာဒိတ္တယမင်းလက်ထက်-အယ္ယဝါဒကို ပြိုင်ဆိုင်ပြောဆိုကြသော တရားသဘာင်ဖြစ်၍,၊ ထိုတရားသဘာင်တွင်၊ ကနိဿကမင်းပြုစုသုမ်သင်ကွားသောမြောက်ပိုင်းသာသနာဝင်သူတို့-ကိုးစားရာကျမ်းများနှင့် သိရိဓမ္မာသောကမင်းပြုစု သုမ်သင်ကွားသော၊ တောင်းပိုင်းသာသနာဝင်သူတို့ လိုက်နာကိုးစားရာကျမ်းများကို တိုက်ဆိုင်ပြောဆို ငြင်းခုံခဲ့ကြဘူးသည်ဟုတွေ့ရှိရသည်။ ငါတို့မြန်မာနိုင်ငံ သာသနာပြုမင်းများ လက်ထက်ကမှ-တိုက်ဆိုင်ပြောဆိုဘူးသည်ဟု-စာတန်းစာမှတ်မတွေ့ဘူးသေးချေ။ ။ထိုကဲ့သို့နှစ်ပေါင်းများစွာ သာသနာနှစ်-

၁၀၀-တရားကျော်လောက်က စတင်ကွဲပြားလာသော ဓမ္မဝါဒီ မူလသဂီတိဂိုဏ်း-တောင်ဝိုင်းသာသနာ။ အဓမ္မဝါဒီမဟာသဂီတိ ဂိုဏ်း-မြောက်ဝိုင်းသာသနာ၊ ရင်းသာသ. ၁၂နှစ်ရပ်ကိုရောစပ်ယှဉ် တွဲးခြင်းဌါဖြစ်နိုင်ဘို့ရန်အကြောင်းမရှိပေ။ အဘယ်ကြောင့်နည်း ဟူမူကား။ ရဟန္တာအသျှင်မြတ်များထင်ရှားမှိတော်မူစဉ်ကပင် ဟောပြော်ချေချွတ်လို့ မရသဖြင့်-လျစ်လျူ။ ရှုတော်မူခဲ့ကြရသော ကြောင့်တည်း။

(ယခုအခါမှ ၊နိုင်ငံခြားသွားရောက်သူတို့ ကရုဏာကလေး များနှင့်။ ချေချွတ်ဟောပြောသဖြင့်၊ တရားမှန်သို့လိုက်ပါဘို့ရန် ဝေးစွ၊ ဟူလိုသတည်း။)

ဥပမာ ဆိုးသင်-ကြာမြင့်စွာထုံထားသော မစင်အိုးနှင့်-မစင် တွင်းကို၊ မစင်နံ့.ကင်းအောင် ဆေးကြောသုဓိသင်ဘို့ရန်ခဲးယဉ်း သည်ထက် ခဲးယဉ်းလိမ့်မည့်အပြင်၊ မီးသွေးခဲးကိုဖြူအောင်ဆေး လျှော်သောသူနှင့်ပင်အလားတူဖြစ်ချေမည်၊ ။

ဟီနဝယာဒဂိုဏ်း-မဟာဝယာဒဂိုဏ်း။

ယခုအခါ-ကမ္ဘာပေါ်မှာ၊ ဘာသာအယူဝါဒ-အမျိုးမျိုးဂိုဏ် များတွင်၊ ငါတို့ဂေါတမမြတ်စွာဘုရား၏. ဟောပြောတော်မူချက် ကို၊ လိုက်နာ နှစ်သက်ကြကုန်သော ဗုဒ္ဓဘာသာတို့တွင်လည်း။ တောင်ဝိုင်းဗုဒ္ဓဘာသာဝင်-မြောက်ဝိုင်းဗုဒ္ဓဘာသာဝင်-ဟု၊ ကွဲး ပြားပြန်သည်၊ သီဟိုဠ်-ယိုးဒယား-မြန်မာ-ဗုဒ္ဓဘာသာဝင်များကို တောင်ဝိုင်း ဗုဒ္ဓဘာသာဝင်-ဟု၊ခေါ်ဆိုကြသည်၊ ထိုတောင်ဝိုင်း ဗုဒ္ဓဘာသာဝင်ကိုပင်(ဟီနဝယာဒဂိုဏ်း)ဟု အမည်ပေးကြပြန် သည်၊ တရုတ်-ကိုရီယား-ဂျပန်စသော ဗုဒ္ဓဘာသာဝင်များကို၊ မြောက်ဝိုင်းဗုဒ္ဓဘာသာဝင်-ဟု ခေါ်ဆိုကြသည်၊ ထိုမြောက်ဝိုင်း ဗုဒ္ဓဘာသာဝင်ကိုပင် (မဟာဝယာဒဂိုဏ်း) ဟုအမည်ပေးကြ

လေသည်၊ ။ဤဟိနာယာဥ-မဟာယာဥ-ဟူသောအမည်များ သည်၊ ပါဠိ "မဂဓ" ကို အစွဲးပြု၍-ခေါ်ဝေါ်မှည့်ဆိုကြသော အမည်များမဟုတ်လေ။ ။အင်္ဂလိပ်လူမျိုး ပညာရှိများ ပြုသော ကျမ်း။တိဗက်ဘာသာ။တရုတ်ဘာသာ။ဂျပန်ဘာသာဖြင့် ရေးသား ထားသောကျမ်းစာများမှလာရှိသော စကားများသာဖြစ်၍၊ ။ ဘာသာ တမျိုး၏ အမည်များသာ ဖြစ်ချေ မည်။ သို့ မဟုတ် အကြောင်းမမှန်-ပြန်လှန်၍ မှည့်ဆိုခေါ်ဝေါ်သောအမည်မျှဖြစ်ချေ မည်။ပါဠိ"မဂဓ"လိုဖြင့်၊ဟိနာယာဥ်ဂိုဏ်းသည်(**အမ်ယုတ်ဂိုဏ်း**) မဟာယာဥ်ဂိုဏ်းသည်၊(**အမြတ်အများဂိုဏ်း**)ဟု ဆိုရာရောက် မည်။ သိဟိုဠ် - ယိုးဒယား - မြန်မာပြည်ရှိ - သာသနာလမ်းညွှန် ကျမ်းစာများသည်၊ ဘုရားဟောတော်မူခဲ့သည့်အတိုင်း၊ပထမ သံဂါယနာ-ဒုတိယသံဂါယနာတင်ပြီးသည့်နောက်။**အနှစ်-၂၃၅ နှစ်**ရှိသော**အခါ**၊ ဇမ္ဗူဒီပါတကျွန်းလုံးကို အဝိုးရသော-သိရိဝမ္မာ သောကမင်း - လက်ထက်တွင်၊ ရှေးသံဂါယနာတင် **နှစ်ကြိမ်နှင့်** အညီ၊ သုံးကြိမ်မြောက်- တတိယသံဂါယနာတင်၍ထားခဲ့သော ကျမ်းစာများဖြစ်သည်။ ။တရုတ်-ဂျပန်-တိဗက်စသောပြည်များ နှိုက်၊ ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကြသော သာသနာလမ်းညွှန် ကျမ်းစာများသည်၊ ဇာန္ဒိယအနောက်မြောက်ဗိုင်း-ပက်သျှဝါပြည် ရှင်- ကနိဿကဘွဲ့ခံ- သာကမင်း၊ ပြုစုသွားသော့ကျမ်းစာများ ဖြစ်သည်။

ရင်းအကြောင်းကို နောက်နားက၊ အကြောင်းယူတွဲနှင့် ၁. ကွပြုဆိုခဲ့ပြီ။

ထိုကြောင့်။ဟိနာယာဥ်ဂိုဏ်းခေါ် တောင်ဗိုင်သာသနာဝင်သူ တို့နှင့်၊ မဟာယာဥ်ဂိုဏ်းခေါ် မြောက်ဗိုင်း သာသနာဝင်သူတို့၊ အဟုတ်အမှန်၊ကျမ်းဂန်လာရှိပုံနှင့်မျှားစွာကွာခြားသည်။ ။

အချို့ကလည်း၊ ဟိနာယာဥ်ဂိုဏ်းနှင့်၊ မဟာယာဥ်ဂိုဏ်း၊**အ** ယူအထူးကိုအောက်ပါ**အတိုင်**းပြောဆိုလိုကြသည်။ ။သာဝက ဆု ရည်သန်သောဂိုဏ်းကို၊ ဟိနာယာဥ်ဂိုဏ်း။ သမ္ဗုဒ္ဓတရဆု

ရည်သန်သောဂိုဏ်းကို၊မဟာယာဉ်ဂိုဏ်းဟု၊ပြောဆိုကြသည်။ ။ စင်စစ်မှာကား-မဟုတ်။ ဟိနယာဉ်ဂိုဏ်းခေါ်သောတောင်ပိုင်း သာသနာဝင်၊ ငါတို့မြန်မာပြည်နှိုက်- ဗုဒ္ဓဘာသာရဟန်းရှင်လူတို့ တွင်၊အချို့ကား၊သဗ္ဗညုတဆုကို၊ ရည်သန်တောင့်တလျက်ရှိ၏။ ။ အချို့ကား၊သာဝကဆုကို၊ ရည်သန်တောင့်တလျက်ရှိ၏။ ။ထို ကြောင့်၊ထိုဆိုချက်ကိုစင်စစ်မှန်သည်ဟု-မဆိုသာ။ ။ထူးခြားပုံ ကား။ ဟိနယာဉ်ဂိုဏ်းခေါ်သော၊ တောင်ပိုင်း သာသနာဝင်၊ သိဟိုဠ်၊ ယိုဒယား၊ မြန်မာ၊ ရဟန်းရှင်လူများသည်၊ ဘုရားဟော တော်မူရင်း၊ "မဂဓဘာသာ"ပိဋကတ်ကို၊ အလေးအမြတ်ပြု၍၊ ကြည့်ရှုမှတ်သား သာသနာကိုပွားစီးစေကြသည်။ မဟာယာဉ် ဂိုဏ်းခေါ်သော မြောက်ပိုင်းသာသနာဝင်၊ တရုတ်၊ တိဗက်၊ ဂျပန် စသော ရဟန်းရှင်လူများသည်၊ "သက္ကဋဘာသာ" နှင့်ရှိသော ပိဋကတ်ကို အလေးအမြတ်ပြုကြသည်။

မဟာယာဉ်ဂိုဏ်းခေါ် - မြောက်ပိုင်းသာသနာကို၊ သိဟိုဠ် သာသနာပြုမင်း-အဆက်ဆက်၊ မထေရ်-အဆက်ဆက်၊ ငါတို့ မြန်မာနိုင်ငံသာသနာပြုမင်း-အဆက်ဆက်၊မထေရ်-အဆက်ဆက် တို့သည်၊ အလေးအမြတ်- အမှတ်အသားပြု၍၊သာသနာဆက် ကိုပြဆိုရာ၊ အဌကထာနှင့်တကွ၊ ကျောက်စာ,သံပိုင်း,သရိုင်း, ရာဇဝင်,သာသနာဝံသ,သာသနာလင်္ကာရ,စသည်တို့နှိုက်ထည့် သွင်းပေါ် ပြခြင်းကို မပြုခဲ့ကြပေ။ ယင်းကဲ့သို့သာသနာဆက်များ တွင်ထည့်သွင်းပေါ် ပြခြင်းကို မပြုခဲ့ကြသည်မှာ၊အလေးအမြတ် မပြုလောက်၊ ငါတို့"ဘုရားသာသနာ"ဟုပင်-မခေါ်ဝေါ်လောက် သောကြောင့်ဖြစ်လေသည်၊အကြောင်းမူကား။ဒုတိယသံဂါယနာ တင် (ဘျန်မဟာယသ) စသောမထေရ်တို့-နှင်ထုတ်လိုက်သော အဝမ္ဗဝါဒီ, အရိဋ္ဌယဝါဒီ, သာသနဝိဒေါဒီ, သာသနပစ္စတ္ထိ, မဟာသင်္ဃိတိ-ဂိုဏ်းသားတို့မှ အဆင့်ဆင့် ဆက်ပွားလာသော- သာသနာဖြစ်သောကြောင့်ပင်ဟု-ယူဆယ်ရာရှိသည်။

သီဟိုဠ်ဂိုဏ်းကွဲးကြောင်း။

သာသနာတော်သက္ကရာဇ်-၂၃၆-ခုနှစ်မှာ၊(**သျှင်မဟာမဟိန္ဒ မထေရ်**)သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူ၍၊ သာသနာပြုတော်မူသည်။ ထိုအခါမှာ၊ ဒေဝါနံပိယတိဿမင်းကြီးလက်ထက်ဖြစ်၍၊ ၎င်းဒေဝါနံပိယတိဿမင်းကြီးနှင့်တကွသော လူအပေါင်းတို့သည်၊ သာသနာကို ကြည်ညိုမြတ်နိုးကြသဖြင့်၊(**ဒေဝါနံပိယတိဿမင်းကြီး**)သည်၊ အနုရာဓမြို့နန်းက၊ **သျှင်မဟာမဟိန္ဒ**အမှူးရှိသော **သံဃာ**တော်မြတ်တို့အား (**မဟာဝိဟာရ ပညာသောကျောင်း**)ဆောက်လုပ်၍ လှူဒါန်းလေသည်၊ ၎င်းမဟာဝိဟာရကျောင်းဆောက်လုပ်လှူဒါန်းသည်မှစ၍-**အနှစ်**(၂၁၈)နှစ်ရှေ့တဆဲ့ရှစ်နှစ်ပတ်လုံး၊ သာသနာတော် ကောင်းမွန် စင်ကြယ်စွာနှင့် ''မဟာဝိဟာရဝါသိဂိုဏ်း''တာရှည်ထည်းသာတည်ရှိလေသည်။ ။

သာသနာသက္ကရာဇ်-၄၅၅၄-ခုနှစ်တွင်။ (**ဝန္ဒဂါမဏိမင်းကြီး**) သည်၊ **အနုရာဓမြို့မှာပင် (အဘယဂိရိ ပညာသောကျောင်း)** ဆောက်လုပ်၍၊ **ပိဋိအား** ကျေးဇူးပြုကူးသော (**မဟာတိဿ မထေရ်**)ကိုတင်လှူလေသည်။ ။

မှတ်ချက်။ ။အလျင်တကြိမ် ''ကျေးမင်း''တို့နှင့်စစ်ထိုးရာတွင် ရှုံးသဖြင့်-ပုံးအောင်း တိမ်းရှောင် နေရာတွင်၊မဟာတိဿ မထေရ်က ကျေးဇူးပြုကူးသည်ဟူ၏။ ။

ထို''မဟာတိဿမထေရ်''သည်၊ ဝိနည်းပါဠိတော်''ပရိဝါ-ခန္ဓက''ကို။ပါဠိအားဖြင့်ရင်း၊အနက်အဓိပ္ပါယ်အားဖြင့်ရင်း၊ပုဒ်မှန်၊ ပါဠိမှန်၊ **အနက်အဓိပ္ပါယ်**မှန်မှ-ချွတ်လွဲပေါက်ပြန်သည်ကိုပြု၍၊ မူလမဟာဝိဟာရဝါသိဂိုဏ်းမှ၊ခွဲးထွက်၍၊''ဂိုဏ်းသိုး''ထောင်လေသည်။ထိုဂိုဏ်းကို (**အဘယဂိရိဝါသိဂိုဏ်း**)ဟူ၍ရင်း၊(**ဓမ္မရုစိဂိုဏ်း**)ဟူ၍ရင်း၊ခေါ်တွင်သည်။ဤယိုရှိလျှင်ဝိနည်းနှင့်စပ်လျဉ်း

၍၊သိပ်ဘိုင်ဖွာ၊"မူလ မဟာဝိဟာရ ဝါသိုဂိုဏ်း-အာဘယဂိရိဝါသိ ဂိုဏ်း"ဟု-နှစ်ဂိုဏ်းဖြစ်လာသည်။ ။

(ထိုသို့နှစ်ဂိုဏ်းကွဲးရာနှိုက်—ပုထုဇဉ်ပုဂ္ဂိုလ်ချင်းချင်းသာကွဲး သည်ဟုမှတ်ရမည်။ ရဟန္တာပုဂ္ဂိုလ် အသျှင်မြတ်တို့ မှာကား၊ ဘုရားရှင် ဟောတော်မူတိုင်း--မထေရ် အဆက်ဆက် ဆောင် တော်မူခဲ့သော—ထေရုဝါဒမကွဲးပြားကြဟုမှတ်ရာ၏)။ ။

သာသနာသင်္ဂြာဂ-၇ ၉ ၆-ခု-ရှိသောအခါမှာ။ **မဟာသေနဗင်းကြီး**သည်၊**အနုရာဓမြို့**မှာပင် (**ဇေတဝနမည်သောကျောင်း**) ဆောက်လုပ်၍၊**သံဃမိတ္တာ**မထေရ်ကိုတင်လျှောလေသည်။ ထိုသံဃမိတ္တာမထေရ်သည်၊**လောကိအတတ်ဌ**ကျမ်းကျင်၍ကောက်ကျစ်စဉ်းလဲ့သောနှလုံးထားနှင့်၊ ဝိနည်းကိုမစောင့်စည်းသောသဘောရှိသည်ဟု၏။ ထိုကောက်ကျစ်စဉ်းလဲ့သော နှလုံးထားရှိသော (**သံဃဒေဝီ**)**ဘုရား**)**မ**ထေရ်သည်၊**ဝိနည်း**ပါဠိတော် (**ဥဘတောဝိဘင်း**) ပါဠိတို့ကို၊ ရှေးလွှဲ့ပြောင်းပြန်-စီမံ၍၊ **အာဘယဂိရိဝါသိ**ဂိုဏ်းမှထွက်၍၊ဂိုဏ်းသစ်ထောင်ပြန်လေသည်။ထိုဂိုဏ်းကို (**ဇေတဝနဝါသိ**ဂိုဏ်း) ဟူ၍ရင်း(**သာဂ**ပေါ်ယဂိုဏ်း) ဟူ၍ရင်း၊ခေါ်တွင်သည်။ ။ဤသို့လျှင်-ပထမ-**မဟာ**ဝိဟာရ**ဝါသိ**ဂိုဏ်းနှင့်-သုံးဂိုဏ်းဖြစ်လာသည်။

အာဘယဂိရိ**ဝါသိ**ဂိုဏ်းကွဲးပြားနောက်၊ **အနှစ်**(၃၄ ၂)**နှစ်**။ သုံးရာ့လေးဆဲ့နှစ်နှစ်၊**ဇေတဝန**ဝါသိဂိုဏ်းကွဲးပြားသည့်နောက်၊**အနှစ်**(၃၅၁) သုံးရာ့ငါးဆဲ့တနှစ်။ **သာ**သနာသင်္ဂြာဂ(၁ ၁ ၄ ၂) ခု၊ ကထေပင်တရာ့လေးဆဲ့ခုနှစ်ခု-ရှိသောအခါ၊ ကုရုန္ဒအရပ်၌ နေကုန်သောရဟန်းတို့နှင့်၊ ကောလမ္ဗ(ကောသမ္ဗီ)အရပ်၌နေကုန်သောရဟန်းတို့သည်၊ "ဘာဂိနေယ္ယ(ဗုဒ္ဓ)ဝယတိ" အမည်ရှိသောမင်းကိုအကြောင်းပြု၍ဝိနည်းပါဠိတော်"ဥဘတောဝိဘင်းနှင့်,ပရိဝါဝန္ဓကပါ"ဟူ၍ကိုမဟုတ်မမှန် ရှေ့လွှဲ့ပြောင်းပြန်စီမံပြုလုပ်၍ **အာ**ဘယဂိရိ**ဝါသိ**ဂိုဏ်း၊ **ဇေ**တဝန**ဝါသိ**ဂိုဏ်းမှ ထပ်ခြားပြု၍ဂိုဏ်း,

ထောင်ပြုံးလျှင်၊ မူလမဟာဝိဟာရဝါသိကိုဏ်းမြတ်ကို၊ တုပ္ပြင်နှင်းယှဉ်ရည်ရွယ်၍ (**မဟာဒီဟာရ**)အမည်ကိုယူ၍တဂိုဏ်းဖြစ်ပြန်လေသည်။ ။

ဤသို့လျှင်၊ သိဟိုဠ်ကျွန်းမှာ၊ မဟာမဟိန္ဒမထေရ်စသည်တို့၏ အနွယ်အဆက်ဖြစ်၍ဖြစ်သော မဟာဝိဟာရဝါသိကိုဏ်းမြတ်နှင့် တကွ၊ လေးဂိုဏ်းဖြစ်လေသည်။ ထိုလေးဂိုဏ်းတွင်လည်း၊ ပထမမူလ၊ မဟာဝိဟာရဝါသိကိုဏ်းတဆုထည်းသာ၊ (**ခမ္ဘဝါဒီ**) အစစ်ဖြစ်၍၊ နောက်သုံးဂိုဏ်းမှာ၊ (**အဘယဂိရိ**)သာဟု-မှတ်ယူရာ၏။ ။

{**မှတ်ချက်။**} သိဟိုဠ်ကျွန်းမှာ၊ ယင်းကဲ့သို့ ဂိုဏ်းကွဲးခဲ့သည်မှာ၊ ဝိနည်းနှင့်စပ်လျဉ်း၍ ဝိနည်းကို၊ "ကမောက္ကမ" ပြုသောကြောင့်ပင်၊ ဂိုဏ်းကွဲးခဲ့ရလေသည်၊ သတိပြုဘို့။

ဖြန်ခဲနိုင်ငံ-ပုဂံဂိုဏ်းကွဲးကြောင်း။

"အရိမဒ္ဒနာ" မည်သောပုဂံပြည်၌။ သက္ကရေဇ်-၅၃၆-ခု(၅၂၆ ခု။ ဟူ၍လည်း အဆိုရှိ၏)နှစ်တွင်နန်းတက်သော (**နရပတိစည်သူ**) မင်းကြီးလက်ထက်၌။ သံဃာတော်များ ဝိနည်းကျမ်းဂန်၌၊ အနက်အဓိပ္ပါယ်အကောက်၊ အယူ၊ အဆ၊ သဘောကွဲးလွဲးကြသဖြင့်၊ ၎င်းနရပတိစည်သူမင်းကြီးလက်ထက်မှာပင်၊ ဟူရိမဂိုဏ်း ပန္ဆိမဂိုဏ်းဟု၊ နှစ်ဂိုဏ်းကွဲးလေသည်။ မူလ၊ သျှင်အရဟံဂိုဏ်းကို "ဟူရိမဂိုဏ်း" ခေါ်သည်။ သျှင်ဆပ္ပဒေအမှူးရှိသော၊ သိဟိုဠ်မှရောက်လာသောဂိုဏ်းကို၊ "ပန္ဆိမဂိုဏ်း" ခေါ်သည်။ ။ ပန္ဆိမဂိုဏ်းတွင်လည်း၊ "သျှင်သိလဝန္ဒဂိုဏ်း"၊ "သျှင်တာမလိန္ဒဂိုဏ်း"၊ "သျှင်အာနန္ဒဂိုဏ်း" ဟု-သုံးဂိုဏ်းကွဲးပြန်သဖြင့်၊ ယခုထက်တိုင်၊ ပုဂံမှာလေးဂိုဏ်းကွဲးလျက်ရှိရသေးသည်။ ယင်းသို့ပုဂံမှာဂိုဏ်းကွဲးခဲ့

ရသည်မှာလည်း။ဝိနည်းနှင့်စပ်လျဉ်း၍သာကွဲးပြားလာခဲ့ခြင်းဖြစ်သတည်း။

ပန်းရ-ပင်းယဂိုဏ်းကွဲးခြင်းအကြောင်း။

သာသနာ သက္ကရာဇ်- ၁၀၆၆- ခု။ ကောဇာ သက္ကရာဇ် ၆၀၄-ခုနှစ်တွင်၊သီဟာသူရဇ၏ သားကြီးဖြစ်သော"ဥဇနာ"သည်၊ "ပင်းယ"ပြည်၌နန်းတက်သည်။ထိုဥဇနာမင်းသည်၊ကျောင်းကြီးခုနစ်ကျောင်းကိုဆောက်လုပ်၍လှူသည်။

(ထို ခုနစ်ကျောင်းကို။ စကားသား ဖြင့် ဆောက် လုပ်သောကြောင့်။စကားခုနစ်ကျောင်းဟုတွင်သည်။)

ထို"စကား ခုနစ်ကျောင်း"တို့ကို၊ ပြုပြင်ရန် အလို ဌါလည်း၊ ဝတ္ထုကံ-မိုးမြေ-လယ်-ယာ တို့ကိုလည်း မျှားစွာ လှူဒါန်းသည်။ ထိုနောက်-ထို ဝတ္ထုက မိုးမြေကို အစွဲပြု၍၊ သံဃာတော်များ ငြင်းခုံခြင်း"ဝိဝါဒါဓိကရဏ်း" ဖြစ်ကြသည်။ ।ထို အခါ မှာ- "သာသနဓရမဟာထေရ်ကြီး" နှင့်၊"ပရက္ကမဗာဟု"နှစ်ပါးတို့၊ ပင်းယမြို့မှထွက်သွားကြပြီးလျှင် "သာသနဓရမထေရ်ကြီး"မှာ- တရုတ်တိုင် (ဇုရင်းတော်ခ) ဟောင်ခြေသို့ ကြွ၍သီတင်းသုံးနေ၊တော်မူသည်။ "ပရက္ကမ"ဗာဟု"နှစ်ပါးမှာ၊စပ်ကိုင်းဟောင်ကြားသို့ကြွ၍၊သီဘင်းသုံး၊တော်မူကြသည်။

(ယနေ့ထက်တိုင်-စစ်ကိုင်း၊တောင်မှာ-ပရက္ကမခေါင်-ပုဂုဏ်ရှားနှင့်။)

ထိုသာသနဓရမထေရ်နှင့်ပရက္ကမ,မထေရ်တို့ကို"ဇေတဝန"ရဟန်းမှား-ဟု ခေါ်ဆိုကြ၏။ ကြွင်းသော ရှာနေ မထေရ်တို့ကို"ဂါမဝါသိဝဟုစာရ"ရဟန် ။ား-ဟု ခေါ်ဆိုကြကုန်၏။ ထိုအခါမှာ၊ အရှေ့ဥဒါသီဂိုဏ်း-ဂါမဝါသီဂိုဏ်းဟုနှစ်ပိုင်းကွဲးထွေသည်။

အင်းဝဘုရားကွဲးခြင်းအကြောင်း။

သာသနာ သက္ကရာဇ်- ၂၂၄၂-ခု။ ကောဇာ သက္ကရာဇ် ၁၀၆၀-ပြည့်နှစ်တွင်။အင်းဝမြို့မှာ နန်းတက်သော (သီရိဓမ္မာသောကမဟာသူရ) မည်သော မင်း၏ လက်ထက်၌၊ အတင်ဘုရား၊ အရုံဘုရား ကွဲးသည်။ကွဲးပုံမှာ''သလ္လာဝတီ''-ချင်းတွင်း ဖြစ်၏ အနောက် ဘက်၊''တုန်ရှာ'' ကျောင်းနေ၊ ဘျင်ဂုဏာသက်ဘုရ ဖထေ၏သည်၊ သာမဏေများကို၊ ရှာတွင်းသို့ ဝင်သောအခါ၊ သက်နိုးကို မရုံစေဘဲ၊ သက်နိုးကို တင်လျက်သာ ဝင်စေသည်။ ၎င်း မထေ၏က စဖြ''အတင်ဘုရား'' ဖြစ်ပေါ် လာသည်။ ၎င်း မထေ၏သည် ဝိနည်းကျမ်းဂန်၌ တတ်မြောက် ကျွန်ခြင်း မရှိ။ အဘိဓမ္မာကို တပည့်များအား အချ အပို့ များသည် ဟူ၏။ နောက်ကာလ ပိပိနှင့် သဘောတူ ဘုရားဂဏာ ကွဲစည်းမြဲ၊ အဝိ ကရုဏာကြီး ဖြစ်ကြလေသည်။ အတင်ဘုရား ဆရာတို့မှာကား၊ အတင်သင့်ကြောင်း၊ပါဠိ၊အဋ္ဌကထာ၊ဋီကာ၊ အခိုင်အမာ မရှိကြ သဖြင့်၊ မြတ်စွာဘုရား မျက်နှာတော်ကို မထောက် ထားဘဲ ငါတို့ အတင်သင့် ဝါဒသည် သီဟိုဠ်မှ ရောက် လာ သော (သဒ္ဓမ္မစာရီ) မထေ၏၏ အနွယ် အဆက် ဖြစ်သည်ဟုလည်း၊ အနွယ်အဆက်ကို၊ မဟုတ်မလျား ကိုးကားဖေါ် ပြကြသည်။

"ဗျသိ,ဆယ်ရှာ''သား၊ဗစ္ဆည်း ပါးရှားသောဒုဿီလရဟန်း လူတွေ့ကြီးကို လည်း တံစိုးလက်ဆောင်ပေး၍၊ မိမိတို့ ဝါဒနှင့် လိုက်လျော ညီညွတ်အောင်၊ခုလေ့ကျင့်ကျင်းတွင်၊ စကား အသစ် ဖြည့်စွက် စေသည်၊ ။ယင်းကဲ့သို့၊ ဝိနည်းကို မဟုတ်မလျား ကျင့်ပေါက်ပြား၍။အဝိကရုဏာကြီးပွား၊ရှည်လျားလာသည်မှာ၊ အမရပုရ(ဘိုးတော်ဦးဖိုင်း)လက်ထက်ကျမှ၊ အတင်ဘုရားဝင်၊ ရှေ့ဆောင် ဦးစီး ဖြစ်သော၊ အတုလယသ ဘွဲ့ ခံ၊ လူမည်၊ (ဦးပန်းထွေးကို) အောက်ပါ လက်ဘ သံပေါက်တို့ဖြင့်၊ ဘွဲ့ကုံး သိဆိုစေ၍။ အရပ်တပါးသို့- နှင်ထတ် လိုက်မှ၊ အတင်ဘုရား

သမားများ ရှုံးခ၊ အဓိကရုဏ်း ပြိုမ်းလေသည်။ ၎င်းအကြောင်း အကျယ်၊ ငါတို့ရေးသားသော (သာသနုပဟာသုတပ္ပကာသနီ) ကျမ်းမှာပါရှိလေပြီ။

ခါးရောင်လှဲ့ရောင်၊ တပြောင်ပြောင်၊ အမောင်ဘယ်က လူပေနည်း။
ဝိနည်းတတ်ယောင်၊ ဂဏ္ဌိ ဆောင်၊ နှာ ယောင် ကောက်နှင့်လူမဲ့မဲ့။ ။ဟူ၏။

ရာမညတိုင်း၊ ဟံသာဝတီဘုရင်ကွဲးအကြောင်း။

ရာမည တိုင်း၊ ဟံသာဝတီ မြို့တွင်၊ နန်း တက်သော၊ ဝမ္မ စေတီယ မင်းကြီးသည်၊ သာသနာတော်ကို သုဓိသင် ရှင်းလင်း ပြီးစီးသောအခါမှစ၍၊ အောက် ရာမညတိုင်းမှာ၊ သိပ္ပိုင်ကျွန်း၊ မဟာ ဝိဟာရဝါသီ အဆက် အနွယ်-တရိုဏ်း တည်းသာ ရှိ လေသည်။ ထိုနောက်(ပင်းတရားဒ္ဓေ့ထီး)လက်ထက် ကျသော အခါမှ၊ အလင်္ကာ၊ အဝမ္မဝါဒီ၊ "ရင်စည်း" ရဟန်းများ ပေါ်လာပြန်၍၊ (ရင်စည်းတရိုဏ်း၊ မဟာဝိဟာရ ဝါသီတရိုဏ်း) ကွဲးပြားမ၊ နှစ်ဖုဏ်းဖြစ်ရပြန်လေသည်။

ယင်းကဲ့သို့သာသနာပေါ်မှာ၊ ဝမ္မ-ဝိနယမှပေါက်ပြန်၍၊ တခါ တခါ ပေါ်လာသည်မှာ၊ သတ္တိ၊ ဗျတ္တိ ရှိသည် ဆိုရသော ရဟန်း တဦး-နှစ်ဦးက စတင်၍ ဖြစ်ပေါ် တတ်လေသည်။ ။ဖြစ်ပေါ်ပုံ ကား။ သိပ္ပိုင်ကျွန်းတွင်၊ 'ဘုန္ဓရာဇာဝိပတိမင်း' လက်ထက်၊ သတ္တိ ဗျတ္တိနှင့်ပြည့်စုံသော ရဟန်းတပါး သည်၊ ဦးခေါင်းတွင် အိုင်းအနာ ပေါက်ရောက်သဖြင့်၊ ဦးခေါင်းကို သက်နှံးဖုံးအုပ်၍ ထားထေ သည်။ ထို ရဟန်းသည်၊ အနာမျောက် ပြိုမ်းပြီးနောက်လည်း၊ ဦးခေါင်းနှင့် အမာရွတ်၊ မသေချာက်ပတ် ရှိသည်ကို၊ ဒါယကာတို့ 'ကြည်ရ ပ်ပြုကြပြန်သဖြင့်၊ ရှက်နှိုးခ၍၊ သက်နှံးကို ဦးခေါင်းနှ

တင်၍၊ရှာတွင်းရှာပြင် သွားလာသည်ကို ပြုပြန်၏။ ထိုအခါမှာ၊ တပည့် သံဃာ တို့က လျှောက်ထားကြ သည်မှာ၊ ယင်းကဲ့သို့ သက်နိုးကို ဦးခေါင်းခွ တင်၍၊ ရှာတွင်းသို့ သွားလာ ဝင်ထွက် ပြုလုပ်ခြင်းငှါ၊ ရဟန်းတို့အား၊ မတော်,မလျှောက်ပတ်ပါ ဟု၊ လျှောက်ထားကြ သော်လည်း ၊ ဂိုဏ်းဆရာ အကြီး ဖြစ်သော ကြောင့်၊သက်နိုးကိုးထည်အဆုံးအဖြတ်ကိုပြု၍၊လျှော်၏ဟု-ဆို၍ ပြုကျင့်လေသည်နှင့်၊ နောက်ကာလ၊ တပည့် အဆက်ဆက်တို့ သည်လည်း။ဆရာ့အတုလိုက်၍၊ဝိနည်းခွ၊မသို,မလိမ္မာကြသဖြင့်၊ ဆရာစည်ပြုဘူးသည်ကို-အစွဲးပြု၍၊ "သက်နိုး ခေါင်းတင်၊ နောက် လှန်ဂိုဏ်း"ပြု၍၊ "တဂိုဏ်း"ဖြစ်ပွားလေသည်။ ၎င်းသက်နိုးခေါင်း တင်၊နောက်လှန်ဂိုဏ်း၊အဆက်အနွယ်သည်၊ သိဟိုဠ်ကျွန်းမှ၊ကူး စက်လာသဖြင့်။ ရာမည ကိုင်း၊ သံလျင် မြို့စား၊ ကုလား ၈, စက်ဝ လက်ထက်တိုင်အောင်ပေါ်ပေါက်လျက်ရှိသတည်း။

၎င်းသံလျင်မြို့စား၊ကုလား(၈,စက်ဝ)လက်ထက်ကျပြန်သော အခါမှာ၊ သက်နိုး ခေါင်းတင်၊ နောက်လှန်ကို ပယ်၍။ ကုလား ၈, စက်ဝနှင့်အတူ၊ ကုလား၈ စက်ဝ သဘောကျ နှစ်သက်အောင်၊ ဘုရင်ကျီဦးထုပ် ဆောင်းရပြန်သဖြင့်၊ "**ဦးထုတ်ဆောင်းရဟန်း**" ပေါ်လာပြန်လေသည်။ ။ဤကဲ့သို့သတ္တိဗျတ္တိ,ရှိသည်ဆိုရသော ဂိုဏ်းဆရာ တယောက်အတွက်၊ နောက်ဆက်လက်၍၊တပည့် သား အစဉ် ပျက်တတ်ခြင်း။ မင်းအလို လိုက်ရသဖြင့်၊ ဝိနည်း အကျင့်ပျက်တတ်ခြင်း၊ဖြစ်တတ်သည်ကိုသိရာ၏။

{မှတ်ချက်။} ဂိုဏ်းဆရာ ပြုလုပ်သူတို့သည်။ မိမိတို့သို့ အတုလိုက်၍၊ တပည့်အဆက်ဆက်၊ ပရိယတ္တိ အစဉ်အလာ၊ ပဋိပတ္တိ အစဉ်အလာ၊ ချိုယွင်း ပျက်စီးမည့် အရာကို၊ အထူးဂရုပြု၍ စောင့် ရှောက်သင့်ကြသည်။ အာစရိယဝါဒအလေ့အ လာကြီးစွဲမြဲလေ့ရှိတတ်သည်။ ။

ဝိနည်းပညတ်သည်၊ ဘုရားရှင်တို့၏ အရာသာဖြစ်၍၊ နက်နဲကျယ်ဝန်းလှသဖြင့်၊ သာမည ဆည်းပူးအားထုတ်ရုံမျှဖြင့်ရင်း၊ ဝိနည်းပါဠိတော်များနှင့်အဋ္ဌကထာများကို၊ တခေါက်၊ နှစ်ခေါက်လောက်၊ ပေါက်ရောက်ကြည့်ရှု၊ သင်ကြားဘူးရုံမျှဖြင့်ရင်း၊ ဝိနည်းအရာ၌၊ တတ်သိလိမ္မာပွန်းတီးဘို့ရန်ခဲယဉ်းလှ၏။ ဝိနည်းအရာက၊ တတ်သိလိမ္မာခြင်း မရှိကလည်း၊ အလာမတော်သုဘယဒဿာဝီ ဖြစ်၍၊ သိက္ခာပုဒ်ရာဖြစ်အောင် နေထိုင်စားသောက်ကျင့်ကြံတတ်ဘို့ရန်ခဲယဉ်းလှသေး၏။ ဒီမိုကိုယ်ကပင်၊ဝိနည်းအရာ၌ တတ်သိလိမ္မာပွန်းတီးခြင်းမရှိသဖြင့်၊ သိသာနှုသိသတ္တိအား ဝိနည်းကျင့်ဝတ်နှင့် ညီညွတ်အောင် ဆုံးမပဲ့ပြင် သွန်သင်ဩဝါဒ ပေးဘို့ရန်လည်း ခဲယဉ်းပြန်သဖြင့်၊ သိသာနှုသိသတပည့်အစဉ်အဆက် ဝိနည်းအရာကည့်ဖျင်း၍၊ ဝိနည်းသာသနာအားနည်းလျက်သာ သွားလေတော့မည်။ ထိုကြောင့်-ရှေးဆရာတော်ကြီးများသည်၊ ဝိနည်းကိုသင်ကြားချဉ်းခြင်းကို မည်သည့်အခါမှ လက်မလွှတ်နှင့်ဟု၊ မှာထားဆုံးမတော်မူလေ့ရှိကြသည်။ အဘယ်ကြောင့်နည်းဟူမူကား။ ဝိနည်းအရာ၌ တတ်သိလိမ္မာရန်ခဲယဉ်းသည်သောကြောင့်ပင်ဖြစ်သည်။ ဝိနည်းအရာက လိမ္မာတတ်မြောက်ကလည်း၊ မိမိ၏ သိလလည်းလုံခြုံ၍၊ ရှေးတပါးဘို့၏ ဒိဋ္ဌိရာလည်းဖြစ်၍ "ဝိနယ ပရိယတ္တိ ကုသးလာ ဟိ ပုဂ္ဂလောသာသနေ ပဋိလဒ္ဓသဒ္ဓါနံ ကုလပုတ္တာနံ မတာပိတုဒ္ဒါနိယော ဟောတိ" ဟူသည်နှင့်အညီ သာသနာ၏တည်ခြင်းရှိကြကုန်သောအမျိုးကောင်းသားတို့၏ အမိ,အဘ,အရာ၌ တည်လေကုန်၏။ ။ ယင်းကဲ့သို့-ဝိနယပရိယတ္တိဝိသာရဒဖြစ်အောင် မသင်ကြားခဲ့ကြခြင်းကြောင့် ဝိနည်းအကျင့်အကျယ်အဝ လွဲမှားရင်း၊ ဝိနည်းအရာ၌ အဘန်းထွင်ထိုကြသည်ဖြစ်၍ရင်း ပေါ်ပြူအင်ခဲ့ပြီးသော ဂုဏ်ကောင်းများကိုပြုပြင်ခဲ့ကြရလေသည်။

ဝိနည်းအကြီမ်ဗျားစွာသင်ကြားသင့်ကြောင်း။

သိပ္ပံဗိုဒ္ဓကျွန်းဌာနရာတူဖြစ်ကြကုန်သော၊ **ဥပတိဿမထေရ်** ဖုဿရေဝတ်မထေရ်၊ထိုမထေရ်နှစ်ပါးတို့သည်၊ဝိနယဝရေဖြစ်၍ ဝိနည်းအရာက ကျော်စော ထင်ရှား ခဲ့ကြကုန်၏။ ထိုမထေရ် နှစ်ပါးတို့သည်. သာသနာသက္ကရာဇ်-၄၃၀- လေးရဲ့သုံးဆယ် ပြည့်နှစ်တွင်၊ဗြာဟ္မဏတိသဘေးကြီးဖြစ်သောအခါမှာ၊ ဝိနည်း ဝိဒူကတ်ကို အထူးသဖြင့်ဆောင်၍ စောင့်ရှောက်တော်မူခဲ့ကြ ကုန်၏။ ။ထိုမထေရ်နှစ်ပါးတို့တွင်လည်း ဥပတိဿမထေရ်သည်၊ သာလွန်၍ပင်- ထက်မျက်လေသည်။ ထိုဥပတိဿမထေရ်၏ အနှောဝါသိက တပည့်များတို့ တွင်လည်း၊ **မဟာပဒုမ** **မထေရ်** **မဟာသုမမထေရ်**ဟု၊ တပည့်နှစ်ပါးရှိသတတ်။ ထိုနှစ်ပါးတွင် မဟာသုမမထေရ်သည်၊ကိုးခေါက်ကိုးကြိမ်ပေါက်အောင်ဝိနည်း ဝိဒူကတ်ကိုဆရာဥပတိဿအထံမှာသင်ယူသည်။ ।မဟာပဒုမ မထေရ်သည်၊ မဟာသုမ မထေရ်နှင့်အတူတကွ၊ ကိုးခေါက် ပေါက်အောင် သင်ယူပြီးနောက်လည်း၊ ပိပိရှည်းအသိုးအခြား ကိုးခေါက် ပေါက်အောင်ပင်သင်ယူပြန်၍ ဝိနည်းဝိဒူကတ်ကို၊ (၁၈)တဆဲ့ရှစ်ခေါက်ပေါက်အောင် ဆရာထံမှသင်ယူလေသည်။ ထိုကြောင့်၊ ကိုးခေါက်ပေါက်အောင်သင်ကြားသော မဟာသုမ. မထေရ်ထက် တဆဲ့ရှစ်ခေါက် ပေါက်အောင် သင်ကြားသော မဟာပဒုမမထေရ်ကထက်မျက်ထင်ရှားလေသည်။

ထိုမထေရ်နှစ်ပါးတို့တွင်၊မဟာသုမမထေရ်သည်၊ကိုးခေါက် ပေါက်အောင် ဝိနည်းဝိဒူကတ်ကိုသင်ယူ၍၊ ဆရာမှ ဖဲးခွါပြီး လျှင်၊ ဂင်္ဂါတဘက်သို့သွား၍နေလေသည်။ ထိုအခါ မဟာပဒုမ မထေရ်က ပြောကြားသည်မှာ၊ ဝိနည်းဆောင်ပုဂ္ဂိုလ်မဟာသုမ မထေရ်သည်၊ဆရာထင်ရှားရှိသေးလျက်၊ ဆရာကိုလက်လွှတ်ပြီး လျှင်၊ အရပ်တပါးသို့သွား၍နေအံ့ဟုအောက်မေ့ခြင်းသည် ရဲး ရင့်လေစွတကား။ ဆရာထင်ရှားရှိသေးသမျှကာလပတ်လုံးဆရာ့

ထံမှာနေ၍အဋ္ဌကထာနှင့်တကွသောဝိနည်းပိဋကတ်ကို အကြွေမ်မျှားစွာသင်ယူ၍လည်း၊ ဆရာကိုမစွန့်လွှတ်သင့်သည်မဟုတ်ပါ လောဟုဆိုလေသည်။

တတော မဟာပဒုမထေရော အာဟ သူရောဝတ ရေ ဌေသိန ယဝရော ယော ရေမာနကံယေဝ အာစရိယံ မုဠ္ဠတ္တာ အညတ္ထ ဝသိတဗ္ဗံမညတိ၊ နနု အာစရိယေ ဧရမာနေ ဝိနယပိဋကဋ္ဌ အဋ္ဌ ကထာစ အနေကာ ဘဒ္ဒကာ ဂဟေတွာ ပိ နဝိသေ ဌေတဗ္ဗံ၊ နိစ္စကာ လံ သောတဗ္ဗံ အနုသံဝဏ္ဏရံ သဏ္ဌာယိတဗ္ဗန္တိ။ ။ဟူ၏။

တတော၊ ထိုအခါမှ။ မဟာပဒုမထေရော၊ ဝိနည်းကို(၁၀)ခါက်ပေါက်အောင် ဆရာထံသင်ကြားသောမဟာပဒုမ မထေရ်သည်။ အာဟ၊ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ဆိုသနည်းဟူမူ ကား။ရေ၊အချင်းတို့။ယော ဝိနယဝရော၊ အကြင်မဟာသုမမထေရ် ဟူ၊သောဝိနည်းမိုရ်ပုဂ္ဂိုလ်သည်၊ ဧရမာနကံယေဝ၊အသက်တော် ထင်ရှား ရှိသေးသည်သာလျှင်ဖြစ်သော၊ အာစရိယံ၊ ဆရာကို၊ မုဠ္ဠတ္တာ၊လွှတ်၍၊အညတ္ထ၊တပါးသောအရပ်၌။ ဝသိတဗ္ဗံ၊နေအပ် ၏။ဟူ၍။မညတိ၊မှတ်ထင်၏။ ။သေ-ဌေသော ဝိနယဝရော၊ထိုမဟာ သုမမထေရ်ဟူသော ဝိနည်းမိုရ်ပုဂ္ဂိုလ်သည်။သူရောဝတ၊ရဲးရင့် လေစွတကား။ အာစရိယေ၊ ဆရာသည်။ ဧရမာနေ၊ အသက် တော်ထင်ရှားရှိသေးသော်။ ဝိနယပိဋကဋ္ဌ ဝိနည်းပိဋကတ်ကို ၎င်း။အဋ္ဌကထ စ၊ဝိနည်းအဋ္ဌကထာကိုလည်း။ အနေကဘဒ္ဒကာ၊အ ကြွေမ်မျှားစွာ။ ဂဟေတွာ ပိ၊သင်ယူ၍လည်း။ဝါ၊သင်ယူပြီးသော် သည်း။ နဝိသေ ဌေတဗ္ဗံ နနု၊ ဆရာကို မစွန့်ရာသည်မဟုတ်လော။ ဝါ၊ဝိနည်းသင်ကြားပြင်းကို မစွန့်ရာသည်မဟုတ်လော။နိစ္စကာလံ၊ အခါတိုင်းပတ်ထိပ်။ သောတဗ္ဗံ၊ နာကြားအပ်၏။ အနုသံဝဏ္ဏရံ၊နှစ်စဉ် နှုတ်တိုင်း။ သဏ္ဌာယိတဗ္ဗံ၊သရဇ္ဈာယ်အပ်၏။ ဣတိ၊ဤသို့ အာဟ၊ ဆို၏။ ।

ဤသို့လျှင် ဝိနည်းကို အလေးပြု၍ သင်အပ်-သင်သင့်ကြောင်း ဖြစ်၏။ထိုမှလေကို အလေးပြု၍သင်ကြားကြပါသော်လည်း

ဝိနည်းအရာ၌လိမ္မာတတ်မြောက်နိုင်ခဲလှသဖြင့်၊ ထေရဝါဒအမျိုးမျိုးကိုပေါ်ပြု၍၊ အဋ္ဌကထာအမျိုးမျိုး၊ ဋီကာအမျိုးမျိုးရေးသားစီရင်တော်မူခဲ့ကြကုန်သည်။ ။

(သုတ် – အဘိဓမ္မာထက်၊ ဝိနည်းဘက်က– အဋ္ဌကထာ ဋီကာ–ကျမ်းစောင်ရေများသည်ဟူလို။)

ဝိနည်းကို–၇–ခုနစ်ခေါက်အောင် ဆရာထံမှသင်ကြားခဲ့သော **တိပိဋကစူဠနာဂ**မထေရ်သည်၊ ထူပိကတသိက္ခာပုဒ်နေရာမှာ**အ**ယူ**အ**ဆလွဲ၍**ဆ**ရာ**စူ**ဠ**သု**မနမထေရ်က ပြောဆိုသည်မှာ။ ။ ထေရော်သုတွေ အာဟ အဟော စူဠနာဂေါ သာသနတော ဘဋ္ဌော၊ အဟံ ဇေတသ သတ္တုက္ခေ ဝိနယံ ဝါစေန္တော နကဒါစိ ဇေဝံ **အ**ဝစ်၊**အ**ယံကုတော လဘိတ္တာ ဇေဝံ ဝဒသိတိ။

ထေရော်၊ စူဠ**သု**မနမထေရ်သည်။ သုတ္တာ၊**တိ**ပိ**ဋ**ကစူဠနာဂ**မ**ထေရ်၏ ထူပိကတ **အ**ဆုံး**အ**ဖြတ်ကို ကြားရ၍။ **အ**ဟာ၊ ဆိုရ်။ ကိုံ**အ**ဟာ၊ **အ**ဘာယ်သို့ဆိုသနည်း။ စူဠနာဂေါ။**တ**ိပိ**ဋ**ကစူဠနာဂသည်၊ သာသနတော၊သာသနာတော်မှ။ ဝါ၊ ထူပိကတသိက္ခာပုဒ်**အ**ရာ**နှ**စ်ကို ကျင့်**အ**ပ်သော ဘုရား**အ**ဆုံး**အ**မတော်မှ။ **အ**ဟောဘဋ္ဌော၊ ပျက်စီးရာလေပြီ။ ဝါ၊ ရှေ့လျှောလေပြီ။**အ**ဟံ၊ ငါသည်။**ဇ**တသ၊ထိုတိပိ**ဋ**ကစူဠနာဂမထေရ်**အ**ား။**သ**တ္တုက္ခတ္တုံ၊ ခုနစ်ကြိမ်-ခုနစ်ခေါက်။ ဝိနယံ၊ ဝိနည်းပိ**ဋ**ကတ်ကို။ ဝါစေန္တော၊ ပို့ချစဉ်။**က**ဒါစိ၊တခုံတခါမှ။ ဝါ၊တခေါက်မှ။ **ဇ**ေံ၊ဤသို့။ဝါ၊ဤစူဠနာဂယူ**ဆ**သော**ထ**ူပိ**က**တ**အ**ဆုံး**အ**ဖြတ်မျိုးကို၊ နအ**ဝ**စံ၊ **မ**ဆိုလိုက်စမူး။**အ**ယံ၊ဤစူဠနာဂသည်။ ကုတော၊ **အ**ဘာယ်မှ။ဝါ၊ဘာယ်ဆရာ**အ**ထံမှ။လဘိတ္တာ၊ရ၍။ **ဇ**ေံ၊ဤသို့။ ဝဒသိ၊ ဆိုပါလိမ့်မည်နည်း။ဟုတိ၊ဤသို့။**အ**ာဟ၊ဆိုရ်။ ။

စူဠ**သု**မန**ဣ**ေ**ရ**ာ**နာ**မ** **သ**ဇ္ဇ**ပ**ရိ**ယ**တ္တိ**ဝ**ေ**ရ**ော ဝိ**နယာ**စ**ရိ**ယ**ပါ**မော**ကျော် **မ**ဟာ**ဝ**ိ**ဟ**ာ**ရ**ေ**ပ**ဒိ**ဝ**သ**တိ။ ။**ဒု**တိ**ယ**ပါ**ရာ**ဇိ**က**ဏ်**အ**ဋ္ဌ**က**ထာ-၂ ၄ ၇–

အခေတ္တမှတ်ချက်။ ခုနစ်ကြိမ်-ခုနစ်ခေါက်။ပေါက်အောင်သင်ကြားခဲ့သော်လည်း၊ ဝိနည်း အဆုံးအဖြတ်၌ မတဲ့သေးဏိ။ အနည်းငယ် သင်ကြား ဘူးသည်ပြောရုံနှင့်ဆရာစဉ်လာကိုလက်လွှတ်၍၊ဝိနည်းအရာ၌အသန်းထွင်၍လက်တဲ့စမ်းဆုံးဖြတ်ခဏ်းမပြုသင့်။ မ၏မဒေသမှာ-အနှစ်တထောင်လောက်သာ သာသနာတည်၍၊ရွှေ့လျှောခဲ့ရသည်မှာ၊ သာသနာအသစ်အသန်းထွင်လိုသူပေါများ၍သာ သာသနာရွှေ့လျှောပျောက်ပျက်ခဲ့ရကြောင်း။ဗုဒ္ဓဝင်ရာဇဝင်ချုပ်၌အဆိုရှိလေသည်။ ।

သင်္ဃာပဒေစ သိက္ခာပဒါဘင်္ဂေစ သကလေစ ဝိနယ ဝိနိစ္ဆယေ ကောသလ္လံ ပဏ္ဍယန္တော နစတုဒ္ဒိဓော ဝိနယော ဇာနိတဗ္ဗော။ ။ဟူသည်နှင့်အညီ၊သိက္ခာပုဒ်၊ သိက္ခာပုဒ် ဝိဘင်းနှင့်တကွ အလုံးစုံသော ဝိနည်းအဆုံးအဖြတ်၌,လိမ္မာသည်၏ အဖြစ်ကို၊မျှော်လင့်တောင့်တသောရဟန်းသည် လေးပါးအပြားရှိသော ဝိနည်းကိုသိရာ၏။ လေးပါးသောဝိနည်း၌၊ ထင်-မထင်-ရှိ-မရှိ-ညှိ-မညှိ-ရှေ့-မရှေ့ကို၊ ကြည့်ရှု စစ်ဆေးပြီးမှ၊ပယ်သင့်-ယူသင့်-မပြုလုပ်သင့်-ပြုလုပ်သင့်ကို ဆုံးဖြတ်ရမည်ဟူလို။

ဝိနည်းလေးပါးကား။

(၁) သုဘာ အလုံးစုံသောဝိနည်းပါဠိတော်သည်၊ သုဘာမည်၏။

(၂) သုဘာနုသောမ ... မဟာပဒေသ လေးပါးသည်၊ သုဘာနုလောမမည်၏။

(၃) အာစရိယဝါဒ ပထမသံဂါယနာတင်မထေရ်တို့သည် ထားအပ်သော ပါဠိတော်မှ အလွတ်၊

အာဆုံးအဖြတ်ဖြစ်သောအဋ္ဌကထာအစဉ်သည်၊အာစရိယ ဝါဒမည်၏။

(၄) **အဇ္ဇနောမတိ** ..... အထက်သုံးပါးကိုလွှတ်၍ ပိပိ၏ ဥာဏ်အား ထင်ပြင်ချက် အတိုင်း ဆုံးဖြတ်ခြင်း သည်၊အဇ္ဇနောမတိမည်၏။

ဗဟာပဒေသလေးပါးကား။

၁။ ။ယံ ဘိက္ခဝေ မယာ ဣဒံ နကပ္ပတိတိ အပ္ပ ဋိက္ခိတ္တံ၊တဉ္စေ အကပ္ပိယံ အနုလောမေတိကပ္ပိယံ ပဋိဗာ ဟတိ၊ တံ ဝေါ နကပ္ပတိ။

၂။ ။ယံ ဘိက္ခဝေ မယာ ဣဒံ နကပ္ပတိတိ အပ္ပ ဋိက္ခိတ္တံ၊တဉ္စေ ကပ္ပိယံ အနုလောမေတိ အကပ္ပိယံ ပဋိဗာ ဟတိ၊ တံဝေါ ကပ္ပတိ။

၃။ ။ယံ ဘိက္ခဝေ မယာ ဣဒံ နကပ္ပတိတိ အနုဉ္ဉ ညာတံ၊ တဉ္စေ အကပ္ပိယံ အနုလောမေတိ ကပ္ပိယံ ပဋိဗာ ဟတိ၊တံဝေါ နကပ္ပတိ။

၄။ ။ယံ ဘိက္ခဝေ မယာ ဣဒံ ကပ္ပတိတိ အနုဉ္ဉ ညာတံ၊ တဉ္စေ ကပ္ပိယံ အနုလောမေတိ အကပ္ပိယံ ပဋိဗာ ဟတိ၊တံဝေါကပ္ပတိ။

၁။ ။ချစ်သားရဟန်းတို့။ အကြင်အမှုကို၊ ငါဘုရားသည်၊ ၍ အမှုကား-မအပ်ဟု၍ မပယ်မြစ်ခဲ့၊မပယ်မြစ်ခဲ့သော်လည်း၊ ထို အမှုသည် မအပ်သည်၌ လျော်၍ အပ်သည်ကို တားမြစ်အံ့ ထိုအမှုသည်,သင်ချစ်သားတို့အားမအပ်။

၂။ ။ချစ်သား ရဟန်းတို့၊ အကြင် အမှုကို ငါဘုရားသည် ၍ အမှုကား-မအပ်ဟု၍၊မပယ်မြစ်ခဲ့၊ မပယ်မြစ်ခဲ့သော်လည်း၊ ထိုအမှုသည်၊အပ်သည်၌လျော်၍၊ မအပ်သည်ကို တားမြစ်အံ့။ထို **အမှုသည်** သင်ချစ်သားတို့အားအပ်၏။

၃။ ။ချစ်သား ရဟန်းတို့၊ အကြင်အမှုကို ငါဘုရားသည်၊ ဤအမှုကား အပ်၏ဟု၎င်း၊ ခွင့်မပြုခဲ့၊ ခွင့်မပြုခဲ့သော်လည်း၊ ထိုအမှုသည် မအပ်သည်ဖြစ်လျှင်၎င်း၊ အပ်သည်ကို တားမြစ်အံ့။ ထိုအမှုသည် သင်ချစ်သားတို့အားမအပ်။

၄။ ။ချစ်သား ရဟန်းတို့၊ အကြင်အမှုကို ငါဘုရားသည်၊ ဤအမှုကား အပ်၏ဟု၎င်း ခွင့်မပြုခဲ့ ခွင့်မပြုခဲ့သော်လည်း၊ ထိုအမှုသည် အပ်သည်ဖြစ်လျှင်၎င်း၊ မအပ်သည်ကို တားမြစ်အံ့။ ထိုအမှုသည် သင်ချစ်သားတို့အားအပ်၏။

ဤမဟာပဒေသ လေးပါးကို၊ မြတ်စွာဘုရားသည်၊ ရဟန်းတို့အား နည်းယူစိမ့်သောငှါ ဟောတော်မူခဲ့သဖြင့်၊ တိုက်ရိုက်ထင်ရှား မဟောခဲ့သည်အရာများ၌၊ ဤမဟာပဒေသလေးပါးကို အမှီပြုနည်းယူ၍ဆုံးဖြတ်အပ်၏။

{အပသယံ ကတွာ ဒိသိယန္တိ ဣတော အပဒေသာ၊ သြကာသာ၊ ။ဣတော ဤလေးပါးသောအရာ၌၊ အပသယံ၊ အမှီကို။ ကတွာ၊ ပြု၍၊ ဒိသိယန္တိ၊ ညွှန်းအပ်ကုန်၏။ ဣတိ၊ ထိုသို့ ညွှန်းရာဖြစ်သောကြောင့်၊ အပဒေသာ၊ အပဒေသတို့မည်ကုန်၏။ သြကာသာ၊ အရာတို့ကိုရအပ်ကုန်၏။ ။

အပသယံ ကတွာ ဒိသိယန္တိ ဧတေဟိတိ၀ါ အပဒေသာ ။ ကာရဏာ။ ၀ါ-တနည်း၊ ဧတေဟိ၊ ထိုလေးပါးသောအကြောင်းတို့ဖြင့်၊ အပသယံ၊ အမှီကို။ ကတွာ၊ ပြု၍။ ဒိသိယန္တိ၊ ညွှန်းအပ်ကုန်၏။ ဣတိ၊ ထိုသို့ ညွှန်းကြောင်းဖြစ်သောသည်းကြောင့်၊ အပဒေသာ၊ တို့မည်ကုန်၏။ ကာရဏာ၊ လေးပါးသော အကြောင်းတို့ကို ရအပ်ကုန်၏။ ။မဟန္တာ အပဒေသာ မဟာပဒေသာ။ ။ဟုတ်ပေ။) မဟာပဒေသာတို့ ဗုဒ္ဓါဒယော မဟန္တေ-မဟန္တေ အပဒိသိတ္တာ ဝုတ္တာ။ -မဟာကာရဏာနိတိ အဓိပ္ပာယော ။ ။ဟူ၍လည်း ။ ကုဏ်အဂ်ိုဿိုရ်အဋ္ဌကထာမှာရှိသေး၏။

ထို သုတ္တ-သုတ္တံနှုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိ၊ ဟူသောဝိနည်းလေးပါးတို့တွင်။ အတ္တနောမတိနာမသဗ္ဗဒုဗ္ဗလာ၊ ဟူသောကြောင့်။အတ္တနောမတိသည် အား-အနည်းဆုံး၊ မရှိင်မာ ဆုံးဖြစ်၍၊ ပိပိအလိုထင်မြင်ချက်အတိုင်း ဆိုအပ်သောစကားကို အာစရိယဝါဒနှင့်ညှိ၍ကြည့်ရာ၏။ အာစရိယဝါဒနှင့်ညီသော် ယူရာ၏။ မညီသော်စွန့်ပစ်ရာ၏။ ။အာစရိယဝါဒကိုလည်း သုတ္တာနုလောမာနှင့်ညှိရာ၏၊ ညီသော်ယူရာ၏။ မညီသော်စွန့် ပစ်ရာ၏။ ။သုတ္တာနုလောမကိုလည်း၊ သုတ္တနှင့်ညှိရာ၏။ ညီ သော်ယူရာ၏။မညီသော်စွန့်ပစ်ရာ၏။ ။

"အတ္တနောမတိနာမ သဗ္ဗဒုဗ္ဗလာ၊ အတ္တနောမတိတော အာ စရိယဝါဒေါ ဗလဝတရော၊ အာစရိယ ဝါဒတော ဟိ သုတ္တာ နုလောမံ ဗလဝတရံ၊သုတ္တာနုလောမတော ဟိ သုတ္တမေဝ ဗလဝ တရံ" -ဟူသည်နှင့်အညီ၊"သုတ္တ"ဟူသော ဝိနည်းပါဠိတော် သည်သာလျှင်၊ ဝိနည်းအရာ၌ အား၏၍ အခိုင်မာဆုံး ဖြစ်သော ကြောင့်။ဝိနည်းပါဠိတော်နှင့် ညီ မညီကို ကြည့်ရာ၏။ ။သုတ္တံ ဟိ အပ္ပဋိဝတ္တိယံ ကာရကသံဃသဒိသံ ဗုဒ္ဓါနံ ဌိတကာလသဒိ သံ။ ။ဟိသစ္စံ၊မှန်၏။သုတ္တံ၊ဝိနည်းပါဠိကို။အပ္ပဋိဝတ္တိယံ၊ဘုရား မှတပါး၊ အခြားသူတို့ မဖြစ်စေနိုင်။ သုတ္တံ၊ ဝိနည်းပါဠိသည်။ ကာရကသံဃသဒိသံ၊ကာရကသံဃာနှင့်တူ၏။ဗုဒ္ဓါနံ၊ဘုရားရှင် တို့၏။ဌိတကာလသဒိသံ၊သက်တော်ထင်ရှားရှိသေးသောကာလ နှင့်တူ၏။ ။

ထိုကြောင့်၊သက္ကဝါဒိပုဂ္ဂိုလ်သည်။"သုတ္တ"ဟူသောဝိနည်းပါဠို တော်ကို-ကိုးကားပေါ်ပြု၍ဆို၏။ ပရဝါဒိပုဂ္ဂိုလ်သည်။ သုတ္တာ နုလောမကို၊ကိုးကားပေါ်ပြု၍ဆိုအံ့။ ယင်းသို့ဖြစ်လျှင်၊ တဦးတဦး အချင်းချင်း ငြင်းခုံကဲ့ရဲ့ခြင်းကို မပြုမူ၍။ ပရဝါဒိ ကိုးကားသော သုတ္တာနုလောမကို၊ သုတ္တနှင့်၊ ညှိရာ၏။ ညီသော်ယူရာ၏၊မညီ သော်မယူရာ။သုတ္တ၊ဟူသောပါဠိတော်၌သာတည်ရာ၏။ ။ထို အတူ၊အား၏ရာ-အား၏ရာ၌သာတည်၍လိုက်နာဆုံးဖြတ်အပ်၏။

'သုတ္တာနုလောမ'ကိုးကားသောသူက'သုတ္တ'ကိုးကားသောသူသို့ လိုက်ရာ၏။ ။"အာစရိယဝါဒ"ဟူသောအဋ္ဌကထာ၊ကိုးကား သောသူက"သုတ္တနုလောမ"ကိုးကားသောသူသို့ လိုက်ရာ၏။ ။ ဝိနိုင်ခင်ဖြင့်ချက်'အတ္တနောမတိ'ကိုးကားသောသူက'အာစရိဝါဒ အဋ္ဌကထာ' ကိုးကားသောသူသို့လိုက်ရာ၏။ ။ပါဠိတော်,အဋ္ဌ ကထာ,ဋီကာ,အနုဋီကာ,ဂဏ္ဌိ,ယောဇနာ,ဂဏ္ဌိပုံရ, ဟူသည်တို့ မှာလည်း၊အစဉ်အတိုင်း အနု,အရင့်,ထောက်၍ထောက်၍ လိုက် နာ အတည်ပြုရလေသည်။

အထူးမှတ်ချက်။"သုတ္တ,သုတ္တာနုလောမ,အာစရိယဝါဒ, အတ္တ နောမတိ"ဟူသောဝိနည်းလေးပါးခ၊သာ၊အနု, အရင့်,သွင်း၍သွင်း၍လိုက်နာရာ၏။သုတ္တန်, အာဘိဓမ္မာ, ဝိနည်း, အဋ္ဌကထာတို့၌ လာရှိ သော အလုံးစုံသော၊"ထေရဝါဒ"မျိုးသည်၊ "အတ္တနောမတိ"သာမည်၏။

ဝိနယဋ္ဌ-ပတ္တာ ကပ္ပိယာ ကပ္ပိယ ဝိစာရဏာ-မာဂမ္မ ရုဠ္ဠိတဇ္ဇံ၊ ဂါဠ္ဠ ကတ္တဇ္ဇံ၊သောတံ ပန္ဆိုဒ္ဓိတဇ္ဇံ ဂရုကာဘာဝေယော ဌာတဇ္ဇံ။ ဟုဆို။ ။

ဟိသမ္ပုံ၊ဗုန်၏။ ။ဝိနယံ၊ဝိနည်းသို့။ ပတ္တာ၊ရောက်၍၊ ကပ္ပိယာ ကပ္ပိယဝိစာရဏံ၊အပ် မအပ်စိစစ်ခြင်းကို၊အာဂမ္မ၊စွဲ၍၊ရုဠ္ဠိတဇ္ဇံ၊ အပ်၏။ ဟု-သူခြင်းကို ဝိတ်ပင်အပ်၏။ ဂါဠ္ဠ၊မအပ်ဟူသောစွဲမြဲ ခြင်းကို၊ကတ္တဇ္ဇံ၊ပြုအပ်၏။ ။သောတံ၊ အာဘန်ဘန်ဖြစ်သောအပ်၏။ ဟူသော ယူခြင်းအာဇာတိကို၊ ပန္ဆိုဒ္ဓိတဇ္ဇံ၊ ဖြတ်အပ်၏။ ဂရုက ဘာဝေယော၊အလေးပြုအပ်သည်၏။ အဖြစ်ဟုဆိုအပ်သောမအပ် သောအဖြာဂ်ဒ္ဓိသာလျှင်၊ဌာတဇ္ဇံ၊တည်အပ်၏။

အဓိပ္ပါယ်ကား။အပ်ယောင်လည်းထင်၏ ။ မအပ်ယောင်
လည်းထင်၏။ ဤကဲ့သို့သိမ်ငိုင်ခဲ့သောအ
ဆုံးအဖြတ်ရှိသော "ကပ္ပိယ, အကပ္ပိယ"
အဖြစ်၊ နှစ်ပက္ခဖြစ်ပေါ်လျက် နေသော၊
အလေးပြုအပ်သော ဝိနည်းအရာ ဖြစ်၍၊
အပ်၏ဟူသောအယူကိုဝိတ်ပင်တားမြစ်
၍၊ မအပ်ဟူသောအယူကို မြဲစွာပြုရ
မည်။အပ်၏ဟူသောအဘာန်ဘာန်ဖြစ်ခြင်း
အလျဉ်ကိုဖြတ်၍၊ မအပ်ဟူသော "ဂရု
က"အဖြစ်၌သာလျှင် တည်ရမည်ဟု ဆို
လိုသည်။

"ဝိနယဝိနိစ္ဆယဒ္ဒါနေ ဂရုကေယေဝ ဒ္ဒါတဗ္ဗံ"ဟူသောကြောင့်
လည်း၊ ဝိနည်းအရာဖြစ်က၊ ပေါ့လျော့သော လဟုကဘာဝ၌
မတည်မူ၍ အလေးပြုအပ်သော"ဂရုကဘာဝ"၌သာလျှင် အခါ
ခပ်သိမ်းတည်၍လိုက်နာဆုံးဖြတ်ခြင်းကိုပြုအပ်၏။

"ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ဝိနယေ ဌိတေ သာသနံ
ဌိတံ ဟောတိ"–ဟူသည်နှင့်အညီ။ဝိနည်းတရားသည်၊သာသနာ
တော်၏အသက်ဖြစ်၏။အဘယ်ကြောင့်နည်းဟူမူကား။ တပါး
သောသုတ္တန်, အဘိဓမ္မာ,တရားတော်များရှိပါသော်လည်း။"ပဗ္ဗဇ
ဥပသမ္ပဒ"ဟူသောရှင်ရဟန်းအဖြစ်နှင့်၊ မစပ်ယှဉ်၊ဝိနည်းတရား
တော်သည်သာလျှင်၊ ရှင်ရဟန်းအဖြစ်နှင့်စပ်ယှဉ်သဖြင့်၊ ဝိနည်း
တရားတော်သည်၊သာသနာတော်ကြီး၏ အသက်ပမာ၊အသက်
သဖွယ်ဖြစ်ပေ၏။ထိုကြောင့်။ဝိနည်းတည်သည်ရှိသော်။သာသနာ
တည်သည် မည်၏။ ဝိနည်း မတည်သော်၊ သာသနာ မတည်။
အကြင်ပုဂ္ဂိုလ်သည်၊ ဝိနည်း၌မစောင့်ရှောက်၊ ထိုပုဂ္ဂိုလ်သန္တာန်

မှာ၊ အကျင့်သာသနာပျက်ပြား၍၊သာသနာမစည်ကားလေ။ ထို ကြောင့်၊ သာသနာတော်ထမ်း၊ရှင်ရဟန်းတို့သည်၊ ဝိနည်းကျင့် ဝတ်က၊မချွတ်မယွင်းရအောင်ဆည်းပူးအားထုတ်လျှင်၊ အကျင့် သာသနာတိုးပွါး၍သာသနာစည်ကားမည်ကိုရည်ရွယ်၍၊ "ဝိန ယေ ဒ္ဌတေ သာသနံ ဒ္ဌတံဟောတိ"ဟုဆိုသည်။

ဝိနည်းတည် ဆိုသော စကားမှာ၊ ဝိနည်းတရားသည် လင်္ဂီ ပုဂ္ဂိုလ် သန္တာန်မှာသာတည်သည်။ အလင်္ဂီပုဂ္ဂိုလ် သန္တာန်မှာ မတည်။လင်္ဂီပုဂ္ဂိုလ်သည်သာဝိနည်းခ၌တည်သည်။ အလင်္ဂီပုဂ္ဂိုလ် သည်ဝိနည်းခ၌မတည်၊ဝိနည်းကိုဖျက်သည်။

အလင်္ဂီပုဂ္ဂိုလ်။

သင်္ခ၌ အာပတ္တိ၊ အာပန္နတိ၊အာပတ္တိ ပရိဂူဟတိ။
အဂတိဂမနဉ္စဂန္ဆတိ၊ဒေါသောဝုဋ္ဌတိ အသင်္ခီပုဂ္ဂလောတိ။ ။

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သင်္ခ၌ စု၊သိလျက်။အာ ပတ္တိ၊အာပတ်သို့၊အာပန္နတိ၊ရောက်၏။သင်္ခ၌ စေတနာရှိသည် ဖြစ်၍၊အာပတ္တိ၊သင့်ပြီးသောအာပတ်ကို။ ပရိဂူဟတိ၊ဒေသနာ မကြား၊ဖုံးဝှက်၍ထား၏။သင်္ခ၌ စေတနာရှိသည်ဖြစ်၍။ အဂတိ ဂမနဉ္စ၊မလားအပ်သည်ကိုလားခြင်းသို့လည်း။ဂန္ဆတိ၊ရောက်၏။ ဒေါသော၊ဤသို့သဘောရှိသော ပုဂ္ဂလော၊ပုဂ္ဂိုလ်ကို။ အလင်္ဂီပုဂ္ဂ လောဘိ၊အသင်္ခီပုဂ္ဂိုလ်ဟု၍၊ဝုစ္စတိ၊ဆိုအပ်၏။

ထိုသို့သဘောရှိသောအလင်္ဂီ ပုဂ္ဂိုလ်သန္တာန်၌ဝိနည်းမတည်ရုံမဟုတ်သေး။ ဝိနည်းကိုဖျက်ဆီးတတ်သေးသည်။

အလင်္ဂီ ဟု ဗဟုသုတ ဝိသမာနော လာဘဂရုတာယ တန်း ဝိသံဝါဒတော ဥဒ္ဒမ် ဥဒ္ဒိန်ယံ သဗ္ဗေ သာသနံ ဗဟေတွာ သာသနေ မဟန္တံ ဥပဒ္ဒဝံ ကရောတိ သံဃဘေဒါဒိ ဥပ္ပါဒေတိ ဟုဆို။

ဟိသစ္စံ၊မှန်၏။ အလဒ္ဓိ၊ အလဒ္ဓိပုဂ္ဂိုလ်သည်။ ဗဟုသုတော. သုတ်, ဝိနည်း, အဘိဓမ္မာ၌မျှားသောအကြားအမြင်ရှိသည်။သမာ နောပါ၊ ဖြစ်သော်လည်း။ လာဘဂရုတာယ၊ လာဘ်၌အလေးပြု သည်၏ အဖြစ်ကြောင့်။ တန္တိ ၊ဝိနည်းပါဠိကို ။ဝါ၊ အစဉ်အလာ ကို။ ဝိသံဝါဒေတွာ၊ ချွတ်ယွင်းစေ၍။ ဥဒ္ဒမ်း၊ဓမ္မမဟုတ်သည်ကို။ ဥဒ္ဒိနယံ၊ ဝိနည်းမဟုတ်သည်ကို။ ကတွာ၊ ပြု၍။ သဏ္ဌာ(သာသနာ၊ မြတ်စွာဘုရား အဆုံးအမတော်ကို။ ဒီပေတွာ၊ ပြ၍။ သာသနေ၊ သာသနာတော်၌။ မဟန္တံ ၊ကြီးစွာသော။ဥပဒ္ဒဝံ၊ ဘေးရန်ဥပဒ္ဒဝေါ ကို။ ကရောတိ၊ပြုတတ်၏ ။ သံဃဘေဒမ္ပိ၊သံဃာသင်းခွဲးခြင်းကို လည်းကောင်း။သံဃရာဇိမ္ပိ၊သံဃာ့အရေးကိုလည်းကောင်း။ဥပါ ဒေတိ၊ဖြစ်စေတတ်၏။ ။(သံဃဘေဒဿ ပုဗ္ဗဘာဂေ ပဝတ္တက လဟာသေသတံ အဓိဝစနံ သံဃရာဇိတိ။)(သာရတ္ထဒီပနီ-၃-၄ ၆ ။)

အထူးမှတ်ချက်။ ဤသို့ ဝိနည်း၌ မတည်၊ အလဒ္ဓိ-စာတတ် သော်လည်း သာသနာ ကြီးပွား-သန့်ရှင်း-စင် ကြယ်ကြောင်း မဟုတ်၊ သာသနာကို ဘေးရန် ပြုတတ်သည်။

(ဇကောအလဒ္ဓိ အလဒ္ဓိသတံဝိဟောတိ) ဟူ သည်နှင့် အညီလည်း အလဒ္ဓိ တယောက်သည် အလဒ္ဓိ အရာ အထောင် မက ပွားများ စေတတ် သည်။ ။ဓမ္မ-ဝိနယ မဟုတ်သည်ကို၊ မရှု ဆင်တ ဆင်တ၊အတပ်သိလျက်၊မြတ်စွာဘုရားအဆုံးအမ၊ ဩဝါဒ- ဓမ္မဝိနယ-သဏ္ဌာ(သာသနာ-ဟု၊ ပြတတ် ပြောဆိုတတ်သော ပုဂ္ဂိုလ်သည်၊ မဟာ အလဒ္ဓိ မည်၏။(အလဒ္ဓိကြီး)

လဒ္ဓိ သူတော်ကောင်း - ကုက္ကုစ္စက၊ သိက္ခာကာမ ပုဂ္ဂိုလ် သည်သာလျှင်၊ အသက်ဟူသော အကြောင်းကြောင့် ဖြစ်သော် လည်း၊ဝိနည်းပါဠိအစဉ်အလာကိုမချွတ်ယွင်းစေမူ၍၊ဓမ္မ-ဝိနယ-

ဟုတ်မှန်တိုင်းကိုသာလျှင်ပြောတတ်လေသည်။မြတ်ဗုဒ္ဓဘုရား အဆုံး အမက်ဦးအလေးပြု၍တည်ဧစေတတ်လေသည်၊

တထာဟိ ပုဇ္ဇ မဟာထေရာ တိကွတ္တုံ ဝါစံ နိစ္ဆာရေသုံ အနာဂတေ လဒ္ဓိ ရက္ခိဿတိ၊လဒ္ဓိရက္ခိဿတိ-လဒ္ဓိ ရက္ခိဿ တိတိ။ ။

တထာဟိ- တတောဝေ၊ ထိုကြောင့် သာလျှင်။ ပုဇ္ဇ၊ရှေးဦး။ မဟာထေရာ၊ မထေရ်ကြီး တို့သည်။ တိကွတ္တုံ၊သုံးကြိမ်။ ဝါစံ၊ စကားကို၊နိစ္ဆာရေသုံ၊မြွက်ဆိုကြကုန်၏။ ။ကိ ၊အဘယ်သို့။နိစ္ဆာ ရေသုံ၊မြွက်ဆိုကြကုန်သနည်း။ အနာဂတေ နောက်အခါ၌။ လဒ္ဓိ၊ လဒ္ဓိပုဂ္ဂိုလ်သည်၊ ဝိနယံ၊ဝိနည်းကို။ ရက္ခိဿတိ၊ စောင့်ရှောက် လတ္တံ့။လဒ္ဓိ၊သည်။ ဝိနယံ၊ကို။ ရက္ခိဿတိ၊စောင့်ရှောက်လတ္တံ့။ လဒ္ဓိ၊သည်။ ဝိနယံ၊ကို။ ရက္ခိဿတိ၊စောင့်ရှောက်လတ္တံ့။ ဤတို၊ ဤသို့။နိစ္ဆာရေသုံ၊မြွက်ဆိုကြကုန်၏။ ။

ဖွင့်ဆိုချက်။ ။ ရှေးရှေးသောမထေရ်ကြီးများသည်၊ အနာဂတံ သဉ္ဇာဏ်တော်ဖြင့် မြင်မျှော်၍၊ ဝိနည်းကို လဒ္ဓိ ပုဂ္ဂိုလ် များသာ စောင့် ရှောက် လိမ့်မည် ဟု၊ သုံးကြိမ်-သုံးဘုံ-သုံးကာလ၌၊ မိန့်မှာ စကား၊ မြွက်ကြားခဲ့ကြကုန်သည်။

ထိုသို့- ရှေးရှေးသော ရဟန္တာ အသျှင်မြတ် များနှင့် ဝိနယ ဂရုကပြစ်၍၊ သာသနာ စိရဋ္ဌတိ ကာမ ပြစ်တော် မူကြကုန်သော မထေရ်မြတ်တို့သည်၊သာသနာတည်တန့်ကြောင်း၊ဝိနယသိက္ခာ ပုဒ် အားပါင်းကို၊ မတိမ်း မစောင်းရအောင်၊ စောင့်ရှောက် စိပ် သောဌာ၊ဟောကြား၊မိန့်မှာ တောမူခဲ့ကြသည်ကို အကြောင်းပြု၍၊ ယခုအခါ ထင်ရှား ရှိကြကုန်သော သာသနာ ဝန်ထမ်း - ရဟန်း သာမဏေတို့သည်လည်း ကျွန်ုပ်တို့ကား ယုတ်ပြားခြင်း မရှိ၊ လဒ္ဓိ သုကော်ကောင်း ပြစ်၍ ဝိနည်းကို စောင့်ရှောက် နိုင်ကြ

စိမ့်သောဂျါ ယခု ဖြစ်ပွားလျက် ရှိသော (**လောကာယတ**) နှင့် စပ်လျဉ်းသောစကားကိုအစွဲးပြု၍ (**လောကာယတာဒိ ဝိနိ ဆ္ဆယ ကျမ်း**)ကိုရေးသားရန်၊မျှားပြားစွာသောရဟန်းသံဃာများနှင့်၊ လူ ဒါယကာတို့က၊ တောင်းပန်လျှောက်ထားကြသဖြင့်။ (**လောကာ ယတာဒိ ဝိနိ ဆ္ဆယ**) ကျမ်းကိုရေးသားပေအုံ့သတည်း။

ကျမ်းရေးသားခြင်းအကြောင်း
နိဒါန်း ပြီးပြီ။

လောကာယတကျမ်းကို - မသင်ကြားမချဉ့်ရန် သိက္ခာပုဒ်ပညတ်ခြင်းအကြောင်း
နိဒါန်း။
ဆဇ္ဇဂိုအာဇ္ဇုပ္ပတ္တိ။

အခါတပါး မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်-ဇေတဝန် ကျောင်းတော်၌၊ သီတင်းသုံးနေတော်မူသတတ်။ ထိုအခါမှာ၊ ဆဇ္ဇဂိုရဟန်းတို့သည်၊ လောကာယတကျမ်းကိုသင်ကြားကြကုန် လေသည်။

> တေနခေါ ပန သမယေန ဆဇ္ဇဂိယာဘိက္ခူ။ လောကာယ တံ ပရိယာပုဏာန္တိ။ ။

တေနခေါပနသမယေန၊ မြတ်စွာဘုရား-သာဝတ္ထိပြည်-ဇေတ ဝန်ကျောင်းတော်၌၊ သီတင်းသုံးတော်မူသောထိုအခါ၌၊ ဆဇ္ဇဂို ယာ၊ ဆဇ္ဇဂိအမည်ရှိကုန်သော။ဝါ၊ ရြောက်ယောက်အစုရှိကုန် သော။ဘိက္ခူ။ ရဟန်းတို့သည်၊ လောကာယတံ၊ လောကာယတ ကျမ်းကို။ပရိယာပုဏာန္တိ၊သင်ကြားကြကုန်၏။ ။

ဆဗ္ဗဂ္ဂိယာ-ဟူသော ပုဒ်၌။ဆ-ဝဂ္ဂိယာ-ဟုဆိုလိုသည်။ ဝ-အက္ခရာကို-ဗ-ထက်ပြောက်အက္ခရာပြု၍၊ ဆဗ္ဗဂ္ဂိ ဟု-ခေါ်ဆိုကြသည်။ (ဆ ဝဂ္ဂါနှိ ၉တောသန့် ဆဝဂ္ဂါ၊ ဆဝဂ္ဂါ၉၀ ဆဝဂ္ဂိယာ၊ ဆဗ္ဗဂ္ဂိကာ ဆဝဂ္ဂေ ဇာတာဝါ ဆဗ္ဗဂ္ဂိယာ၊ဆဗ္ဗဂ္ဂိကာ)။ ခြောက်ယောက်အရှင်ရှိသောရဟန်းတို့ကို၊ ဆဗ္ဗဂ္ဂိရဟန်းတို့ ဟူ၍ခေါ်ဆိုကြသည်။ ။

ဆဗ္ဗဂ္ဂိရဟန်း{ ၆ }ယောက်။

(၁) ပဏ္ဍုကာ-တယောက်။
(၂) လောဟိတက-တယောက်။
(၃) မေတ္တိယ-တယောက်။
(၄) ဘုမ္မဇက-တယောက်။
(၅) အဿဇိ-တယောက်။
(၆) ပုနဗ္ဗသုက-တယောက်။

ဤခြောက်ယောက်တို့သည်၊ ဆဗ္ဗဂ္ဂိရဟန်းငယ် (၁၅၀၀) တထောင့်ငါးရာတို့၏ အကြီးအမှူးဦးစီးခေါင်းဆောင်ရဟန်းများ ဖြစ်ကြကုန်သည်။ ဤဆဗ္ဗဂ္ဂိအကြီးရဟန်း (၆) ယောက်တို့၏ ရဟန်းဖြစ်လာပုံကား။ သာဝတ္ထိပြည်၌၊လယ်လုပ်ယောက်ျား၊သူငယ်ချင်းခြောက်ယောက် ဖြစ်ခဲ့ကြသည်။တနေ့သ၌၊ထိုလယ်လုပ်ယောက်ျား၊ ခြောက်ယောက်သားတို့သည်၊ တိုင်ပင်ညှိနှိုင်း၍၊ လယ်လုပ်ခြင်းစသောအမှုလုပ်ရာမှ၊ထွက်ခဲ့ကြပြီးလျှင်။ အဘျှင်သာရိပုတ္တရာ,အဘျှင်မဟာဂ္ဂလာန်၊မထေရ်မြတ်"အဂ္ဂသာဝက"နှစ်ပါးတို့၏ အထံ၌၊ ရှင်-ရဟန်းဖြစ်ခဲ့ကြသော ရဟန်းများဖြစ်သည်။

ထိုဆဗ္ဗဂ္ဂိရဟန်း (၆) ယောက်တို့သည်၊ ဗွေမာတ်ကာကဲ့လေထသောအားဟုတ်၍ ရဟန်းဝါ ငါးဝါစိ ရကြသောအခါမှာ၊ ဆရာ့ဖြစ်ရှိတို့ပင်ကြပြန်သည်ကား။ငါရှင်တို့(ဇနပုစ်)ဆိုသည်

မှာ၊ တခါတရံ ဆွမ်းရလွယ်သောသဘောရှိ၏။ တခါတရံမှာ ရခဲသော သဘောရှိတတ်၏။ ထိုကြောင့် ငါတို့ ရြောက်ယောက်တပေါင်းတည်းရှု၍၊ တမြို့၊ တရွာ၊ တနေရာထည်းဌ နေခြင်းငှါ မသင့်။ သုံးနေရာခွဲ၍နေကြကုန်အုံ့။ ယင်းသို့ခွဲးနေကြမှသာလျှင်၊ တလှည့်စီသွားလာလှည့်ပတ်ခြင်းလွယ်ကူ၍၊ အစားအသောက် ချောင်ချိကြမည်ဟု၊ တိုင်ပင်ကြပြီးလျှင်၊ သုံးနေရာခွဲ၍နေထိုင်ကြလေသည်။ ။

ထို ရြောက်ယောက်တို့တွင်။ **ပဏ္ဍုကနှင့်-လောဟိတကကို** ဆဗ္ဗဒ္ဓိရဟန်းငါးရာတို့၏ အကြီးအမှူးပြု၍၊သာဝတ္ထိပြည်၌ တရုသောနေရာတွင် ပရဝုဏ်ပြု၍၊ သရက်၊ ဝိန်နွေး၊ အုံး စသည်တို့ကို စိုက်မျိုးပြီးလျှင်၊ ပန်း၊သစ်သီးတို့ဖြင့်၊ ဒါယကာတို့ကိုချီးမြှောက်ပေးကမ်း၍၊အမျိုးသားငယ်တို့ကို၊ရှင်,ရဟန်းပြုလုပ်ပေးပြီးလျှင်၊ ပရိသတ်များအောင် စုဆောင်း၍ နေကြကုန်လေ့ ဟုဆို၍နေစေကြကုန်၏။ သာဝတ္ထိပြည်မည်သည် ရှစ်သောင်းသော ရွာကြီးတို့ဖြင့်၊ ဗြဟ္မဏဝန်းကား၊ တန်းဆာသဘွယ်၊ ယူဇနာသုံးရာစီ နှင်နှင်ကျယ်သော၊ **ကာသိတိုင်း၊ကောသလတိုင်း** ဟူသောတိုင်းကြီးနှစ်တိုင်းတို့၏, အဓွန်ဆက်သွင်းရာဖြစ်၍၊ လူနေအိမ်ခြေ၊ပြည့်ဝေတင်းကျပ်း၊ ငါးသန်းခုနစ်သိန်းသောလူတို့၏ နေရာပြည်ကြီးဖြစ်သည်။ ထိုကြောင့်။ ငါ့ ရှင်တို့နေကြကုန်ဆို၍၊ပဏ္ဍုက၊လောဟိတကတို့သည် ဆဗ္ဗဒ္ဓိရဟန်း၊ ငါးရာတို့ကို ကြီးမှူး အုပ်ချုပ်၍ ပရိသတ်ကို ပွားစေပြီးလျှင်, သာဝတ္ထိပြည်မှာ နေထိုင်ကြလေသည်။ ။

မေတ္တိယနှင့်၊ဘုမ္မဇကရဟန်းတို့ကို၊ ဆဗ္ဗဒ္ဓိရဟန်း၊ငါးရာတို့၏ အကြီးအမှူးပြု၍၊ ရာဇဂြိုဟ်ပြည်မှာ နေစေကြကုန်သည်။ ရာဇဂြိုဟ်ပြည် မည်သည် သာဝတ္ထိပြည်ကဲ့သို့ပင် ရှစ်သောင်းသောရွာကြီးတို့ဖြင့် ခြိုရံအပ်သော ယူဇနာသုံးရာစီ နှင်နှင်ကျယ်သော **အင်္ဂဓတိုင်း-မဂဓတိုင်း** ဟူသောတိုင်းကြီး,နှစ်တိုင်းတို့၏ **အဓွန်ဆက်သွင်း**ရာဖြစ်၍၊ လူနေ၊အိမ်ခြေ၊ တာဆဲ့ရှစ်ကုဋေတို့၏

နေရာပြည်ကြီးဖြစ်သည်။ ထိုကြောင့်၊ငါ့ရှင်တို့ နေကြကုန်ဆို၍၊ မေတ္တာယနှင့် ဘုမ္မစကတို့သည်၊ ငါးရာသော ဆဗ္ဗညုရဟန်းတို့ကို ကြီးမှူးအုပ်ချုပ်လျက်၊ ပရိသတ်ကိုပွားစေပြီးလျှင်၊ရာဇဂြိုဟ်မှာ နေထိုင်ကြလေသည်။

အဿဇိနှင့် ပုနဗ္ဗသုက ရဟန်းတို့ကို၊ တောရှာ-"ကိဠာဂိရိ ဇနပုဒ်"၌နေစေကြကုန်သည်။ကိဠာဂိရိဇနပုဒ်မည်သည်၊ ဆောင်းဥတုနှင့်မိုးယံးဥတုမှာ၊ မိုးယံးမပြတ်ရှာသောကြောင့်၊ တနှစ်လျှင် ကောက် သုံးသီးစားရသဖြင့်၊ အစားဆန်ရေ ပေါများလေသည်။ ထိုကြောင့်၊ငါ့ရှင်တို့သည်'ကိဠာဂိရိဇနပုဒ်'တွင်၊တရုသောနေရာ၌၊ ဝင်းမြိုက္ကယိဝန်းစွာခပ်၍၊သစ်သီး,ပန်းမာလ်,ဥယျာဉ်,စိုက်ပျိုး၍၊ဒါယကာတို့ကို၊ပန်း, သစ်သီး,တို့ဖြင့် ပေးကမ်းချီးမြှောက်ပြီးလျှင်၊ အမျိုးသားယောကျ်တို့ကို၊ရှင်,ရဟန်း,ပြုလုပ်စေ၍၊ ပရိသတ်ကိုပွားများစေကုန်လေတုဟု-ဆို၍၊ "အဿဇိနှင့် ပုနဗ္ဗသုက" ရဟန်းနှစ်ယောက်တို့သည်၊"ဆဗ္ဗညုရဟန်း"ငါးရာတို့ကိုကြီးမှူးအုပ်ချုပ်၍၊ ကိဠာဂိရိဇနပုဒ်မှာ၊ ကျောင်းထိုင်ရဟန်း အဖြစ်နှင့် နေထိုင်ကြလေသည်။

ဤသို့လျှင်၊ ဆဗ္ဗညုရဟန်း{ဆဝဝ}ရဟန်းကြီး ခြောက်ယောက်တို့သည်၊နှစ်ပါးတတွဲ မြို့,ရွာ,ခွဲ၍၊ နေထိုင်ကြကုန်၏။

ထိုဆဗ္ဗညုရဟန်းကြီးခြောက်ယောက်တို့တွင်၊ သာဝတ္ထိပြည်၌ နေကြကုန်သော "ပဏ္ဍုကနှင့် လောဟိတက" အမည်ရှိသော ဆဗ္ဗညုရဟန်းတို့သည်၊သီလရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားဒေသနာရှိကြောင့်တော်မူလျှင်၊ နောက်လိုက်နောက်ပါအဖြစ်နှင့် မြတ်စွာဘုရားနှင့်အတူ ဇနပုဒ်ဒေသစာရီထွက်သွားလည်ကြကုန်၏။သိက္ခာပုဒ်ကျင့်ရန် အကြောင်းအသစ်ဖြစ်သော ဝတ္ထုကိုသာ ဖြစ်စေကြကုန်၏။ကြည်တော်ပြီးသော သိက္ခာပုဒ်ကိုကား ကျူးလွန်ကျော်နင်းခြင်းကိုမပြုကြကုန်၊ ထိုမှတပါး ရာဇဂြိုဟ်ပြည်နှင့် ကိဠာဂိရိဇနပုဒ်၌နေကြကုန်သော ဆဗ္ဗညုရဟန်းတို့သည်၊ အလဇ္ဇီ ပါပဘိက္ခုခေါ်ခြင်းမခံကုန်၊ အသင်္ဃာ ဖျက်သောဝတ္ထုကိုလည်းဖြစ်စေကြကုန်

၏။ ။ပညတ်ပြိုးသောသိက္ခာပုဒ်ကိုလည်း၊ ကျူးလွန်ကျော်နင်းကြ လေကုန်သည်။ ။

ထိုသို့သဘော၊အကျင့်အာစာရ၌ကြကုန်သော ဆဗ္ဗဂ္ဂိရဟန်း တို့၊ လောကာယတကျမ်းကို သင်ကြားကြကုန်သောအခါမှာ၊ သာသနာကြည်ညိုသူ၊လူဒါယကာတို့က၊ကဲ့ရဲ့ရှုတ်ချ၊ပြစ်တင်ကြ လေကုန်သည်။ ။

> မနုဿာ ဥဒ္ဓာယနဉ္စ ဒိယျဉ္စ ဝိပါစေဉ္စ၊ သေယျထာဝိ ဂိဟိ ကာမဘောဂိနောတိ။ ။

မနုဿာ၊မြင်ကုန်၊ကြားကုန်၊သိကုန်သော လူဒါယကာ၊ဒါယိ ကာမ်တို့သည်။ ဥဒ္ဓာယနဉ္စ၊ ကဲ့ရဲ့ကျိုးရှုတ်၊ အယုတ်အားဖြင့် သိစေကြကုန်၏။ ဒိယျဉ္စ၊ကျေးဇူးမဲ့ကိုဆိုလျက်၊ အမျက်ထွက် ကုန်၊နှိပ်စက်ကုန်၏။ ဝိပါစေဉ္စ၊ ကျေးဇူးမဲ့ကို၊ ရပ်ထိုထို၌၊ ဖရိ ဖရဲ၊လွှင့်ကြိုးအနှံ့၊ပျံ့စေကြကုန်၏။ကိ၊အဘယ်သို့။ ဥဒ္ဓာယနဉ္စ၊ ကဲ့ရဲ့ကြကုန်သနည်း။ ဒိယျဉ္စ၊ရှုတ်ချကြကုန်သနည်း။ ဝိပါစေဉ္စ၊ ဖရိဖရဲ၊အရပ်ထဲးသို့၊ကြိုးစေကြကုန်သနည်း။ ကာမဘောဂိနော၊ ကာမဂုဏ်စည်းစိမ်ခံစားကြကုန်သော။ ဂိဟိ၊လူတို့သည်။ လော ကာယတံ၊ လောကာယတကျမ်းကို။ ဝါ၊တိ၏တို့ကျမ်းကို။ပရိ ယာ ပုဏ္ဏဉ္စ သေယျထာဝိ၊ သင်ကြားကြကုန်သကဲ့သို့။တထာ၊ထို့ အတူ။ ဆဗ္ဗဂ္ဂိယာ၊ဆဗ္ဗဂ္ဂိအမည်ရှိကုန်သော။ ဘိက္ခူ၊ရဟန်းတို့ သည်။ လောကာယတံ၊လောကာယတကျမ်းကို။ ဝါ၊တိ၏တို့၏ ကျမ်းကို၊ ပရိယာပုဏ္ဏဉ္စ၊ သင်ကြားကြကုန်၏။ ဣတိ၊ဤသို့၊ ဥဒ္ဓာယနဉ္စ၊ကဲ့ရဲ့ကြကုန်၏။ဒိယျဉ္စ၊ရှုတ်ချကြကုန်၏။ဝိပါစေဉ္စ၊ ဖရိုးဖရဲ၊အရပ်ထဲးသို့၊ကြိုးစေကြကုန်၏။ ။

မှတ်ချက်။ လူများမှာ။စားရေး၊ဝတ်ရေး၊အသက်မွေးရေးအ တွက်၊ မလွဲမကင်းသာသို့၊ "လောကာယတ"ကျမ်း စာကို သင်ကြားကြရသည်။ ရဟန်းများက လူများ

အတုလိုက်၍၊လောကာယတကျမ်းစာကို သင်ကြား ကြသည်ဟု၊ကဲ့ရဲ့ရှုတ်ချသောကျေးဇူးမဲ့စကားကို၊အ ရပ်ထက်ဝန်းကျင်၌ပျံ့နှံ့စေကြသည်။ ။

ထိုလူများအပေါင်း၊ မကောင်းသတင်းပျံ့လွင့်သောစကားကို ရဟန်းများ ကြားကြသဖြင့်။ ထိုစကားကို မြတ်စွာဘုရားအား ကြားလျှောက်ကြကုန်၏။ ။ထိုအခါ၊မြတ်စွာဘုရားကမိန့်တော် မူသည်မှာ။ ။

အဝိနှံခေါ် ဘိက္ခဝေ လောကာယတေ သာရဒဿာဝိ ဣမ ဘိုံ ဝမ္မဝိနယေ ဝုဒ္ဓိ ,ဝိရုဠှိ ,ဝေပုလ္လံ,အာပဇ္ဇေယျာတိ။နော ဟေတံ ဘန္တေ၊ ဣမသ္မိံ ဝါပန ဝမ္မဝိနယေ သာရဒဿာဝိ လောကာယတံ ပရိယာပုဏေယျာတိ။

ဘိက္ခဝေ၊ရဟန်းတို့၊လောကာယတေ၊ လောကာယတကျမ်း၌၊ သာရဒဿာဝိ၊အမြတ်ကိုရှုလေ့ရှိသောသူသည်။ ဝါ၊အနှစ်ဟု ရှုလေ့ရှိသောသူသည်, ဣမသ္မိံ ဝမ္မဝိနယေ၊ ဤသုတ်၊အဘိဝမ္မာ၊ ဝိနည်း၌။ဝါ၊ဤသာသနာတော်၌။ ဝုဒ္ဓိ ၊ကြီးပွားခြင်းသို့။ ဝိရုဠှိ ၊ စည်ပင်ခြင်းသို့။ဝေပုလ္လံ၊ပြန့်ပြောခြင်းသို့၊အာပဇ္ဇေယျ၊အဝိနှံခေါ် ရောက်ရာသေးသလော့၊ ဣတိ၊ဤသို့။ ပုစ္ဆာ၊ မေးတော်မူ၏။ ။ ဘန္တေ၊မြတ်စွာဘုရား။ လောကာယတေ၊ လောကာယတကျမ်း၌ သာရဒဿာဝိ၊ အမြတ်ကိုရှုလေ့ရှိသောသူသည်။ ဝါ၊ အနှစ်ဟု ရှုလေ့ရှိသောသူသည်၊ ဣမသ္မိံ ဝမ္မဝိနယေ၊ ဤသုတ်၊ အဘိဝမ္မာ၊ ဝိနည်း၌၊ ဝါ၊ ဤသာသနာတော်၌။ ဧတံ၊ဤကြီးပွား စည်ပင် ပြန့် ပြောခြင်းသို့၊နောဟိနဝေ အာပဇ္ဇေယျ၊မရောက်ရာတော့ပါ၊ဣတိ၊ ဤသို့၊အဝေါ၊ရုံ၊လျှောက်ကြားကြကုန်၏။

ဝါပန၊ယင်းသို့ဖြစ်မူကား၊ ဣမသ္မိံ ဝမ္မဝိနယေ၊ ဤသုတ်၊အဘိ ဝမ္မာ ဝိနည်း၌၊ ဝါ၊ ဤသာသနာတော်၌၊ သာရဒဿာဝိ အမြတ် ကိုရှုလေ့ရှိသောသူသည်၊ဝါ အနှစ်သာရရှိ၏ဟု ရှုလေ့ရှိသော သူ သည်၊ဣဟကာယတံ၊ လောကာယတကျမ်းကို၊ပရိယာပုဏေယျ

အပိန့်ခါ၊သင်ကြားရဦးမည်လော။ဣတိ၊ဤသို့။ ပုန္နာ၊မေးတော်မူ ပြန်၏။ ။ဘဉ္ဇာ၊မြတ်စွာဘုရား။ ဣမသ္မိံ ဝမ္မဝိနယေ၊ ဤသုတ်၊ အာဘိဝမ္မာ၊ ဝိနည်း၌။ ဝါ၊ ဤသာသနာတော်၌။ သာရေဒဿာဝိ၊ အမြတ်ကို၎င်းလေ့ရှိသောသူသည်။ဝါ၊ အနှစ်သာရရှိလတ္တသည်ဟု၊ ရှုလေ့ရှိသောသူသည်။ လောကာယတံ၊ လောကာယတကျမ်းကို။ နောဟိ နဇေ၀ပရိယာ၀ုဏောယျ၊ မသင်ကြားရတော့ပါ။ ဣတိ၊ ဤသို့၊ အ၀ေါစုံ၊လျှောက်ကြားကြကုန်၏။

သဘာပြုရန်အချက်။ မြတ်စွာဘုရားသည်၊ **လောကာယတ**
သိက္ခာပုဒ်ကို ပညတ်တော်မူသောအခါမှာ၊ သာ
သနာ ကြီးပွားကြောင်း ဟုတ် မဟုတ်၊သာသနာ
ကြီးပွားနိုင်-မကြီးပွားနိုင်ကို စိစစ်မေးမြန်းတော်
မူရာ။ ရဟန်းအပေါင်းက၊ မကြီးပွားနိုင်ကြောင်း
လျှောက်ထားကြခြင်း သက်သေခံ လုံ့လောက်၌၊
သိက္ခာပုဒ်ပညတ်တော်မူသည်ကို သတိပြု။ ယင်း
ကဲ့သို့စိစစ်တော်မူခြင်းသည်၊နောက်အခါ၊"လော
ကာယတ"ကျမ်းကို သင်ကြားလိုသူ၊ပါပဘိက္ခု
တို့၊ **အ**ဖြက်မထောင်နိုင်စိမ့်သောဌာ စိစစ်တော်
မူခဲ့သည်ဟုမှတ်ရာ၏။ ။ယခုအခါ ဘာသာ
ချားကို သင်ကြားလိုကြရာ၌၊ မြတ်စွာဘုရားထံ
ရဟန်းများ လျှောက်ထားဝန်ခံချက်အတိုင်း၊ သာ
သနာ ကြီးပွားကြောင်း မဟုတ် သည်ကို၊ မရှု
တိုက်ရိုက်သိသာလှ၏။ ။အဘယ်ကြောင့်နည်း ဟု
ရှုကား။သုတ်-အာဘိဝမ္မာ-ဝိနည်းမှတပါး၊ အခြား
ဘာသာ၏ရဖြစ်သောကြောင့်တည်း။သုတ်-အာဘိ
ဝမ္မာ-ဝိနည်း သည်သာလျှင်၊ သာသနာ ကြီးပွား
ကြောင်းဟု-သိအပ်၏။

သိက္ခာပုဒ်နိဒါန်းပြီး။

ဒုတိယ ပရိယာယ

၁၀

လောကာယတ္ထုဝဏ္ဏနာ

နုမောဒကသုတ ဘာဂ ဝေဒေါ အရဟတေ သမ္မာသမ္ဗုဒ္ဓသာ၊

မြတ်စွာဘုရားသည်၊ "ဓမ္မဝိနယ" ဟူသော သာသနာတော်၌ ကြီးပွားစည်ပင်- ပြန့်ပြောခြင်းသို့ မရောက်နိုင်သော သာသနာတော်မှ အပ၊ ဗာဟိရက- "လောကာယတ" ကျမ်းစာမျိုးကို ရဟန်းများအား သင်ကြားရန်ခွင့်ပြုတော်မမူဘဲ၊ ပယ်မြက်-တားဘိုးတော် မူလိုသောကြောင့်၊ "ပဒေ ဒ္ဒဗ္ဗ သိက္ခာပုဒ်" ကို ပညတ်တော်မူသည်။

သိက္ခာပုဒ်။

နု ဘိက္ခဝေ ဓမ္မဝိနယတော ပရိယာပုဏိတဗ္ဗံ။
ယော ပရိယာပုဏေယ္ယ၊ အာပတ္တိ ဒုက္ကဋဿ။ ။

ဘိက္ခုဝေ၊ ရဟန်းဘိုး၊ လောကာယတံ၊ လောကာယတကျမ်းကို၊ နုပရိယာပုဏိတဗ္ဗံ၊ မသင်အပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်၊ ပရိယာပုဏေယ္ယ၊ သင်ညား၏။ တဿဘိက္ခုနော၊ ထိုရဟန်းအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိ-အာ

ပဋ္ဌာန်၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ဒုက္ခဒုဿ၊ ဒုက္ခဒုဿ အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ အသ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ အသ၊ ထိုရဟန်းအား။ ဝါ၊ ရဟန်း၏။ ဒုက္ခဒုဿ၊ ဒုက္ခဒုဿ အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ အသ၊ ထိုရဟန်းအား။ ဝါ၊ ရဟန်း၏။ အာပတ္တိ၊ အာပတ်သည်။ ဒုက္ခဒုဿ၊ ဒုက္ခဒုဿ တည်း။

အဓိပ္ပါယ်။ ရဟန်းတို့ "လောကာယတ" ကျမ်းကို မသင်ကြားအပ်။ အကြင်ရဟန်းသည် လောကာယတ ကျမ်းကို သင်ကြားအံ့။ ထိုရဟန်းအား၊ "ဒုက္ခဒုဿ အာပတ်" သင့်စေ။ ထိုရဟန်း၏ အပြစ် ဒုက္ခဒုဿ။

ထိုနောက်တဘန်၊ ဆဗ္ဗဂို ရဟန်းများပင်၊ "လောကာယတ" ကျမ်းကို၊ ကိုယ်တိုင်သာ၊ မသင်ကြားရန် ဘုရား ပညတ်တော်မူသည်။ သူတပါးကို ချပ္ပိုကောင်းသေး၏။ ဟု- မှတ်ထင်ကြပြီးလျှင်၊ "လောကာယတ" ကျမ်းကို၊ ချပ္ပိုကြပြန်သောကြောင့်၊ ပညတ်တော်မူရပြန်သည်။

သိက္ခာပုဒ်။

နဘိက္ခဝေ လောကာယတံ ဝါစေတဗ္ဗံ၊
ယော ဝါစေယျ၊ အာပတ္တိ ဒုက္ခဒုဿဿ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကာယတံ၊ လောကာယတ ကျမ်းကို။ နဝါစေတဗ္ဗံ၊ မချပ္ပိုအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝါစေယျ၊ ချပ္ပိုညားအံ့။ ဒုက္ခဒုဿ-ဝံမ္ဘသ၊ ဒုက္ခဒုဿ အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်။ ရဟန်းတို့- "လောကာယတ" ကျမ်းကို၊ သူတပါးအားလည်း မချပ္ပိုအပ်။ အကြင်ရဟန်းသည် ချပ္ပိုအံ့၊ ထိုရဟန်းအား "ဒုက္ခဒုဿ အာပတ်" သင့်စေ။ ထိုရဟန်း၏ အပြစ် ဒုက္ခဒုဿ။

ဤသို့လျှင်၊ မြတ်စွာဘုရား သည်၊ လောကာယတ ကျမ်းကို၊ ကိုယ်တိုင်လည်း မသင်ကြားရန်၊ သူတပါးကိုလည်း မချပ်ရန်၊ ရဟန်းများအား၊သိက္ခာပုဒ်နှစ်ချ၊ပညတ်တော်မူသည်။ယင်းကဲ့သို့၊ မြတ်စွာဘုရား၊ သိက္ခာပုဒ် ပညတ်တော်မူ၍၊ ပယ်မြစ်တော်မူခဲ့ခြင်းကို၊လောကာယတကျမ်း၌၊သာသနာကျိုး တိုးပွားရန် တရုံတရုသောအကြောင်းအရာ,မပါ,မရှိ,သောကြောင့်သာလျှင်၊ ပယ်မြစ်တော်မူခဲ့သည်ဟု-သိကြရာ၏။

ဝိနည်းအဋ္ဌကထာ။

"လောကာယတ"အရကို စိစစ်ဘွင့်ပြချက်။

"လောကာယတံ နာမ သဗ္ဗံ ဥဒ္ဓိဠ္ဍံ သဗ္ဗံ အနုဒ္ဓိဠ္ဍံ၊ သေတော ကာကော၊ကာဠော ဗကော၊ ဇုတိနာစ ဇုတိနာစ ကာရဏော နာတိ ဝေမာဒိ နိရတ္ထကကာရကပဋိသံယုတ္တံ တိတ္ထိယသတ္ထံ" ဟုဘွင့်သည်။ရင်းသိက္ခာပုဒ်-အာဘွင့်ရှုဒ္ဓဝါအဋ္ဌကထာ။ ၄ ၉။ ။

အနုက်ကာ။။ ၊လောကာယတံ နာမ၊ လောကာယတနမည်သည်၊ ဇုတိနာစကာရဏေန၊ဤသို့သော အကြောင်းဖြင့်သာလျှင်၊(ထည့်ပါ၌)သဗ္ဗံ၊အလုံးစုံသည်။ ဥဒ္ဓိဠ္ဍံ၊အကြွင်းရှိ၏။ သဗ္ဗံ၊ အလုံးစုံသည်။ အနုဒ္ဓိဠ္ဍံ၊အကြွင်းမရှိ။ ဇုတိနာစကာရဏေန၊ဤသို့သော အကြောင်းကြောင့်ထည်း။ ကာကော၊ကျီးသည်။သေတော၊ ပြာ၏။ ဇုတိနာစကာရဏေန၊ဤသို့သော အကြောင်းကြောင့်လည်း။ ဗကော၊ဥဇျိုင်းသည်၊ကာဠော၊မည်းနက်၏။ ဇုတိဝေမာဒိ၊ဤသို့ အင်္ဂါရှိသော၊ နိရတ္ထကကာရကပဋိသံယုတ္တံ၊ အကျိုးမရှိသော အကြောင်းနှင့် စပ်သော၊ တိတ္ထိယသတ္ထံ၊ တိတ္ထိတို့၏ ကျမ်းသည်၊ လောကာယတံ နာမ၊လောကာယတနမည်၏။ ၊ပါဠိတော်၌ လောကာယတ-ဟုပါ၌ရှိသည်။ ၊

အဓိပ္ပါယ်။ဤသိက္ခာပုဒ်၊ ဤအဋ္ဌကထာ၌။ ''လောကာယ
တ'' ဟူသည်၊ တိတ္ထိတို့၏ ကျမ်း ဟု- တို့ကို
ရိုက်ဘွင့်သည်။ ထိုကြောင့် ''နဘိက္ခဝေ လော
ကာယတံ ပရိယာပုဏိတဗ္ဗံ။ နဘိက္ခဝေ လော
ကာယတံ ဝါစေတဗ္ဗံ''-ဟူသောသိက္ခာပုဒ်များ
တွင် ပါရှိသော၊ ''လောကာယတ''- ဟူသည်
''တိတ္ထိတို့၏ ကျမ်း'' ကို ယူရမည်။ ထိုကျမ်း
ကိုမသင်ကြားအပ်,မချမှီအပ်,ဟု-ပညတ်တော်
မူသည်။ ။ထိုလောကာယတ-အရေဖြစ်သော
''တိတ္ထိတို့၏ ကျမ်း''သည်။ဘယ်လိုအကြောင်း
အရာနှင့်စပ်ယှဉ်သနည်းဟူမူကား။ အကျိုးမရှိ
သောအကြောင်းအရာနှင့်စပ်ယှဉ်သည်။အကျိုး
မရှိသော အကြောင်းကား၊ အရိုးဖြူသည်၏
အဖြစ်ကြောင့် ''ကျိုးသည်ဖြူ၏'' သွေးနက်
သည်၏အဖြစ်ကြောင့် ''ဥဿျင်းသည်နက်၏။''
အလုံးစုံသော ဤအစာ အာဟာရသည်၊ ဌက်
အစရှိသော သတ္တဝါတို့ စားဘွားသည်၏ အ
ဖြစ်ကြောင့် ''အကြွင်း အကျန်သာဖြစ်၏။''
(စပါးပင်-ကောက်နယ်ဟလင်းက-ဌက်ကြက်
စသည်တို့ စားဘွားသည်ကို အကြောင်းသုပ်
၍၊ အကြွင်း အကျန်ဟု- ဆိုသည်- ''ဥဆ္ဆိဋ္ဌ''
အဓိပ္ပါယ်) (အကြွင်းဥဆ္ဆိဋ္ဌဖြစ်သော ဘောဇဉ်
ကို တစုံတယောက်သောသူမှ၊ မစားဘွားသေး
သည်၏အဖြစ်ကြောင့်- အကြွင်းမရှိ- ဟူ၏
''အနုဆ္ဆိဋ္ဌ'' အဓိပ္ပါယ်။) ဤသို့ စသော အ
ကြောင်းများတည်း။ ဤအကြောင်းများသည်
ကျေးဇူးမရှိသော အကြောင်းများသာ ဖြစ်၍၊
အဋ္ဌကထာ၌ ''နိုရဇ္ဇက ကာရဏပုဒ္ဓိ သံယုတ္တံ

တိတ္ထိယသတ္တံ" ဟု ဆိုသည်။ ။အဋ္ဌကထာ ဆရာသည်၊ "သဗ္ဗံဥဿိတ္ခံ၊ သဗ္ဗံအနုဿိတ္ခံ၊ ကာ ကောသေတော၊ ဗကောကာဠော"-ဟူသော နိရဏ္ဍက အကြောင်းများကို၊ နှစ်တဏ္ဍ, ဥဒ္ဓ ဘူတ,ပစ္ဆက္ခသိဒ္ဓိ,အားဖြင့်ဘွင့်ပြ၏။ ဤမှတပါး သောနိရဏ္ဍက အကြောင်းများ ရှိသေးသည်၏ အဖြစ်ကို သိစေတော်မူလိုသဖြင့် "ဝေမာဒိ" ဟု နေယျတ္ထ, ဝဂ်ဝုတ်,အနုမာနသိဒ္ဓိ, အားဖြင့် ဘွင့်ပြတော်မူသည်။ ။ဤအာဒီသဒ္ဒါဖြင့်၊ ဝမ္မ ဝိနယ ဟူသော-သာသနာကျိုး မရှိသော- အ ကြောင်းအရာ ဟူသမျှကိုယူ။ လောကာယတ ကျမ်းသည်။ဝမ္မဝိနယ-ဟူသော သာသနာ ကြီး ပွားရာ မဟုတ်ကြောင်း။ သိက္ခာပုဒ် နိဒါန်း၌၊ ရဟန်းများ ဝန်ခံချက်ရှိပြီးဖြစ်လေသည်။

အဋ္ဌကထာ ဆရာသည်။ ရဟန်းများ မသင်ကြားအပ်သော ဤ"လောကာယတ"ကျမ်းဟူသည်၊ မည်သူမည်ဝါ စိရင်သော ကျမ်းကို ဆိုလိုသည် ဟူ၍လည်း မဘွင့်ပြ၊ အကျိုးမရှိသော အ ကြောင်းအရာနှင့် စပ်ယှဉ်သော "တိတ္ထိတို့၏ ကျမ်း" ဟူ၍သာ ဘွင့်ပြသည်။ ၎င်းကျမ်းကို၊မည်ကဲ့သို့ စိတ်ထားဖြင့် သင်ကြား ကောင်း၏ ။ မည်ကဲ့သို့ စိတ်ထားဖြင့် မသင်ကြားကောင်းသည် ကို ရည်ရွယ်တော်မူ၍၊ဘုရားပညတ်တော်မူသည် ဟူ၍လည်း မဘွင့်ပြလေ၊သဘာဝနှိုင်းစေ။ ။အ၍ကျိုသော"သက္ကဒုဝါဒိ"ဆရာများ က၊ မည်သူ မည်ဝါ စိရင်သော ကျမ်းကိုသာ ဆိုသည်ဟု-အ ယူ ရှိကြသည်။

"နှ ဘိ ဘွဝေ ယောကာယတံ ပရိယာပုဏိတဗ္ဗံ။နှ ဘိ ဘွဝေ ယောကာယတံ ဝါစေတဗ္ဗံ"။ ။ဟူသော သိက္ခာပုဒ်နှစ်ခု အရ မှာ၊ပါဠိတော်နည်းအားဖြင့်၊ ဝမ္မဝိနယ-ဟူသော "သာသနာကျိုး

မရှိသောကျမ်း"ဟု-သိသာထင်ရှားရ၏။ အဲ၌ကထာနည်းအားဖြင့် "တိတ္ထိတို့၏ကျမ်း" ဟု-သိသာထင်ရှား၏။ တိတ္ထိတို့၏ကျမ်း ဟု-ဆိုသဖြင့်၊ သာသနာအယူ မရှိသူတို့၏ကျမ်းဟု-သိနိုင်သေး၏။ ထို သာသနာအယူ မရှိသူတို့သည်၊ ဝမ္မ ဝိနယ - ဟူသော သာသနာတော်နှင့် ဆန့်ကျင်ဘက် အကြောင်းအရာဖြင့် သော်၎င်း။သံသရာရေးမဘက်၊လောကတွက် သက်သက်နှင့် စပ်ယှဉ်သော အကြောင်းအရာဖြင့်သော်၎င်း။ရေးသားစီရင်ကုန်ရာ၏။

ထိုသို့ သံသရာရေးမဘက်၊လောကတွက်,သက်သက်ဖြစ်ကလည်း။ဝမ္မဝိနယ-ဟူသော သာသနာကျိုး မရှိမည်ကား မရှုအမှန် ဖြစ်၏။ ထိုကြောင့် "နိဗ္ဗာန ကာရကာပဋိသံယုတ်တဲ့ တိတ္ထိယသတ္ထံ" ဟု- အဋ္ဌကထာဆရာ ဘွဲ့ပြုတော်မူသတည်း။ သာသနာကျိုး မရှိသောကျမ်း ဆိုသည်နှင့် တိတ္ထိတို့၏ကျမ်းဆိုသည်မှာ-သဘောသွား အတူပင် ဖြစ်တော့သည်။ ။

သောကာယတံနာမ တိတ္ထိယသတ္ထန္တိ- သမ္ဘဒ္ဓေါ။ ဣဒါနာဝ ကာရဏောနာတိ- သေတော ကာကော၊ ကသ္ဒ၊ အဋ္ဌိနံ သေ တတ္ထာ။ ကာဠော ဗကော၊ ကသ္ဒ၊ လောဟိတသ ကဏ္ဍတ္ထာ ဣတိ ဣဒါနာ ဝေ ကာရဏောနု။ ။ဒုဋ္ဌ ဝါယောဓနာ။

နု ဘိက္ခဝေ လောကာယတံ ပရိယာပုဏာတိ၊ ယော ပရိယာ ပုဏောယ၊အာပတ္တိ ဒုက္ကဋဿ၊ အာဒိ ဝ စနတော လောကာယ တသင်္ခါတံ သဗ္ဗံ ဥဒ္ဓိဋ္ဌံ၊သဗ္ဗံ အနုဒ္ဓိဋ္ဌံ၊ သေတော ကာကော၊ ကာဠော ဗကော၊ ဣဒါနာ ကာရဏောနာတိ ဝေ မာဒိ နိဗ္ဗာန ကာရဏပဋိသံယုတ်တဲ့ တိတ္ထိယသတ္ထ နေ ဝ ပရိယာပုဏာတိ၊ နု ပရိယာ ဝါ ဧ ဝ ။ ။ဝိနယသင်္ဂဟအဋ္ဌကထာ။ ။ ။ ၂ ၈ ၂ ။ (အာနန်ဘိလွယ်ပြီ)။

ဤအဋ္ဌကထာ၌လည်း "လောကာယတ" အရကို "တိတ္ထိတို့၏ကျမ်း"ကိုပင် ဘွင့်သည်။

လောကိယနှင့် ၊ပတိဋ္ဌဟနှင့် ဗုညာဗုညာနှိ တဗ္ဗိပါကောစာ တိ လောကော၊သတ္တလောကော။ အာဘုသော ယတဲ့နှင့် ဝိရိယံ ကရောန့် ဇော်တိ အာယတံ။ လောကသ အာယတံ လောကာ ယတံ။ သတ္တာနံ ဘုသော ဝိရိယကရဏဘာဝေနန္တ့ဇော်။ ကိန်း၊ တိတ္ထိယသတ္ထုံ။ ။ဝိနယာလင်္ကာရဋီကာ-၃-၅ ၇ ၆။

ဋီကာအနက်။ ။ဗုညာဗုညာနိစ၊ ကုသိုလ်-အကုသိုလ်တို့ သည်လည်းကောင်း။ တဗ္ဗိပါကောစ၊ထိုကုသိုလ်-အကုသိုလ်တို့၏အကျိုးသည်လည်းကောင်း။ လောကိယနှင့်ပတိဋ္ဌဟနှင့်၊ တည်တတ်ကုန်၏။ ဇုတိတသ္မာ၊ ထိုသို့ တည်ရာဖြစ်သော သင်္ဘော ကြောင့်။ လောကော၊လောကမည်၏။ သတ္တလောကော၊သတ္တ လောကကို၊လက္ခဏာ၊ရအာပ်၏။ ။

(လောကာယတ-ဟူသောပုဒ်၌၊လောက-အရ၊သတ္တလောက ကိုယူ)

ဤ၊ဤတိတ္ထိတို့၏ကျမ်း၌။ အာဘုသော၊လွန်စွာ။ ယတနှင့် ဝိရိယံ ကရောန့်၊လုလ္လပြုတတ်ကုန်၏။ဇုတိတသ္မာ၊ ထိုသို့ လုလ္ဘ ပြုရာဖြစ်သော သင်္ဘော်ကြောင့်။အာယတံ၊အာယတမည်၏။ လော ကသ၊သတ္တလောကမည်၏။အာယတံ၊လုလ္ဘပြုရာတည်း။ လောကာ ယတံ၊သတ္တလောကမည်. လုလ္ဘပြုရာ။ သတ္တာနံ၊ သတ္တဝါတို့၏။ ဘုသော၊လွန်စွာ၊ဝိရိယကရဏဘာဝေနံ၊လုလ္ဘပြုရာ၌ နကို၊လက္ခဏာ၊ ရအာပ်၏။ ဇုတိအယံ၊ဤသည်ကား။ အဂြော၊လောကာယတ-ဟူ သောပုဒ်၏အနက်တည်း၊တံ၊ ထိုသတ္တဝါတို့၏ လုလ္ဘပြုရာ၌နှင့် ဟူသည်ကို၊ အတယ်နည်း။ တိတ္ထိယသတ္ထုံ၊ တ်ိတ္ထိတို့၏ကျမ်း တည်း။

"တိတ္ထိတို့၏ ကျမ်း" သည်၊ သတ္တဝါတို့၏ လွန်စွာ လုလ္ဘပြုရာဖြစ်သောကြောင့် "လောကာယတ"ဟုခေါ်

အာဘယ်သို့ လွန်စွာ လုလ္လပြုရာ ဖြစ်သနည်း ဟူမူ။ မ ဟုတ်မမှန်၊ဖေါက်ပြန်သော အယူဝါဒကို သာယာသဖြင့် လုလ္လပြုရာ ဖြစ်သည်။ (ဗာလလောက,ဗာလသတ္တဝါတို့ လုလ္လပြုရာ ဟူလို)(ပဏ္ဍိတလောက,ပဏ္ဍိတသတ္တဝါတို့ လုလ္လဖိုက်စရာ မဟုတ်)

သဗ္ဗံ ဥဿိုဠ်၊ ကဿာ၊ သကုဏာဒီဟိ ပရိဘုတ္တပုဗ္ဗတ္တာ။ သဗ္ဗံ အနုဿိုဠ်၊ ဣမသ္မိ အဝ သေသဘောဇနသ္မိ ကေနစိ အပရိဘုတ္တ ပုဗ္ဗတ္တာ။ သေတော ကာကော၊ အဠ္ဠိသ္မိ သေတတ္တာ၊ ကာဠော ဗကော၊ပါဒသ္မိ ကာဠတ္တာတိ။ ။ရင်းဝိနယာလင်္ကာရဋီကာ။

သဗ္ဗံ၊အလုံးစုံသည်။ဥဿိုဠ်၊အကြွင်းမည်၏။ ။ကဿ၊ အာဘယ် ကြောင့်။သဗ္ဗံ၊အလုံးစုံသည် ဥဿိုဠ်၊အကြွင်းမည်သနည်း။ သကုဏာဒီဟိ၊ဌက် အစရှိသည်တို့သည်။ ပရိဘုတ္တပုဗ္ဗတ္တာ၊ပရဘုတ် ဘူးသည်၏အဖြစ်ကြောင့်။ ဝါ၊စားဘူးသည်၏ အဖြစ်ကြောင့်။ သဗ္ဗံ၊အလုံးစုံသည်။ဥဿိုဠ်၊အကြွင်းမည်၏။ ။ ဣမသ္မိ အဝ သေသ ဘောဇနသ္မိ၊ဤကြွင်းသောဘောဇဉ်ကို။ဝါ၊ကြွင်းသောအစာကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ အပရိဘုတ္တပုဗ္ဗတ္တာ၊မပ ရဘုတ်ဘူးသည်၏ အဖြစ်ကြောင့်။ဝါ၊မစားဘူးသည်၏ အဖြစ် ကြောင့်။သဗ္ဗံ၊အလုံးစုံသည်။အနုဿိုဠ်၊ အကြွင်းမမည်။ အဠ္ဠိသ္မိ၊ အရိုးတို့။ သေတတ္တာ၊ ဖြူသည်၏ အဖြစ်ကြောင့်။ ကာကော၊ ကျီးသည်။သေတော၊ဖြူ၏။ပါဒသ္မိ၊ခြေ၏။ကာဠတ္တာ၊ မည်းနက် သည်၏ အဖြစ်ကြောင့်။ဗကော၊ဖျင်းသည်။ ကာဠော၊မည်းနက် ၏။ဣတိ၊သို့။ဝတ္ထုံ၊၏။

ခဏ္ဍိ အဏ္ဍော ဏ္ဍောတိ နိရဏ္ဍကံ၊ နိရဏ္ဍကမေဝ ကာရဏံ နိရဏ္ဍကကာရဏံ။ တေန ယုဇ္ဇံ နိရဏ္ဍက ကာရဏယုတ္တံ။ ။ရင်း ဝိနယာလင်္ကာရဋီကာ။

ဣတ္ထေ၊ ဤ "ကာကော, ဗကော" အစရှိသော အကြောင်းခဲ့။ အတ္ထော၊အကျိုးသည်။နတ္ထိ၊မရှိ။ဒုတိယာ၊ထိုကြောင့်။နိရတ္ထကံ၊ နိရတ္ထကမည်၏။ နိရတ္ထကမေဝ၊အကျိုး မရှိသည်သာလျှင် ဖြစ်သော။ကရဏံ၊အကြောင်းတည်း။ နိရတ္ထကကာရဏံ၊အကျိုး မရှိသာလျှင် ဖြစ်သော အကြောင်း။ တေန၊ထို အကျိုးမရှိသော အကြောင်းနှင့်။ ယုတ္တံ၊ယှဉ်သည်တည်း။ နိရတ္ထကကာရဏာယုတ္တံ၊ အကျိုးမရှိသော အကြောင်းနှင့် ယှဉ်သည်။ ။တိတ္ထိတို့၏ ကျမ်းသံသည် အကျိုးမရှိသော အကြောင်းအရာနှင့် ယှဉ်သည်ဟူလို။

တရန္တိ ဇော်ဟောတိ တိတ္ထံ၊ပန္နဲ။ တိတ္ထံ ဝိယာတိ တိတ္ထံ၊ လဒ္ဓိ။ တံ ဇေတသံ အတ္ထိတိ တိတ္ထိယာ။ ဝိပရိတဒဿနာ။ သာသန္တိ အတ္ထနော သာဝကေ ဇော်ဟောတိ သတ္ထံ။တိတ္ထိယာနံ သတ္ထံ တိတ္ထိယ သတ္ထံ။ ။ဒုဗ္ဗိနယာလက်ာရဒီကာ။

ဣတ္ထေ၊ဤရေဆိပ်ခဲ့၊ တရန္တိ၊ကူးကုန်၏။ ဇုတိတသ္မာ၊ထိုသို့ ကူးရာဖြစ်သော သတ္တိကြောင့်။တိတ္ထံ၊ တိတ္ထမည်၏။ ပန္နဲ၊ရေဆိပ်ကို။လဿ၊ဟိ၊ရအပ်၏။ ။တိတ္ထံဝိယ၊ရေဆိပ်ကဲ့သို့၊ဟောတိ၊ ဖြစ်၏။ ဇုတိတသ္မာ၊ ထိုကြောင့်။ တိတ္ထံ၊တိတ္ထ မည်၏။ လဒ္ဓိ၊အယူကို။ လဿ၊ဟိ၊ရအပ်၏။ ။(ရေချိုးဆိပ်သည် မကောင်းသော အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်၊ ယူငင်စွန့်ပစ်၊ ချေဖြစ်၍ အညစ်အကြေးတို့၏ တည်ရာဖြစ်သကဲ့သို့၊ မိန္ဒာအယူသည် လည်း၊မကောင်းမှုဟူသမျှတို့၏ တည်ရာဖြစ်၏။ဤသို့ရေဆိပ်နှင့် ဥပမာဝါဒတူမျှကြသည်) ဇေတသံ၊ထိုပုဂ္ဂိုလ်တို့အား။ တံ၊ထို ပေါက်ပြန်သော အယူသည်၊အတ္ထိ ရှိ၏။ ဇုတိတသ္မာ၊ထိုကြောင့်။ တိတ္ထိယာ၊ တိတ္ထိယတို့မည်ကုန်၏။ ဝိပရိတဒဿနာ၊ ပေါက်ပြန်သော မြင်ခြင်းရှိကုန်သော ပုဂ္ဂိုလ်တို့ကို၊လဿန္တိ၊ ရအပ်ကုန်၏။ ဣတ္ထေ၊ဤအကြောင်းခဲ့၊ဝါ၊ကုပ်ခဲ့ အတ္ထနော၊ပိပိတို့၏။ သာဝကေ၊ တပည့်တို့ကို၊ သာသန္တိ၊ဆုံးမတတ်ကုန်၏။ ဇုတိတသ္မာ၊ထိုသို့ ဆုံးမရာဖြစ်သော သတ္တိကြောင့်၊ သတ္ထံ၊သတ္ထမည်၏။ တိတ္ထိယာနံ၊

တိုဏ္ဍိတို့၏။ သတ္တံ၊ ကျမ်းတည်း။ တိုဏ္ဍိယသတ္တံ၊ တိုဏ္ဍိတို့၏ ကျမ်း။

လောကာယတဖြစ်သော တိုဏ္ဍိတို့၏ ကျမ်းသည်။ ၎င်းတို့၏တပည့်သာဝကဖြစ်သူတို့ကို ဆုံးမရာ, ဆုံးမကြောင်း,ဖြစ်၏။ ထိုကြောင့်-လောကာယတဖြစ်သော တိုဏ္ဍိတို့၏ကျမ်းကို သင်ကြားသူတို့ကိုလည်း။ တိုဏ္ဍိတို့၏ သာဝကထဲးတွင်၊ အတွင်းဝင်သူတို့ဟု၍ဆိုသင့်၏။ "အကြောင်းမူကား"ငါတို့မြတ်စွာဘုရားဟောကြားတော်မူသော ကျမ်းစာများကို သင်ကြားသောသူတို့ကို၊မြတ်စွာဘုရားတပည့်သား"သာဝက" ဟု-ဆိုရသကဲ့သို့တည်း။

လောကာယတံ- နဝါစေယျ။ "ခုဒ္ဒသိက္ခာ" ပက်ဌာန်းကား ဂါထာ-၃၅ ၅။

လောကာယတံ၊ လောကကိုချဲ့တတ်သော တိုဏ္ဍိတို့၏ကျမ်းကို"နဝါစေယျ၊ မဟိုချရာ။ ။

လောကာယတံနာမ ဝိတဏ္ဍာသတ္တံ။ "ခုဒ္ဒသိက္ခာ ဒီကာ ဟောင်း"။ ၉၉။

လောကာယတံနာမ၊လောကာယတမည်သည်။ ဝိတဏ္ဍာသတ္တံ၊ ပညာဂိုတို့၏စိတ်နှလုံးကိုထိုးဆွတတ်သောကျမ်းတည်း။ "ပညာဂိုတို့၏ စိတ်ကို ထိုးဆွတတ်သော ကျမ်းသည်၊လောကာယတကျမ်းမည်၏။ ၎င်းလောကာယတကျမ်းက၊ လောကကို ချဲ့ထွင်တတ်သည်၊ ဘုရား အစဂိုသော လောကုတ္တရာ ပညာဂိုတို့ကာ၊ လောကကို မချဲ့လို၊ချဉ်းလို၊ချုံးလို၊ကျဉ်းစေလိုသည်။ထိုကြောင့်-လောကာယတမည်သော "တိုဏ္ဍိတို့၏ ကျမ်း"သည်၊ပညာဂိုတို့၏ စိတ်နှလုံးနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်- "ဝိတဏ္ဍာ သတ္တ"မည်၏။

လောကာယတန္တိ- နိဂုဏ္ဌက ကာရကာပဋိသံယုတ္တံ တိတ္ထိယ သတ္တုံ၊တိရစ္ဆာနဂတိဇာတ ဣပလက္ခိတာ။ ။ဒုဗ္ဗသိက္ခာ ဋီကာသစ်။ ၁၂၈။

လောကာယတန္တိ၊ လောကာယတံ ဟူသည်ကား။နိဂုဏ္ဌက ကာရကာပဋိသံယုတ္တံ။အကျိုးမရှိသော အကြောင်းနှင့် ယှဉ်သော။ တိတ္ထိယသတ္တုံ၊တိတ္ထိတို့၏ ကျမ်းတည်း။ တိရစ္ဆာနဂတိဇာတ၊မဂ်ဖိုထိမ္ပဖီလာသွားတတ်သောအတတ်ကိုလည်း။ဣမိနာ၀၊ဤ လောကာယာတ ကျမ်းဖြင့်သာလျှင်။ ဣပလက္ခိတာ၊မှတ်အပ်၏။ ။ဤ ဒုဗ္ဗသိက္ခာ-ဋီကာဟောင်း-ဋီကာသစ်၊နှစ်စောင်လုံးပင်၊ လောကာ ယတ-အရကို၊တိတ္ထိတို့၏ကျမ်းကိုပင် ဘွင့်ကြသည်။

လောကာယတတိရစ္ဆာနဂတိစ ရာဂ ဒေါသ မောဟ ဝဏ္ဏာနိ ဗုဒ္ဓါဒိဂရဟိတာ သဠေမောက္ခာနံ တိရော တိရိယ တော အဠိတာ ဂတာ ပဝတ္တာ။ ။ရင်းဋီကာသစ်။ ။

လောကာယတတိရစ္ဆာနဂတိဇာကိစ၊ လောကာယတအတတ်, တိရစ္ဆာနအတတ်,တို့သည်ကား။ဝါ၊အတတ်တို့ကိုကား။ ရာဂ ဒေါသ မောဟဝဏ္ဏာနိ၊ ရာဂ,ဒေါသ,မောဟ,တို့ပွားကြောင်းဖြစ် ကုန်၏။ ဗုဒ္ဓါဒိဂရဟိတာ။ဘုရား:အစရှိသည်တို့ ကဲ့ရဲ့အပ်ကုန် ၏။သဠေမောက္ခာနံ၊နတ်ရှာ,မဂ်ဖိုလ်,တို့မှ။ တိရောတိရိယတော၊ ဒိလာကန်လန်၊အဠိတာ ဂတာ ပဝတ္တာ၊ဖြစ်တတ်ကုန်၏။

လောကာယတအတတ်၊ တိရစ္ဆာနအတာ်မျိုးတို့သည်၊ ရာဂ-ပွားကြောင်း၊ဒေါသ-ပွားကြောင်း။ မောဟ-ပွား ကြောင်းသာ ဖြစ်ကုန်၏။ ၎င်း အတတ်မျိုးတို့ကို ဆုရား အစရှိသော ဟညာရှိတို့ စက်ဆုတ် ရှုံ့ရှာ ကဲ့ရဲ့ အပ်ကုန် ၏။နတ်ရှာ,မဂ်ဖိုထိမ္ပ-ဖီလာ, ကန်လန်, သွားတထ်ကုန် ၏။ဟု-ဆိုသည်၊ ။ယခု သာသနာအယူ, မှားသူတို့၏,

ကျမ်းစာများကို၊ လောကုတ္တရာ ပညာရှိတို့ စက်ဆုတ်, မုန်းရာ, ကဲ့ရဲ့, လျက် နေကြပုံနှင့် ညီညွတ်၏။

ကပ္ပနာဒုကာဒိကာ သဗ္ဗာဝိ ဝိဇ္ဇာ အနုလောမဝေသနဝါ ဝိနယပရိယာယံ ပတ္တာ ဂရုကေ ဌာတဗ္ဗန္တိ ဝိနယယုတ္တိတောဝိ သင်္ဂီဟိတာ တိ ဝေဒိတဗ္ဗာ။ ဇဝေ့ နော ဂရုနမေ့ပဒေသော။ ။ ရင်းခုဒ္ဒသိက္ခာဒီကာသစ်။၁ ၂ ၈။

ကပ္ပနာဒုကာဒိကာ၊ကချင်း-သိချင်းအစရှိကုန်သော။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဝိဇ္ဇာဝိ၊ အတတ်တို့ကိုလည်း။ **အနုလောမ** ဝေသနဝါ၊လျော်သည်၏ အစွမ်းအားဖြင့်ရင်း။ ဝိနယပရိယာယံ၊ ဝိနည်းအရေးသို့။ ပတ္တာ၊ရောက်၍။ ဝါ၊ရောက်သည်ရှိသော်။ ဂရုကေ၊ဂရုကအရာ၌။ ဌာတဗ္ဗံ၊တည်အပ်၏။ ဣတိ၊ဤသို့။ ဝိနယယုတ္တိ တောဝိ၊ဝိနည်း, အသင့်ယုတ္တိ, အားဖြင့်လည်း။ သင်္ဂီဟိတာ၊လောကာယတ, တိရစ္ဆာန, အတတ် တွင်းသို့ သွင်း၍ ရေတွက်အပ်ကုန်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။ ဇဝေ့။ဤသို့လည်း။ဝါ၊ဤအလိုသည်ကား။နော၊ ငါခုဒ္ဒသိက္ခာဒီကာသစ်ဆရာတို့၏။ ဂရုနံ၊ ကျောက်ထိုးတန်း၊ အလေးပြုဖွယ်သောဆရာတို့၏။ ဥပဒေသော၊ နည်းဥပဒေသတည်း။ ဝါ၊သွင်း၍ယူရမည်ဟု-ညွှန်းပြခြင်းတည်း။

ကပ္ပ, နာဒုက, အစရှိသော ဗာဟိရကအတတ် **အလုံးစုံ**ကို၊ **အနုလောမ**အားဖြင့်ရင်း, ၊ ဝိနယဂရုကအရာဖြစ်၍ ဝိနည်း**အသင့်ယုတ္တိ**အားဖြင့်ရင်း, ၊ **လောကာယတ**, **တိ**ရစ္ဆာန, **အတတ်**မျိုးသို့ **သွင်းယူ**ရမည်ဟု-ဆုရာ၏. ဥပဒေသကိုပြသည်။

ဝိနည်းလာ-လောကာယတာပြီးပြီ။

လောကာယတံနှာမ သဗ္ဗံ ဥဿိတ္ဌံ၊ သဗ္ဗံ ဒုဿိတ္ဌံ။ သေတော ကာကော၊ကာဠော ဗကော၊ ဇုမိနှာစ ဇုမိနှာစ ကာရဏောနှာတိ ဇေဝမာဒိ နိရုဇ္ဈကကာရဏပဋိသံယုတ္တံ တိဋ္ဌိယသတ္ထံ၊ ယံ လောကေ ဝိတဏ္ဍာသတ္ထန္တိ ဝုစ္စတိ။ ။အာယတိဋ္ဌိတံ တေန လောကော နှ ယတတိ နှ ဣဟာတိတိ လောကာယတံ၊ ကိန္တု၊ ဝိတဏ္ဍာသတ္ထံ၊ ။သဒ္ဒနီတိ-ခေတုမသလာ-၃ ၅ ၂။

လောကာယတံနှာမ၊လောကာယတမည်သည်။ သဗ္ဗံ၊အလုံးရုံ သည်။ ဥဿိတ္ဌံ၊အကြွင်းချည်းတည်း။ဝါ၊ ရှိရှာဘွယ်ချည်းတည်း။ သဗ္ဗံ၊အလုံးရုံသည်၊ဒုဿိတ္ဌံ၊အကြွင်းမဟုတ်။ ကာကော၊ကျီးသည်။ သေတော၊ပြူ၏။ ဗကော၊ဖျိုင်းသည်။ကာဠော၊မည်း၏။ ဇုမိနှာစ ဇုမိနှာစ ကာရဏောနှ၊ဤအကြောင်း ဤအကြောင်းကြောင့်တည်း။ မှုတိ ဇေဝမာဒိ နိရုဇ္ဈကကာရဏပဋိသံယုတ္တံ၊ ဤသို့ အစရှိသော အကျိုးမရှိသော အကြောင်းနှင့် စပ်သော။ တိဋ္ဌိယသတ္ထံ၊တိဋ္ဌိ ကျမ်းတည်း။ ယံသတ္ထံ၊ အကြင်တိဋ္ဌိကျမ်းကို။လောကော၊လောက ၌၊ ဝိတဏ္ဍာသတ္ထန္တိ ၊ဗည ာရှိတို့၏ စိတ်နှလုံးကို ထိုးဆွတာဘ်သော ကျမ်းဟု၍ဝုဒ္ဓတိ၊ဆိုအပ်၏။

လောကော၊ထို ကျမ်းကို လေ့ကျက် ဖွဲ့ဝဲးသော လူသည်။တေန၊ ထိုကျမ်း၊ကြောင့်။ဝါ၊ထိုကျမ်းကို လေ့ကျက် သုံးစွဲး ဖွဲ့ဝဲ: သဖြင့်။ အာယတိ ၊နှောင်တမလွန်၌၊ဟိတံ စီးပွားဖြစ်ကြောင်း-ကောင်းမှု ကို၊ဝါ ဟိတံ-ဟိတာဝဟံ ၊စီးပွားကို ဆောင်တတ်သော ကောင်း မှုကို၊ နှ ယတတိ နှ ဣဟာတိ ၊ အားမာန်တတ်၊ ဇုတိတသ္မာ၊ ထို ကြောင့်၊ လောကာယတံ ၊လောကာယတမည်၏။ တံလောကာ ယတံ၊ထိုလောကာယကသည်၊ ကိ ၊အဘယ်နည်း။ ဝိတဏ္ဍာသတ္ထံ၊ ဝိတဏ္ဍာကျမ်းကသည်။

ဘဆူးဖုတ်ရောက်"အကြင်ကျမ်းကို လေ့လာ ဖွဲ့ဝဲ: သုံးစွဲ: သင် ကြား:သော သူသည်၊ ထိုကျမ်းကြောင့် ၊နှောင် တမလွန် ဘဝ၌.အပါ:အပ:ကို၊ ရှုက်ခေ: င်

> တတ်သော ကုသိုလ်ကောင်းမှုကို အားမ
> ထုတ်တတ်။ကံကို ပစ်ပယ်တတ်၏။ ထိုသို့
> သဘောရှိသော ကျမ်းသည် "လောကာယ
> တ"မည်၏။ ကုသိုလ် ကောင်းမှု အားထုတ်
> ဘို့ရန် အကြောင်းအရာ မပါသောကြောင့်
> ပင် ဖြစ်သည်။

တဗျိ ဂန္ဓီ နိသာယ သတ္တာ ပုညကြိယာယ စိတ္တမ္ပိ နဉ္ဇပ္ပါ ဒေန္တိ၊ အညတ္ထောဝိ ဟိ ဇေဝံ ဝုတ္တံ။ ။ဟိသစ်၊ မှန်၏။ တံဂန္ဓီ၊ ထိုကျမ်းကို၊ နိသာယ၊မှီ၍၊ သတ္တာ၊ သတ္တဝါတို့သည်။ ပုညကြိယာယ၊ကောင်းမှုပြုခြင်း၌။စိတ္တမ္ပိ၊စိတ်ကိုလည်း။နဉ္ဇပ္ပါ၊ဒေန္တိ၊ မဖြစ်စေတတ်ကုန်။ ပုညဘာဝရဏံ၊ကိုယ်,နှုတ်,ဖြင့် ကောင်းမှုပြုခြင်းသည်။ ကုတောပန၊ အဘာယ်မှာရှိအံ့နည်း။ ဟိ၊ထိုမှတပါး။ အညတ္ထောဝိ၊ သာသနာကျမ်းမှ တပါးသော လောကိကျမ်းနှင့်လည်း။ဇေဝံ၊ဤသို့။ဝုတ္တံ၊ဆိုး၏။

> ထိုကျမ်းကို အမှီပြု၍ သတ္တဝါတို့သည် ကုသိုလ်
> ကောင်းမှုကို ပြုခြင်း၌ စိတ်ကိုမျှ မဖြစ်စေတတ်
> သောကျမ်းသည်၊ "လောကာယတ"ကျမ်း မည်
> ၏ဟု-ဆိုသည်။

လောကာယတသိပ္ပန္တိ - ကာကော သေတော အဠိနံ သေတတ္တာ၊ ဗလကာ ရတ္တာ လောဟိတသာ ရတ္တတ္တာတိ ဇေဝမာဒိနယပ္ပဝတ္တံ ပရဲလောက နိဗ္ဗာနာနံ ပဋိသေဓကံ ဝိတဏ္ဍသတ္ထသိပ္ပန္တိ။ ။ရင်းသဒ္ဒနီတီ-ခေတုဗာလော-၃၅၂။

> လောကာယတသိပ္ပန္တိ၊ လောကာယတသိပ္ပ-ဟူသည်ကား။
> အဠိနံ၊ အရိုးတို့၏။ သေတတ္တာ၊ ဖြူသည်၏ အဖြစ်ကြောင့်။
> ကာကော။ကျီးသည်။သေတော၊ဖြူ၏။ လောဟိတသာ၊သွေး၏။
> ရတ္တတ္တာ၊ နီသည်၏ အဖြစ်ကြောင့်။ ဗလကာ၊ ဖျင်းအောက်

ဖျင်းနှမ်းတို့သည်။ရတ္တာ၊နီကုန်၏။ဟူတိုဝေမာဒနယပ္ပဝတ္ထုံ၊ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော။ ပရလောကနိဗ္ဗာနာနှင့်၊ တမလွန်ဘဝနှင့် နိဗ္ဗာန်တို့ကို။ပဋိသေဓကံ၊တားမြစ်တတ်သော။ ဝိတဏ္ဍသဒ္ဓေသိပ္ပံ၊ဝိတဏ္ဍာကျမ်းအတတ်သည်။ လောကာယတသိပ္ပံနာမ၊ လောကာယတသိပ္ပမည်၏။ဝါ၊လောကာယတအတတ်မည်၏။

"လောကာယတအတတ်" ဟူသည်၊ တမလွန်လောကနှင့် နိဗ္ဗာန်ကို၊ တားမြစ်တတ်သော အတတ်တည်း။ ထိုအတတ်ကို သင်ကြား၍ တတ်သော်လည်း။ တမလွန်ဘဝအတွက် ကုသိုလ်ကောင်းမှုကို အားထုတ်ရန်၊နိဗ္ဗာန်သို့ ရောက်ရန်၊ တိုက်တွန်း နှိုးဆော်တတ်သော အတတ် မဟုတ်သဖြင့်၊တမလွန်ဘဝနှင့် နိဗ္ဗာန်ကို တားမြစ်တတ်သော အတတ်ဟု-ဆိုသည်။

ဝိတဏ္ဍာသဒ္ဓေ ဝိညေယျံ၊ယန္တံ လောကာယတံ ဇာတိ။ ။
အဘိဓာန်-၁၂ဆား-၁ ၁ ၂ ။ ။ယင်ဝိတဏ္ဍာသဒ္ဓေ၊ အကြင်ပညာရှိတို့၏ မိတ်နှလုံးကို တုန်လှုပ်စေတတ်သော၊ သံသရာဝဋ်ဆင်းရဲကို ချဲ့ကားသောကျမ်းသည်၊ အဟု ဆိုရ၏။ တံသဒ္ဓေ၊ထိုကျမ်းကို၊လောကာယတံဇာတ်၊လောကာယတကျမ်းဟူ၍၊ ဝိညေယျ၊သိအပ်၏။ ။ဝိတဏ္ဍာဝါဒီတို့၏ကျမ်းကို၊ လောကာယတကျမ်းဟုသိအပ်၏။

၅၂ လောကာယတ ကျမ်းကို ဒီးသော သူတို့သည် ကုသိုလ်ကောင်းမှုကိုပြု၊ရှင်းခ၊်ကောက်ပေ့ခြင်း၊ ပယ်၏။ ညှဉ်ခ်ခြင်းကိုမှု မပြုခ်ဝေကုန်၊နှလုံးယုတ်သည် ကြမ်းသည်သာဖြစ်၏။ ဟူလိုသည်။ ။ ရင်းအဘိဓာန်နိဿုဘမှာဝစာ။

အညှမညှပိရုဒ္ဓံ သဂ္ဂမောက္ခပိရုဒ္ဓံ ဝါ တနောန္တိ ဣတိ ပိ တဏှာ။ ပိရုဒ္ဓေန ဝါ ဝါဒဒဏ္ဍေန ဟာဠေန္တိ ဣတိ ဝါဒိနော တိ ပိတဏှာ။ အဒေသမ္ပိ ဟိ ယံ နိသ္သာယ ဝါဒိနံ ဝါဒေါ ပဝတ္တေါ၊ တံ တောသံ ဒေသတောပိ ဥပစာရဝသေန ဝုစ္စတိ။ ။အဘိဓာန်ဋီကာ။

အညှမညှပိရုဒ္ဓံ၊ အချင်းချင်း ဆန့်ကျင်သည်ကို။ ဝါ၊ တနည်းကား။ သဂ္ဂမောက္ခပိရုဒ္ဓံ၊ နတ်ရွာနိဗ္ဗာန်နှင့် ဆန့်ကျင်သည်ကို။ ဣတိ၊ ဤကျမ်းဌ။ တနောန္တိ၊ ချေတတ်ကုန်၏။ ဣတိ၊ ကြောင့်။ ပိတဏှာ၊ ပိတဏှာမည်၏။ ။ဝါ၊ တနည်းကား။ ပိရုဒ္ဓေန၊ ဆန့်ကျင်သော။ ဝါဒဒဏ္ဍေန၊ အယူတည်းဟူသော လုံတန်ဖြင့်။ ဣတိ၊ ဤကျမ်းဌ။ ဝါဒိနော၊ အယူရှိကုန်သော သူတို့သည်။ တာဠေန္တိ၊ ပုတ်ခတ် ထိုးဆွတတ်ကုန်၏။ ဣတိ၊ ကြောင့်။ ပိတဏှာ၊ ပိတဏှာ မည်၏။ ဟိသစ္စံ၊ မှန်၏။ အဒေသမ္ပိ၊ ပုတ်ခတ်ရာပင် မဟုတ်သော်လည်း။ ယံ၊ အကြင်ကျမ်းကို။ နိဿာယ၊ အမှီပြု၍။ ဝါဒိနံ၊ အယူရှိကုန်သောသူတို့အား။ ဝါ၊ အယူရှိကုန်သောသူတို့၏။ ဝါဒေါ၊ အယူပါဒသည်။ ပဝတ္တေါ၊ ဖြစ်၏။ တံ၊ ထိုကျမ်းကို။ တောသံ၊ ထိုအယူရှိကုန်သော သူတို့၏။ ဒေသတောပိ၊ ပုတ်ခတ်ရာ အရပ်အားဖြင့်လည်း။ ဝါ၊ ပုတ်ခတ်ရာ အရပ်ဟူ၍လည်း။ ဥပစာရဝသေန၊ ဥပစာရအစွမ်းအားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။

> နတ်ရွာ, နိဗ္ဗာန်နှင့် ဆန့်ကျင်စွာ ချေထွင်တတ်သော ကျမ်းသည် "ပိတဏှာကျမ်း" မည်၏။ ထို ကျမ်းမျိုးကို "လောကာယတကျမ်း" ဟု- သိအပ်၏-ဟူလို။

လောကာတိ-ဗာလလောကာ။တေ ဣဿ အာယတန္တိ ဥဿ ဟန္တိ ဝါယမန္တိ ဝါဒသာဒေနာတိ လောကာယတံ။ ။ရှင်းဋီကာ။

လောကာတိ၊ လောကဟူသည်ကား။ ဗာလလောကာ၊ လူ ရိုက်တို့တည်း။ ဣဿ၊ ဤကျမ်းဌ။ တေ၊ ထိုလူရိုက်တို့သည်။ ဝါဒသာ ဒေန၊ ဝါဒဌ သာယာသဖြင့်။ အာယတန္တိ ဥဿဟန္တိ ဝါယမန္တိ၊ အားထုတ်တာဘ်ကုန်၏။ ဣတိ၊ ကြောင့်။ လောကာယတံ၊ လောကာ ယတမည်၏။

ဗာလေလောကတို့သည်။ ထိုကျမ်းဌ ပြဆိုအပ် သော အယူဝါဒကို သာယာသဖြင့်၊ လိုက်စား အားထုတ်တတ်ကုန်၏။ ထိုသို့ သဘောရှိသော ကျမ်းသည်။ "လောကာယတ" ဟူလို။

ဝိနည်းအဌကထာ၌၊ ဥဿီဋ္ဌ-အနုဿီဋ္ဌ-ပုဒ်။

"လောကာယတံနာမ သဗ္ဗံ ဥဿီဋ္ဌံ သဗ္ဗံ အနုဿီဋ္ဌံ"-ဟူသော ဝိနည်းစူဋ္ဌဝါအဌကထာ၌။ သဗ္ဗံ၊ အလုံးစုံသည်။ ဥဿီဋ္ဌံ၊ အကြွင်း ရှိ၏။ သဗ္ဗံ၊ အလုံးစုံသည်။ အနုဿီဋ္ဌံ၊ အကြွင်းမရှိဟု-ဇင်းအဌ ကထာနိသျှမှာ-အနက်ယောဇနာသည်။ ဝိနယသင်္ဂဟအဌကထာ နိသျှင့် သဒ္ဒနီတိ, ဓာတုမာလာ-နိသျှများမှာလည်း၊ အကြွင်း ဟူသောအနက်ကိုသာ ယောဇနာကြသည်။ ။ပုဒ်နေ,ပုဒ်ထား, ဓာတ်နက်ကြား၌ မမှာထားခဲ့ကြလေ။ ဝိနည်းဋီကာကြီး သုံးစောင် လုံးကလည်း၊ ဤအရာ၌ မဘွင့်မပြ ကြသဖြင့်၊ အနက်ကြားနှင့် အဓိပ္ပါယ်သွား-ခဲးယဉ်းလျက် ရှိ၏။ ။အခြားသော အရာများ၌ လည်း။ "ဥဿီဋ္ဌ"သဒ္ဒါ၊ အကြွင်းဟော-ထင်ရှားသည်။ "နှ ဘိက္ခ ဝေ စလကာနံဝါ အဋ္ဌိကာနံဝါ ဥဿီဋ္ဌောဒကံဝါ ပတ္တေန နိဟရိ တဗ္ဗံ၊ ယော နိဟရေယျ အာပတ္တိ ဒုက္ကဋဿ"-ဟူသော သိက္ခာ ပုဒ်၌ ပါရှိသော "ဥဿီဋ္ဌောဒက" ပုဒ်နှင့် အတူပင် ဖြစ်သည်။ ။ ဥဿီဋ္ဌောဒကံ၊ လုပ်ဆေးရေ-ဟူရာမှာလည်း၊ အကြွင်းဆေးရေ ပင် ဖြစ်သည်။ ခံတွင်း, အာလုပ်,ဌ ကြွင်းကျန်,ပြိုကပ်, နေသော

အာမိသကြွင်းကို ဆေးလျှော်သော ရေဖြစ်သောကြောင့်၊ လုပ်ဆေးရေ,အာလုပ်ဆေးရေ-ဟူလို။ ။"အနုစ္ဆိဒ္ဓံ သုဒ္ဓပတ္တံ ဥစ္ဆိဒ္ဓဟာဏေန ဂဏ္ဍိတုံ နဝဋ္ဋတိ-"ဟူသော ရှုဒ္ဓဝါ-ခုဒ္ဒကဝတ္ထု၊ခန္ဓကအဋ္ဌကထာ၌လည်း။ ။အနုစ္ဆိဒ္ဓံ၊စားကြွင်းမရှိသော။ သုဒ္ဓပတ္တံ၊စင်ကြယ်သောသပိတ်ကို။ဥစ္ဆိဒ္ဓဟာဏေန၊စားကြွင်းရှိသောလက်ဖြင့်။ဂဏ္ဍိတုံ၊ကိုင်ခြင်းငှါ။နဝဋ္ဋတိ၊မအပ်။ ။ဆွမ်းစား၍ လက်မဆေးရသေးသဖြင့် အာမိသ ဂ၊ပ်ငြို ကြွင်းကျန်လျက် ရှိသောလက်ဖြင့်၊အာမိသ စင်ကြယ်သော သုဒ္ဓပတ္တ-သပိတ်ကို၊ မကိုင်အပ်-ဟူရာမှာလည်း၊ "ဥစ္ဆိဒ္ဓ" သဒ္ဒါ-အကြွင်းကိုပင် ဟောသည်။ "ဥစ္ဆိဒ္ဓဟာဏေနာတိ-သာမိသေန ဟာဏေန"ဟု-တောရသကဏ်ဒီကာဘွင့်။

နဝိတိ ဥစ္ဆိဒ္ဒေ ဇေတိ အနုစ္ဆိဒ္ဒေ၊ သုဒ္ဓပတ္တေ။ ဥစ္ဆိဒ္ဓဟာဏေနာတိ-ဥစ္ဆိဒ္ဒေ ဇေ အတ္ထိတိ ဥစ္ဆိဒ္ဒေ။ သောယေဝ ဟာဏော ဥစ္ဆိဒ္ဓဟာဏော။ ။ရင်းယောဇနာ။

"တေ မနုဿာနံ ဘုဥ္ဇမာနာနံ ဥပရိဘောဇနေဝိ ဥတ္တိဒ္ဓပတ္တံ ဥပနာမေန္တိ"။ ။ဟူသော-ဒီနည်း မဟာဝါပါဠိတော်-ဥပဇ္ဈာယ ဝတ္တကထာ ၌ လာသော၊ "ဥတ္တိဒ္ဓ" သဒ္ဒါလည်း၊ "ဥစ္ဆိဒ္ဓ၊"သဒ္ဒါနှင့်အတူပင်ဖြစ်သည်။ ။တောဘိက္ခု။ထိုရဟန်းတို့သည်၊ ဘုဥ္ဇမာနာနံ၊စားဆဲးဖြစ်ကုန်သော။မနုဿာနံ၊လူတို့၏။ ဥပရိဘောဇနေဝိ၊ ထမင်းခွက်၏ အထက်၌လည်း။ ဥတ္တိဒ္ဓပတ္တံ၊ ဆွမ်းခံသောသပိတ်ကို။ ဥပနာမေန္တိ၊ညွှတ်စေကြကုန်၏။ ။ ဥတ္တိဒ္ဓပတ္တံ၊စားကြွင်းထည့်သောခွက်-ထိုစဉ်အခါက၊ သိက္ခာပုဒ်မပညတ်သေးသဖြင့်၊ရဟန်းများ၀တ်ပုံ,ရုံပုံ,မကောင်းသေးသည့်အပြင်၊ဆွမ်းခံ လှည့်လည်သော သပိတ်ကို၊လူတို့ စားဆဲးသော ထမင်းခွက်၊ထမင်းပွဲးပေါ်သို့ရောက်အောင်၊ ညွှတ်ကြ, တင်ကြ, ကုန်သည်။ထိုအခါ လူများက"သပိတ်"ဟု-ရဟန်းတို့ ဝေါဟာရဖြင့်၊မမှတ်ထင်သေး။ စားကြွင်းထည့်သော"ခွက်" ဟုပင်-မှတ်

ထင်ကြသေးသည်။ ၊ထိုကြောင့် ရင်းအခြေကထောခဲ့။ "ဥတ္တိဋ္ဌ ပတ္တနီ-ပိဏ္ဍာယ စရကာ.ဂ.ပတ္တံ၊တာသိုံ ဟိ မနုဿာ ဥစ္ဆိဋ္ဌသညိနော၊ တသ္မာ ဥတ္တိဋ္ဌ ပတ္တနီဝတ္တံ" ဟု ဘွဲ့ပြု၏။ ။ဤအခြေကထောနှင်္ဂါ "ဥစ္ဆိဋ္ဌသညိနော" ဟူသောစကားဖြင့်၊ ဥစ္ဆိဋ္ဌ-ပုဒ်၌ "ဆိ" ကို "တိ" ပြုရသည်နှင့်၊ "ဥစ္ဆိဋ္ဌသဒ္ဒါ" ဥတ္တိဋ္ဌသဒ္ဒါနှစ်ပါးတို့၏ အချင်းချင်း ပရိယာယ်,ဝေဝုစ်၏ အဖြစ်ကို ပြသတည်း။ ထိုသပိတ်၌ လူတို့သည်၊ စားကြွင်းကိုလည်း လောင်းကြကုန်၏။ ထိုကြောင့် ဌာနီဖြစ်သောစားကြွင်း၏ "ဥစ္ဆိဋ္ဌ" ဟူသောအမည်ကို၊ ဌာနဖြစ်သော သပိတ်နှင်္ဂါတင်စား၍၊ ဌာနဖြစ်သော "သပိတ်" ကို၊ ဌာနူပစာရအားဖြင့် "ဥစ္ဆိဋ္ဌ" ဟု-လူဘို့က မှတ်ထင်ကုန်သတည်း။ ။ပါဠိတော်၌၊ဥတ္တိဋ္ဌပတ္တံ၊စားကြွင်းသပိတ် ဟု-အနက်ပေးသင့်၏။ ။ဗိသဘိနိပါတ်-မာတင်္ဂတ် အခြေကထာ၌လည်း။ ဥတ္တိဋ္ဌပိဏ္ဍာနိ-ဥစ္ဆိဋ္ဌကပိဏ္ဍံ-ဟုဘွဲ့သည်။

ဥစ္ဆိဋ္ဌ-ပုဒ်သည်၊ဝိသဒ္ဒေန-စွန့်ခြင်းအနက်ဟော။ဥ-ဂြိုဟ်ရှိသော သဇ-ဓာတ်၊ တ-ပစ္စည်း။ ဇ-နှင့်-တကို-အသဒ်သ ဆွေးဘော်နှင့် တကွ၊ ဋ-ပြု။သဇ-ဓာတ်၌-သ-ကို ဆပြု။ရင်းဆက်၊အသဒ်သ ဆွေးဘော်နှင့်တကွ-ဆပြု။ ဋ-ဂြိုဟ်၌လည်း၊ ဏ-အကွာရောလာ။ ။ထိုကြောင့်။ **အဘိဓာနိစတုဗ္ဗဏ္ဏဝဂ်** "မရုဆိုံ့တုသိတ္ထက" အဘွဲ့။ **အဘိဓာနိဋီကာ**၌ "မရုဟိ ခုဒ္ဒဇန္တာ။ ဟိ ဥစ္ဆိဋ္ဌံ သဒ္ဒေတန် မရုဆိုံ့။သဇ-ဝိသဒ္ဒနာလိင်္ဂနဒ်ပ္ပာနေသု၊ ဒ်ပ္ပာနံ သမ္ပိဏ္ဍိက ရကၠံ၊ တော၊ ဇတာနံ့ဌာ၌ဒေသော၊သသသော၊ဒ်ိတ္ထ ပိတ္ထ" ဟု-ပိန့်အပ်၏။ ။ "သဇ" ဓာတ်စွန့်ခြင်းအနက်ဖြင့်ပြီးသော်လည်း။ "ဓာတ္ကုနံ အနေကတ္ထတ္ထာ" ဟူသည်နှင့်အညီ၊ထိုထို အရာဌာနတို့ကို ထောက်၍၊ "ဥစ္ဆိဋ္ဌ" သဒ္ဒါ၊အကြွင်းဟောဟု-သိအပ်၏။ ။ဝိနယာလင်္ကာရ ဋီကာ-လောကာယတာ၊အရာ၌ "သဗ္ဗံဥစ္ဆိဋ္ဌံ၊သဗ္ဗံအနုစ္ဆိဋ္ဌံ" ဟု တာ သုဇ-တတိယ-စတုတ္ထ-အက္ခရာ အသဒ်သဆွေးဘော်နှင့် စာအုပ်မှတ္တင်ရှိသည်။အခြားအရာများကိုထေမံ၍၊မရှိသင့်။ "သဗ္ဗံဥစ္ဆိဋ္ဌံ၊ သဗ္ဗံအနုစ္ဆိဋ္ဌံ" ဟု-ပထမ-ဒုတိယ-အသဒ်သနှင့်သာလိုသည်။

ထိုကြောင့်၊ လောကာယတာအရာ၌။ "ဥစ္ဆိဒ္ဒ-အနုစ္ဆိဒ္ဒ"ဟူသော နှစ်ပုဒ်၏ အနက်, အဓိပ္ပါယ်, ကို။ ရေးသားခဲ့ပြီးသော "စားကြွင်း"ဟူသော အနက်, အဓိပ္ပါယ်, ကိုသာ မှတ်ယူရာ၏။

သုတ္တန်လာ-လောကာယတာ။

သုတ်သိမ်လက္ခန်- ပါဠိတော်, အဋ္ဌကထာ, ဋီကာ, တို့၌ လာရှိသော-"လောကာယတာ"-အဓိပ္ပါယ်ဝိနိစ္ဆယသည်၊ "တိရစ္ဆာန်ဝိဇ္ဇာ,တိရစ္ဆာန်ကထာ"ဝိနိစ္ဆယ၌ ထင်ရှားလတ္တံ့။

လောကာယတာ-မဟာပုရိသလက္ခဏောသု အနုဝယော၊ ။ **တိကဝိဇ္ဇာရပါဠိတော်**-၁၄၄။ အမ္ဗဋ္ဌသုတ်-၇၀။ သောဏဒန္တသုတ် ၉၀၊ ကူဋဒန္တသုတ်-၁၀၀၄။တို့၌လည်း ရှိသည်။ သုတ္တနိပါတ်-သေလသုတ်-၂ ၃၀၊မှာလည်းရှိ၏။ ။လောကာယတာ-မဟာပုရိသ လက္ခဏောသု။ ။လောကာယတာကျမ်း, မဟာပုရိသ လက္ခဏာကျမ်း,တို့၌။အနုဝယော၊ယုတ်သည်မဟုတ်။ ဝါ၊ပြည့်စုံ၏။ ။

လောကာယတံ ဝုစ္စတိ ဝိတဏ္ဍဝါဒသတ္ထံ။ ။ရင်းအဋ္ဌကထာ-၁၄၄။ ။ဝိတဏ္ဍဝါဒသတ္ထံ၊ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့၏ ကျမ်းကို။လောကာယတံ၊လောကာယ တကျမ်းဟူ၏။ ဝုစ္စတိ၊ဆိုအပ်၏။ ။

အာယတိ ဟိတံ တေန လောကော နယတေတိ နဿ ဣဟတိ တိ လောကာယတံ။ တံ ဟိ ဂန္ထံ နိဿာယ သဗ္ဗော ပုဿ ကြိယာယ ဝိတ္ထာ ဒီ နဿ ဣပ္ပါဒေန္တိ၊ ။ရင်းဋီကာ-၄ ၀ ၉။ အနက်ရေးပြီး။

ထိုကျမ်းကို အမှီပြု၍ ကုသိုလ် ကောင်းမှု ပြု ခြင်းခို စိတ်ကို မျှလည်း မဖြစ်စေ တတ်သော ကျမ်းသည်၊ "လောကာယတကျမ်း" မည်၏ ဟု-ခေါ်သည်။ "ပိသဒ္ဒါ" ဖြင့်၊ ကိုယ်နှုတ်ဖြင့် ကုသိုလ် ကောင်းမှု ပြုတို့ဝေးစွ-ဟု၊ ကဲ့ရဲ့ခြင်း "ဂရဟာ အနက်" ကို ပြသည်။

အထခေါ ဣဿ လောကာယတိကာ ဗြာဟ္မဏာ ယေန ဘဂဝါ၊ တေနုပသင်္ကမိံသု။ ။**နဝအင်္ဂုတ္တိ၊ ရိပါဠိတော** - ၁ ၆ ၇။ ။

အနက်ကား။ ။**အထခေါ**၊ ထိုအခါ၌။ ။**ဣဿ**၊ နှစ်ယောက်ကုန်သော။ **လောကာယတိကာ**၊ **လောကာယတကျမ်း**ကို ရွတ်ဆိုတတ်ကုန်သော။ ဝါ၊ **လောကာယတ**အယူရှိကုန်သော။ **ဗြာဟ္မဏာ**၊ ပုဏ္ဏားတို့သည်။ **ယေန**၊ **အ**ကြောင်း**အ**ရပ်၌။ **ဘဂဝါ**၊ မြတ်စွာဘုရားသည်။ **အတ္ထိ**၊ ရှိတော်မူ၏။ ။ တေန၊ ထိုမြတ်စွာဘုရား ရှိတော်မူရာ၊ **အ**ရပ်သို့။ **ဥပ**သင်္ကမိံသု၊ ကပ်ကြကုန်၏။ ။ ။"**လောကာယတိကာတိ-လောကာ**ယတဝါဒကာ" ဟု-**ရဒီးအဋ္ဌကထာ**ဘွင့်-၂ ၇ ဝ။

လောကာယတဝါဒကာတိ–**အာယတိ**ံ ဟိတံ **လောကော** နုယတတိ ၉ တေနာတိ **လောကာယတံ**၊ ဝိတဏ္ဍာသတ္ထံ။ တံ ဟိ ဂန္ထံ နိဿာယ သတ္တာ ပုညကြိယာယ စိတ္တမ္ပိ နုပ္ပါဒေန္တိ။ တံ ဝဒန္တိတိ **လောကာယတဝါဒကာ**။ ။**ရဒီးနဝအင်္ဂုတ္တိ၊ ရိဋီကာ** ၄ ၄ ၄။ အနက်သိလွယ်၏။ ရေးပြီး။ **အ**ဓိပ္ပါယ်လည်း၊ **တိက** **အ**ဂ်ိတ္တိ၊ ရ ဋီကာနည်း **အ**တိုင်း။

"**လောကာယတိကော ဗြာဟ္မဏော**" **အ**စရှိသော ၊**နိဒါနဝဂ္ဂ** **သံယုတ်**၊ **ဂဟာပတိဝဂ်**။ ၁ ၉ ၃-ခို။ **လောကာယတိကော**၊ **လော**ကာယတကျမ်းခို လေ့ကျက်ခြင်းရှိသော။ **ဗြာဟ္မဏော**၊ ပုဏ္ဏား သည်။ **ယေ**နု၊ **အ**ကြောင်**အ**ရပ်၌၊ **ဘဂဝါ**၊ မြတ်စွာဘုရားသည်။ **အ**ဏ္ဍိ၊

ဂ္ဂိုဏ်တော်မူ၏။ တေနုဝေါ ထိုမြတ်စွာဘုရား, ဂ္ဂိုဏ်တော်မူရာ အရပ်သို့။ ဥပ သင်္ကမိ၊ ကပ်၏။

လောကာယတိကောတိ - ဝိတဏ္ဍာသင်္ဃေ လောကာယတေ ကတပရိစယော။ ။လောကာယတန္တိ-လောကသော အာယ တံ။ ဗာလ ပုထုဇ္ဇနာ လောကသ အာယတံ။ ။ရင်း အဋ္ဌ ကထာ-၇၁။

လောကာယတန္တိ၊ လောကာယတ - ဟူသည်ကား။ လော ကသော၊ ဗာလ ပုထုဇ္ဇနလောကကိုသာလျှင်။ အာယတံ၊ ချဲ့ထွင်တတ်သည်တည်း။ ။''သဗ္ဗံအတ္ထိ၊ သဗ္ဗံနတ္ထိ'' စသော သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ၊နှစ်ပါးနှင့်စပ်သော အယူဝါဒရေ၏။ ။

အာယတိကံ ဟိတံ တေနု လောကော နုယတတိ နု ဤဟတိ တိ လောကာယတံ။ နု ဟိ တံ လဒ္ဓိ နိသာယ သတ္တာ ပုဉ္ဉ ကြိယာယ စိတ္တဗိဉ္ဇပါဒေန္တိ၊ကုတော ပယောဂေါ။ ။ရင်းသံ ယုတ်ဋီကာ။

လောကော၊ ထိုအယူဝါဒကို ယူသော ဗာလပုထုဇ္ဇနသည်။ တေနု၊ထိုအယူဝါဒဖြင့်။ဝါ၊ထိုအယူဝါဒကြောင့်။ အာယတိကံ၊ နောင်တမလွန်ဘဝဖြစ်သော။ ဟိတံ၊အစီးအပွားကို။ ဝါ၊ဟိတံ-ဟိ တာဝဟံ၊ အစီးအပွားကို ခေါ်ဆောင်တတ်သောကုသိုလ်ကောင်းမှု ကို။နုယတတိ၊ နဤဟတိ၊အားမထုတ်။ဣတိ၊ထိုကြောင့်။လောကာ ယတံ၊လောကာယတမည်၏။ ။ဟိသစ္ဆံ၊မှန်၏။ ။တံလဒ္ဓိ၊ ထိုအယူ ကို။ နိသာယ၊မှီ၍။ သတ္တာ၊ သတ္တဝါတို့သည်။ ပုဉ္ဉကြိယာယ၊ ကုသိုလ်ကောင်းမှုပြုခြင်းခို။ စိတ္တဗိ၊စိတ်ကိုလည်း။ နဥပ္ပါဒေန္တိ၊ မဖြစ်စေတတ်ကုန်။ ပယောဂေါ၊ကုသိုလ်ကောင်းမှုပြုခြင်း ကာ ယပယောဂသည်။ကုတော၊ဘယ်မှာ ရနိုင်အုံနည်း၊မရသည်သာ။ (အယူဝါဒနှင့်စပ်လျဉ်းသောလောကာယတ)

တံ ဇေသ အတ္ထိ တတ္ထ ဝါ နိယုတ္တောတိ လောကာယ့ တိ ကော။ ။ရင်းဦးကာ။

ဇေသ၊ထိုပုဏ္ဏားအား။တံ၊ထို "သဗ္ဗမတ္ထိ-သဗ္ဗံနတ္ထိ" စသော အယူဝါဒသည်။အတ္ထိ၊ရှိ၏။ ။ဝါ၊တနည်းကား။သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ တတ္ထ၊ထိုအယူဝါဒ၌။ နိယုတ္တော၊ယှဉ်တတ်၏။ ။ဗျာ တိ၊ထိုကြောင့်။ လောကာယတိကော၊ လောကာယတိကမည် ၏။ ။ဦးကာဒေနက်။

အဓိပ္ပာယာနည်းအားဖြင့်။ လောကာယတော နိယုတ္တောတိ လောကာယတိကော။ သော ဗြာဟ္မဏော၊ ထို ပုဏ္ဏား သည်။ လောကာယတော၊ လောကာယတ ကျမ်းနှင်က်။ နိယုတ္တော၊ ကြည့်ရှု, သင်ကြား, လေ့ကျင့်, သော အားဖြင့် ယှဉ်တတ်သည် တည်း။ ဗျာ တိ၊ထိုကြောင့်။ လောကာယတိကော၊ မည်၏။ ။ လောကာယတ ကျမ်းမှ လေ့ကျင့်၍ "လောကာယတ" အယူ ရှိသော ပုဏ္ဏားဟူလို။

အဓိပ္ပာယ်ဖွင့်ချက်။ "နဘိက္ခဝေ လောကာယတံ ပရိယာပုဏာတိ တဗ္ဗံ၊ဝါ စေတဗ္ဗံ" ဟု-ပညတ်တော်မူသော သိက္ခာ ပုဒ်၌၊ ဤအယူဝါဒ လောကာယတ- မဟုတ်။ လောကာယတ ကျမ်းကိုဆိုသည်။ လောကာယ တကျမ်းကိုကြည့်ရှု,သင်ကြားလေ့ကျင့်၍၊ လော ကာယတ ဝါဒရှိသော၊ ဤ လောကာယတိက ပုဏ္ဏားကို ထောက်သဖြင့်၊အင်္ဂလိပ်စာ သင်ကြား သော သူသည်၊ အင်္ဂလိပ်စာအလိုက် "**အင်္ဂလိပ် ဝါဒီလေဒ္ဓီ**"ရှိမည်ကိုသိရာ၏။ ။**အင်္ဂလိပ်စာကို** သင်၍၊ ၎င်းစာ အယူဝါဒသို့ လိုက်ပါပြီးလျှင်၊ ခရစ်ယာန် ဘာသာသို့ ပြောင်းသွားသော အချို့ အင်္ဂလိပ်ကျောင်းသားများ ယခု မျက်မြင် ရှိပုံနှင့် ညီညွတ်၏။

နဲ့ သေဝေ လောကာယတိုက်၊
နေတံ ပညာယ ဝဿုနံ။ ။ဝိဇုရဇာတ်။

ဗောဓိသတ္တာ၊ ဘုရားလျာဖြစ်သော။ အာသမရုရော၊ သူ-မတူ ဟာန်၊ကဲးလွန်သော ပညာ,ဝိရိယ,အဦးဂ္ဂါသော။ ဝိဇုရပဏ္ဍိတောပြီးကိုင်ကင်းသော ဝိဇုရသုခမိန်သည်။ လောကာယတိုက်၊ လောကာယတကျမ်းကို။ နသေဝေ၊မမှီဝဲးရာ။ ဇော်၊ ဤလောကာယတကျမ်းသည်။ ပညာယ၊ ကမ္မသကတညာဏ်ပညာကို။ဝါ၊ညာဏ်ပညာ၏။ နဲ့ ဝဿုနံ၊မပွားစေတတ်၊ဝါ၊ပွားကြောင်းမဟုတ်။ဣတိ၊ ဤသို့။ရောဇာနံ၊ကောရဗျမင်းကြီးကို။ အာဟ၊ဟောပေ၏။

လောကာယတိုကဿ-အနုဏ္ဍနိသိတံ သဂ္ဂမဂ္ဂါနံ အဒါယကံ အနိယျာနိကံ ဝိတဏ္ဍာသလ္လာပံ လောကာယတိုကဝါဒံ နသေဝေ ယျ။ နေတံပညာယ ဝဿုနဿ-နဟိ ဇော် လောကာယတိုက် ပညာ ယ ဝဿုနံ။ ။ဝိဇုရဇာတ်အဋ္ဌကထာ-၇ ၃။

လောကာယတိုကဿ၊ လောကာယတိုက်- ဟူသည်ကား။ အနုဏ္ဍနိသိတံ၊အကျိုးစီးပွားမရှိသည်ဖြစ်သော။ သဂ္ဂမဂ္ဂါနံ၊နတ်ရွာ,မဂ်ဖိုလ်,တို့ကို။အဒါယကံ၊မပေးတတ်သော။ အနိယျာနိကံ၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်းနှင့် မယှဉ်သော။ ဝိတဏ္ဍာ သလ္လာပံ၊သံသရာကို ချဲ့တတ်သည်ဖြစ်၍။ပညာရှိတို့၏ စိတ်နှလုံးကို ထိုးဆွတတ်သော စကားလည်းရှိသော။ လောကာယတိုက ဝါဒံ၊လောကာယတိုကဝါဒကို ပြုရာ, ပြုကြောင်းဖြစ်သော လောကာယတကျမ်းကို။ နသေဝေယျ၊မမှီဝဲးရာ။ ။နေတံ ပညာယ ဝဿုနဿ၊ နေတံပညာယ ဝဿုနံ-ဟူသည်ကား။ ဇော်လောကာယတိုက်၊ထိုလောကာယတကျမ်းသည်။ ပညာယ ဝဿုနံ၊ ကမ္မသကတညာဏ်ပညာကိုပွားစေတတ်သည်။ ဝါ၊ပွားကြောင်းသည်။နု၊ မဟုတ်။ဝါ၊နဟောတိ၊ မဖြစ်။

မဂ်ဖိုလ်ရ၏ အကျိုးစီးပွားနှင့် မစပ်ယှဉ်သဖြင့်၊ နတ်ရှာ, မဂ်ဖိုလ်, ကို မပေးတတ်, ပေးကြောင်း မဟုတ်။ သံသရာ၌ကျင်လည်ကြောင်းသာ ဖြစ်၍၊ သံသရာဝဋ်မှ၊ ထွက်မြောက်ကြောင်း မဟုတ်သော အနိယျာနိက, ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့၏ စကားပါရှိသော ကျမ်းသည်၊ လောကာယတ ကျမ်းမည်၏။ ထိုကျမ်းသည်၊ ကမ္မသ ကတ ညာဏ်ပညာ တိုးပွားကြောင်း၊ မဟုတ်။ ဆုတ်ယုတ်ကြောင်းသာ ဖြစ်၍၊ ကံကို ပစ်ပယ်တတ်သည်ဟု-ဆိုလိုသည်။

လောကာယတိ၊တိတ္ထိစွဲးလမ်း၊ ခွဲးခြမ်းဆံမျှင်၊ ကျိုးမထင်သား၊မဂ္ဂင်ခရီး၊ဝိတ်ဆီးဆို့ ထား၊ပါယ်လေးပါး၏ ၊တံခါးဝင်ဝ၊ ဝိတဏ္ဍတို့၊ နေ့ညရက်ဆောင်၊ ထိုကျမ်းစောင်ကား၊ ဉာဏ်ရောင်မြွေးရက်၊ မထွန်းပျက်၍၊မကျက်လေရာ၊စွန့်ပစ်ခွာလျက်၊ ဗြဟ္မာအလွန်၊ မြှိုက်နိုင်ဗာန်၏။ ။ လမ်းမှန်ပေါက်တို့စေသတည်း။ ။ဝိရုဒ္ဓိ။

ဝိတဏ္ဍသတ်၊ ခေါ်ပညတ်လျက်၊ သူမြတ်တကာ၊ ပညာရှိသူ၊လူတို့နှလုံး၊ကြိမ်မီးခုံးသို့၊ ရှင်ပြုံးပျောက်ရပ်၊စုံးစုံးမြုပ်မျှ၊ တုန်လှုပ်စေတတ်၊ ကုသိုလ်ဝတ်ကို၊ ကောင်းပြတ်ကွာလင်း၊ကျန်းတန်းခြင်းသို့၊သက်ဆင်းရောက်စေ၊ဗျိုင်းဌက်တွေ့လည်း၊ မည်းချေသည်သာ၊ ခြေမှာ မည်းနက်၊ အမြင်ပက်တည့်၊ ကျိုးဌက်မှာမူ၊ ဖြူသည်ကိုကား၊အရိုးမျှားကို၊စဉ်းစားရှုပါ၊အနက်လာသည်၊ (လောကာယတ) ကျမ်းဂန္ထကို၊ရှောင်ရှောင်ရှိမ့်မည်။ ။ပဏ္ဍာဝုဓမျှ။

လောကာယတာ၊ စသည်တရိုး၊ ထိုကျမ်းမျိုးကို၊ ကြိုးကြိုးစားစား၊ သင်မည်ထားဘိ၊ နှားမျှမထောင်ရာ-ဟု။ နှ သေ

၀၀ လောကာယတိုက်၊နေတံ ပညာယ ၀ဗုန်၊ဟု- ဝိရုဒ္ဓ သုခမိန် ပိန့်သည်-ဟူ၏။ ။ဆရာတော်ဦးဗုဒ္ဓ။

ဥဒါနိုးပါဠိတော်လာ-အတတ်ကြီး-၁၂-ပါး။

(၁) ဟတ္ထိသိပ္ပ၊ ဆင်စီး အတတ်။
(၂) အဿသိပ္ပ၊ မြင်းစီး အတတ်။
(၃) ရထသိပ္ပ၊ ရထားစီး အတတ်။
(၄) ဓနုသိပ္ပ၊ လေး အတတ်။
(၅) ထရုသိပ္ပ၊ ကြွင်း သော လက်နက် အတတ်။
(၆) မုဒ္ဒါသိပ္ပ၊ လက်ဆစ် ချိုးခြင် ရေ တွက် သော အတတ်။
(၇) ဂဏနသိပ္ပ၊ ဂဏန်း အတတ်။
(၈) သင်္ခါနသိပ္ပ၊ ရေတွက်ခြင်း သင်္ချာ အတတ် (အပေါင်းရေတွက်ခြင်း။)
(၉) လေခါသိပ္ပ၊ အက္ခရာရေး အတတ်။
(၁၀) ကာဝေယျသိပ္ပ၊ ကဗိလေးပါးတို့ ပြုအပ်သော အတတ်။(ကဗျာအတတ်)
(၁၁) လောကာယတသိပ္ပ၊ လောကာယတကျမ်း အတတ်။
(၁၂) ခေတ္တဝိဇ္ဇာသိပ္ပ၊ မြေကြန် အတတ်။

မြတ်စွာဘုရား သာ၀တ္ထိ ပြည်ဇေတ၀နာ ကျောင်းတော်၌၊ နေတော်မူသောအခါ။ တရုံသော တန်ဆောင်၀နှီး၌ အညိုအညွှတ် စည်းဝေးကြကုန်သော ရဟန်းတို့၏ အကြား၌၊ စကား ဖြစ်ကြ သည်ကား။ ငါ့သျှင်တို့-ငါတို့ အစည်းအဝေးတွင်၊ အဘယ်သူ သည်၊ အသက် မွေးခြင်း၏ အကြောင်းဖြစ်သော၊ တရုံတရုံသော

အတတ်ကို တတ်သနည်း။အာဘယ်သူသည်၊အာဘယ်အတတ်ကို၊ အတတ်သည် ဆရာထံ ကပ်၍၊ သင်ကြားရမည်နည်း။ အတတ်ပညာ အပေါင်းတို့တွင်၊အာဘယ် အတတ်သည်၊ ကဲ့ရဲ့, ရှုတ်ချ, ခြင်းမှ ကင်းလွတ်၍၊အကျိုးကြီးသဖြင့် ချမ်းသာစွာ အသက်မွေးခြင်းဌာ စွမ်းနိုင်ခြင်းကြောင့် အမြတ်ဆုံးအတတ်ဟု- ဆိုရမည်နည်းဟု-စကားဖြစ်ပွားသည်။ ။

ထိုအခါ၊ဆင်ထိန်း ဆင်စီး ဆရာ အမျိုးမှ ရဟန်း ပြုလာကြကုန်သော ရဟန်းတို့သည်။ ဆင်စီးအတတ် မြတ်သည်ဟု-ပြောဆိုကြကုန်၏။မြင်းထိန်း မြင်းစီး ဆရာ အမျိုးမှ၊ရဟန်း ပြုလာကြကုန်သော ရဟန်းတို့သည်၊ မြင်းစီးအတတ် မြတ်သည်ဟု-ပြောဆိုကြကုန်၏။ ထိုအတူ-နောက်နောက် အတတ်များကိုလည်း၊ ဝိမိတို့ လေ့ကျင့်ဘူးရာ လေ့ကျင့်ဘူးရာ အတတ်များကို၊ မြတ်သည်ဟု-အမျိုးစုလိုက် အသီးအသီး ညွှန်ပြကြကုန်၏။ ။ထိုအခါ၊ မြတ်စွာဘုရား ကြွလာတော်မူ၍၊ မေးတော်မူသည်မှာ၊ ချစ်သားရဟန်းတို့-သင်တို့ ယခု အစည်းအဝေး၌ ဘယ်စကားဖြင့် စည်းဝေးကြသနည်း။ ဘယ်စကား ဖြစ်ပွားကြသနည်းဟု မေးတော်မူ၏။ထိုအခါ ရဟန်းများက၊ အသက်မွေးကြောင်းဖြစ်သော အတတ်ပညာနှင့် စပ်လျဉ်း၍၊ စကား ဖြစ်ပွားပါကြောင်း လျှောက်ထားကြလေ၏။ ထိုအခါ မြတ်စွာဘုရားက ဗိန္ဓေတော်မူသည်မှာ။ ။"နခေါ တံ ဘိက္ခဝေ တုမှာကံ ပဋိရူပံ ကုလပုတ္တာနံ သဒ္ဓါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာနံ ယံ တုမှေ ဇဝရူပိံ ကထံ ကထေယျာထ" ဟု- ဗိန္ဓေတော်မူ၏။ ။ဥဒါနိုးပါဠိတော်-၆၉။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊သင်တို့သည်။ ဇဝရူပိံ၊ဤသို့သဘောရှိသော။ယံကထံ၊အကြင် အသက်မွေးကြောင်းအတတ်ပညာနှင့် စပ်သောစကားကို။ကထေယျာထ၊ဆိုကြကုန်၏။တံကထံ၊ ထိုအသက်မွေးကြောင်း အတတ်ပညာနှင့် စပ်သောစကား,

သည်။ကုလပုတ္တာနှံ့၊အာစာရကုလပုတ္တ ဖြစ်ကြကုန်သော။သဒ္ဓါ-သဒ္ဓါယ၊ သဒ္ဓါတရားရှိသဖြင့်။ အဂါရသ္မာ၊လူ၏ ဘောင်မှ၊နိက္ခမိတ္မာ၊ထွက်၍။အနဂါရိယံ၊ရဟန်းဘောင်၌။ ပဗ္ဗဇိတာနှံ့၊ရဟန်းပြုကြကုန်သော။ တုမှာကံ၊ သင်ရဟန်းတို့အား။ နခေါ ပဋိရူပံ၊ ပြောဆိုခြင်းငှါ မသင့်။

သဒ္ဓါသဖြင့် ရှင် ရဟန်း ပြုလာကြ ကုန်သော ရဟန်းတို့အား၊ အသက်မွေးကြောင်း အတတ် ပညာနှင့် စပ်လျဉ်းသော စကားကို ပြောဆိုခြင်း ငှါ မသင့်ဟု-ပယ်မြစ်တော်မူသည်။ ။အသက်မွေးရန်အတွက်၊ ရဟန်းဝတ်နှင့် သင်ကြားရန် ကား ဝေးစွ၊ ပယ်မြစ်သည်သာဟု-မှတ်ရာ၏။ ။

ထိုအတတ်-၁၂-ပါးတို့တွင်၊ လောကာယတကျမ်းအတတ် **အဋ္ဌကထာ**ဘွင့်သည်မှာ။ "လောကာယတသိပ္ပန်-ကာကော သေတော အဋ္ဌိနံ သေတတ္တာ၊ ဗာလကာ ရတ္တာ လောဟိတသ ရတ္တတ္တာတိ ဝေမာဒိနယပဝတ္တံ ပရလောကနိဗ္ဗာနာနံ ပဋိသေဓကံ ဝိတဏ္ဍ ပထသိပ္ပံ"ဟု-ဘွင့်သဖြင့်၊ရဟန်းများမှာ ပြောရုံမျှ မသင့် လျော်ဟု-ဘုရားပယ်မြစ်တော်မူသော "လောကာယတ" ဟူ သည်၊ကျိုးသည်ဖြစ်၏။ မျိုင်းသည်နက်၏-စသည်ဖြင့် ဖြစ်သော တမလွန်လောကနှင့်, နိဗ္ဗာန်ကို တားမြစ်ပိတ်ပင်တတ်သော၊ ဝိ တဏ္ဍဝါဒိပုဂ္ဂိုလ်တို့၏ စကားအကြောင်းနှင့် စပ်သော ၊အတတ် မျိုးတည်းဟု-သိရ၏။ ။

အတ္တနော ဟိတမာသိသန္တော ဟိ သေရိယတောတိ သိပ္ပံ။ ယံကိဉ္စိ ဓိရိတဟောတု သိက္ခိတဗ္ဗံ သိပ္ပါ ယတနံ။ ။

အတ္တနော၊ မိမိ၏။ ။ဟိတံ၊စီးပွားကို။ အာသိသန္တော ဟိ၊လိုချင်တောင့်တကုန်သောသူတို့သည်။ သေရိ

ယတေ၊ဖြိုဝဲးအပ်၏။ ဣတိ၊ ထိုကြောင့်။ သိပ္ပံ၊သိပ္ပ မည်၏။ ။ယံကိဉ္စိ၊အမှတ်မရှိသော။ ဇိဝိတပေါတု၊ အသက်မွေးခြင်း ဟူသော အကြောင်းကြောင့်။ သိက္ခိတပ္ပံ၊သင်အပ်သော။ သိပ္ပါယတနံ၊အတတ် သာလျှင်ဖြစ်သောအသက်မွေးကြောင်းကိုရ၏။ ။ ဤသို့။သိပ္ပ၊အရကို။ ကျမ်းဆရာတို့မိန့်ဆိုလျက် ရှိသောကြောင့်လည်း၊ အမှတ်မရှိ အတတ်ကို၊ ရဟန်းများသင်ချင်တိုင်း-သင်ကောင်း-ချကောင်း သည်ဟု-မမှတ်ထင်ကြရာ။

ပြဆိုအပ်ခဲ့ပြီးသော-သုတ်,ဝိနည်း,အဘိဓမ္မာ-ဋီကာ-တို့၌ အဓိပ္ပါယ် ပေါ်ထွက်လျက် ရှိသော

လောကာယတစီစစ်ချက်။

၁။ ။သာသနာအယူမရှိသူတိတ္ထိတို့ကျမ်းသည်-လောကာ ယတ။

၂။ ။ပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သော ကျမ်းသည်-လောကာယတ(ဘုရားအစရှိသော ပညာ ရှိကိုယူ။)

၃။ ။"ကျိုးသည် ပြု၏.-ဥမျိုင်းသည်နက်၏." စသည်ဖြင့် အကျိုးမရှိသော အကြောင်းအရာနှင့် စပ်ယှဉ်၍ စိုရင် သော ကျမ်းသည်-လောကာယတ။

၄။ ။ထိုကျမ်းဖြင့်နောင်-တမလွန်ဘဝမှာ အကျိုးကျေးဇူး မမျှားသော ကျမ်းသည်-လောကာယတ။

၅။ ။ထိုကျမ်းကို အမှီပြု၍ သတ္တဝါတို့သည် ကုသိုလ် ကောင်းမှု ပြုကျင့်ရန် စိတ်ကိုမျှ မဖြစ်စေတတ်သော ကျမ်းသည်-လောကာယတ။(ကိုယ်,နှုတ်,ဖြင့်ကုသိုလ် ပြုကျင့်ဝေးစွ။)

၆။ ။ကမ္မသကတဉာဏ် တိုးပွားရန် အကြောင်းအရာ မယါသောကျမ်း။

၇။ ။နတ်ရွာ,မဂ်ဖိုလ်,ကို တားမြစ်တတ်သော ကျမ်း။

၈။ ။တမလွန်လောကနှင့်, နိဗ္ဗာန်,ကို တားမြစ်တတ်သော ကျမ်း။

၉။ ။ဗာလ လောကကိုသာ ချီးထွင်တတ်, အားထုတ်စေ တတ်, သော ကျမ်း။ (ဗာလလူတို့ ပစ္စုပ္ပန်ကျိုးကို မြော်မြင်၍ လိုက်နာလွယ်သော ကျမ်း-ဟူလို။)

၁၀။ ။ကံ, ကံ၏အကျိုး, ကို ပစ်ပယ်တတ်သော ကျမ်း-လောကာယတ။

ဤသို့ သဘောရှိသော ကျမ်းမျိုးကို၊ "လောကာယတကျမ်း" ဟု-ပါဠိတော်မှာ ဟောခဲ့၏။ အဋ္ဌကထာ-ဋီကာ-တို့က ဘွင့်ပြကြ သဖြင့်။ ထိုသို့သဘောရှိသော ကျမ်းကို၊ "လောကာယတ"ဟု-သိကြရာ၏။ ထိုလောကာယတကို သာသနာတော်ထမ်း၊ ရဟန်း များ သင်ကြား,ချီး,ခြင်းကို မပြုကောင်းလေ။ ။

သဗ္ဗဇဝါဒီဆရာတို့ဖော်ပြချက် လောကာယတ။

လောကာယတ-ဆိုသည်မှာ "အယူဝါဒ" ဟု-ဖော်ပြလိုကြ သည်။ထိုအယူဝါဒ-စတင်,ဖြစ်ပွား,တည်ထောင်,သူမှာ၊(ပဘရစ် ဟာတ်ပတိ)အမည်ရှိသူ ဆရာကြီးတဦး၏ တပည့်ဖြစ်သူ (ဒဘရ ဘ၊က) အမည်ရှိသူက စတင်ဖြစ်ပွားလာသော အယူဝါဒကို၊ (**လောကာယတ**)ဟု- ဖော်ပြလိုကြသည်။ ။ထို အယူဝါဒ-"လောကာယတ" ကို ရဟန်းများ မသင်ကြားကောင်း, မပို့ချ ကောင်း,ဟု-ဆိုလိုကြသည်။ ။ထိုအယူဝါဒကို၊ဟိန္ဒူလူမျိုးတို့က (နာဆတိက)ဟု-ခေါ်သည်။ မဂဓပါဠိလိုအားဖြင့် (**နတ္ထိကဒိဋ္ဌိ**) ပင်ဖြစ်သည်။

မြတ်စွာဘုရား ဟောတော်မူသော သုတ္တန်ပါဠိတော်များ၌ မူကား၊ အယူဝါဒနှင့် စပ်လျဉ်း၍၊ (လောကာယတ) လေးမျိုး ဟောတော်မူသည်။ ။ဤ အယူဝါဒနှင့် စပ်သော လောကာယတ-ပြခဲ့ပြီး။

"သဗ္ဗတ္ထိ"ဟူသော အယူဝါဒ-ပထမလောကာယတ၊
"သဗ္ဗံနတ္ထိ"ဟူသော အယူဝါဒ-ဒုတိယလောကာယတ၊
"သဗ္ဗမေကတ္တ"ဟူသော အယူဝါဒ-တတိယလောကာယတ၊
"သဗ္ဗံပုထုတ္တ"ဟူသော အယူဝါဒ-စတုတ္ထလောကာယတ၊

ဤလေးပါးတွင်-"ပထမနှင့်,တတိယ"ဖြင့်- "သဿတဒိဋ္ဌိ" အယူဝါဒကို ပြသည်။"ဒုတိယနှင့်,စတုတ္ထ"ဖြင့်-"ဥစ္ဆေဒဒိဋ္ဌိ" အယူဝါဒကို ပြသည်။

နိဒါနဝဏ္ဏသံယုတ်-၁ ၉၃။

အဂ်လိပ်စာ စိစစ်ချက်။

(၁) အဂ်လိပ်စာသည်၊ ဂေါတမမြတ်စွာဘုရား ဟောတော်မူသော စကားတော်ရင်း မဟုတ် (သီးခြားဘာသာ စကားဖြစ်သည်။)

(၂) အဂ်လိပ်စာသည်၊ ငါတို့ မြတ်စွာဘုရား သာသနာတော်ကို၊အားပေး ချီးမြှောက်သော စာမဟုတ် (ငါတို့ သာသနာနှင့် ဆန့်ကျင်ဘက် သာသနာကို အားပေးသော စာ ဖြစ်သည်။)

(၃) အဂ်လိပ်စာသည်၊ "အဓိသီလ,အဓိစိတ္တ,အဓိပညာ" ဟူသော သိက္ခာ(၃)သုံးပါး၊သာသနာ(၃)ပါးကို ထွန်းပြတတ်သော စာ မဟုတ်။

(၄) အဂ်လိပ်စာသည်၊ "ဘုရား,တရား,သံဃာ" ဟူသော ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို၊ ချီးကြူး,ဘွဲ့ဆို ထားသော စာမဟုတ်။

(၅) အဂ်လိပ်စာသည်၊ သံသရာကို ငြီးငွေ့, ကြောက်ရွံ့, စေတက်သော စာမဟုတ်။

(၆) အဂ်လိပ်စာသည်၊ သတ္တဝါတို့၏ စိတ်နှလုံးကို၊ နှုးညံ့, ပြေ့ပျောင်း,အောင် ဆုံးမတတ်သော စာမဟုတ်။

(၇) အဂ်လိပ်စာသည်၊ ဒုစရိုက်တရားကို ပယ်မြစ်၍၊ သုစရိုက်တရားကို အားထုတ်ရန် အကြောင်းအရာ ပါရှိသော စာမဟုတ်။

(၈) အဂ်လိပ်စာသည်၊ ရဟန်းတရား အားထုတ်ရန်၊ အကြောင်းအရာ ပါရှိသော စာမဟုတ်။

(၉) အဂ်လိပ်စာသည်၊ရဟန်းတို့ ကျင့်ဝတ်တရားကို သိမ်းစည်း,စောင့်ရှောက်, ရန်-ညှိုးပြုသော စာမဟုတ်။

(၁၀) အဂ်လိပ်စာသည်၊ အဂါရိကဖြစ်သော လောကီ လူသားတို့၏ အသက်မွေး ဝမ်းကျောင်း အတတ်ပညာ အလုပ်ရှာ စာသာ ဖြစ်သည်။

ဘာသာအယူဝါဒနှင့်စပ်လျဉ်းသော အဂ်လိပ်ကျမ်းစာ။

"ဟံသာဝတီ,ဓမ္မောသဓ" အမည်တပ်၍၊ အဂ်လိပ်ဘာသာ, အဂ်လိပ်စာလုံးနှင့် တာဘက်၊ မြန်မာဘာသာ, မြန်မာစာလုံးနှင့် တာဘက် ပူးတွဲ၍၊စာတိုက်မှ ပေးပို့လိုက်သောစာ။ ။

ရဟန်းတော်များ၊အဂ်လိပ်ဘာသာ၊သင်အပ်, မသင်အပ်,ဟု ဝိနိစ္ဆယတရ၊ ပြုလုပ်၍ ဆုံးဖြတ်ချက် ချရန်မလိုပေ။ အဘယ့် ကြောင့်နည်းဟူမူ။အော်ဝံတွင်ရေးသားတော်ပြုလိုက်သည့်(ဖက်ဒီ

လန်-အင်္ဂလိပ်ရိုးဒါး-နိုပါတ်-၁) ဘုရားသခင်၏ အကြောင်းကို၊ကြည့်ရှု စစ်ဆေးသော အားဖြင့်၊သိသင့်,သိထိုက်,ဝေ၏။ ။

ဘုရားသခင်သည်၊ကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူသည်။ကျွန်ုပ်မှာ ရှိသမျှ ကောင်းသောအရာများ အားလုံးကို၊ သူ ကျွန်ုပ်အား ပေးတော်မူသည်။ ကျွန်ုပ် အသက်ရှူသော လေ၊ကျွန်ုပ် စားသော အစာ၊ကျွန်ုပ် ဝတ်ဆင်သော အဝတ်များ၊ ကျွန်ုပ် နေသော အိမ်မှ စ၍၊ ကျွန်ုပ်ကို ချစ်သော မိတ်ဆွေ, သူငယ်ချင်း, များကိုလည်း၊ ကျွန်ုပ်အား သူ ပေးသနားတော်မူသည်။ဘုရားသခင်သည် ကျွန်ုပ်အား ကြားရအောင် ဖြစ်စေ၊နှားထောင်ရအောင် ဖြစ်စေ၊နှားရှက်များကို ပေးသနားတော်မူသည်။ ကြည့်ရှုရန် မျက်စိများကို ပေးသည်။အနံ့ ခံရန်နှာခေါင်းကိုပေးသည်။စားသောက်ရန်နှင့်,စကားပြော,ရန်၊ပစပ်ကို·ပေးသည်။ အာရုံ ခံစား၍ စမ်းသပ်ရန်နှင့်, အလုပ် လုပ်ရန်၊လက်များကို ပေးသည်။ ၎င်းပြင် ရှောက်သွားရန် ခြေချောင်းများနှင့်, ခြေထောက်များကိုလည်း ပေးတော်မူသည်။ ၎င်းအရာမှ စ၍ အမှားအမှန်ကို တွေးတော,ဆင်ခြင်,သိသာ,နှိုင်အောင်၊ စိတ်တည်းဟူသော ဉာဏ်ကိုလည်း၊ ပေးသနားတော်မူသည်။ဘုရားသခင်သည်၊နေ-လ-ကြယ်-များကို ဖန်ဆင်း ပြုလုပ်တော်မူသည်။ ဘုရားသခင်သည်၊ မြေပေါ်၌ သွားလာနေသော၊ တိရစ္ဆာန်များ အားလုံး၊လေထဲ၌ ပျံနေသော ငှက်များအားလုံး၊ ရေတဲ့၌ နေသော ငါးများအားလုံးနှင့်,ပိုးမွှား, တိရစ္ဆာန်, များမှ စ၍၊အခြား သတ္တဝါများကိုလည်း၊ ဖန်ဆင်း ပြုလုပ်တော်မူလေသည်။ကျွန်ုပ်တို့သည်၊ဘုရားသခင်ကို မမြင်နိုင်ကြကုန်။ သို့သော် ကျွန်ုပ်တို့ ပြုသမျှအရာများ အားလုံးကို၊သူ မြင်တော် မူသဖြင့်၊ ကျွန်ုပ်တို့ကိုသတိထား၍၊စောင်မတော်မူသည်။သူ ကိုကြောက်, ချစ်,သမျှ လူများအပေါင်းကို၊ သူ သထားကြည်ညိုတော်မူသည်။ ကျွန်ုပ်တို့သည် မှုသား မပြောသင့်၊ မခိုးဝှက်သင့်၊ ၎င်းပြင် သူ မကြိုက်သမျှ အရာများ အားလုံးကို မပြုသင့်ပါ။ ဘုရားသခင်သည်၊ကျွန်ုပ်တို့အား ဘယ်မျှလောက် ကောင်းသလဲ။ ကျွန်ုပ်သည်

ကျွန်ုပ်ပြုလုပ်သင့်သကဲ့သို့၊သူ့ကိုချစ်၍ ချီးမွမ်း,ထောပနာ,ပြုခြင်းသည်၊ဤကဲ့သို့ပြုလုပ်နိုင်အောင်၊ကျွန်ုပ်ကိုကူမရန်နှင့်,အပြစ်များမှချမ်းသာရန်,၊သူ့ထံမှာ ကျွန်ုပ်ဆုတောင်းမည်။ထိုသို့ ဆုတောင်းလျှင်၊ပျော်ရွှင် စိတ်ဇေး၍ ကောင်းမွန်လိမ့်မည်။

အထက်ဘော်ပြပါ၊ စကားရပ်များကို၊ သေချာစေ့ဝ၊စစ်ဆေးခြင်းပြုပြီးလျှင်။

သဟာသမဝိ စေ ဝါစာ၊အနုဏ္ဍ ပဒ သဠိတာ။
ကေမဏ္ဍပဒံ သေယျော၊ ယံ သုတ္တာ ဥပသမ္ဘတိ။ ။

အတိုင်းမသိ၊ အကျိုးရှိသော ဒေသနာခမ္ဘကိုသာ လုလ္လကျိုးကုတ်၊အားထုတ်သင့် ကြပေသတည်း။ ။ခမ္ဘောသမောံသာဝ ဘီ။ ။ဤအတိုင်းပေးသည်။

ဤမှတပါး၊ အင်္ဂလိပ်စာနှင့်,အခြားသော ဘာသာဝါဒ ပြဆိုရာ ကျမ်းစာများလည်း ရှိသည်။ ထိုကဲ့သို့သော ကျမ်းစာများကို မည်သည့် အကွာရာ ဘာသာစကားနှင့် ပြန်ထားသည် ဖြစ်စေ၊ အင်္ဂလိပ်စကားနှင့် ရှိရင်းမှ၊ လူမျိုး တပါးကို ဖြားယောင်း သွေးဆောင်ရန်၊ ဘာသာပြန်ထားသော ကျမ်းစာများသာ ဖြစ်သဖြင့်၊ အင်္ဂလိပ်ကျမ်းစာဟု-ပင်၊ မှတ်ယူသင့်သည်၊ (လောကာယတ အစစ်)

"အင်္ဂလိပ်စာ"နှင့် "လောကာယတ" နှိုင်းရည်ချက်။

(၁) အင်္ဂလိပ်စာသည်၊ငါတို့ဗုဒ္ဓသာသနာကြီးပွားကြောင်းမဟုတ်၍၊(လောကာယတ)အင်္ဂလိပ်အကွာရာကို မဆိုလို၊အင်္ဂလိပ်မူလစာသွားကို ဆိုလိုသည်။

(၂) အင်္ဂလိပ်စာနှင့်၊ရင်းတို့ဘာသာဝါဒပြု ကျမ်းစာသည်။ အယူတပါးရှိသူတို့ ကျမ်းစာသာ ဖြစ်၍ (လောကာယတ။)

(၃) ၎င်းတို့ ကျမ်းစာများကို အမှီပြု၍၊ သတ္တဝါများမှာ ကုသိုလ်စိတ် မဖြစ်ပွားစေတတ်သောကြောင့်(လောကယတာ။)

(၄) ၎င်းတို့ ကျမ်းစာများသည်၊ နှောင် တမလွန်ကျိုးကို မရှက်ဆောင်တတ်သောကြောင့်(လောကာယတာ။)

(၅) ၎င်းတို့ ကျမ်းစာများသည်၊ သတ္တဝါများအား၊ ကံ, ကံ၏အကျိုး,ကို၊ ယုံကြည်ခြင်းမှ၊ ဝိတ်ပင် တားဆီးတတ်သောကြောင့်(လောကာယတာ။)

(၆) ၎င်းတို့ ကျမ်းစာများသည်၊ သံသရာဝန် ပေါ့စေကြောင်း, ကျဉ်းစေကြောင်း, မဟုတ် သောကြောင့် (လောကာယတာ။)

(၇) ၎င်းတို့ ကျမ်းစာများသည်၊ ဗာလပုထုဇဉ်နှင့်တို့ကို လွန်စွာ အားထုတ်စေတတ်၊ ချီထွင်စေတတ်သောကြောင့် (လောကာယတာ။)

(၈) ၎င်းတို့ ကျမ်းစာများသည်၊ "ခန္ဓာလောက" စသည် ပြတ်အောင် ပြုလုပ်ရန်၊ ညွှန်ပြသော ကျမ်းစာများ မဟုတ်၊"ခန္ဓာလောက"စသည်၊ဖြစ်ပွားအောင်သာ ညွှန်ပြသောကျမ်းစာများဖြစ်၍။(လောကာယတာ။)

ခုဒ္ဒသိကဘာဒ္ဒိကာသစ်နည်း။

ဘာသနှင့် ရသင်ကြားသင့်-မသင်ကြားသင့် ယုတ္တိထုတ်ခြင်း။

မြတ်စွာဘုရားသည်၊မဂဓဘာသာမှ တပါးသော အခြားသော ဘာသာစကားတို့ကို အသုံး မပြုဘဲ၊ ပယ်စွန့်တော်မူ၍၊ မဂဓဘာသာကိုသာ အသုံးပြုတော်မူပြီးလျှင်၊ "ဓမ္မဝိနယ" ဟူသော ဒေသနာအစဉ်ကို မဂဓဘာသာဖြင့်သာ ဝစီဘေဒသဒ္ဒကို ဖြစ်စေတော်မူ၍ ဟောပြတော်မူခဲ့သည်။ ။မြတ်စွာဘုရားသည်၊ အခြား

သော ဘာသာစကားများကို ပယ်စွန့်၍၊ အာဘယ် ကြောင့် မဂဓ ဘာသာ စကားဖြင့်သာ ဟောကြားတော်မူလေသနည်းဟု-စိစစ်ရန်-လိုသည်။

သမ္မာသမ္ဗုद्ধိ တေဝိဇ္ဇက် ဗုဒ္ဓဝစန် တန္တိ အာရောပေန္တော မဂဓဘာသာယ ဧဝ အာရောပေတိ။ ။

သမ္မာသမ္ဗုद्ধိ၊ ဖြတ်စွာဘုရားသည်လည်း။ တေဝိဇ္ဇက်၊ ဝိဇ္ဇကတ်သုံးပုံဖြစ်သော။ ဗုဒ္ဓဝစန်၊ ဖြတ်စွာဘုရား စကားတော်ကို၊ တန္တိ၊ အစဉ်သို့။ အာရောပေန္တော၊ တင်သည်ရှိသော်။ မဂဓ ဘာသာယ ဧဝ၊ မဂဓဘာသာဖြင့် သာလျှင်၊ အာရောပေတိ၊ တင်တော်မူ၏။ ။

ဧဝဉ္စိ အတ္ထံ အာဟာရိတုံ သုခံ ဟောတိ၊ မဂဓဘာသာယ ဟိ တန္တိ အာရုဠ္ဍသ ဗုဒ္ဓဝစနသ ပဋိသန္ဓိဒါပတ္တာနံ သောတပထဂမနမေव ပဟျော၊ သောတေ ပန သံဃဋ္ဌိတမတ္တေ ယေဝ နယသတေန နယသဟဿေန အတ္ထော ဥပဋ္ဌာတိ။ အညာယ ပန ဘာသာယ တန္တိ အာရုဠ်ံ ပေါထေတွာ ပေါထေတွာ ဥဂ္ဂဟေ တဉ္ဇိတော်ဟောတိ။ ဗဟုဝိဇ္ဇဂ္ဂဟေတွာ ပန ပုထုဇ္ဇနသ ပဋိသန္ဓိဒါပတ္တိ နာမ နတ္ထိ။ ။**သမ္ပယောဂဒ္ဒကထာ**။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မဂဓဘာသာဖြင့် ဟောအပ်သည်။ သတိ၊ ရှိသော်။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ အတ္ထံ၊ အနက်ကို။ အာဟာရိတုံ၊ ဆောင်ခြင်းငှါ။ သုခံ၊ ချမ်းသည်။ ဝါ၊ လွယ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ (သမ္မာသမ္ဗုद्ধိ-လ-အာရောပေတိ-ဝါကျ ပြန်)။ ဟိ၊ ချေပြီးဆုံး။ မဂဓဘာသာယ၊ မဂဓဘာသာဖြင့်။ တန္တိ၊ အစဉ်သို့။ အာရုဠ္ဍသ၊ တင်အပ်သော။ ဗုဒ္ဓဝစနသ၊ ဖြတ်စွာဘုရား စကားတော်၏။ ပဋိသန္ဓိဒါပတ္တာနံ၊ ပဋိသန္ဓိဒါသို့ရောက်ကုန်သော သူတို့၏။ ဝါ၊ သူတို့အား။ သောတပထဂမနမေဝ၊ သောဟာပသာဒသို့ရောက်ခြင်းသည်သာ လျှင်။ ပဟျော၊ ကြာမြင့်၏။

ပန္၊အထူးကို ဆိုဦးအုံ့။သောတေ၊ သောတပသာဒ၌။ သံဃဝဋ္ဌိတ
မတ္တေယေव၊ ထိကာမျှ၌သာလျှင်။ နယသတေန၊ နည်းအရာဖြင့်
ရင်း။ နယသဟဿေန၊နည်းအထောင်ဖြင့်ရင်း။ အတ္ထော၊အနက်
သည်။ဥပဠာတိ၊ထင်၏။ ။ပန္၊ဗျတိရိက်ကို ဆိုဦးအုံ့။အညာယ၊
တပါးသော။ ဘာသာယ၊ ဘာသာဖြင့်။ ဗုဒ္ဓဝစနံ၊ ဘုရားစကား
တော်ကို။ တန္တိ ံ၊အစဉ်သို့။ အာရုဠ္ဠံ၊တင်အပ်သည် ဖြစ်အုံ့။ဝါ၊
တင်အပ်သည်ရှိသော်။ ပေါထေတွာ ပေါထေတွာ၊ ပုတ်ခတ်၍
ပုတ်ခတ်၍။ ဥဂ္ဂဟေတဗ္ဗံ၊သင်ယူအပ်သည်။ ဟောတိ၊ ဖြစ်၏။
ပန္၊သည်သာမကသေး။ ဗဟုဒ္ဓိ၊များစွာလည်း။ ဥဂ္ဂဟေတွာ၊သင်
ယူ၍။ဝါ၊သင်ယူသော်လည်း။ ပုထုဇ္ဇနာသ၊ပုထုဇဉ်အား။ ပဒ္ဒိ
သန္တိဒါပဒ္ဓတ္တိနာမ၊ပဒ္ဒိသန္တိဒါသို့ ရောက်ခြင်းမည်သည်။နတ္ထိ၊မရှိ။

မဂဝ ဘာသာဖြင့် ဘုရားစကားတော် ဖြစ်သော ပိဋကတ်သုံးပုံကို သင်ရခြင်းသည်။ အနက်ထင်
လွယ်ခြင်းအကျိုးရှိ၏။ ။ပဒ္ဒိသန္တိဒါပဒ္ဓတ္တိ၊လိုတို့
၏။ သောတ ပသာဒ၌ ကြာမြင့်စွာ တည်၏။
သောတပသာဒကို ထိကာမျှ၌၊ ကြားကာမျှ၌၊
နည်းအရာ,အထောင်,နှင့်တကွ အနက် အဓိပ္ပါယ်
ထင်ရှားနိုင်၏။ ။ဘာသာတကာတို့တွင်၊မဂဝ ဘာ
သာသည်၊ အသန့်ရှင်းဆုံး ဘာသာဖြစ်သည်။ ထို
ကြောင့်မြတ်စွာဘုရားသည်၊ အခြားသော ဘာသာ
စကားများကို၊ ပယ်စွန့်တော်မူ၍၊ မဂဝဘာသာ
ဖြင့်သာ ဟောကြားတော်မူလေသည်ဟု-သိအပ်
၏။ ။အခြားသောဘာသာဖြင့် ဘုရား စကားတော်
ကို တင်ထားအုံ့၊ဆင်းရဲ၊ ပင်ပန်းစွာ သင်ယူအပ်
၏။ ။အကြိမ်များစွာ သင်ယူသော်လည်း၊ ပုထုဇဉ်
ပုဂ္ဂိုလ်အား ပဒ္ဒိသန္တိဒါဉာဏ်သို့မဆိုက်နိုင်။

မြတ်စွာဘုရား မဂဝဘာသာဖြင့် ဟောကြားတော် မူသော်
လည်း၊ "ဝမ္မပ္ပဒ္ဒိဂ္ဂဟက" ဖြစ်ကုန်သော တရားနှာ ဟရိသတ်တို့

သည်၊ ပိပိတို့၏ ဘာသာ,ဝေါဟာရ,စကားအားလျော်စွာ၊အသီး အသီး သိရှိ နားလည်ကြကုန်သည်သာ ဖြစ်ကြကုန်၏။ တရားနာ ပရိသတ်တို့က၊ ပိပိတို့ သိရှိနားလည်ပြီး ဖြစ်သော ပိပိတို့ ဘာသာစကားဖြင့် ဟောကြားသည်ဟု-အသီး အသီး မှတ်ထင် ကြကုန်၏။ ။အစိန္တေယျော ဟိ ဗုဒ္ဓါနံ ဗုဒ္ဓါနဉ္စ ဘာဝေါ။ ။မြတ်စွာ ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် မြတ်စွာဘုရား တပည့်သား သာဝကာ ဖြစ်တော်မူကြကုန်သော ရဟန်းသံဃာ တော်တို့သည်၊အရပ်ထက်ဝန်းကျင်သို့လှည့်လည်၍၊တရားဟော ကြရာမှာလည်း ဘုရား ဟောတော်မူသော နည်းအတိုင်း လိုက် နာ၍ "မဂဓဘာသာ" ဖြင့်သာ ဟောကြားတော်မူကြကုန်၏။

အထူးထူးသော အမျိုး၊ အထူးထူးသော အယူ ဘာသာ ဝါဒမှလည်း ထွက်၍၊ မြတ်စွာဘုရား သာသနာတော်တွင်းသို့ ဝင်၍ ရှင်ရဟန်းပြုကြသူလည်း ရှိ၏။ထိုရဟန်းများလည်း၊ ပိပိ တို့၏ ဘာသာဝါဒကို စွန့်ပစ်၍၊မြတ်စွာဘုရား ဟောတော်မူရင်း "မဂဓဘာသာ" ဖြင့်သာလိုက်နာ သင်ကြား ဟောပြောကြရ ကုန်၏။ ။မြတ်စွာဘုရား မရှိသည့်နောက်လည်း၊"ပထမသံဂါ ယနာ" "ဒုတိယသံဂါယနာ" "တတိယသံဂါယနာ"တင်တော် မူခဲ့ကြသည်မှာလည်း၊ "မဂဓဘာသာ" ဖြင့်သာ တင်တော်မူခဲ့ ကြလေသည်။ထိုသံဂါယနာတင်၊အစဉ်အတိုင်းသာလျှင်၊သိဟိုဠ်၊ ယိုဒယား၊ မြန်မာပြည်၊ ပုဂံ၊မြင်းစိုင်း၊ စစ်ကိုင်း၊ ပန်းရ၊ ရတနာပုရ အင်းဝ၊ အမရပုရမန္တလေးတောင်မြို့၊မြောက်မြို့များတိုင်အောင်၊ အဆက်ဆက်သော သာသနာပြု "သာသနပါလက"မထေရ်တို့ သည်၊ ဘုရား အသုံးပြုတော်မူသော "မဂဓဘာသာ" ကိုသာ၊ အလေးအမြတ်ပြု၍၊သင်ကြား, ချပ်, ဆောင်လာတော်မူခဲ့ကြကုန် ၏။ ဘုရား စကားတော်တည်းဟူသော "ပါဠိမဂဓ" ကိုသာ၊ မတတ် တတ်အောင် သင်ကြား၍၊ပါဠိမဂဓ မပျောံပျက်အောင် စောင့်ရှောက်တော်မူခဲ့ကြကုန်၏။ ထိုကြောင့် ယခုအခါထင်ရှား ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်းတို့သည်လည်း။

ဘုရားအသုံးပြုသော ''မဂဝေါသာပါဠိ'' ကိုသာ၊ မပျက်စီးရအောင် လေ့လာ သင်ကြား၊ စောင့်ရှောက်၍ ထားခြင်းငှါ၊ အရေးကြီးလှသည်။

ရှေးအခါက၊ ဘာသာအမျိုးမျိုးကို၊ ရဟန်းများ တတ်မြောက်ကြသည်ဟု-အဠကထာ, ဋီကာများ၌ အဆိုရှိကြသည်ကား အမှန်ပင် ဖြစ်၏။ ထို ဘာသာ အမျိုးမျိုး တတ်မြောက်ကြသော ရဟန်းများကို၊ ရဟန်းပြုပြီးမှ အခြားသော ဘာသာများကိုလည်း သင်ကြား၍ တတ်မြောက်ကြသည်ဟု-မဆိုနိုင်။ လူဖြစ်စဉ်က ဘာသာအမျိုးမျိုးကို တတ်မြောက်ပြီးမှ၊ ရှင် ရဟန်း ပြုလုပ်လာကြသော ရဟန်းများလည်း များစွာရှိပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော၊ မင်းသားတို့ တတ်ရာ ''တဆဲ့ရှစ်ရပ်သော'' အတတ်များကို တတ်ပြီးမှ၊ ရဟန်းပြုလာသူ၊ ထီးဆောင်းမင်းပြုပြီးမှ၊ ရဟန်းပြုလာသူ၊ ဘုရားလက်ထက်က၊ အများပင် ရှိကြောင်း ''ပါဠိတော်, အဠကထာ, ဋီကာ'' တို့၌။ အဆို ထင်ရှားရှိပေ၏။ ထိုကဲ့သို့သော ရဟန်းများကိုလည်း သာဓကပြု၍၊ ယခုအခါ ရဟန်းများ ဘာသာ သန္တာန်ရသင်ကြားသင့်သည်ဟု-မဆိုနိုင်။

သမောအဠကထာ၌ ပြဆိုသော (**တိသဒ္ဓတ္ထမထေ**ရ်)တဆဲ့ရှစ်ရပ်သော ဘာသာများကို သင်ကြား၍၊ အာဘယ်ဘာသာဖြင့် တရားဟောရမည်နည်းဟု- တရားဟောရန် ဘိတ်ကြားခြင်းမှာ လည်း။ ၎င်း တိသဒ္ဓတ္ထမထေရ်သည်၊ အသီး အသီး၊ သော၊ တဆဲ့ရှစ်ရပ်သော အတတ်သည်ဆရာကြီးတို့ထံ၊ ဒုံ, ပဆစ်, တုပ်၊ လွန်စွာအားထုတ်၍၊ သင်ကြားသည်ဟု-မဆိုလို။ ၎င်းပြင်-နိုင်ငံရပ်ခြား၊ တိုင်းတပါးသို့ လှည့်လည် သွားလာ၍၊ သင်ကြားသည်ဟုလည်း၊ အဠကထာဆရာ မဆိုလို။ တိသဒ္ဓတ္ထမထေရ်သည် ပညာကြီးကျယ်သည်၏ အဖြစ်ကြောင့်။ ထိုထိုဘာသာကိုဆိုစေ၍၊ သင်ယူသည်ဟုသာ-ဆိုသည်။ နှစ်ရှည်လများ-ကာလကျားစွာ အခြားဘာသာကိုသင်ကြားသည်ဟုမဆိုလို။ ၍အဓိပ္ပါယ်ကို၊

"သော ဟိ မဟာပညာတာယ တံတံဘာသံ ကထာပေတွာ ကထာပေတွာ ဥဂ္ဂဏ္ဍိ"-ဟူသော သင်ကြားပုံ အခြင်းအရာပြု ဝါကျ၌ "မဟာပညာတာယ" ဟူသော ဟိတ်ပါဒ်နှင့် "ကထာ ပေတွာ ကထာပေတွာ" ဟူသော ကြိယာဝိသေသန - ဝိဆိုရာ စကားကို ထောက်၍သိရာ၏။ ။

တံပန အတ္တနော ဥဂ္ဂဟေ ဌတွာ ပဝါရိတံ၊ဟူသောဝါကျကို ထောက်လျှင်လည်း၊ရဟန်း မဖြစ်မီ၊ပဋိ သန္ဓိဒါဌာဏ်သို့မရောက်မီ ကပင်၊ သင်ယူခဲ့ပြီးဟု-အဓိပ္ပါယ်ယူရာသေး၏။ ဤအရာ၌ အဋ္ဌ ကထာဆရာ-တိသဒတ္တမထေရ်အကြောင်းထုတ်ဆောင်၍ ပြ ခြင်းသည်၊ပဋိသန္ဓိဒါကိစ္စ မဟုတ်ကြောင်းထင်ရှားစေလို၍သာ၊ ထုတ်ဆောင်၍ပြခြင်းဖြစ်သည်။ ဘာသာခြား၊ ဘာသန္တရ၊ သင် ကြား၍၊ ဘာသန္တရနှင့် (**တိသဒတ္တမထေရ်**) တရားဟောသည် ဟု-သိစေလိုသောကြောင့်၊ ထုတ်ဆောင်၍ပြခြင်းမဟုတ်လော။ထို ကြောင့်ဤသမောအဋ္ဌကထာပြု တိသဒတ္တမထေရ်ဝတ္ထုကို-ကိုး ကားဖေါ်ပြ၍၊ရဟန်းများ ဘာသန္တရသင်ကြားကောင်း၏။ ဟု-မဆိုသင့်လေ။ ။ဥဂ္ဂဏ္ဍာ-သင်ယူခြင်းနှင့်ပရိယာပုဏန-သင်ယူခြင်း အထူး ကိုလည်း-ကြံကြလေဦး။ ။

ဖြတ်စွာဘုရားထက်၊ "ဒေသဘာသာ"ကို လိမ္မာ တတ်မြောက်သူ မရှိ။ တတ်မြောက်သော်လည်း၊ ထိုထို ဘာသာကို စွန့်ပစ်၍၊ "မဂဓဘာသာ" ကိုသာ၊ အသုံးပြုတော်မူသည်ကို သတိပြု။

ဖြတ်စွာဘုရားသည်၊ "ဒေသနာ.ကထာ" ကိုသာ၊ ဝေနေ ယျဇ္ဈာသယသို့လိုက်၍-"**သမ္ဘုတိကထာ,ပရမတ္ထကထာ**"ဟု-နှစ်ပါးထား၍ ဟောတော်မူသည်။ ဒမိဠဘာသာတတ်သူတို့ကို၊ ဤသူကား ဒမိဠဘာသာ တတ်သူဟုနှုတ်သွင်းတော်မူ၏။ ဒမိဠ ဘာသာနှင့် မဟော။ "မဂဓဘာသာ" ဖြင့်သာ ဟောတော်မူ သည်။ ထိုအတူ အခြားသော ဘာသာတို့သို့လည်း လိုက်၍ ဟောတော်မမူသည်ကို သိကြရာ၏။

ရတနာပုရ-အင်းဝ၊"ဒုတိယ မင်းခေါင်" လက်ထက်၌၊ **သျှင်သီလဝံသ-သျှင်မဟာရဋ္ဌသာရ** မထေရ်တို့သည်၊ ဘုရားဟောရင်း မဂဝေပါဠိမှ၊မြမ္မာဘာသာ-"လက်ာ"ပြန်ဆို ရေးသားကြရာ၌၊ မျှားစွာလိုက်စားမှု ရေးသားတော်မူလေ့ရှိခဲ့ကြကြောင်း။ ထိုအခါမှာ-"သိက္ခာကာမ၊ လဇ္ဇီပေသလ"ဖြစ်မှု၊ ဘုရားဟောရင်း၊ မဂဝေပါဠိကိုသာ အလေးပြုမှု သင်ကြား,ချီး,စောင့်ရှောက်တော်မူလိုကြသော မထေရ်ကြီးတို့သည်၊"လက်ာ-ဂဗျာ-"ရေးသားခြင်းမှ လိုက်စားကြကုန်သော(သျှင်သီလဝံသ-နှင့်-သျှင်ရဋ္ဌသာရ မထေရ်)တို့ကို(**သာဓုခေါ်သည်**)တို့ဟု-ကဲ့ရဲ့စကား ပြောကြား ကြကြောင်း။**အခါတပါး**-အဝမင်းခေါင် ရှင်ဘုရင်က-"သိမ်တော်" သမုတ်၍ ကုသိုလ်တော်ပြုလုပ်ရာမှာ (**သာဓုခေါ်သည်**) တို့နှင့် အတူတကွ"သိမ်" မသမုတ်နိုင်ကြောင်းပြောဆိုကြသည်-ဟု၍ လည်း-"**သာသနာဝံသစာတမ်း**"မျှားမှာတွေ့ဘူးကြောင်း။ ။

အမရပုရမြို့ (ဘိုးတော်ဦးဇိုင်း) မင်းတရားကြီး လက်ထက်မှာ၊စာတော်လူထွက် အမတ်ကြီး နှစ်ယောက်ရှိရာတွင်၊ မောင်းထောင်"သာသနာပိုင်"လူထွက် (ဦးမြတ်နေ) "မဟာခံမွှသကြီ့ ဘွဲ့ခံ" မင်းတိုင်ပင်အမတ်ကြီးက၊ပါဠိမဂဝ,မပျက်စေလို၊ မဂဝကို စောင့်ရှောက်လိုသော သဘောဆန္ဒ မျှားစွာရှိကြောင်း၊ ၎င်းအမတ်ကြီးရေးသားချက်မျှားကို တွေ့ရှိရသဖြင့်သိရလေသည်၊

"ရာဇဂုရု"၊ စာတော်လူထွက် (ဦးလေ) "မဟာရာဇသကြီ့ ဘွဲ့ခံ" မင်းတိုင်ပင် အမတ်ကြီးက၊ ပါဠိမဂဝကို၊ မတတ်သူတို့အတွက်(နေမိဿကဝိဒူရာ)ကျမ်းကို၊ မြမ္မာဘာသာ"လက်ာ"ရေးသား၍၊ (ဘိုးတော်ဦးဇိုင်းအား)ဆက်သွင်းရာ၊ မောင်းထောင်"သာသနာပိုင်"-လူထွက်-ဦးမြတ်နေက၊ "ပါဠိမဂဝ"ကို ဖျက်သည်ဟု-စွပ်စွဲ၍-မနှစ်သက်လေ။

လယ်တီဆရာတော်ကြီး။ "အဘိဓမ္မတ္ထသင်္ဂဟ-" သင်္ကြိုဟ်ကျမ်းကို၊ပါဠိမဂဝမှ၊"သံခိပ်လက်ာ-"ပြုလုပ်၍-လူသားမျှားကို

သင်စေရာ၊ ပါဠိကိုဖျက်သည်,ဟု၊ ယခုထက်တိုင် အချို့သော ဆရာတော်ကြီးများ မနှစ်သက်သဖြင့်၊၊ရေးသားချက်များ ရှိလေသည်။ ။

ဤသို့လျှင်၊ ရှေးရှေးသော မထေရ် အဆက်ဆက်တို့၊ ဘုရားဟောရင်း၊ ပါဠိမဂဝကိုသာ၊ မပျက်စီးရအောင် စောင့်ရှောက်တော်မူလာသဖြင့်၊ ယခုအခါမှာလည်း၊ ပါဠိမဂဝကိုသာ စောင့်ရှောက်သင်ကြားရန် အရေးကြီးလှသည်။ ဘာသာနှုတ်ကို၊ စောင့်ရှောက်သင်ကြားရန်၊ အရေးမကြီးလှပေ။ အဘယ်ကြောင့် ဆိုသော်၊မြတ်စွာဘုရား စကားတော်သည်၊ ''ပါဠိ''ဟူသော မဂဝဘာသာ၌သာလျှင် တည်ရှိ၍၊ မြတ်စွာဘုရား အသုံးပြုတော်မူသော ဘာသာဖြစ်သဖြင့်၊ အလေး ပြုအပ်သောကြောင့်ပေတည်း။

အင်္ဂလိပ်စာအတွက်၊သာသနာဆုတ်ယုတ်ပုံ။

ဗုဒ္ဓဘာသာ''မွန် မြန်မာ''တို့သည်၊ရှေးအခါက၊ ''ဗုဒ္ဓဘာသာ ကျမ်းစာများ''ကိုသာ လေ့လာအားထုတ်၊သင်ကြား၍၊စိတ်နှလုံးနှုးညံ့စွာနှင့် အသက်မွေးမြူ လာခဲ့ကြ၏။ ယခုအခါမှာမူကား။ ''ရာဇာခံ့ အနုဝတ္တကော ဟိ လောကော''-ဟူသည်နှင့် အညီ၊ လောကီလူသားတို့မှာ၊ယခုပစ္စုပ္ပန်လောက၊ အာဟာရပရိယေသနအတွက်၊သက်သက်ကို ငဲ့၍၊အင်္ဂလိပ်စာကိုသင်ကြားကြရလေသည်။ ကိုးကွယ်ရာ သာသနာကို ကြီးပွားစေမည်-ဟု၍လည်း သင်ကြားခြင်းမဟုတ်။ စိတ်နှလုံး နှုးညံ့ ပြေ့ပျောင်း၍ သံသရာလမ်းကြောင်း ကောင်းလိမ့်မည်ဟု ရည်ရွယ်၍ သင်ကြားခြင်းလည်း မဟုတ်ကြလေ။ ထိုကြောင့် ထိုအင်္ဂလိပ်စာကို''လောကစာ''-''လောကာယတစာ''-''လောကီယစာ'' -ခေတ်ကာလအလျောက်၊ အသက်မွေး ဝမ်းကျောင်း၊''အလုပ်ရှာစာ'' ဟု၍ပင်ခေါ်ဆိုရ၏။အဂါရိက လူသားတို့မှာ၊မလွဲမကင်းသာ သင်ကြားရသော စာဖြစ်၏။ အနဂါရိက၊ ရဟန်းတို့မှာကား၊ ပြဆိုခဲ့ပြီး

သော ဥဒါန်းပါဠိတော်လာ ဘုရားမိန့်တော်မူချက်ကို ထောက်၍၊ သင်ကြား, ချမှု, ရန်မဆိုထားဘိ၊ သင်ကြားရန် အကြောင်း၊ပြော ကြားခြင်းမျှ၊ရဟန်းတို့အား မသင့်လျော်ဟု-သိရ၏။

အဂါရိက လူသားတို့မှာ၊ ၎င်း "အလုပ်ရှာစာ"ကို၊ ပစ္စုပ္ပန် လောကအတွက် ငဲ့ကွက်၍၊အရေးကြီးစွာ သင်ကြားအားထုတ် နေရသဖြင့်၊ လောကုတ္တရော"သာသနိကကျမ်းစာ"မျှားကို ဟုတ် မှန်စွာ၊ နက်နက် နဲးနဲး သိရှိအောင် မသင်ကြားကြရခြင်းကြောင့် နက်နက် နဲးနဲး သိစရာ၊ "သာသနဗဟုသုတပညာ" မှ- ဆုတ် ယုတ်လျက် ရှိကြ၏။ယင်းကဲ့သို့၊သာသနာဘက် ဆိုင်ရာက၊သင် ကြားခြင်း ဆုတ်ယုတ်၊ အသိညာဏ် ဗဟုသုတ ဆုတ်ယုတ် သည်ကိုပင်၊ သာသနာ ဆုတ်ယုတ်သည်ဟု- ဆိုရသည်။ ၎င်း အကြောင်း အရာနှင့် စပ်လျဉ်း၍၊ **သာသနဗဟုသုတမှကာ သနီ** ကျမ်းခွဲ အကျယ်ရေးသားပါရှိလေပြီ။

သာသနာ အလွန်စည်ကားခဲ့ဘူးသော သီဟိုဠ်ကျွန်း အပြင်၌၊ သာသနာ ဆုတ်ယုတ် ပျက်ပြားလျက် ရှိရသည်မှာ၊အခြားကြောင့် မဟုတ်ပေ။ ဤအင်္ဂလိပ်စာကိုပင်၊လူရောရှင်ပါ လိုက်စား၍၊သင် ကြား,ချမှု,ခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့အတွက် ငါတို့မြန်မာတိုင်း ဘွား ရဟန်းတော်များနှင့် တက္ခ-ဒါယကာ ဒါယိကာမ အားလုံး တို့က၊သာသနာဆုတ်ယုတ်မည့်အရာဌာနဆိုလျှင်၊ အထူးဂရုပြု၍ရှောင်ကြဉ်သင့်ကြ၏။ ။

---

၆၈ ဘာသာဖြင့်သင်ကြားသင့်ကြောင်း။

"ယမေဌက"ရှာသား၊ပုဏ္ဏား ညီနောင် နှစ်ယောက်တို့သည်၊ သာသနာတော်တွင်းသို့ ဝင်၍-ရဟန်း ပြုကြပြီးလျှင်၊အခါတပါး မြတ်စွာဘုရားကို လျှောက်ထားကြ သည်မှာ။ ။ဇေတရဟိ ဘန္တေ ဘိက္ခု။ နာနာနာမာ နာနာဂေါတ္တာ နာနာဇစ္စာ နာနာ ကုလာ ပဗ္ဗဇိတာ၊တေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ဒူသေန္တိ၊

ဟာန္ မယံ ဘဏ္ဍ ဗုဒ္ဓဝစနံ ဆန္နသော အာရောပေမာတိ။ ။ မြတ်စွာဘုရား ယခုအခါ၌ အထူးထူးသော အမည်၊အထူးထူးသော အနွယ်၊ အထူးထူးသော ဇာတ် ရှိကုန်သော၊ အထူးထူးသော အမျိုးမှ ထွက်၍၊ ရှင်ရဟန်း ပြုကြကုန်သော ရဟန်းတို့သည် ရှိပါကုန်၏။ ။ထိုအထူးထူးသော ဇာတ်ရှိကုန်သော ရဟန်းတို့သည်၊ဝိဝိတို့၏ ခေါ်ဝေါ် သုံးစွဲမြဲ ဖြစ်သော ဘာသာစကား ဖြင့်၊ မြတ်စွာဘုရား စကားတော်ကို ဗျက်ဆိုးကြပါကုန်၏။ ။ ထိုကြောင့်-ယခုအခါ၌၊တပည့်တော်တို့သည်၊မြတ်စွာဘုရား စကားတော်ကို၊"ဆန်းသင်္ကရိုဋ်"ဘာသာအားဖြင့်၊ တင်ထားလိုကြပါကုန်၏။ ဟု-လျှောက်ထားကြသည်။

"တေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ဒူသေန္တိ" ဟူသည်၌၊ ဗုဒ္ဓဝါပါဠိတော်နှင့်သျှသစ်ကို၊ပြုစီရင်တော်မူသော "စနိကျောင်းဆရာတော်ဘုရားကြီး" သည်၊ "သကာယနိရုတ္တိယာ" ဟူသော ပါဠိဖြင့်- အထူးထူးသော အမျိုးမှထွက်၍၊ ရှင်ရဟန်း ပြုကြကုန်သဖြင့်၊ ထိုရဟန်းတို့၏ အထူးထူးသော "ဒေသဘာသာ" ကို၊ ယူတော်မူလိုသည်။ "သက္ကဋ,ဒမိဋ္ဌ,အန္ဓက" စသော ဘာသာဖြင့် ဘုရားစကားတော်ကို ဗျက်ဆိုးကြသည်ဟု-ဆိုလိုသည်။ ။"ဝိမတိဋ္ဌိကာ" အလိုအားဖြင့် မဂဓ ဘာသာကိုပင်၊ "သကာယနိရုတ္တိယာ" အရယူ၍၊ထိုမဂဓဘာသာကို၊ ယုတ်သောဇာတ်ရှိကုန်သောသူတို့ သင်ကြားသည်ကို "ဗျက်ဆိုးသည်" ဟု-ဆိုလိုသည်။ ပုဏ္ဏားမျိုး ရဟန်း ညီနောင်က၊ သူတို့၏ "ပုဏ္ဏားဘာသာ"ဖြစ်သော "ဆန်းသင်္ကရိုဋ်" ဘာသာဖြင့်-ဘုရား စကားတော် အစဉ်ကို၊ တင်လိုကြောင်းနှင့် လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားသည်၊ ထိုလျှောက်ထားသော ပုဏ္ဏားမျိုး ရဟန်းများကို၊ အထူးထူး အပြားပြား များစွာ ကဲ့ရဲ့ ရှုတ်ချတော်မူ၍၊ ထိုအကြောင်းအား လျော်သော တရားစကားကို ဟောပြောတော်မူပြီးလျှင်၊ ရဟန်း အပေါင်းကို ခေါ်တော်မူ၍၊ သိက္ခာပုဒ်ပညတ်တော်မူ၏။

"နု ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ ယော အာရောပေယျ အာပတ္တိ ဒုက္ကဋသ"ဟု-ပညတ်တော်မူ၏။ ။ ဘိက္ခဝေ၊ရဟန်းတို့။ ဗုဒ္ဓဝစနံ၊ဘုရားစကားတော်ကို။ ဆန္ဒသော၊ ဆန်းသယ်ကရိုဋ္ဌာသာအားဖြင့်။ နအာရောပေတဗ္ဗံ၊မတင်အပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အာရောပေယျ၊ တင်ညားအုံ့။ အသဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋသ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပတ္တိနှုန်း၊ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

ဘုရားစကားတော် မဟုတ်သော သက္ကဋဘာသာ ဗေဒင်စကား အစဉ်ကဲ့သို့၊ ဘုရား စကားတော်ကို "သက္ကဋဘာသာ"ဖြင့်၊ စကားအစဉ် မတင်အပ်ဟု-ပယ်တော်မူသည်။

မြတ်စွာဘုရား စကားတော်ကို၊ အခြားသော ဆန်းသယ်ကရိုဋ္ဌာသာဖြင့် တင်ခြင်းကို၊ တားမြစ်ခြင်း"ပဋိက္ခိတ္တ သိက္ခာပုဒ်"ကို ပညတ်တော်မူပြီးမှ၊ မဂဓဘာသာဖြင့်သာ တင်ထား, သင်ကြားခြင်းကို ခွင့်ပြုတော်မူလို၍၊"အနုညာတသိက္ခာပုဒ်"ကို ပညတ်တော်မူသည်။ ။

"အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုန္တိ"ဟု-ပညတ်တော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။သကာယ နိရုတ္တိယာ၊ မြတ်စွာဘုရား အသုံးပြု၍ ဟောတော်မူခြင်းကြောင့်၊ မြတ်စွာဘုရား၏ စကားတော် ဟူသော မဂဓ

ဘာသာဖြင့်။ ဗုဒ္ဓဝစနံ၊ဘုရား စကားတော်ကို။ ပရိယာပုဏိတုံ၊ သင်ကြားခြင်းငှါ။ အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။ ဝါ၊အလျောက်ကို သိစေတော်မူ၏။

အနုညာတသိက္ခာပုဒ်ဖြင့်၊ "မြတ်စွာဘုရား စကားတော်" ကို၊ မြတ်စွာဘုရား ဟောရင်း "မဂဓဘာသာ" ဖြင့်သာ သင်ကြားရမည်၏။ အဖြစ်ကို၊ မုချ တိုက်ရိုက် သိသာထင်ရှား၏။ အခြားသော ဘာသာအားဖြင့် တင်ထားခြင်း၊ သင်ကြားခြင်းကို၊ ဘုရားအလိုတော် မရှိဟု-သိအပ်၏။

သကာယ နိရုတ္တိယာတိဏ္ဍေ သကာနိရုတ္တိနာမ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တပ္ပကာရော မာဂဓိက ဝေါဟာရော။ **။ရင်း သိက္ခာပုဒ် အဋ္ဌကထာ။ ။**

သကာယ ပန မာဂဓိကာယ နိရုတ္တိယာ ပရိယာပုဏိတဗ္ဗံ။ **။ဒီနယသင်္ဂဟအဋ္ဌကထာ။ ။**

သသ ဧသော သကာ၊ဘာဝဝတော ဝစနန္တ်ရေ။ **။ဒီနယာ လင်္ကာရဋီကာ။ ။**

သကာတိ - သမ္မာသမ္ဗုဒ္ဓသဒ္ဒါတသ သသ အတ္တနော ဧသော သကာ။ တေန ဝုတ္တံ သမ္မာသမ္ဗုဒ္ဓေနာတိ။ သမ္မာသမ္ဗုဒ္ဓေန ဟိ မဂဓနိရုတ္တိယာဝေ ဓမ္မော ဘာသိတော၊ တသ္မာ သာ မဂဓ နိရုတ္တိ သကာနာမာတိ ဝုစ္စတိ။ **။ရူပဝါအဋ္ဌကထာ ယောဇနာ။ ။**

ယောဇနာအနက်။ ။သကာတိ၊ သကာ ဟူသည်ကား။ သမ္မာသမ္ဗုဒ္ဓသဒ္ဒါတသ၊သမ္မာသမ္ဗုဒ္ဓဟု-ဆိုအပ်သော။ သသ အတ္တနော၊ မြတ်စွာဘုရားဟူသော မိမိ၏။ ဧသော၊ စကားတော်

တည်းဟူသော ဥစ္စာတည်း။ သကာ၊မြတ်စွာဘုရားဟူသော ဗိုဗို ၏ စကားတော်တည်း ဟူသော ဥစ္စာ။ တေန၊ထိုကြောင့်။ သမ္မာ သမ္ဗုဒ္ဓေနာတိ၊ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုအပ်၏။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ မဂဝနိရုတ္တိယာ၊ မဂဝသဒ္ဒပညတ်ဖြင့်သာလျှင်။ ဝါ၊ မဂဝ ဝေါဟာရဖြင့်သာလျှင်။ ဝါ၊ မဂဝစကားဖြင့်သာလျှင်။ ဝမ္မော၊ တရားတော်ကို။ ဘာသိတော၊ဟောတော်မူအပ်၏။ တသ္မာ၊ထို ကြောင့်။ သာမဂဝနိရုတ္တိ၊ ထိုမဂဝသဒ္ဒပညတ်ကို။ ဝါ၊မဂဝ ဝေါဟာရကို။ဝါ၊မဂဝစကားကို။ သကာနာမာတိ၊သကာနာမ-ဟူ၍။ဝါ၊မြတ်စွာဘုရား စကားတော်ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

"သကာယနိရုတ္တိယာ" ဟူသော ပါဠိ၌။ မြတ်စွာ ဘုရား၏ စကားတော် ဖြစ်သော သဒ္ဒ ပညတ် သည်၊သကာယနိရုတ္တိမည်၏။ "မဂဝဘာသာ" ပင်တည်း။ ထို မဂဝ ဘာသာဖြင့်သာ ဘုရား စကားတော်ကို သင်ကြားရမည် ဟူလို။ အခြား သော ဘာသာဖြင့် တင်၍ မသင်ကြားရ ဟု-ပယ်မြစ်ရာ ရောက်သည်။

"နှ ဘိက္ခဝေ ဇုဠ္ဍဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ" ဟူ သော-ဝဠုကိုဗျတ္တိသိက္ခာပုဒ်တော်၌။ "ဆန္ဒသော" ဟု-ပါရှိသော ကြောင့် "ဆန်းသသ်ကရှိ" ဘာသာအားဖြင့်သာ ဘုရားစကား တော်ကို မတင်ကောင်း - မလွှဲပြောင်းကောင်းသည်။ အခြား သော "ဒမိဠ,အန္ဓက,မိလက္ခ,သြဠ,ကိရာတ,ယောနက,သိဟဠ, ဘာသာ၊"ယခုအခါထင်ရှားရှိသော၊ "အင်္ဂလိပ်, တရုတ်, ဂျာပန်, တိဗက်" စသော ဘာသာဖြင့်၊ တင်ထား ပြောင်းလွှဲကောင်း သည်ဟု-မမှတ်ထင်ကြရာ။အဘယ်ကြောင့်နည်း ဟူမူကား၊မြတ် စွာဘုရား သိက္ခာပုဒ် ပညတ်တော်မူခြင်းသည်၊ "အဇ္ဈေ၊ပဒေ"

အားလျော်စွာ ပညာတ်တော်မူမြဲ ဖြစ်၍၊ အတ္ထုပ္ပတ္တိ အလျောက် "ဆန္ဒသော နာ အာရောပေတဗ္ဗံ" ဟု-ပညာတ်တော်မူသည်။ အ ကယ်၍"ဟန္ဒ မယံ ဘန္တေ ဗုဒ္ဓဝစနံ ယာယကာယစိ ဘာသာယ အာရောပေမ"ဟု-အတ္ထုပ္ပတ္တိဖြစ်ပေါ်သည်ဖြစ်အံ့။"အတ္ထုပ္ပတ္တိ" အလျောက်။ ။"နာ ဘိက္ခဝေ ဗုဒ္ဓဝစနံ ယာယ ကာယစိ ဘာသာ ယ အာရောပေတဗ္ဗံ" ဟု- ပညာတ်တော်မူမည် မရှေ့တ် စင်းစင်း တည်း။ ဤသဘော ထင်ရှားသည်မှာ၊ "အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုန္တိ"ဟူသော-အ နုညာတသိက္ခာပုဒ် ပညာတ်တော်မူသည်ကို ထောက်၍ သိသာ ထင်ရှားသည်။ ၎င်း "အနုညာတသိက္ခာပုဒ်"ကို ပညာတ်တော်မူ ခြင်းသည်၊ ဘုရားစကားတော်ကို အခြားသော ဆန်းသက်ကရိုဋ္ဌ ဘာသာဖြင့် တင်ထားလိုခြင်း "အတ္ထုပ္ပတ္တိ"ဖြစ်ပေါ်သည်ကို အ စွဲးပြု၍ ပညာတ်တော်မူခြင်း ဖြစ်သည်။ "နာ ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ" ဟူသော - ရှေး "ပဋိက္ခိတ္တသိက္ခာ ပုဒ်" ဖြင့်၊ မြတ်စွာဘုရား စကားတော်ကို ဆန်းသက်ကရိုဋ္ဌဘာ သာဖြင့်တင်ခြင်းကို၊ မရှေ့တိုက်ရိုက်"နိတ္ထ" ပယ်ရှားတော်မူ သည်။ နောက် "အနုဇာနာမိဘိက္ခဝေ" ဟူသော- အနုညာတ သိက္ခာပုဒ်ဖြင့်၊ဘုရားဟောတော်မူရင်း"မဂဒဘာသာ" ဖြင့်သာ၊ သင်ကြားခြင်းကို ပြုရမည်ဟု-ခွင့်ပြုတော်မူသဖြင့်၊ အခြားသော မည်သည့်ဘာသာနှင့်မဆို၊ ပြောင်းလဲ၊ တင်ထားခြင်း,သင်ကြား ခြင်း,ကို မပြုရဟု-ပယ်မြစ်တော်မူသည်ကို သိကြရာ၏။

ထိုကြောင့် မြတ်စွာဘုရားစကားတော်ကို၊ ဟောတော်မူရင်း မဂဒဘာသာမှ တပါးအခြားသော ရှုတ်ထွေး, သိခက်, သော ဘာသာများနှင့် ပြောင်းလဲ၊ တင်ထား လိုသူတို့မှာ၊ဘုရား အဆူ ဆူ ရှေ့တ်သော်လည်း၊ မကျေတ်မည်အပြင်၊ ဇရေးမှာ ခံကြရမည်ကို သတိပြုသင့်ကြသည်။ အဘယ်ကြောင့်နည်း ဟူမူကား၊ ရှေးရှေး လွန်လေပြီးသော ဘုရားရှင်များလည်း၊ မဂဒဘာသာဖြင့်သာ ဟောတော်မူခဲ့၍၊ ငါတို့ ဂေါတမမြတ်စွာဘုရားလည်း၊ မဂဒ

ဘာသာဖြင့်သာ ဟောတော်မူသည်။ နောင် ပွင့်တော်မူလတ္တံ့. သော ဘုရားရှင်များလည်း၊ မဂဓဘာသာဖြင့်သာ ဟောကြား တော်မူကြမည်ဖြစ်၍၊ ဤဘုရားသာသနာတော်က၊ မဂဓဘာသာ ကိုလေ့လာအားထုတ်ခြင်း"ဥပနိဿယ"မရှိသဖြင့်၊နောင်ဘုရား များ မဂဓဘာသာဖြင့် ဟောတော်မူသောအခါမှာ မသိနိုင်ခြင်း ကြောင့်၊ အကျွတ်တရားကို ရကြမည် မဟုတ်။ ယခုဘုရားရှင် စကားတော်ကိုလည်း၊ အခြားသော"အဂ်လိပ်ဘာသာ"စသည် ဖြင့် တင်၍ ဘုရားအလိုတော်ကို ဖျက်ဆီးခြင်းကြောင့်၊ ငရဲမှ လွတ်ရက်မရှိ ဖြစ်ကြမည်ကိုလည်း သတိပြုကုန်။

အကွေ့ရှုပြောင်းလွှဲးတင်ထားခြင်းအကြောင်း။

ယခုအခါ၊ အချို့သော"သက္ကဋ္ဌည"ဆရာတို့သည်၊ပုဒ်ပဒကို၊ သုဓိသင်,ဆုံးဖြတ်,ရာများ၌"ပါဠိအဗိဓေ္ဓယျ-ဓိနဝစနယုတ္တံဟိ" ဟူသည်များကို မထောက်ထားဘဲ၊ "သက္ကဋ္ဌဗျာကရဏား" စ သည်တို့၌၊ ဤကဲ့သို့ ရှိသဖြင့်၊ "သက္ကဋ"သို့ လိုက်၍၊ ဤလိုသာ ဤပုဒ်အရ ရှိသင့်သည်ဟု-မိမိတို့၏ သက္ကဋဘာသာ၌ လေ့လာ အားထုတ် ပြုလုပ်ဘူးသော သတ္တိကို ပြ၍ဆုံးဖြတ်လေ့ ရှိကြ သည်။ထိုပုဂ္ဂိုလ်များသည်"ပဒနိပ္ဖန္နနယဒဿန"ပုဒ်ပြုခြင်းနည်း မျှကိုသာ ပြ၍"သက္ကဋကျမ်း"သို့ လိုက်ပါ ဆုံးဖြတ်မူကား၊ နိဒ္ဒေ. **သ** ဖြစ်ရာသေး၏။"ဆန္ဒာရောပန"သဘောသို့ ရောက်စေ၍၊သုဓိ သင်,ဆုံးဖြတ်,မူကား။"နှ ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရော ပေတဗ္ဗံ၊ ယော အာရောပေယျ အာပတ္တိဒုက္ကဋသ" ဟူရကား၊ **သ**ဒေါ**သ**ဖြစ်ရာ၏။သတိပြုကြကုန်။

အရှင်မဟာကစ္စည်းမထေရ်သည်၊ သဒ္ဒါကျမ်းတွင် **ပ**ရ**သ**မ **ညာ**ပ**ရော**ဂ ဟူသော၊ သုတ်ကို ထည့်စွက် တည်ထားတော်မူ ခြင်းသည်လည်း၊ အရာဌာနတိုင်း၌ "သက္ကဋဘာသာ, သက္ကဋ

ကျမ်း"အဆိုသို့၊ လိုက်ပါ ဆုံးဖြတ် စေလိုသောကြောင့်၊ တည်ထားခဲ့သည် မဟုတ်။ အမည်သညာ မှည့်ဆိုခြင်း အရာ၌ ယှဉ်သင့်က ယှဉ်ရန်၊ အမည် မှည့်ဆိုသင့်က မှည့်ဆိုရန် အတွက် တည်ထားခဲ့သည်။

ရှေးရှေးသောကျမ်းပြု မထေရ်တို့သည်၊ မဂဓဘာသာ ဘုရားရှင်စကားတော်ဖြစ်သော ပါဠိတော်နှင့် တိုက်ဆိုင် ညီညွတ်၍၊ မဂဓဘာသာ ပါဠိတော်, အဋ္ဌကထာ, တို့၌ ကျေးဇူးများမည်ဖြစ်သော ''သက္ကဋဘာသာကျမ်း'' တို့ကို၊ မဂဓဘာသာသို့ပြန်ဆိုရေးသားတော်မူကြပြီးလျှင်၊သင်ကြားစေကြသော ''ဂန္ထိုဂရ'' များကားထင်ရှား၏။ မဂဓဘာသာမှ၊ သက္ကဋဘာသာသို့ပြန်ဆိုရေးသား၍၊ ၄သင်ကြားစေခဲ့သော ''ဂန္ထိုဂရ'' မထင်ရှားလေ။ ယင်းကဲ့သို့ မထင်ရှားခြင်းသည်၊ ''နဿ ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆဇ္ဇသော အာရောပေတဗ္ဗံ'' ဟူသော - သိက္ခာပုဒ် တော်ကြီးကို၊ ကျော်နှင်း, လွန်ကျူး,ခြင်းကို မဝံ့ကြသောကြောင့်သာ ဟု-မှတ်ယူရာ၏။

အဓိပ္ပာယ်ချက်။ ယခု-ဇာတ်ယခေါ် ''မဏ္ဍိမ''ဒေသမှာ၊ နောက်လွန်ခဲ့သော နှစ်ပေါင်း- ၆၀၀- ကျော်၊ ၇၀၀- လောက်က၊ဟိန္ဒူဘာသာဝင်- ဒေလီမင်း လက်ထက်တွင်၊ ၎င်းဒေလီမင်းသည် ''ဗုဒ္ဓဘာသာကျမ်းစာ''များကို၊ ''သက္ကဋဘာသာ''သို့ တင်ရမည်ဟု-အမိန့်ထုတ်သောအခါ၊ ဗုဒ္ဓဘာသာဝင် ရဟန်း ၅၂ လူများက၊ တောင်းပန် ကန့်ကွက်သော်လည်း မရသည်ဖြစ်၍ ''သက္ကဋဘာသာ'' သို့ တင်၍၊ သင်ကြား ကြရသည်။ ၎င်း နောက် မကြာမြင့်မီ၊ ဘာသာအပယူဝါဒ၊ အမျိုးမျိုး ကွဲပြားမှု-ငါတို့ သာသနာတော် မသန့် မရှင်း ဖြစ်ပြီးလျှင်၊ ၎င်း ''ဇာတ်ယ'' မှာ- သာသနာ ကွယ်

ပျောက်ခဲ့ရသည်ဟု- ဆရာတော်ကြီးများ ပိန့်ဆို တော်မူကြသည်ကို ကြားသိရဘူးသည် အပြင်၊ "စာတမ်း စာမှတ်" များ ကိုလည်း တွေ့ရှိ ရကြောင်း။ ယင်းသို့ ဖြစ်၍၊ ယခုအခါ အင်္ဂလိပ် စသော-ဘာသာ-အကွာရာ တမျိုးနှင့် ဗုဒ္ဓသည်းလွှား တင်ထား သင်ကြားလို သူတို့၊ သတိ ထားသင့် ကြသည်။ ။ယခု အချို့သော၊ ပါဠိတော်, အဋ္ဌ ကထာ,ဋီကာ,စာပုံနှိပ်တို့က် "စာပြင်၊စာတည်း" ဆရာ များက၊ တပါးသော ဘာသာရင်တို့၏ ၊ အကွာရာနှင့် တင်ထားသော "မူများ" ကို-အလေး အမြတ် ပြုသည့်အလား၊ "သိဟိုဠ်မူ" အလို။ "ယိုး ဒယားမူ" အလို။ "လန်ဒန်မူ" အလိုဟု-စသည်ဖြင့် ညွှန်ပြခြင်း အလေ့ကြီး ဖြစ်ပေါ်လျက် နေချေပြီ။ ဤကဲ့သို့ ဖြစ်ပေါ်လာခြင်းသည်၊ မူ စာနှင့်တကွ- အနက်, အဓိပ္ပါယ်, အယူ,အဆ, အကျင့်,အကြံ, ကွဲးပြားခြင်း၏ အကြောင်း မူလ အစ ဟု- မှတ် ထင်ကြကုန်။ ။ဤသို့ စာပြင်ဆရာများက စတင် ၍၊ လိုက်စား ညွှန်ပြထားသဖြင့်၊ အချို့သော စာ ကြည့်ရှုသူ တို့က၊ အခြားသော နိုင်ငံ ရပ်ခြား၊ တိုင်းတပါး မူကပင်၊ မှန်ကန်သည်ဟု- မှတ်ထင် နေသူလည်း ရှိလာလေပြီ။ ထိုအတူ - နောက် ကာလ၊ "ပညာ-သဒ္ဓါ"- နှုံ့နှေးသော သူတို့မှာ၊ ငါတို့၏ မြန်မာနိုင်ငံသုံး၊ အကွာရာနှင့် တင်ထား သော "မူစာ" များက မမှန်။အခြားသော ဘာသာ ရှင်တို့ အသုံးအစွဲး ပြုသော အကွာရာနှင့် တင်ထား သော"မူစာ"က- မှန်ကန်သည်ဟု-အယူ အဆ ဖြစ်လာမည်ကား လွဲးမည်မဟုတ်ပေ။ ထိုနောက် မြန်မာနိုင်ငံက- အယူဝါဒ မဟုတ်၊ အခြားသော

တိုင်းနိုင်ငံက၊ "အယူဝါဒက" မှန်ကန်သည် ဟု-ဖြစ်ပွားလာလိမ့်မည်။ အဘယ်ကြောင့်နည်းဟူမူကား၊ "ဘာသာအယူဝါဒ" ဆိုသည်မှာ-ကျမ်းစာကို အမှီပြု၍၊ ဖြစ်ပွားကြရခြင်း ဖြစ်သည်။ ထိုကြောင့် - အခြားသော ဘာသာရှင် တို့၏၊ အကျင့်ရာနှင့်, ငါတို့ဘုရားစကားဝေါ၊ တင်ထား, တည်နေ, ကိန်းဝပ်စေ, ခြင်းကို၊ "အလျှင်းပင်-မနှစ်သက်" သင့်ကြပေ။ ॥

ဘာသနာ့ရကိုသင်ကြား၍ သာသနာပြုခဲ့သော ထုံးမရှိကြောင်း။

တတိယ-သင်္ဂါယနာ တင်ပြီးနောက်၊ ကိုးတိုင်း ကိုးဌာန-"ပစ္စန္တရစ်" အရပ်များသို့၊ သာသနာပြု ကြွသွားတော်မူကြသော အသျှင်မြတ် ရဟန္တာ မထေရ်ကြီးများသည်၊ ဘာသနာ့ရကို သင်ကြား တတ်မြောက် ပြီးမှ၊ သာသနာပြု ကြွသွားတော်မူကြသည်ဟု-"အမ္ဗကထာ, ဋီကာ, ဂဏ္ဌိတ်ရ" တို့နှင့်တကွ-"ရာဇဝင်, သာသနာဝင်, ကျောက်စာ, သံဖိုင်း, သရိုင်း" စသည်တို့၌ မတွေ့ဘူးချေ။ မြတ်စွာဘုရား ဟောတော်မူတိုင်း "မဂဓဘာသာ" ဒေသနာအစဉ်ဖြင့်သာလျှင်၊ ဟောပြော ချေဖျတ်၍၊ သာသနာ တည်စေကြသည်ဟု၊ ဆရာစဉ်ဆက် မှတ်သားကြရသည်။ ॥ဟံသာဝတီ "ဆင်ဖြူများ ရှင်မင်း" သည်၊ သာသနာ မတည်သေးသော အခေး မြို, ရှာ, မျှားခို သာသနာ တည်အောင် ပြုသည်မှာ၊ "ပါဠိ, အဋ္ဌကထာ, ဋီကာ" တို့၌ ကျန်သော ဆရာတော် သံဃာတော် တို့ကို တောင်းပန် လျှောက်ထား၍၊ ဝိဒူဂတ် သုံးပုံနှင့်တကွ ဝေပုံကျ ဌာနသို့ ကြွသွားကြစေသည့်အပြင်၊ ပဒေသရာဇ် ဖြစ်သော ထီးရုံ, နန်းရုံ, စေတီဘွား, မြို့စား, တို့က ဆရာတော် သံဃာ

တော်များကို ထောက်ပံ့ ချီးမြှောက် စေပြိုးလျှင်၊မဂဓ ဘာသာ ကို ကျမ်းစာ သင်ကြားစေခြင်း, ပဋ္ဌင်းခံခြင်း, ဂုဏ်ပြုခြင်း, လူများ မှာ"သရဏာဂုံ,ပဉ္စသီ" တည်စေခြင်း, စသော သာသနာ တည် အောင် သာသနာပြုမှုကို စိမ်ရှိ ကြွသွားစေသည်ဟု- "သာသ နာဝံသ"များနှင့် "စာတမ်း စာမှတ်"များမှာ တွေ့ဘူးရချေသည်။ ဘာသနာ့ရသင်ကြားရှိ ဘာသနာ့ရတတ်သော ဆရာတော်များ သံဃာတော်များကို ကြွစေသည်ဟု-မတွေ့ဘူးချေ။ ။

ယင်းသို့ဖြစ်၍၊ "ဘာသနာ့ရ" ကို သင်ကြား တတ်မြောက် ပြီးမှ၊သာသနာ ပြုလိုသူတို့မှာ၊ထုံးမမှီ စံမမျှ၊အရိုးမကျ၊သက်သေ မရ ဖြစ်လေသည်။ ထိုကြောင့်၊မြတ်စွာဘုရား၏ ခံတွင်းအာလုပ်၊ ကြာကုမဒ်မှ၊ ဖြစ်တော်မူလာသော၊ မြတ်စွာဘုရားစကားတော် ဟူသော၊"ပါဠိမဂဓ" ကိုသာ၊ နာရီမလပ်-ရွတ်ဘာသာ်သရဇ္ဈာယ် သောအားဖြင့်၊မိမိတို့၏-နှလုံးသား လျှာများ၌၊ တည်ထားကိန်း ဝပ်စေကြမူကား၊ အာဘိုး အတိုင်းမသိ ထိုက်တန်ကြမည်ကို သိ သင့်လှကြပေသည်။

"သကံ အာစရိယကံ ဥဂ္ဂဟေတွာ အာစိက္ခိဿန္တိ ဒေသေ သန္တိ"စသည်ဖြင့် ဟောတော်မူချက်ကိုလည်း၊အလေးပြု၍၊မိမိ တို့၏ ဆရာဖြစ်သောမြတ်စွာဘုရား၏ ၊စတုသစ္စာပြု၊ ဝမ္မဒေသနာ ကိုသာ၊လေ့လာသင်ကြား၍၊သူတပါးတို့အား လည်း၊ ဟောပြော သင့်ကြပေ သတည်း။

တိရစ္ဆာနဝိဇ္ဇာ

ဆဇ္ဇဝိုဂ် ရဟန်းတို့သည်၊ "တိရစ္ဆာနဝိဇ္ဇာ"ဟူသော -မဂ်ဖိုလ် ရောက်ကြောင်း မဟုတ်သော အတတ်ပညာတို့ကို၊ ဆည်းပူး, အားထုတ်,သင်ကြား,ချဲ့ထို,ကြဿဖြင့် မြတ်စွာဘုရား သိတော်မူ၍ "သိက္ခာပုဒ်"ပညတ်တော်မူသည်။

"နှ ဘိက္ခဝေ တိရစ္ဆာနဂတိဇာ ပရိယာပုဏိတဇာ၊ ယော ပရိယာပုဏောယျ၊အာပတ္တိ ဒုက္ကဋသ။"ဟု-ပညတ်တော်မူသည်။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ တိရစ္ဆာနဂတိဇာ၊ မဂ်ဖိုလ်ရောက်ကြောင်း မဟုတ်သော အတတ်ကို၊ နှ ပရိယာပုဏိတဇာ၊ မသင်အပ်။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ပရိယာပုဏောယျ၊သင်ကြားအံ့။ တသဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋသ၊ ဒုက္ကဋ်အာပတ်သို့။အာပတ္တိ-အာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။

နှ ဘိက္ခဝေ တိရစ္ဆာနဂတိဇာ ဝါစေတဇာ၊ယော ဝါစေယျ၊အာပတ္တိဒုက္ကဋသ။ ။ဘိက္ခဝေ၊ရဟန်းတို့။တိရစ္ဆာနဂတိဇာ၊မဂ်ဖိုလ်ရောက်ကြောင်း မဟုတ်သော အတတ်ကို။ ဝါ၊မဂ်ဖိုလ်မှ ဖိလာထားတတ်သော အတတ်ကို။ နှ ဝါစေတဇာ၊ မချပို့အပ်။ ယော ဘိက္ခု၊အကြင်ရဟန်းသည်။ဝါစေယျ၊ချပို့ညွှန်းအံ့။ တသဿ ဘိက္ခုနော၊ထိုရဟန်းအား၊ဒုက္ကဋသ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိ-အာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။ **စူဠဝါပါဠိတော်ခုဒ္ဒကဝတ္ထုခန္ဓက။**

တိရစ္ဆာနဂတိဇာစီစဉ်ချက်။

ဤ"တိရစ္ဆာနဂတိဇာ"အရကို။ ။စူဠဝါအဋ္ဌကထာက-မဘွင့်ပြ။ ။**ဒီနယာလင်္ကာရဋီကာ** ၌မူကား။ ။"နှ တိရစ္ဆာနဂတိဇာ ပရိယာပုဏိတဇာတိဇော တိရစ္ဆာနဂတိဇာနာမ ယာကာစိ ဗာဟိရကာ အနုဏ္ဍသဒ္ဒါတာ"ဟု-ဘွင့်သည်။

ဘိက္ခုနီဝိဘင်းပါဠိတော်-စိတ္တာဂါရဝဂ်၊ နဝမသိက္ခာပုဒ်မှာ၊ "ဆဇ္ဇဂ္ဂိဘိက္ခုနိမ"မျှား၊ တိရစ္ဆာနဂတိဇာ"ဖြစ်သော အတတ်ကို၊သင်ကြားကြသဖြင့်၊ ဖြတ်စွာဘုရား သိတော်မူ၍၊ "ယာ ပနဘိက္ခုနိ တိရစ္ဆာနဂတိဇံ ပရိယာပုဏောယျ၊ပါစိတ္တိယံ။"ဟု-ပညတ်တော်မူသည်။

ယာ ပန ဘိက္ခုနီ၊ အကြင်ရဟန်းမိန်းမသည်။ တိရစ္ဆာနုဝိဇ္ဇံ၊ မဂ်,ဖိုလ်,မှ ဖိလာဖြစ်သော အတတ်ကို။ဝါ၊ရဟန်းတို့၏ အကျင့်မှ ဖိလာဖြစ်သော အတတ်ကို။ပရိယာပုဏောယျ၊ သင်ကြား ညားအံ့။တာသသာဘိက္ခုနီယာ၊ ထိုရဟန်းမိန်းမအား။ပါစိတ္တိယံ၊ပါဒိတ် အာပတ်သင့်၏။ ။

"တိရစ္ဆာနုဝိဇ္ဇာနာမ-ယံကိဉ္စိ ဗာဟိရကံ အနုဏ္ဍသံဟိတံ" ဟု-ရင်းသိက္ခာပုဒ်-ပဒဘာဇနီ၌ ဘွင့်ပြတော်မူသည်။ ။တိရစ္ဆာနုဝိဇ္ဇာနာမ၊တိရစ္ဆာနုဝိဇ္ဇ-မည်သည်။ ယံကိဉ္စိ၊အမှတ်မရှိသော။ ဗာဟိရကံ၊သာသနာတော်မှ အပဖြစ်သော။ အနုဏ္ဍသံဟိတံ၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော အတတ်သည်။ တိရစ္ဆာနုဝိဇ္ဇာနာမ၊တိရစ္ဆာနုဝိဇ္ဇမည်၏။ဝါ၊ရဟန်းတို့၏ အကျင့်မှ တပါးဖြစ်၍၊ မဂ်ဖိုလ်မှဖိလာ-မဂ်ဖိုလ်ရောက်ကြောင်း မဟုတ်သော အတတ်မည်၏။ ။

ဤပါဠိတော်နည်းအားဖြင့် "တိရစ္ဆာနုဝိဇ္ဇ" ဟူသည်၊သာသနာတော်မှ အပဖြစ်သော၊ အမှတ်မရှိ တရုတ်သော၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော အတတ် ဟူသည်ကို၊"တိရစ္ဆာနုဝိဇ္ဇ-"မည်၏။ ။ထို"တိရစ္ဆာနုဝိဇ္ဇ" ဖြစ်သော အတတ်ကို၊ရဟန်းမိန်းမ သင်ယူလျှင်၊"ပါစိတ်အာပတ်"၊ ရဟန်းယောကျ်ား သင်ယူ ချမှီလျှင်၊"ဒုက္ကဋ်အာပတ်" သင့်သည်။

ဗာဟိရကံ အနုဏ္ဍသံဟိတန္တိ-ဟတ္ထိ, အဿ,ရထ,ဓနု,ထရုသိပ္ပ,အာထဗ္ဗန,ဝိလန, ဝသိကရဏာ, သောသာပန မန္တာ-ဂဒပ္ပယောဂါဒိဘေဒံ ပရူပဃာတကရံ"ဟု-အဋ္ဌကထာဘွင့်သည်။ ။ ဗာဟိရကံ အနုဏ္ဍသံဟိတန္တိ၊ ဟူသည်ကား။ ဟတ္ထိသိပ္ပ၊ဆင်အတတ်။အဿသိပ္ပ၊မြင်းအတတ်။ ရထသိပ္ပ၊ရထားအတတ်။ဓနုသိပ္ပ၊လေးအတတ်။ထရုသိပ္ပ၊ဓား,ဆောက်,ချက်အတတ်။အာထဗ္ဗ

နမန္တ၊အာထဗ္ဗနဗေဒဥင်္ဒ စိရင်သော သူတို့၏၊ အဖျက်အဆီးကို ပြုသောမန္တရား။ခိလနမန္တ၊စူးထုတ်၊စူးရဲနှက်၍ပြုသော မန္တရား။ ဝသိကရဏမန္တ၊စက္ခိုကပ်ပြုသော မန္တရား (ဗျဉ္ဇကပ် မန္တရား လည်း ဟူ၏။) သောသာပနမန္တ၊ ကိုယ်လုံး ချောက်တပ်စေ အောင် ပြုသော မန္တရား။ အာဂဒပ္ပယောဂါဒိဘေဒံ၊ အဓိပ်နှင့် ယှဉ်သော ဆေးအတတ် စသည် အပြားရှိသော။ ပရူပဃာတ ကရုံ၊သူတပါးကို ဥင်းဆဲးတတ်သော အတတ်သည်။ အနုဏ္ဍသံ ဟိတံ၊ အကျိုးမရှိသော အတတ်မည်၏။ ။အဠ္ဌကထာအနက် ကို၊ပုဒ်အနက် ထင်လွယ်အောင်၊အစိတ်အစိတ် ပေးလိုက်သည်။ သမာသ်ပုဒ်ပင် ဖြစ်သည်။ ။ထရသဒ္ဒါနောက်၌ ရှိသော''ဆိပ္ပ'' ဟူသော ပုဒ်ကို (ဒွန္ဒ၏ နောက်၌၊ ရှိသောပိုဒ်၊ယှဉ်လိုက် ပုဒ်တိုင်း သာ)ဟူသော-နိယံအရ''ယှဉ်၍''အဲ့နှ ်ပေးသည်။ ။သောသ ပန-နောက်ရှိသော''မန္တပုဒ်''ကိုလည်း၊ရင်းနှည်း ယှဉ်လေ။ ။

ဟတ္ထိသိပ္ပ၊ စသော ပရူပဃာတ အတတ်များ သည်၊ဗာဟိရက၊အနုဏ္ဍသံဟိတဖြစ်၍''တိရစ္ဆာ နုဝိဇ္ဇ'' မဂ်ဖိုလ်မှ ဒိုလာ ထားတတ် သွားတတ် မဂ်ဖိုလ် ရောက် ကြောင်း အတတ်ကောင်း မ ဟုတ်ဟု ''အဠ္ဌကထာဆရာ'' ဘွင့်ပြခြင်းသည်၊ အလွန် မဂ်ဖိုလ်အား မလျော် မလျောက်ပတ် သော၊ ထင်ရှားလွန်းသော အတတ်များကိုသာ ဘွင့်ပြတော်မူသည်။ ထိုမှတပါး၊ အခြားသော ''ပရူပဃာတ''အတတ်များနှင့်၊ သာသနာတော် အား မလျော် ကျေးဇူး မများသော အတတ်များ ကိုလည်း''တိရစ္ဆာနုဝိဇ္ဇ''ဟု-ယူရာသေး၏။ ။

အာဘယ်ကြောင့် နည်းဟူမူကား။ဤအဠ္ဌကထာဆရာ ဘွင့်ပြ ထားသော၊ အတတ်များမှ တပါး၊ အခြားသော ဗာဟိရကအ တတ်များကိုလည်း၊ ထည့်သွင်း၍ ''တိရစ္ဆာနုဝိဇ္ဇ-ဝိစ္ဆာဒိ၀''

အရာ၌ ဟောတော်မူသော ပါဠိတော်များကို ထောက်၍ သိ ရာ၏။" ။

"နိရဝဇ္ဇရိဇ္ဇာနီသဝနစေတနာပိ ဇော်ဝသက်ယှတိ" ဟူ သော(ဋီကာကျော်)ကျမ်း၌ ပြအပ်သော နိရဝဇ္ဇ-အပြစ်မရှိသော အတတ်ဟူသည်ကို မြွေဆိပ်, ကင်းဆိပ်, အစရှိသည်ကို ပြေ အောင် ပြုသောအတတ်များ ယူရမည်ဟု-ရင်းဋီကာကျော်နီသျှ "နေရင်းမူ"တွင် မှာဆိုလျက် ရှိပြီးဖြစ်သည်။

အပြစ်မရှိသော ဗေဒင်,ဟူးရား,မန္တရား,ဂါထာ,ဗိန္ဓော, ပဏ္ဍ ဘုတ်,စသောဝိဇ္ဇာဌာနအတတ်များ၊ အပြစ်မရှိသောအသက်မွေးမှု ၌ကျေးဇူးများသော စက်အတတ်များ, ဂဏန်းသင်္ချာအတတ်များ, ပန်းချီ,ပန်းပု,ပန်းဝဲ,ပန်းရေနှ,ပန်းထိမ်,ပန်းတည်း, စသောသိပ္ပါယ တနအတတ်များ။ အပြစ်မရှိသော အသက်မွေးမှု၌ ကျေးဇူးများ သော၊ ကုန်သည်အမှု၊ တောင်သူလယ်လုပ်မှုစသောကမ္မာယတန အတတ်များ၊ ဤသို့သော၊ဝိဇ္ဇာဌာန၊သိပ္ပါယတန၊ကမ္မာယတန၊အ တတ်များတို့ကို၊ ပညာပါရမီကိုရည်စူး၍ အထူးစင်ကြယ်သော စိတ်ဖြင့်၊သင်ကြားချဉ်ကျင်၊ ပညာပါရမီဖြစ်နိုင်ကြောင်းကိုသာ ကျမ်းဂန်များမှာဆိုသည် ရဟန်းများသင်ကြားကောင်းသည်ဟု မဆို။ ရင်းဝိဇ္ဇာဌာန၊သိပ္ပါယတန၊ ကမ္မာယတန၊ အတတ်များများ သည်။ အဂါရိကဖြစ်သောလူသားတို့၊ အသက်မွေးကြောင်း အ တွက်၊ သင်ကြားရသောအတတ်များများသာဖြစ်၍၊ အနဂါရိက ဖြစ်သောရဟန်းများသင်ကြားရမည့်အတတ်များများမဟုတ်လေ။ သုတ္တန်ပါဠိတော်များ၌မိန့်ကြားတော်မူအရာတွင်ဟောကြားတော်မူပြီး ဖြစ်သည်။

ထိုသို့ ပြဆိုအပ်ခဲ့ပြီးသော "လောကာယတ-တိရစ္ဆာနဝိဇ္ဇာ" ဖြစ်သော အတတ်များကို၊ မသင်ကြားရ, မချဉ်ရ, ဟု-မြတ်စွာ ဘုရား ဝိတ်ပင် တားမြစ် တော်မူအပ်သော သိက္ခာပုဒ်တော်များ အထင်အရှား ရှိသောကြောင့်၊ထိုသိက္ခာပုဒ်တော်များနှင့် မလွတ်

မကင်းရာသော အတတ်ပညာမျိုးကို၊သင်ကြား,ချပ်ခြင်းမှ ရှောင်ရှားကြပြီးလျှင်၊ "သာသနာဝန်ထမ်း" ရဟန်းပြုသစ္စာ၊ သာသနာတော်ကို အားပေးရာ၊ကိုယ့်သန္တာန်မှာ၊မျက်မှောက်ပေါ်ပစ္စက္ခ၊ကြည့်ရှု,သင်ကြားဆဲး ခဏာ၌ပင်၊"ကာမဆ္ဆန္ဒ"စသော နိဝရဏတရားတို့ကို ပြိမ်းငေးစေနိုင်သော၊ဘုရားဟော"ပါဠိတော်" နှင့်တကွ"အဋ္ဌကထာ,ဋီကာ"တို့ကိုသာ လေ့လာ အားထုတ်နိုင် ကြပါစေကုန်သတည်း။

တိပိဋကာလက်ဘရ-တောင်ဘီလာဆရာတော်က သာလွန်ပင်းတရားကြီးထံသွင်းစာ။

ဒါယကာမင်းကြီး၊သာသနာတော် ကောင်းစွာ တည်သည်ကို အလိုရှိသော် သဒ္ဓါကြည်ညိုသော မင်းတို့သည်ကား၊ ရဟန်းကောင်းတို့၏ အသုံးအစွဲး မဟုတ်သည်ဖြစ်၍၊သာသနာတော်၏ အညစ်အကြေး ဖြစ်သော၊ "စပါးမျိုးခုနစ်ပါး"တို့ကို ခံခြင်း၊ရွှေ, ငွေ, အသပြာမာသက, ကျောက်သံပတ္တမြား, ကျွန်မိန်းမ, ကျွန်ယောကျ်ား,ကျွဲ,နွား, ဆိတ်ကုလား,ဆိတ်မြည်ဟား,ဝမ်းဘဲ,ကြက်, ဝက်, စသည်တို့ကို မြင်လတ်သော်၊ ဤအသုံးအစွဲး တို့သည် ရဟန်းကောင်းတို့၏ အသုံးအစွဲး ပရိက္ခရာမဟုတ်။ "အလဒ္ဓီ ဒုဿီလပါပ" ရှင်ရဟန်းတို့၏ အသုံးအစွဲး အညစ်အကြေးသာ ဖြစ်သောကြောင့် ယူလေကုန်၏။ထိုမင်းတို့သည်ကား သာသနာတော်ကို ကောင်းစွာ ချီးမြှောက်သောကြောင့်၊ သာသနာတော်ကို အမြဲတည်စေသည် မည်၏။ ကောင်းမှုဂုဏ်သိုလ်လည်း များစွာဖြစ်၏။ ။သာသနာတော်ကို များစွာ ဆောင်ကြည်း၍ သိုလ်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်လည်း၊ ရဟန်းတို့၏ အညစ်အကြေး ဖြစ်သောကြောင့်၊ ကြေးငွေခံ၍ ဆောက်သောကျောင်း၊ လောကီ အတုန့်အလှည့် ပြုသောကျောင်း၊ ညောင်စောင်း အင်းပျဉ်, သဝိတ်, ထီး,တောင်ခြေး,စသည်တို့ကို ဖျက်

ဆီးခ်ြ ပီးတိုက်ေလ၏။ထိုသို့ဗျက်ဆီးေလေသာ ပုဂ္ဂိုလ်တို့သည် လည်း၊ သာသနာေတာ်ကို ေဆာင်ကြည်း သုမ်သင်သည် မည် ၏။သာသနာေတာ်ကို့လည်း ေကာင်းစွာ တည်ေထာင်သည်မည် ၏။ေကာင်းမှုကုသိုလ်လည်း ဖြစ်၏။ ။သာသနာေတာ်ကို ချီး မြှောက် မစေသော မင်းသည်၊ ထိုရဟန်းေကာင်းတို့၏ အသုံး အစွဲး မဟုတ်သည်ကို သိလျက်ပင်၊အလဒ္ဓိ ရှင်ရဟန်းတို့၏ အ မှုအကျင့်ဖြင့် သုံးစွဲးသည်။ အမှုအကျင့် မေကာင်းသည်။ လူ ယောကျ်ား၊လူမိန်းမတို့နှင့်၊ သာဝရဏာဆက်ဆံ၍ အမှုအကျင့်မှိ သည်ကို သိလျက်ပင်၊ဤရဟန်းသည်၊ ကျမ်းဂန် စာပေ တတ်ပေ သည်ဟူ၍၊ပစ္စည်း လေးပါးတို့ကို လှူ၏။ လက်အုပ်ချီခြင်း, ခရီး ဦး ကြိုဆိုခြင်း,ရိုသေခြင်း,ဂိုဏိုးခြင်း,ကို ပြု၏။ထိုသို့ပြုသော မင်း တို့သည်လည်း ကောင်းသည်မမည်။ ထိုမင်းတို့သည်လည်း၊ ထို အလဒ္ဓိရှင်ရဟန်းတို့နှင့် ညှိ၍ သာသနာေတာ်ကို ဗျက်ဆီးသည် မည်၏။ သာသနာေတာ်ကို ေဖ့ရေစသည် မည်၏။ ေကာင်းမှု ကုသိုလ် မဖြစ်၊ အပါယ်လေးပါးဌာသာ မြင့်ရှည်စွာ ခံရလေသ တည်း။

ဒါယကာမင်းကြီး၊ လွန်လေပြီးသောအခါ၌၊ ကသဿပဘုရား ရှင်သည်၊အသက်တော် အနှစ် နှစ်သောင်း နေတော်မူ၏။ (တ .သောင်းရှစ်ထောင်)နေတော်မူ၏။ သတ္တဝါတို့ကို ချမ်တော်မူပြီး ၍ နိဗ္ဗာန် ဝင်တော်မူ၏။ ထိုအခါ၌ ဗာရာဏသီမင်းကြီးသည်၊ ဆရာတော်ကို လှူဘွယ်ဝတ္ထု အဖျော်ရှစ်ပါးနှင့် လာ၍၊ ဗောဓိ ပင်ရင်းတွင် ဆင်ထက်မှ သက်၍ ဆရာတော်သို့ ချဉ်းကပ်ပြီး လျှင် လှူဘွယ်ဝတ္ထုတို့ကို လှူ၍နေ၏။ဆင်မူကား၊ ဗောဓိညောင် ခက်ကို စားမည်ဟူ၍ နှာမောင်းတင်၍ နေ၏။ ထိုဆင်သည်၊ ညောင်ခက်ကို မစားစေလိုက ဆင်ထိန်း မြစ်လာမည်ဟူ၍ ကြံ ၏။ ဆင်ထိန်းလည်း ညောင်ခက်ကို မစားစေလိုက၊ ၎,ကို မင်း ကြီး မြစ်လာမည်ဟူ၍ ကြံ၏။ မင်းလည်း ညောင်ခက်ကို မစား စေလိုက၊၎,ဆရာ ဆိုလာမည်ဟူ၍ မဆိုဘဲ နေ၏။ဆရာလည်း

ကိုယ်ကျွန်ကိုဆိုလေက "မေတ္တာလေးကာတမံ"ဟု၍-မြင်လျက်ပင် မဆိုဘဲ ကြည့်၍ နေဘိ၏။ ဆင်လည်း အရိုက်ခြစ်သော ကြောင့်။ဆင်ထိန်း မမြော်ဘဲ နေသည်ကို သိလျှင် ညောင်ခက်ကို ချိုးကာ စားဘိ၏။ ။ဆရာပုဂ္ဂိုလ်မြတ်သည်၊ အကျိုးအပြစ်ကို သိလျက်ပင်သာ၊ ဒါယကာဖြစ်သော ဗာရာဏာသိမင်းကြီးကို မ ဆုံးမဘဲ နေသောကြောင့်၊ အသက်အဆုံးတွင် "လောဟကုဋ္ဌိ ငရဲအိုး"၌ဆရာ အောက်ဆုံးက ခံရ၏။မင်းကား အထက်၊ မင်း အထက်တွင်ကား ဆင်ထိန်း၊ ဆင်ထိန်းအထက်တွင်ကား ဆင်။ ဤသို့ "လေးပါးရုံ"ခံရလေ၏။ ကသဿပဘုရား ပွင့်တော်မူသော ညောင်ပင် ဖြစ်တော် မူသောကြောင့်၊ ယခေါ် တိုင်အောင်ပင် "လောဟကုဋ္ဌိ ငရဲအိုး"၌ "လေးယောက်လုံး"ခံဆဲး ရှိလေသေး ကုန်၏။ ।ဒါယကာမင်းကြီး၊ ဤသို့ ငါဆိုသည်ကား၊ ထိုမင်း ဆရာ ပုဂ္ဂိုလ်မြတ် အကျိုး အပြစ်ကို သိလျက်ပင် ဒါယကာဖြစ် သော ဗာရာဏာသိမင်းကြီးကို မဆုံးမ,မဆို နေချေ၍၊ "ငရဲ"ခံရ လေ သကဲ့သို့။ ယခု,သာသနာတော် ပျက်စီးခဲ့သည်ကို၊ သိမြင် လျက် ကြည့်၍ နေချေသော်၊ "ဆရာနှင့်,မင်း" "ဆင်ထိန်းနှင့်, ဆင်၊"လေးပါးလုံး၊"ငရဲခံ"ရလေသကဲ့သို့၊ ယခု ဒါယကာမင်း ကြီး လက်ထက်၌၊ သာသနာပျက်စီးခဲ့သည်ကို ကြည့်ကာ နေသ ဖြင့်၊ "မင်းကြီးနှင့်,ငါ၊" အပါယ်လေးပါး၌ ခံရဘွယ် ဖြစ်သော ကြောင့်။ သာသနာ ပျက်စီးခဲ့သည်ကို ကြည့်၍ မနေအပ်၊သာသ နာတော်ကို သုဓိသင် ရှင်းလင်း လေလော-စသည်ဖြင့်၊ ဆက် သွင်းလေသည်။

ထိုကြောင့်၊ယခုအခါ-ရဟန်းရှင်လူတို့သည်လည်း၊ သာသနာ တော် ပျက်စီး တိမ်းယိုန်း၊ ယိုပွင်း ရှိမည့် အရာကို။ တွေ့မြင် သိရှိ ကြလျှင်။ကြောင့်ကြမဲ့ မနေကြဘဲ၊သာသနာတော်၏ အန္တ ရာယ်ကို စောင့်ရှောက် ကာကွယ်နိုင်သမျှ၊ စောင့်ရှောက် ကာ ကွယ် နိုင်ကြပါစေကုန်သတည်း။ ။ဓိနသာသနပရိဟာနိ

ဒိသွာ အာဘိဝုဠိယာ ဝါယမတိ။" ။ဟူသော ပါဠိတော်ကြီး ရှိသည်ကိုလည်း-သတိပြုမိကြစေကုန်။

ရှေးဟောင်းသာသနာပြုနည်း။

ရှေးလွန်လေပြီးသော အခါမျှားက၊ငါတို့ ဗုဒ္ဓမြတ်စွာ သာသနာကို၊ သန့်ရှင်း စင်ကြယ်အောင်၊ သာသနာ မတည်သေးသော အရပ်ဒေသမျှားဌ သာသနာတည်အောင် ပြုစု တည်ထားခဲ့ ကြရသည်မှာ၊ဘုန်းတန်းခိုးကြီးသောမင်း၏ "အာဏာစက်ဖြင့်"၎င်း၊ ဤဒွိမန္တ ဖြစ်တော်မူကြသော ရဟန္တာအသျှင်မြတ်တို့၏ တန်းခိုး "ဤဒွိပါန်-ဝမ္မစက်ဖြင့်"၎င်း၊ပြုစုခဲ့ကြရလေသည်။ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်၊ အနှစ်-၂၁၀-နှစ်လောက်၊ မဇ္ဈိမဒေသမှာ၊သာသနာတော်၌ မသန့်မရှင်းဖြစ်၍အလွန် ရှုတ်ထွေးလှသဖြင့် "ပါဋဋလိပုတ်"ပြည်ကြီးရှင်၊ဘုရင် "အသောကမင်းကြီး" သည်၊ အနိုင်အထက်၊ဗိမိုအာဏာစက်ဖြင့်၊ နှိပ်ကွပ်၍ သာသနာတော်ကို သန့်ရှင်း စင်ကြယ်အောင် ပြုခဲ့ရလေသည်။

သာသနာပြု ကြွသွားရာ၊ကိုးတိုင်း၊ကိုးဌာနတွင်၊"ကဿပရဂန္ဓာရတိုင်း"သာသနာပြု **မဇ္ဈန္တိကမထေရ်** သည် ပါဋဋလိပုတ်ပြည်မှ ကောင်းကင်ခရီးဖြင့် "ဟိမဝန္တာ"သို့ ကြွသွားတော်မူပြီးလျှင်၊ ၎င်းကဿပရဂန္ဓာရတိုင်းကို လွှမ်းမိုး နှိပ်စက် ဖျက်ဆီးလျက် နေသော **အရဝါဠ** မည်သော"နဂါးကြီး"ကို ရှေးဦးစွာ တန်းခိုးဖြင့် နှိပ်နှင်း ဖျက်ဆီး ကျိုးနွံစေပြီးမှ၊တိုင်းသူ တိုင်းသားတို့အား **အာဒိတ္တပရိယာယသုတ်** ကို ဟောကြားမှ သာသနာကို သုက်ဝင်ယုံကြည် စေခဲ့ရသည်။

မှတ်ချက်။ နဂါးကြီးထက်-တန်းခိုးကြီးသော အသျှင်ဖြစ်ပေသည်ဟု သိရှိကြသဖြင့်သာလျှင်၊ မထေရ်ကို အရှိသေပေးသဖြင့် တရားရေးတိုက်ကျွေးထိုရခဲ့ပေသည်။ တန်းခိုးသေးနုပ်သူဖြစ်အုံ၊ တရားပေါထို

ရမည်အရေး ဝေးစွ။ ။အခြားသော သာသနာပြု မထေရ်များကိုလည်း "ဣဒ္ဓိမန္တ" အသျှင်များဟု-မှတ်ကြရာ၏။

သထုံ သာသနာပြု **သောဏမထေရ်- ဥတ္တရမထေရ်** တို့သည်လည်း၊ မင်း၏ အပေါ် ကျေးလွန်၍ တန်းခိုး ရှိသော "ရက္ခိုက်မ"ကို နှိပ်နင်းဖျက်ဆီး၍ ပြန်နိုင်သော တန်းခိုး **အစွမ်း**သတ္တိ ရှိတော်မူကြသော အသျှင်မြတ်များ ဖြစ်၍သာလျှင် ဟောပြော ချေဖျက်၍ ရခဲ့ပေသည်။

သိဟိုဠ်အစ်စ သာသနာပြု **မဟာမဟိန္ဒမထေရ်** သည်လည်း၊ "ရာဇာပဋ္ဌာန်" ဟူသည်နှင့် အညီ-ပြဋ္ဌာန်းသော မင်.ကို ရှေးဦးအစ ကြည်ညိုစေနိုင်သော "အစွမ်းသတ္တိ"တန်းခိုးတော် ရှိသော ကြောင့်သာလျှင် သိဟိုဠ်တကျွန်းလုံးကို သာသနာတော်ဘက်သို့ ပါဝင်အောင် ဟောပြောလို့ ရတော်မူပေသည်။ ။နောက် သိဟိုဠ်ကျွန်းမှာ-ရံခါ ရံခါ-မင်း၏ အာဏာစက်နှင့် ဘက်စပ်၍ သာသနာပြုခဲ့ရလေသည်။

ပုဂံပြည်-ပထမသာသနာပြု-ဇမ္ဗူ။ ဒိပ်ကျွန်း"ဝိပ္ပဝါသီ" ပြည်သား **ဓမ္မဒဿီ** ဘွဲ့ခံ"သျှင်အရဟံမထေရ်"သည်လည်း။ တန်းခိုးကြီးသော"နော်ရထာမင်း"ကို ရှေးဦးစွာ ဦးကျိုး ကြည်ညိုစေပြီးမှ၊ မင်း၏ အာဏာစက်ဖြင့်"အရည်းကြီး"ခေါ် ရှင်ယောင်တို့၏ သာသနာဟောင်းကို ပယ်ဖျက်စေပြီးလျှင် ဟုတ်မှန်သော သာသနာသစ်ကို သက်ဝင်ယုံကြည်စေရသည်။

ပုဂံပြည်အစ သာသနာပြုရုံမှာ၊ လွန်စွာခဲးခက်၍၊ မင်း၏ အာဏာစက်၊ ပြင်းထန်သောကြောင့် သာ ရနိုင်ပေသည်။ "အရည်းကြီး" ခေါ် ရှင်ယောင်တို့၏ သာသနာသည်၊ မင်းဆက်ပေါင်း အတော်များစွာက၊ ဖြစ်ပွား လာချိန်တွင် **တော်ဝင်သူကြီးမင်း** လက်ထက်မှာ၊ ဌင်းအရည်း-ရှင်

ယောင်တို့၏, အယူဝါဒ သာသနာကို မလိုက်နာ သူတို့အား"မင်းဒဏ်ထားမည်"ဟုပညတ်သဖြင့်၊ ရင်းမင်း လက်ထက်မှာ၊သာ၍ အပျက်ကြီးပျက် စီးပြီးလျှင်၊ အယုတ်တမာ အကျင့်ဆိုးကြီး စွဲမြဲ ခိုင်မာလျက် နေသည်ကို၊နေ၁ရထာမင်း၏, ဖြင်း ထန်သော"အာဏာစက်"ဖြင့်၊ အနိုင့်အထက်၊နှိပ် ကွပ် ပယ်ဖျက်ထိုသော၊ ရင်းတို့၏, အယူဝါဒ သာသနာဟောင်း၊ကွယ်ပျောက်ခဲ့ရလေသည်။

ဟံသာဝတီ "ဧတီယမင်းကြီး" လက်ထက်မှာလည်း၊ သာသနာတော် မသန့်မရှင်း ရှိ၍၊မင်း၏, အာဏာနှင့်ပင် သာသ နာတော်ကို သန့်ရှင်းအောင် သုဓိသင် ရှင်းလင်း ခဲ့ရသည်။ ။

ထိုကြောင့်၊ငါတို့ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်သည်၊ "ဝမ္မ စက်,အာဏာစက်" နှစ်ဘက်ညှပ်မှ၊ သန့်ရှင်း ကြည်လင် တည် ထွင်နိုင်သော သာသနာဟု–သိကြရာ၏, အဘယ်ကြောင့်နည်း ဟူမူကား။ ငါတို့ဘုရား သာသနာတော်သည်၊ အခြားသော သာသနာများကဲ့သို့။မနက်နဲ့သော သာသနာမျိုး မဟုတ်။ နုက်နဲ့ သိပ်မွေ့ ခဲ့ခက်လှသော "ဂန္ဓာရ,နိပုဏ, ဒုဒ္ဒသ,နိယာနိက,ပဏ္ဍိ တ၁ဝဒနိယ" သာသနာမျိုးဖြစ်၍၊ သာမညပုဂ္ဂိုလ်တို့ သက်ဝင် ယုံကြည် နှိုင်ခဲ့သည်။လောကမှာ မင်းနှင့်-တန်းခိုးရှိသူတို့ ပြဋ္ဌာန်း ရကား။ပြဋ္ဌာန်းသူတို့ပါမှ၊ပြဋ္ဌာန်းသူတို့ကို အမှီပြုပြီးလျှင်၊ တရား ဒေသနာတော်ဖြင့် ဗျားယောင်း၍ သာသနာ တည်စေရသည်။ ရဟန်း သံဃာတော်တို့၏, တန်းခိုး ဖြင့်လည်း ဗျားယောင်း၍ တည်စေရသော သာသနာတော်ဖြစ်သည်။ ထိုကြောင့်"အာဏာ စက်"ကိုလည်း သာသနာပြုရာမှာ အလိုရှိအပ်သေး၏, ။

ထိုကြောင့်၊ နိုင်ငံရပ်ခြား၊ တိုင်းတပါးက၊ အယူဝါဒတပါး၊ ရှိသူများကို၊ ငါတို့ဗုဒ္ဓဘာသာသို့၊ လှည့်လွှဲ၍ လိုက်ပါအောင် ပြုလုပ်ရန်မှာ၊လွယ်ကူသည်မဟုတ်။ အဘယ်,ကြောင့်ဆိုသော၊

ဗုဒ္ဓဘာသာကို ကြည်ညိုပြီးသား၊မင်း၏ အာဏာ-ရာဇသံလည်း၊ တစိုးတစိမ့ မပါမရှိ။တိုင်းတပါးသား၊မင်းများကိုလည်း၊ ရှေးဦးအစ၊ကြည်ညိုစေနိုင်ရန်လည်း ခဲယဉ်းဘိ၏။ မိမိတို့မှာလည်း၊ တန်းခိုးမရှိ။သို့အတွက်၊ယခုအခါ သာသနာပြုရန် မလွယ်ကူဟု-သိကြရာ၏။

နိဂုံးချုပ်လက်ဘ။

အခုတ္တရ၊မြတ်ဗုဒ္ဓ၏ ဝမ္မကိုးပြာ၊ဟောရင်းမှာကား၊ဘာသာ မာဂဓ၊ သိမ်မွေ့လှစ္ခု၊ ကျနှင်းသန့်၊ အလွန်ခန့်လည်း၊ အခန့်မ ကြိုက်၊မခန့်ကြိုက်က၊ ညံ့ကြိုက်ကြအောင်၊ပြသသော့သွင်၊ လျှော့ ဈေးထွင်လျက်၊ မြင်မနှက်သော၊ ချင်းသက်စိန်ရောက်၊ ဂုဏ်သိန် ပျောက်သို့၊ ချိန်ထောက်ထားချင့်၊ ပျားယင်နှင့်လျှင်၊ ဝက်ကျင့်သိ ဟာ၊ မညှိရာသို့၊ ဘာသာလွှဲးကူး၊ အလွဲးပူး၍၊ ရည်စူးနိဗ္ဗာန်၊ မဓိဗ္ဗာန်သော၊ အမှန်အမှား၊ ချင့်ရန်များကို၊ စံထားရှာခိုင်း၊ ပမာ နှိုင်းက၊ ကိုးတိုင်းကိုဝ၊ ကိုးဌာနသို့၊ ကြွကြသည့်သွင်၊ ဗျာနစွမ်း အင်ဖြင့်၊ကောင်းကင်လမ်းက၊ကြွမြန်းကြ၍၊ဒေသခြားရာ၊ အဖြာ ဖြာသို့၊ သာသနာပြု၊ ကြွရန်မှတွင်၊ အနုသာသိက၊ ဇာတကဟု၊ ဇကြေနိပါတ်၊ဇာတ်စဉ်ဘွင့်ပြ၊တရားတဆဲ့ငါး၊ သဘောထားမှ၊မျိုး ခြားတို့ကာ၊ ကြည်ညိုကြ၍၊ ဗုဒ္ဓသာသနာ၊ ပြန့်ပွားရာသည်။ ။ သာသနာပြု,နည်းလမ်းတည်း။ ။

သာသနာတော်သက္ကရာဇ်-၂၄၇၂-ခုနှစ်။ကောဇာသက္ကရာဇ် ၁၂၆၀-ပြည့်နှစ်။ပြာသိုလ်-လဆုတ်-၈-ရက်နေ့တွင်၊ရန်ကုန်မြို့ အရှေ့ပိုင်း၊ဘုရားပြုကျောင်းတိုက်-နာယကဆရာတော် **အသျှင် ရာဇိန္ဒ** ရေးသား စီရင်တော်မူအပ်သော **လောကာယတာဒီ ပနီ ဆရယာကျမ်း** အပြီးအဆုံး နိဂုံးသတ်သတည်း။

လောကာယဘာဒိုနိုဆယ

နောက်ဆက်တွဲ။

၁၂၇၅-ခု နှစ်ထုတ်၊

မဟာပေါဓိသတင်းစာအခေါ်

မြက်စွာဘုရား သာသနာတော် တွင်းသို့၊ ဝင်ရောက်, ထမ်းရွက်, ကျင့်သုံး,ဆောက်တည်ခြင်း, ဂိုဏ်တော်မူကြကုန်သော၊ မြတ်စွာဘုရား တပည့်သား ဖြစ်တော်မူကြကုန်သော၊ ရဟန်း, သာမဏေ,တို့သည်၊ ဂုဏ်,ရဟန်း, အဖြစ်ဖြင့် ကျင့်သုံး ဆောက်တည်နေထိုင်တော်မူကြ သမျှ ကာလပတ်လုံး၊ မြတ်စွာဘုရား ဟောကြား ပညတ် တော်မူသည့် အတိုင်း၊ ''ဂန္ဓိုရုရ,ဝိပဿနာရုရ'' (ဝါသရုရ-ပရိယတ္တိရုရ) တရား နှစ်ပါးကို ပွားများ အားထုတ်နေထိုင်တော်မူကြရသည်။ ထိုသို့ ကျင့်သုံး အားထုတ် နေထိုင်တော်မူကြရာတွင်၊ ''ဂန္ဓိုရုရ''၌ ဂုဏ်,ရဟန်း,တို့ လေ့ကျက်အပ်သောအရာ၊မလေ့ကျက်အပ်သောအရာ၊''ဝိပဿနာရုရ''၌လည်း မည်သည့် နည်းနာ ဥပနိဿည်းအားဖြင့်၊ ပွားများ အားထုတ်ရမည်အရာ၊ ဆရာ တင်ထားခြင်း အကြောင်း၊ ပဝေနိယဂ် အကြောင်းများကို ကျမ်းဂန်တို့၌ ထွက်ဆို လာရှိသည့် အတိုင်း လိုက်နာ ကျင့်သုံး ကြရသည်။ ထိုသို့ လိုက်နာ ကျင့်သုံး ကြရာ၌ လည်း၊ ရှေးရှေးသော ဂန္ဓိုဏ်ရှိ ဗဟုသုတ အကျော်၊ သိက္ခာသာဓိဝသမာပန္နအလျော်၊သာသနာတော်၌ ကျောက်ထိုးအတူ၊ အလေးမူအပ်သော ဆရာကောင်း, ဆရာမြတ်, တို့ လက်သုံးနိုဿည်း မျဉ်းသွားအတိုင်း မခွ မရွှေ့ လိုက်နာ ခံယူ ကျင့်သုံး ဆောက်တည် ကြရသည်။

ထိုသို့ဖြစ်၍၊ယခုကာလအခါ၊သာသနာတော် အရေးအရာ၌၊ ယူအပ်,ပယ်အပ်,ဆောင်အပ်,နှုတ်အပ်,သော အကြောင်းအရာ များကို သိရှိလိုလျှင်၊ ထို ရှေးဆရာကောင်း ဆရာမြတ်တို့၊သာသနာတော် ဤရွှေ,ဤမှ,တည်ထွန်း ပွင့်လင်း ရှည်ကြာ ခဲ့ပြီးသည် တိုင်အောင်၊အစဉ်လိုက်နာ ကျင့်သုံး၊တုံးဟောင်းစံရ "ဥပဒေသ, ဩဝါဒ" ပြုတော်မူခဲ့ကြသော နိဿျည်း လမ်းကြောင်း ရှိလေသည့် အတိုင်းသာ၊ လိုက်နာ 'ကျင့်သုံးခြင်းသည် အကောင်းဆုံး ဖြစ်၍၊ ထို လက်သုံး စံကျ၊ ဩဝါဒ ပြုတော်မူခဲ့ကြသော အရာ များကို၊ ရှာရှာ,ဖွေဖွေ,ကြည့်ရှု မှတ်သား၊ လေးစားတော်မူအပ် ကြသည်။ထိုသို့သော အရာ၌၊ရဟန်း,သာမဏေ,တို့သာ သိကျွမ်း နားလည် လိမ္မာရန် တိုက်ရိုက် သင့်လျော်သော အရာဖြစ်စေကာ မူ၊အခါ ကာလ အလျောက်၊လူဒါယကာတို့လည်း၊မိမိတို့ ဆောင် ရွက်,ပါဝင်၊ကျွမ်းကျင် သိရှိ ထိုက်သည့် အရေး အခွင့် စပ်လျဉ်း သက်ဆိုင်သည် ဖြစ်က၊ ဟုတ်မှန်ရာ သိရှိ ကျွမ်းကျင် သင့်ကြ သည် ဖြစ်၍ သတင်းစာတွင် ထည့်သွင်းဘော်ပြရလျှင် အများ သော ပုဂ္ဂိုလ်တို့ ဘတ်ရှု သိသာ လွယ်ရန်၊ အသုံးဝင်မည်ဟု- ထင်မြင်ပါသည်။

ဤအရာ၌၊ သာသနာ အရေးအရာ အမှုကိစ္စနှင့် စပ်လျဉ်း၍၊ လူတို့ ယုံကြည်ကိုးကွယ်ကြသော၊ "ဘာသာ,သာသနာ" အသီး အသီးတို့တွင်၊ အကြင် တစုံတခုသော သာသနာ အရေးအရာ နှင့် စပ်၍၊ ပြောင့်မှန်သော တရားလမ်းကြောင်းကို ကျင့်သုံး ဆောက်တည်ခဲ့လျှင် ထိုသာသနာတော်ကို သက်ဝင် ယုံကြည်သူ တို့ အကျိုးသာ။တရားလမ်းကြောင်း မပြောင့် မမှန် ရှိခဲ့လျှင်လည်း သက်ဝင် ယုံကြည် သူတို့မှာ နှစ်နာဘွယ်ရာ ဖြစ်ချေသည်။မသက် ဝင် မယုံကြည် သူတို့မှာ၊ တရားလမ်းကြောင်း ပြောင့်မှန်သော် ရင်း၊ မပြောင့်မှန်သော်ရင်း၊ မိမိတို့နှင့် သက်ဆိုင်သည် မဟုတ်။ ထိုသို့ဖြစ်၍ မည်သည့် သာသနာ အယူဝါဒ၊ အကိုးအကွယ်နှင့် သက်ဆိုင်သည့် အရေးကိစ္စ၌ မဆို၊ သက်ဝင် ယုံကြည် သူတို့

သည် အရင်း ပဓာန ဖြစ်၍၊ မိမိတို့ကိစ္စ၊ မိမိတို့ အလေးပြုအပ် ကြ လ္ဟသည်သာဟု၊ မပြတ် မလပ် နှလုံးမူအပ် ကြလေသည်။

ဤသို့ စသော အကြောင်း အရာ များကြောင့်၊ ကျွန်ုပ်တို့ "သ တင်းစာ"သည်၊ မိမိတို့ ကိုးကွယ်ရာ "သာသနာတော်အကျိုးစီး ပွား" "အမျိုးဘာသာအကျိုးစီးပွား" အစဉ်လက်သုံး၊ ထုံးပဝေ ဏီ၊ တရားလမ်းကြောင်း ကောင်းရာ, သင့်ရာ, တည်တန့်ထင်ရှား စေခြင်းငှါ၊ အခွင့်သင့်ပါသမျှ၊ ရေးသား ဘော်ပြလေ့ ရှိသည့်အ တိုင်း၊ လောကသဘာဝ ဝလေ့ထုံးစံ မိမိတို့ ကိုးကွယ်ရာ၊ ဘာ သာ, သာသနာ, တရားဝမ္မကွန် ကျမ်းဂန် စာပေ၊ အတွက် အဆို နှင့် စပ်သော စကားများကို ရေးသား ထည့်သွင်း ဘော်ပြခြင်း ဖြစ်ပေသည်။

ဤသို့ ရေးသား ဘော်ပြရာ၌၊ အကျွန်ုပ်တို့ ရည်စောင် ကိုး ကား ချက်များမှာ၊ အကျွန်ုပ်တို့ ဘာသာ သဘော ထင်မြင် ကျွမ်း ကျင် ပါသမျှ အတိုင်း မဟုတ်၊ မြန်မာပြည်, သီဟိုဠ်ကျွန်း, စသည်တို့ တိုင်အောင် "ပရိယတ္တိဝိသာရဒ၊ ဂန္ထံနံ ရဇဟုသုတ၊ သတ္တိ မန္တ" ဂုဏ်တို့ဖြင့် ကျော်စောထင်ရှားတော်မူသော၊ "**ပဏ္ဍိတ ဓဇသိရိပဝရေမဟာဝမ္မရာဇာဓိရာဇဂုရု**" ဟူသော၊ တံဆိပ် တော်နှံ၊ ဘွဲ့ပုံတော် အလှူခံရသော၊ **မိုင်းခိုင်း ဆရာတော်** ဘုရားကြီး သည်၊ သမုတိ သာသနာပိုင်၊ **ပခန်းဆရာတော်** ဘုရားကြီး ထင်ရှား ရှိတော်မူစဉ်၊ သုဝမ္မာဂိုဏ်းဝင် **အရှင်** ဆရာတော်၊ သံဃာတော် များပြားစွာသော ၊ မထေရ်ပုဂ္ဂိုလ် ကျော်တို့၊ ရည်ညွှန်း တိုက်တွန်း တောင်းပန်အပ်သည်ကို အ ကြောင်းပြု၍ ရဟန်း, သံဃာ, တော်မြတ်တို့ ကျောင်းနှိုက်၊ **တိရဏ္ဍာနဝိဇ္ဇာလောကာယတာအတတ်**များကိုမလေ့ကျက် မသင်ကြား အပ်ကြောင်း အရပ်ရပ် "ပါဠိ, အဋ္ဌကထာ, ဋီကာ" စသော ကျမ်းဂန်တို့၌ ထွက်ဆို လာရှိသည် များကို ရုဆောင်း ကောက်နှုတ်ရေးသား ဘော်ပြတော်မူခဲ့၏။ ထိုသို့ ရေးသား ဘော်ပြ ထားတော်မူခဲ့ရာ၊ စကားအစပ်, **အနုသန္ဓေ, ပြေပြေ** ပြစ်

ပြစ်ရှိအောင် အချောမသတ်၊ မစေ့စပ်ရ သေးမိ၊ ထိုဆရာတော်ဘုရားကြီး၊ ပြန်လွန်တော်မူသွားသည်ဖြစ်၍ ကြွင်းကျန်ရှိနေရာ၊ ထို ဆရာတော်ဘုရားကြီး၏ တပည့် မထေရ်ကြီးတို့ လက်ရှိမူစောင်မှ၊အကျွန်ုပ်တို့ ကူးယူ မှတ်သားခွင့် ရရှိသည် ဖြစ်ပါ၍၊ကူးယူပြီးလျှင်၊ ယခု-၁၂၇၅-ခုနှစ်။ ဝါတွင်း၊ဝါလေ၊အခါ၊အကျွန်ုပ်တို့သတင်းစာတွင်၊ ရှေးသူတော်ပေါင်း ပညာရှိတို့ "အဌုပ္ပတ္တိ"အကြောင်းအရာများကို ရပ်ဆိုင်းလျက်"ဓမ္မကံသတင်း"ကို ထည့်သွင်း တော်ပြမြဲ ရှိသည့်အတိုင်း၊ ၎င်းအကြမ်းမူစာတွင်၊ သင့်ရာအာဘောဂ၊ အမှာအထားရှိသည်များကို အမှီပြု၍ စကားဆက်စပ်၊မလပ်ရအောင်၊မြမ္မာ စကားပြေ၊သေသေ သတ်သတ်၊သတင်းစာဘတ်သူ၊နှာသူတို့နှား၊ကွဲးပြား သိသာတော်မူနိုင်ကြရန်၊ထည့်သွင်း တော်ပြပါသတည်း။

ယခု ထည့်သွင်း တော်ပြမည် အရာ၌၊မြတ်စွာဘုရား အလိုတော်,ပညတ်တော်,ဖြစ်ပေါ်လာခြင်း အကြောင်းမှာ၊ ရဟန်းတို့ မသုံးဆောင်ကောင်းသော ပစ္စည်း လာဘ်လာဘ အပြားကို ဟောကြား ပြဆိုတော်မူရာ၌ ပါရှိကြောင်း။။ဂင်းတွင် မဂ်ဖိုလ်မှ ဖိလာ ဖြစ်သော အင်္ဂါကြီးငယ်တို့နှင့် စပ်သော **အင်္ဂါကြန်အတတ်**။ မျက်စိလှုပ်ခြင်း,ပေါင်းလှုပ်ခြင်,းစသည်နှင့် စပ်သော **နိဗိဇ္ဇာကြန်အတတ်**။ဥက္ကာပျံခြင်း,အရပ်မျက်နှာလောင်ခြင်း,မြေလှုပ်ခြင်း,စသည်နှင့် စပ်သော **ဥပ္ပါဒကြန်အတတ်**။ အိပ်မက်နှင့် စပ်သော **သုပိနကြန်အတတ်**။ ဇုတ္တိလက္ခဏာ,ပုရိသလက္ခဏာ, စသည်နှင့် စပ်သော **လက္ခဏာကြန်အတတ်**။ ကြွက်ခဲးသော အဝတ်စသည်ကို ဆိုသည်နှင့် စပ်သော **မုသိကဆိန်းကြန်အတတ်**။ မီးဖြင့် စိုရင်ခြင်းနှင့် စပ်သော **အဋ္ဌိဟောမကြန်အတတ်**။ အစရှိသော အတတ်မျိုးများ ပါရှိလေသည်။

ရဟန်းဖြစ်သော သူသည် လူဒါယကာတို့အား - ဇာတာဟောခြင်း, သက်ရောက် ဂြိုဟ်စား ဟောခြင်း, ဂြိုဟ် လှည့်လည်ရာ၌-နံကို ထိသည်- လက်ကို ထိသည်- စန်းကို ထိသည်-အ

ကြောင်းများကို ဟောခြင်း၊မနုဿလက္ခဏာ,ဝရလက္ခဏာ,တုရိုင်း တိုင်လက္ခဏာ, စသည်များကို ဟောခြင်းမပြုအပ်။ ဗေဒင် သင်ခြင်း စသော **ပဘာဝီရကကမ္ဘ**ကို၊မပြုအပ်။ ရာဇကထာ စသော သုံးဆဲ့နှစ်ပါးသော **တိရစ္ဆာနကထာ**ကို မပြောမဆိုအပ်။ ၎င်း ရာဇကထာ စသော များသော အပြားရှိသော တိရစ္ဆာနကထာ ဖြစ်သောကျမ်း မသင်,မရွတ်,မဘတ်,အပ်။ ပါဠိ သင်ခြင်း,အဋ္ဌကထာသင်ခြင်း,ဋီကာသင်ခြင်း,ဟု ဆိုအပ်သော **အနန္တကမ္ဘ**ကို သာ အားထုတ်ရာသည်။

အာဒီလပန စသည်ကို ပြုသော သူအား၊ ပြုသော အမှုအား လျော်စွာ အာပတ် သင့်သည်။ ထို အာဒီလပန စသည် ဟူသော အကြောင်းကြောင့် ရသော ပစ္စည်းကို သုံးဆောင်ခြင်းဖြင့်ကား **အာဇီဝပါရိသုဒ္ဓိသီလ** ပျက်စီးသည်။ ဤသို့ ဘော်ပြခြင်းသည် ကား၊ရာဇကထာ စသော-၃၂-ပါးသော တိရစ္ဆာနဝိဇ္ဇာ ကထာ မျိုး၊အတတ်မျိုးများမှာ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို အလိုရှိ၍ ရှင်,ရဟန်း, ပြုလာသော ရဟန်း,သာမဏေ,တို့နှင့် မဆိုင်။ သာသနာတော်မှ အပြင် အလွတ်ကျသဖြင့် **ပဘာဝီရကကမ္ဘ** အတတ်မျိုး ဖြစ်ကြောင်း။ ပါဠိ,အဋ္ဌကထာ,သင်ခြင်း **အမှု**များသာအတတ်အရာ ဌာနခွဲ **အနန္တကမ္ဘ**ဖြစ်ကြောင်း အရင်းခံစကားကို ထည့်သွင်း ရေးသား ဘော်ပြခြင်း ဖြစ်သည်။

> ဝဏ္ဏုပဒ္ဓာ, ခေဠုပဒ္ဓာ-ပ-မုဒ္ဒါ, ဂဏနာ, သင်္ခါနံ, ကာဝေယျံ, လောကာယတံ, ဣတိဝါ၊ ဣတိ ဇေဝရှပါယ တိရစ္ဆာနဝိဇ္ဇာယ ပိဿာဇီဝါ ပဋိဝိရတော သမဏော ဂေါတမောတိ။ ။**သုတ်သီလကွန်-ပြဟ္ဒဇာလသုတ် ပါဠိတော်-၈-၉**။

ဝဏ္ဏုပဒ္ဓာ၊မြေကြွေနီအတတ်။ ဝါ၊အိပ်ရာ,အရံရာ,စသည် တို့၏ အကျိုးအပြစ်ကို သိသော အတတ်။ ခေဠုပဒ္ဓာ၊လယ်,ယာ, ကို သိသော အတတ်။ ပ။မုဒ္ဒါ၊(မုဒ္ဓါ)လက်ဆစ်ချိုးအတတ်။ ဝါ၊

ပိန်းမအတွက် အတတ်။ ဂဏနာ၊ ဂဏန်းသင်္ချာ ချမ်း ရေတွက်ခြင်း အတတ်။သင်္ခါန်၊အပေါင်း ရေတွက်ခြင်း အတတ်။ကာဝေယျ၊ပျို့,ကဗျာ,ဘွဲ့ခြင်း အတတ်။ လောကာယတံ၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်၊ အကျိုးစီးပွား မရှိသော လောကာယတ ကျမ်း အတတ်။ ဇုတိဝေါ၊ဤသို့ သဘောရှိသော တပါးသော အတတ်များ။ ဇုတိ၊ဤသို့။ ဝေရုပါယ၊ဤသို့ သဘောရှိသော။ တိရစ္ဆာနဝိဇ္ဇာယ၊ မဂ်ဖိုလ်မှ ဖိလာဖြစ်သော အတတ်ဖြင့်။ ပိန္ဆာဇိဝေါ၊ ပိန္ဆာဇိဝမှ။သမဏောဂေါတမော၊ရဟန်းဂေါတမသည်။ပဒုဝိရတောပြည့်ရှောင်တော်မူ၏။။

ဤသို့"ပိန္ဆာဇိဝ, တိရစ္ဆာနဝိဇ္ဇာ" အတတ်များတို့ကို ဟောတော်မူရာတွင်၊ ဝဏ္ဏုပိဇ္ဇာ, ခေတ္တပိဇ္ဇာ, တို့နှင့်၊ မြေတိုင်းပညာ ဂဏန်းသင်္ချာ အတတ်တို့သည် သဘောတူ ဖြစ်၍၊ ထိုမြေတိုင်းပညာ၊ ဂဏန်းသင်္ချာ အတတ်တို့ကို၊ လစာ-လခ၊ ယူ၍ ဖြစ်စေ။ ပစ္စည်း ဥစ္စာ ရအောင် မျှော်ခေါ်၍ ဖြစ်စေ၊ သင်ကြား ပို့ချ ကြသော လူများနှင့်၊ ပစ္စည်း လာဘ်လာဘကို ငဲ့၍ ရဟန်း, သာမဏော,တို့ သင်ကြား, ပို့ချ,ပြသ, ခြင်းသည်၊ အလားတူပင် ဖြစ်သည်။"မုဒ္ဓါ,ဂဏနာ,သင်္ခါန"အတတ်တို့နှင့် ထပ်တူကျသည်။

ဝဏ္ဏုပိဇ္ဇာတိ- ဃရဝဏ္ဏု, အာရာမဝဏ္ဏာ, ဒိန် ဂုဏဒေါသ သလ္လက္ခဏပိဇ္ဇာ၊မတ္တိကာဒိပိသေသံ ဒိသ္မာပိ ဟိ ပိဇ္ဇံ ပရိစ္ဆေဒေါ ဟောဠာ ပထဝီယံ တိ သရတနမဏ္ဍော အာကာသေ အသိတိ ရတနမဏ္ဍော ပဒေသေ ဂုဏဒေါသံ ပသဿန္တိ။

ခေတ္တပိဇ္ဇာတိ-အဇ္ဇေယျ,မာသုရက္ခ,ရာဇသဏ္ဌာ,ဒိန် သဏ္ဌာန်(အင်္ဂေယျမာသုရက္ခရာဇသဏ္ဌာဒိသဏ္ဌံ၊ဟူ၍လည်းရှိ၏။)

မုဒ္ဓါတိ-ဟတ္ထမုဒ္ဓါ၊ဂဏနာ ဝုစ္စတိ အန္တိန္ဒုကဂဏနာ၊ သင်္ခါနန္တိ- သက်လနသဒ္ဒပ္ပါဒနာဒိဝသေန ပိဏ္ဍဂဏနာ၊ ယာသ သာ

ပဂုဏ္ဏာ ဟောတိ၊သော ရုက္ခမ္ဘိ ဒိသ္မာ ဣတ္ထေကာနိ ဇေ ပဏ္ဏာနိတိ ဇာနာတိ။ ။သီလက္ခန္ဓိအဋ္ဌကထာ-၇၂-၇၃။

ဝဏ္ဏုရိဇ္ဇာတိ၊ဝဏ္ဏုရိဇ္ဇာဟူသည်ကား။ ဃရဝဏ္ဏု,အာရာမ ဝဏ္ဏာဒိနှ,၊အိမ်ရာ,အခန်းရာ,စသည်တို့၏။ ဂုဏ်ဒေါသသလ္လက္ခ ဏာရိဇ္ဇာ၊အကျိုး,အပြစ်,ကို သိသော အတတ်တည်း။ ဟိ-ဝိဏ္ဏာရ ယိသ္သာမိ၊အကျယ်ချဲ့ဦးအုံ့။ မတ္တိကာဒိဝိသေသံ၊ ဖြေစသော အ ထူးကို။ ဒိသ္မာပိ၊ ဖြင်၍လည်း။ ဝိဇ္ဇံ၊ မန္တန်ကို။ ပရိဇပ္ပိတ္မာ၊ သရဇ္ဈာယ်၍။ဝါ၊ရုတ်၍။ ဟေဋ္ဌာပထဝိယံ၊အောက်မြေ၌။ဝါ၊မြေ၏ အောက်၌။ တိ သရတနမဏ္ဍေ၊အတောင် သုံးဆယ် အတိုင်း အရှည် ရှိသော။ပဒေသေစ၊အရပ်၌ရင်း။ အာကာသေ၊ကောင်း ကင်၌။အသီတိရတနမဏ္ဍေ၊အတောင် ရှစ်ဆယ် အတိုင်းအရှည် ရှိသော။ ပဒေသေစ၊အရပ်၌ရင်း။ဂုဏ်ဒေါသံ၊ အကျိုး,အပြစ်,ကို။ ပဿန္တိ၊မြင်နိုင်ကုန်၏။

ခေတ္တရိဇ္ဇာတိ၊ ခေတ္တရိဇ္ဇာဟူသည်ကား။ အနေ္တ ယျ, မာသု ရက္ခ,ရာဇသဏ္ဌာ,ဒိနိ၊ အနန္တဆရာ စိရင်သော စပါးသွင်းကျမ်း၊ မာသုရက္ခဆရာ စိရင်သော၊လ,နေ,နက္ခတ်,တို့၏ အခြင်းအရာ ကို ဆိုသောကျမ်း၊ မင်းသုံး ရာဇတန်ကျမ်း အစရှိကုန်သော။ သဏ္ဌာနိ၊ကျမ်းတို့တည်း။

မဒ္ဒါတိ၊မဒ္ဒါဟူသည်ကား။ဟတ္ထမဒ္ဒါ-ဟတ္ထမဒ္ဒဂဏနာ၊လက် ဆစ်ချိုး၍ရေတွက်ခြင်းတည်း။ အနန္ဓိဒ္ဓကဂဏနာ၊ကိုးခု အဆုံးရှိ သော အရေအတွက်ကို။ ဂဏနာ၊ ဂဏနမည်၏ဟု၍။ ဝုစ္စတိ၊ ဆိုအပ်၏။သင်္ခါနန္တိ၊သင်္ခါနံဟူသည်ကား။သက်လနှသဒ္ဒါဒနာ ဒိဝသေန၊ ဂဏန်းသန်းပြောဖြင့် ရေတွက်ခြင်း၊ စယ်ချ၍ ရေတွက် ခြင်း၏ အစွမ်းဖြင့်။ဝိဏ္ဏာဂဏနာ၊အပေါင်း ရေတွက်ခြင်းတည်း။ ယသ္မာနသ္မာ၊အကြင်သူအား။ဝါ၊အကြင်သူသည်။ သာဂဏနာ၊ ထိုသို့ရေတွက်ခြင်းကို။ ပဂုဏ္ဏာ၊လေ့လာအပ်သည်။ ဟောတိ၊ ဖြစ်၏။သောဇနော၊ထိုသူသည်။ရုက္ခမ္ဘိ၊သစ်ပင်ကိုလည်း။ ဒိသ္မာ၊

ဖြင့်၍။ ထွေ၊ဤသစ်ပင်၌။ ပဏ္ဏာနိ၊သစ်ရွက်တို့သည်။ ကြွေကာနိ၊ ဤမျှလောက် ဂိုဏုန်၏။ ။ဣတိ၊ဤသို့။ဧဝနာတိ၊သိ၏။

အဇ္ဈိနော သဏ္ဌံ အဇ္ဈေယျံ၊ မာသုရကွေ့နှ ကတော ဂဇ္ဆော မာသုရကွော၊ရာဇာဟိ ပရိဘုတ္တံ သဏ္ဌံ ရာဇသဏ္ဌံ၊ သဗ္ဗာနိပေတာ နိ ခေတ္တာဝိဇ္ဇာပကရဏာနိ။ ။သီလက္ခန်ဦးကာသစ်။

ဟတ္ထမုဋ္ဌိနာမ အဂ်ုလိပဗ္ဗေသု သည်ံ ဌပေတွာ ဂဏာနာတိ ဒသသိတာ၊ဂဏာနာ ဝုစ္စတိ အဇ္ဈိန္ဒကဂဏာနာ ပါရိသေသ ဥာယေ နု၊သာ ပန ပါဒသိကမိလက္ခကာဒယောဝိယ ကော် ဒွေ တိ အာဒိနာ နဝန္တိ ဝိဓိနာ နိရန္တရဂဏာနာတိ။ ။ရင်းဦးကာသစ်။

အဇ္ဈိနော၊ အဇ္ဈိသရာ၏။ သဏ္ဌံ၊ကျမ်းတည်း။ အဇ္ဈေယျံ၊ အဇ္ဈိသရာ၏ကျမ်း။(အဇ္ဈိသရာစိရင်အပ်သော စပါးသွင်းကျမ်း ဟူလို)မာသုရကွေ့နှ၊မာသုရကွသရာသည်။ကတော၊ပြုအပ်သော၊ ဂဇ္ဆော၊ကျမ်းတည်း။မာသုရကွော၊မာသုရကွသရာ ပြုအပ်သော ကျမ်း။ ရာဇဟိ၊ မင်းတို့သည်။ ပရိဘုတ္တံ၊ သုံးစွဲးသော။ သဏ္ဌံ၊ ကျမ်းတည်း။ ရာဇသဏ္ဌံ၊ မင်းတို့ သုံးစွဲးသော ကျမ်း။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ဧတောနိသဏ္ဌာနိဝိ၊ ထိုကျမ်းတို့သည်လည်း။ ခေတ္တာဝိဇ္ဇာပကရဏာနိ၊ လယ်အတတ်ကို ဆိုသော ကျမ်းတို့ မည်ကုန်၏။

ဟတ္ထမုဋ္ဌိနာမ၊ ဟတ္ထမုဋ္ဌိ မည်သည်ကား။ အဂ်ုလိပဗ္ဗေသု၊ လက်ဆစ် ချိုးခြင်းတို့၌။ သည်ံ၊အမှတ်ကို။ ဌပေတွာ၊ ထား၍။ ဂဏာနာ၊ ရေတွက်ခြင်းပင်တည်း။ ဣတိ၊ဤသို့။ အာစရိယေဟိ၊ ဆရာတို့သည်။ ဒဿိတာ၊ ပြအပ်ကုန်၏။ ။အဇ္ဈိန္ဒကဂဏာနာ ပါရိသေသဥာယေန၊ ကိုးခု အဆုံးရှိသော ရေတွက်ခြင်း နည်း တစ်ပါဖြင့်။ ဂဏာနာ၊ဂဏာန မည်၏။ ဝုစ္စတိ၊ ဆိုအပ်၏။ သာပနဂဏာနာ၊ထိုရေတွက်ခြင်းသည်ကား။ပါဒသိကမိလက္ခကာ ဒယောဝိယ၊ တောင်ခြေ,တောလက်,၌ နေသော လူရိုင်း စသည် တို့ကဲ့သို့။ကော်၊ တခု။ဒွေ၊ နှစ်ခု။ ဣတိအာဒိနာ၊ဤသို့အစရှိသော။

နဝန္တာ၀ိဓိနှာ၊ ကိုးရုအာဆုံးရှိသော ရေတွက်ခြင်းဖြင့်။ နိရန္တရ ဂဏနှာ၊အခြားမရှိသော ရေတွက်ခြင်းတည်း။ ဣတိ၊ဤသို့။ ဝေဒိ တဗ္ဗာ၊သိအပ်၏။

ရဟန်း သာမဏေတို့အား။ ဗာဟိရက အတတ် မအပ်ကြောင်းကို သုတ္တန်၌သာ၊ဟောတော်မူသည်မဟုတ်၊ **ဗုဒ္ဓသာသနာ၀ယ်** ရဟန်း, သာမဏေ, **တို့အား** "တိရစ္ဆာနဝိဇ္ဇာ" မအပ်ကြောင်းကို။ ။"တေန ခေါ်ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ။ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏန္တိ၊မနုဿာ ဥဗ္ဗာယန္တိ ဝိယန္တိ ဝိပါစေန္တိ၊. သေယျထာပိ ဂိဟိ ကာမဘောဂိနော၊ ဘဂဝတော ဇေတမတ္ထံ အာရောစေသုံ၊ နု ဘိက္ခဝေ တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏိတဗ္ဗာ၊ ယော ပရိယာပုဏေယျ၊အာပတ္တိ ဒုက္ကဋဿာတိ။ပ။ နု ဘိက္ခဝေ တိရစ္ဆာနဝိဇ္ဇာ ဝါစေတဗ္ဗာ၊ ယော ဝါစေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ"- ဟူ၍- **ဗုဒ္ဓ၀ါပါဠိတော်-ခုဒ္ဒကခန္ဓက-၌** လည်း ဟောတော်မူသည်။

တေနခေါ်ပနသမယေန၊ထိုအခါ၌။ ဆဗ္ဗဂ္ဂိယာဘိက္ခူ။ ဆဗ္ဗဂ္ဂိ ရဟန်းတို့သည်။ တိရစ္ဆာနဝိဇ္ဇံ၊ မဂ်ဖိုလ်မှ ဖိလာဖြစ်သော **အ**တတ်ကို။ပရိယာပုဏန္တိ၊သင်ယူကြကုန်၏။ ကာမဘောဂိနော၊ ကာမဂုဏ် စည်းစိမ်ကို ခံစားကြကုန်သော။ ဂိဟိသေယျထာပိ၊ လူတို့ကဲ့သို့တည်း။ဣတိ၊ဤသို့။ မနုဿာ၊လူတို့သည်။ ဥဗ္ဗာယန္တိ၊ ကဲ့ရဲကြကုန်၏။ ။ ဝိယန္တိ၊ရှုပ်ချကြကုန်၏။ ဝိပါစေန္တိ၊ ဖရိဖရဲ၊ အရေပ်ထဲးသို့၊ဖြန့်ကြဲးကြကုန်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ ဇေတမတ္ထံ၊ဤအကြောင်းကို။ အာရောစေသုံ၊ကြားလျှောက်ကြကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ တိရစ္ဆာနဝိဇ္ဇာ၊မဂ်ဖိုလ်မှ ဖိလာဖြစ်သော **အ**တတ်ကို။ နပရိယာပုဏိတဗ္ဗာ၊ မသင်အပ်။ ယော၊ အကြင်ရဟန်းသည်။ ပရိယာပုဏေယျ၊ သင်ညားအံ့။ တဿ၊ ထိုရဟန်းအား။ ဒုက္ကဋာ၊ ဒုက္ကဋ်မည်သော။ အာပတ္တိ၊ **အ**ာပတ်

သည်။ဟောတိ၊ ဖြစ်၏။ ။ပ။ ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဝိဇ္ဇာ၊ မဂ်ဖိုလ် မှ ဖိလာဖြစ်သော အတတ်ကို။ နဝါစေတဗ္ဗာ၊ မပို့ချအပ်။ ယော၊ အကြင်ရဟန်းသည်။ ဝါစေယျ၊ ပို့ချညားအုံ့။ ဒုက္ခဒုဿ၊ ဒုက္ခဒုံ အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ တိရစ္ဆာနဝိဇ္ဇာ အရကို၊ "တိရစ္ဆာနဝိဇ္ဇာနာမ ယံကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ"-ဟူသော **ဘိက္ခုနီဝိဘင်းပါဠိတော်** ကို ထောက်၍။ သာသနာတော်ဝင်၊ အတတ်ပညာမှ အပ ဖြစ်သော မဂ်ဖိုလ်, နတ်ရှာ, အကျိုး စီးပွားနှင့် မစပ်ယှဉ်သော **လောကီအတတ်များ** ကို ယူအပ်၏။

ဤ **ဘိက္ခုနီဝိဘင်းအဋ္ဌကထာ**၌။ ။"ဗာဟိရကံ အနတ္ထသံဟိတန္တိ-ဟတ္ထိ,အဿ, ရထ,ဓနု, ထရသိပ္ပ, အာတဗ္ဗုန, ဓိလုန, ဝသိကရဏာ, သောသာပနမန္တာဂဒပ္ပယောဂါဒိဘေဒံ ပရူပဃာတကရံ"-ဟူ၍၊ ဘွဲ့ပြုသည်မှာ။ ပြဆိုအပ်ခဲ့ပြီးသော "သုတ်သိလက္ခန်" ပါဠိတော်၌ ကဲ့သို့၊ ပစ္စည်း လာဘ်လာဘ ရလိုခြင်း၊ ဝိနည်းဓိဝ သဘောကိုမရည်ရွယ်သော်လည်း၊အချင်းချင်းသိမ်းမအပ်သော အတတ်ကို ပြလိုသည် ဖြစ်၍ဌာ။ အနာပတ္တိဝါရ၌ လာသော ပရူပဃာတ မဟုတ်သော အတ္ထသံဟိတ အတတ်တို့မှ၊ အထူး ထင်ရှားစေလိုသည် ဖြစ်၍ဌာ။ သူတပါးတို့ကို ညှင်းဆဲ:နှိပ်စက် တတ်သော၊ ဆင်စီးခြင်း,မြင်းစီးခြင်း,အတတ်စသည်ကို ဘွဲ့ပြသည်ဟု-ယူအပ်၏။

ဗာဟိရက အနတ္ထသံဟိတ၊အတတ်ပင် ဖြစ်သော်လည်း၊ ပရူပဃာတ မဟုတ်သော အတတ်ကို၊ ရဟန်းတို့ သင်ကြား ပို့ချ အပ်၏။ဟု-ပြလို၍ ဘွဲ့သည်ဟု-မယူအပ်။

ထိုကြောင့်၊ ပရူပဃာဝေါပင် မဟုတ်သော်လည်း **လောကာ**
ယတာဒေတာ မအပ်ကြောင်းကို။ **ဗုဒ္ဓဝါစုဒ္ဓကခန္ဓကပါဠိတော်**
၌။ "နု ဘိက္ခဝေ လောကာယတံ ပရိယာပုဏိတဗ္ဗံ၊ ယော ပရိယာ
ပုဏောယျ၊ အာပတ္တိ ဒုက္ကဋဿ"-ဟု-ပညတ်တော်မူသည်။

ပဘာဝီရကဒေတာ**ပညာ**-မအပ်သည်ကို သိရန် အကြောင်း
တပါး ရှိသေး၏။ ။ဝိဂရဟိ ဗုဒ္ဓေါ ဘဂဝါ။ **ကထံဟိနာမ**
တုမှေ မောဃပုရိသာ ဝိကာလေ ဂါမံ ပဝိသိတ္မာ သဘာယံ
နိသိဒိတ္မာ အနေကဝိဟိတံ တိရစ္ဆာနကထံ ကထေဿထ၊ သေ
ယျထိဒံ၊ ရာဇကထံ,စောရကထံ,မဟာမတ္တကထံ,သေနာကထံ,
ဘယကထံ,ယုဒ္ဓကထံ,အန္နကထံ,ပါနကထံ, ဝတ္ထကထံ, သယနှ
ကထံ, မာလာကထံ, ဂန္ဓကထံ, ညာတိကထံ, ယာနကထံ, ဂါမ
ကထံ,နိဂမကထံ, နဂရကထံ, ဇနပဒကထံ, ဣတ္ထိကထံ, ပုရိသ
ကထံ, သုရကထံ, ဝိသိခါကထံ, ကုမ္ဘဋ္ဌာနကထံ, ပုဗ္ဗပေတကာ
ထံ,နာနတ္တကထံ,လောကက္ခာယိကံ,သမုဒ္ဒက္ခာယိကံ,ဣတိဘဝါ
ဘဝကထံ,ဣတိဝါ။ ။**စသည်ဖြင့်ဝိနည်းပါဠိတော်-ဂါမဃဝေ
သနသိက္ခာပုဒ်**။ **စမ္ဘက္ခန္ဓက-ဒသဂုတ္တရပါဠိတော်** စသည်တို့၌
ဟောတော်မူအပ်သော၊ မြတ်စွာဘုရား ကဲ့ရဲ့ စက်ဆုတ် ဖြစ်တား
တော်မူအပ်သော ပစ္စည်းရေအောင် ရည်ရွယ် ပြုလုပ်ခြင်း"ဓိဋ္ဌာ
ဓိ၀" ကို ဝဲသည်ဖြစ်စေ၊ မဝဲသည်ဖြစ်စေ၊ ရဟန်းသာမဏေတို့
အား **ပြောကြားခြင်း**၌.**မအပ်သော** (၃၂)ပါးသော တိရစ္ဆာန
ကထာတို့တွင်၊"ဂါမကထာ၊နိဂမကထာ၊နဂရကထာ၊ဇနပဒက
ထာ၊ဝိသိခါကထာ၊ လောကက္ခာယိက၊ သမုဒ္ဒက္ခာယိက ကထာ"
တို့နှင့်၊လောကဝတ် ပညာသင်ကျောင်းတို့၌ သင်ကြားလိုသော
ပထဝီဝင်စကားသည်၊ထပ်တူကျသည်။

"အထဝါ ပါဠိယံ သရူပတော **အ**နာဂတာဝိ **အ**ရညေ,ပဗ္ဗတ,
နဒိ, ဒီပကထာ, ဣတိသဒ္ဒေန သင်္ဂဟေတ္မာ ဗဟိ သတိရစ္ဆာန
ကထာတိ ဝုစ္စတိ"- ဟူသော၊ ဂါမပဝေသနုသိက္ခာပုဒ် **တော**

သကော်ဦးကာ ၌ ပြအပ်သော "**အရည်ကထာ,ပဋ္ဌာန်းကထာ, နဒီကထာ, ဒီပကထာ**" တို့နှင့်၊ သဘောတူ, **အလားတူ**, ဖြစ်၍ **ရဟန်းသာမဏေတို့** သင်ကြား ပို့ချ ခြင်းငှါ မအပ် ဖြစ်သည်။

အနိယျာနိကတ္တာ သဂ္ဂမောက္ခမဂ္ဂါနှံ့ တိရစ္ဆာနဘူတာ ဟိ ကထာတိ **တိရစ္ဆာနကထာ**။ ။**ဂါမကထာ**ပိ **သုနိဝိဠ,ဒုန္နိဝိဠ**, **သုဘိက္ခ,ဒုဘိက္ခာ**ဒိဝသေနဝါ။**အသုကဂါမ**ဝါသိနော သူရာ **သမဏ္ဍာ**တိဝါ ၉ဝံ **အဿာ**ဒဝသေန နု ဝဋ္ဋတိ။ ။**ဝိသိခါကထာ**ပိ **အသုကာ**ဝိသိခါ **သုနိဝိဠ**ါ **ဒုန္နိဝိဠ**ါ သူရာ **သမဏ္ဍာ**တိ **အဿာ**ဒဝသေနေဝ နု ဝဋ္ဋတိ။ ။**ဥပ္ပတ္တိ,ဋ္ဌိတိ,သံဟာ**ရာ**ဒိ**ဝသေန **လောက်** **အက္ခာ**ယတီတိ **လောကက္ခာ**ယိကံ။ ။**ဂင်းအာ**ဘွင့်-**တေရသကော်ဦးကာ**။**သီလက္ခန်**-**ပြဟ္ဇဇာလသုတ်ဦးကာ**။

ယင်း **တိရစ္ဆာနကထာ**နှင့် **လောကီအတတ်**များကို၊ ပြော**ဟော** ပြုလုပ် သင်ကြားခြင်းသည်၊ **ရဟန်း**ကောင်းတို့ **အလေ့**အကျင့် မဟုတ်ကြောင်းကို၊ **ထေရဂါထာ**ပါ**ဠိတော**၌ ဟော**တော**်မူ၏။

ဥဒရော**ဝဒေ**ဟာကံ ဘုတ္တာ၊
သယနံ**ဏ**္ဍိ**ဿ**နသေယျကာ။
ကထာ ဝ**ဒ**ဒ**ေ**နဿ ပဒ**ီ**ဗုဒ္ဓါ၊
ယာ ကထာ သဗ္ဗ**ဂ**ရဟိတာ။ ။
သဗ္ဗကာ**ရ**ကသိပ္ပါနိ၊
စိတ္တိ**ံ** ကတ္တာန သိက္ခရေ။
အဂ္ဂ**ပ**ဿ**နာ** **အ**ဂ္ဂ**ရ**ိတ္တံ၊
သာမ**ည**ဂ္ဂေ**ာ**ကိ **အ**ဿ**တ**ိ။ ။

ဥဒရ**ော**ဝ**ဒ**ေ**ဟ**ာ**ကံ**၊ဝမ်းပြည့်**အောင်**။**ဘုတ္တာ**၊ **စား**ကြ**ကုန်ပြီး**၍**။ **သယ**နန်**၊**အိပ်**ကြ**ကုန်**၏**။**။**ပ**ဒီ**ဗုဒ္ဓါ**၊**အိပ်**ရာ**မှ **နိုး**ကြ**ကုန်**သည်**ဖြစ်**၍**၊ ဥ**ဋ္ဌာ**နသေ**ယျ**ကာ**၊ **ထ**သော **အိ**ပ်**ရာ **ဂ**ိကြ**ကုန်**သော**။ **ဘိ**က္ခ**။

ရဟန်းတို့သည်။ယာဂတထာ၊အကြင် သုံးဆဲ့နှစ်ပါးသော တိရစ္ဆာနကထာကို။သတ္တုဂရဟိတာ၊မြတ်စွာဘုရား မြစ်တား ကဲ့ရဲ့အပ်၏။ သာဂတထား၊ထို သုံးဆဲ့နှစ်ပါးသော တိရစ္ဆာနကထာကို။ ဝဒ္ဓေန်၊ဖွာလှအောင် ပြောကြား၍ ပွားစေကြကုန်၏။ အစ္ဆရိယံ၊ ကိုယ်အတွင်းသန္တာန်၌။အဂူပသန္တာ၊နှားနို့ တည္ဖစ်ခန့်မျှ ဗြိမ်းဗေး တည်ကြည်ခြင်း မရှိကြကုန်ဘဲ။ သဗ္ဗကာရကသိပ္ပါနိ၊ ကုန်သည် အစရှိသော အလုံးစုံသော အတတ်သည်တို့၏ အတတ်ပညာတို့ကို။ စိတ္တိ'ကတ္တာနု၊ အရိအသေ, အလေးအမြတ်, ပြုကြကုန်၍။ သိက္ခရေ၊ သင်ယူ ပို့ချ ကြကုန်၏၊သာမညတ္တော၊ ရဟန်းတရား သည်။ဝါ၊ရဟန်းတို့၏ ပရိယတ်,ပဋိပတ်,တရားသည်။အတိအဆ္ဆ တိ၊အလွန် ကင်းကွာ၍ နေ၏။ ဝါ၊ ထို ရဟန်းတို့အား ရဟန်း တရား မကပ်။အဆ္ဆတိ၊အသိုးအခြား နေ၏(တိ,အနက်မရှိ။)

ဤသို့ ထေရေ၀ါဒေ၀ါဒ ၌။နောင်သောကာလ၊သာသနာ ဆုတ်ယုတ်သော အခါ၌၊ရဟန်းညစ်,ရဟန်းတေ,ရဟန်းပွေ, တို့၊ နေကြ,ထိုင်ကြ,ပြုလုပ်ကြ,မည်ကို၊ ပရိုပရမထေရ် ဟောကြားခဲ့သည်နှင့်၊ပညာလက်ထောက်ဆရာကို လက်ခံ၍။**လောကီ ပညာ**ကို သင်ကြားစေချင်သော ရဟန်းတို့၏ အပြုအမူ,အကျင့် အကြံ,သည် ထပ်တူ,ထပ်မျှ,ကျသည်ဖြစ်၍၊သာသနာကို ဆုတ်ယုတ်စေသော ရဟန်းညစ်,ရဟန်းတေ,ရဟန်းပွေ,**စင်စစ်အမှန် ဖြစ်သည်။**

(၁) ယာ ကထာ သတ္တုဂရဟိတာကိ- ရာဇကထာဒိ တိရစ္ဆာနကထံ သန္ဓာယ ဝဒတိ၊ သဗ္ဗကာရကသိပ္ပါနိတိ-သဗ္ဗေဟိ ဝေသာဒိဟိ ကာရကေဟိ ကတ္တဗ္ဗာနိ ဆတ္တတာလ၀ဏ္ဏကရဏာဒိနိ ဟတ္ထသိပ္ပါနိ၊ စိတ္တိ'ကတ္တာနာတိ- သက္ကစ္စံ သာဒရံ ကတ္တာ၊ အဂူပသန္တာ အစ္ဆရိယာနိ-ကိလေသဂူပသမာဘာ၀တော ဂဠ္ဠုဟာနမတ္တမ္ပိ သမာ၀ေနာဘာ၀တော၊ အစ္ဆရိယံ အဂူပသန္တာ၊ အဂူပသန္တံ စိတ္တာတိ အတ္ထော၊ သာမညတ္တောတိ- သမဏာ၊ဧ၀ ဘာ အဆ္ဆတိတိ-

တော သံ အာဇီဝကိစ္စပသုတတာယ ကေဒေသံ ဝိ အဖုသနတော ဝိသုံယေဝ နိသိဒတိ၊ အနုလ္လိယတိတိ· ဝုတ္တံ ဟောတိ။ ။ရှင်း ထေရဂါထာအဋ္ဌကထာ။ ။

(၂) ဘန္တေ ဣမသ္မိံ သာသနေ ကတိ ရုဂ္ဂါနိတိ။ ဂ ဏ္ဍ ရုဂ် ဝိပဿနာရုဂ် ဒွေယေဝ ရုဂ္ဂါနိ ဘိက္ခု။တိ၊ကတမံ ပန ဘန္တေ ဂ ဏ္ဍ ရုဂ်၊ကတမံ ဝိပဿနာရုဂ်၊ တတ္ထ အတ္တနော ပညာနုဗ္ဗပေ နေ ကေဝါ ဒွေဝါ နိကာယေ သကလံ ဝါ ပန တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏ္ဍိတ္ဝာ တသ္သ ဓာရဏံ ကထေနံ ဝါ စနဿ ဣဒံ ဂ ဏ္ဍ ရုဂ်နာမ၊ သလ္လဟုကရုဂ္ဂိနော ပန ပဏ္ဏာသေနာသနာဘိရတသ္သ အတ္တ ဘာဝေ ခယဝယံ ပဋ္ဌပေတ္ဝာ သာတစ္စကြိယဝသေန ဝိပဿနံ ဝဍ္ဎိတ္ဝာ အရဟတ္တဂ္ဂဟဏံ ဝိပဿနာရုဂ်နာမာတိ။ ။ခုဒ္ဒပဒ အဋ္ဌကထာ-စက္ခုပါလတ္ထေရဝတ္ထု။

ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ ရဟန်းတို့ပြုအပ်သော အမှုကိစ္စ "ဂ ဏ္ဍ ရုဂ်, ဝိပဿနာရုဂ်" ဟု-နှစ်ပါး သာ လာရှိ၏။

ထိုနှစ်ပါးတို့တွင်၊ ဝိဋကတ်သုံးပုံဟု-ဆိုအပ်သော မြတ်စွာ ဘုရားစကားတော်ကို သင်ယူ,ဆောင်ရွက်,လေ့ကျက်,ဟောပြ, ပို့ချခြင်းကိုသာ ဂ ဏ္ဍ ရုဂ်-ဟုဆိုသည်။ ဝိနည်းပါဠိတော်,အဋ္ဌက ထာ,ဋီကာ,ဘိက္ခုနောဝါဒကသိက္ခာပုဒ်၊ဗဟုသုတရဟန်း သုံး မျိုးကို ပြုရာ၌လည်း။သာသနာကျမ်းဂန် အမျိုးမျိုး တတ်မြောက် လိမ္မာခြင်းကိုသာ ရဟန်းတို့-**ဗဟုသုတ**-ဟုဆိုသည်။ ။**သတိပြု**။

ဒသဓိဓ္ဓရပါဠိတော်၌လည်း။"သနာထာ ဘိက္ခဝေ ဝိဟရထ၊ မာအနာထာ"စသည်ဖြင့်၊ ချစ်သားရဟန်းတို့၊ ထောက်ရာ,တည် ရာ,ကိုးကွယ်ရာ,ရှိသည်ဖြစ်၍နေကြကုန်။ ထောက်ရာ,တည်ရာ, ကိုးကွယ်ရာ, မရှိသည်ဖြစ်၍ မနေကြကုန်လင့်ဟု-တိုက်တွန်း နှိုး

ဆော် တော်မူ၍ "နာထတရားဆယ်ပါး" ကို ဟောတော်မူရာ တွင်'ဒုတိယနာထတရားခြို ပိုနည်းနှင့်အတူ ပရိယတ္တိပဟုသုတ ကို ဟောတော်မူသည်။ **လောကိပဟုသုတ** ကို နာထတရားဟု မဟော။ **စတုဋ္ဌနာထတရား** ၌ သိတင်းသုံးတော်တို့ ဆိုဆုံးမ လွယ်သော စကားရှိခြင်း၊ ဆိုဆုံးမသည်ကို အလေးအမြတ်ပြု၍ နာယူခြင်းကို ဟောတော်မူသည်။ ။**ပဋ္ဌမနာထတရားခြို**။ ။

(၃) "ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ယာနိ တာနိ သဗ္ဗြဟ္မစာရိနံ ဥစ္စာဝစာနိ ကိ'ကရဏီယာနိ၊တတ္ထ ဒဂ္ဂော ဟောတိ အနုလသော တတ္ကြုပါယာယ ဝိမံသာယ သမန္နာဂတော အလံကာတုံ အလံ သံ ဝိဓာတုံ၊ယာနိတာနိ သဗ္ဗြဟ္မစာရိနံ ဥစ္စာဝစာနိ ကိ'ကရဏီယာနိ၊ တတ္ထ ဒဂ္ဂော ဝတာယံ ဘိက္ခု အနုလသော တတ္ကြုပါယာယ ဝိမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုန္တိ ထေရာဝိ နံ ဘိက္ခု။ ဝတ္တာရော အနုသာသိတာရော မညန္တိ၊ မဇ္ဈိမာဝိ ဘိက္ခု။ နဝါဝိ ဘိက္ခု။ ဝတ္တာရော အနုသာသိတာရော မညန္တိ၊ တာသ ထေရာနုကမ္ပိတာသ မဇ္ဈိမာနုကမ္ပိတာသ နဝါနုကမ္ပိတာသ ဝုဒ္ဓိ ယေဝ ပါဋိကင်္ခါ ကုသလေသု ဓမ္မေသု၊ နော ပရိဟာနိ၊ အယမ္ပိ ဓမ္မော နာထကရဏော"။ ။ဟူ၍၊ သိတင်းသုံးတော် ရဟန်း သံဃာတို့၏ အမှုကိစ္စ ဖြစ်သော သက်နိုးချုပ်ဆိုးခြင်း စသည် ၌ **သိက္ခာမိုးလေမျှောခြင်း** ကိုသာ ဟောတော်မူသည်။

ဤသို့ ပါဋိ, အဋ္ဌကထာ, လာသည့်အတိုင်း **နာထတရား** လည်း မဟုတ် **ဂန္ဓိရ** လည်းမဟုတ်သော လောကိအကျိုးစီး ပွားမျှရှိသော "**ဂဏနိုးသင်္ချာ, ပထဝီဝင်**" စသော လောကိ အ တတ်ပညာများကို သင်ကြား, ပို့ချ, သော ရဟန်း, သာမဏေ, တို့ သည်၊ ဘုရား အလိုတော် ရှိအပ်သော **အမှုကိစ္စ**ကို မပြု၊ **အ**လို တော် မရှိအပ်သော **ပဘိရက** အမှုကို ပြုကျင့်လေ့လာသော သူများဖြစ်၍၊ မအပ်သော လူတို့နှင့် ရောနှောခြင်း၊ ပျို့,ကဗျာ, **လက်ာ,**ကို ပြုရ လေ့လာခြင်းသာ အားကြီးသော၊**ဆွေ**ခ**ီလခံသ**

သျှင်ရဟန္တာ၏ တို့ကို အဝဘုရင် ဒုတိယမင်းခေါ်ကာ၊ သိပ်တော် သမုတ်အံ့သော အခါ၊ ထိုအသျှင်မဟာသိလဝံသ-အသျှင်မဟာရဟန္တာရတို့နှင့် ရဟန်းသံဃာတို့က၊ အတူတကွ၊ သိပ်သမုတ်ရြင်းကို မပြု။ ဘုရား မျက်နှာတော်ကို ထောက်၍ ကြည့်ရှောင်ဘူးသော ထုံးစံရှိသည့်အတိုင်း ကြည့်ရှောင်အပ်သည်။

(၄) တဘွဲ့ စာနနှာ ဗဟုရိခေါ၊သိပ္ပစာတိကော ၉ဝ ဟိ ကောစိ ဘိက္ခု ဆတ္တံ ကာတုံ စာနာတိ၊ ကောစိ စိဝရဒိနံ အညတရံ၊ တသ ဤဒိသာနိ ကမ္မာနိ ဝတ္တသိသေ ဌတ္ဝာ ကရောန္တသ သာ စာနနှာ သဂ္ဂမဂ္ဂဖလာနံ ပဒဋ္ဌာနံ နဟောတိတိ နဝတ္တဗ္ဗံ။ ယော ပန သာသနေ ပဗ္ဗဇိတ္ဝာ ဝဠ္ဠကမ္မာဒိနိ ကာတုံ စာနာတိ။ တသော်ဝ စာနတော အာသဝါ ဝဍ္ဎန္တိယေဝ၊ တသ္မာ ယံ စာနတော ပသ္သတောစ အာသဝါနံ ခယော ဟောတိ၊ တဒေဝ ဒသ္သေန္တော ဣတိရူပန္တိအာဒိမာဟ။ ။နိဒါနဝဏ္ဏသံယုတ်အဋ္ဌကထာ။

(၅) ဝတ္တသိသေဌတ္ဝာတိ-ဝတ္တံ ဥတ္တမံ ဝုဏ် ကတ္ဝာ၊ယော ဟိ ပရိသုဒ္ဓါဇီဝေါ ကာတုံ အစာနန္တာနံ သပြိဟ္ဌစာရိနံ အတ္တနော ဝသ်ဝါတာဒိပဋိဗာဟနတ္ထံ ဆတ္တာဒိနိ ကရောတိ၊ သော ဝတ္တသိသေ ဌတ္ဝာ ကရောတိနာမ၊ ပဒဋ္ဌာနံ နဟောတိတိ နဝတ္တဗ္ဗံ၊နာထကရဏာဒမ္မသဘာဝေန မဂ္ဂဖလာဓိဂမသ ဥပနိဿယဘာဝတော၊ ဝတ္တံ|ဟိ|ယာနိ|တာနိ သပြိဟ္ဌစာရိနံ ဥစ္စာဝစာနိ ကိံ ကရဏီယာနိ၊ တတ္ထ ဒဂ္ဂေါ ဟောတိတိအာဒိ၊ ၉ဝံ စာနတောတိ- ၉ဝံ ဝဠ္ဠကမ္မကုဟနာဒိနံ စာနနဟေတု၊ ဓိဋ္ဌာဓိဝေ ယာ ကာမာသဝါဒယော၊အာသဝါ ဝဍ္ဎန္တိယေဝ၊နပ ပဟီယန္တိ။ ။ ရင်းသံယုတ်ဋီကာ-တတိယဝဂ္ဂ။

ကိုးကားပေါ်ပြုခဲ့သောပါဠိ-အဋ္ဌကထာ ဋီကာအနက်များ။

(၁) ရာဇကထာဒိတိရစ္ဆာနကထံ၊ ရာဇကထာ အစရှိသော သုံးဆဲ့နှစ်ပါးသော တိရစ္ဆာနကထာကို။ သန္ဓာယ၊ ရည်တော်မူ၍။ ယာကထာသဗ္ဗုဂရဟိတာတိ၊ ယာကထာသဗ္ဗုဂရဟိတာဟူ၍။ ပရိပရဗ္ဗေရော၊ ပရိပရမထေရ်သည်။ ဝေဒတိ၊ ဆိုတော်မူ၏။ သဗ္ဗကာရကသိပ္ပါနီတိ၊ သဗ္ဗကာရကသိပ္ပါနီဟူသည်ကား။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဝေဿဝဒိဟိ၊ ကုန်သည်အစရှိကုန်သော။ ကာရကေဟိ၊ အတတ်သည်တို့သည်။ ကတ္တဗ္ဗါနိ၊ ပြုအပ်ကုန်သော။ ဆတ္တ, တာလဝဏ္ဏ, ကရဏာဒီနိ၊ ထီးကို လုပ်ဆောင်ခြင်း, ထန်းရွက်ယပ်ဝန်းကို လုပ်ဆောင်ခြင်း အစရှိကုန်သော။ ဟတ္ထိသိပ္ပါနိ၊ လက်ဖြင့် ပြုအပ်ကုန်သော အတတ်ပညာတို့ကို။ စိတ္တိံ ကတ္တာနာတိ၊ စိတ္တိံ ကတ္တာနဟူသည်ကား။ သက္ကစ္စံ-သာဒရံကတ္တာ၊ အရိုအသေပြု၍။ အဂ္ဂုပသန္တာအာဒ္ဓတ္တန်၊ အဂ္ဂုပသန္တာအာဒ္ဓတ္တံ ဟူသည်ကား။ ကိလေသဂ္ဂုပသမာဘာဝတော၊ ကိလေသာ ငြိမ်းငေးခြင်း မရှိခြင်းကြောင့်ရင်း။ ဂဒ္ဓဗ္ဗာနမတ္တမ္ပိ၊ နွားနို့ တည့်စ် ခန့်မျှလည်း။ သမာဝနာဘာဝတော၊ တည်ကြည်ခြင်း မရှိခြင်းကြောင့်ရင်း။ အာဒ္ဓတ္တံ၊ ကိုယ်တွင်း သန္တာန်၌။ အဂ္ဂုပသန္တာ၊ မငြိမ်းမငေး၊ မတည်ကြည်သောစိတ် ရှိသည်ဖြစ်၍။ အဂ္ဂုပသန္တစိတ္တာ၊ မငြိမ်း မငေး၊ မတည်ကြည်သော စိတ်ရှိသည် ဖြစ်၍။ ဣတိအယံအတ္ထော၊ ဤကား အနက်။ သာမညတ္ထောတိ၊ သာမညတ္ထော ဟူသည်ကား။ သမဏာနမ္ပေတော၊ ရဟန်းတရားသည်။ ဝါ၊ ရဟန်းတို့၏ ပရိယတ်, ပဋိပတ်, အကြင်တရားသည်။ အနညတိတိ၊ အနညတိ ဟူသည်ကား။ အာဇီဝကိစ္စပသုတတာယ၊ အသက်မွေးခြင်းအမှုဌ် လေ့ကျက်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ ကေဒေသံ ပိ၊ တစိုင်တဒေသမျှသော ပရိယတ်, ပဋိပတ်, ဟူသော ရဟန်းတရားကိုလည်း။ ဝါ၊ ဖြင့်လည်း။ အဗုဿနတော၊ မတွေ့ရသောကြောင့်၊ တေ့သံ

သိကျ။နဲ့၊ ထိုမဂ်ဖိုလ်မှ ဖိလာဖြစ်ကုန်သော အတတ်ကို လေ့ကျက်ကုန်သော ရဟန်းတို့အား။ ဝိသုံယေ၀း အသီးသာလျှင်။ နိသိဒတိ၊နေရ၏။ အနုလ္လိယတိ၊ ရဟန်းတရားမကပ်ငြို။ ဣတိ၊ ဤသို့။ဝုတ္တံ-ဝုတ္တော-ဝတ္တုကာမော၊ဆိုလိုသည်။ဟောတိဖြစ်၏။ ။

မှတ်ချက်။ မဂ်ဖိုလ်မှဖိလာဖြစ်သော အတတ်ပညာကို လေ့လာ သင်ကြား အားထုတ်သော ရဟန်းတို့နှင့် "ပရိယတ်, ပဋိပတ်" ဟူသော ရဟန်းတရားသည် ဝေးကွာ သီးခြားသာ နေရတော့၏။ ထို ရဟန်းတို့သို့၊ ရဟန်းတရား မကပ်ငြိဟု- ဆိုလို သည်။

(၂) ဘန္တေ၊ အရှင်ဘုရား။ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ဧကစ္စာနံ၊ဧရဝတို့သည်။ကတိ၊အဘယ်မျှရှိပါသနည်း။ဣတိ၊ ဤသို့။ထေရော၊မထေရ၏သည်။ ဘဂဝန္တံ၊မြတ်စွာဘုရားကို။ပုစ္ဆိ၊ မေးလျှောက်၏။ ဘိက္ခု၊ရဟန်း။ ဂန္ထဓုရံဝိပဿနာဓုရန္တိ၊ဂန္ထဓုရ,ဝိပဿနာဓုရ,ဟူ၍။ဧကစ္စာနိ၊ဧရဝတို့သည်။နေ့ယေ၀၊နှစ်ပါးတို့သည်သာတည်း။ဣတိ၊ဤသို့။ဘဂဝါ၊မြတ်စွာဘုရားသည်။အဝေါစ၊မိန့်တော်မူ၏။ ဘန္တေ၊မြတ်စွာဘုရား။ ဂန္ထဓုရံပန၊ဂန္ထဓုရသည်ကား။ကတမံ၊အဘယ်ပါနည်း။ ဝိပဿနာဓုရံ၊ဝိပဿနာဓုရသည်။ကတမံ၊အဘယ်နည်း။ဣတိဝုတ္တော၊ဤသို့ မေးလျှောက်သည်ရှိသော်။ဘိက္ခု၊ရဟန်း။ အတ္ထနော၊ငါ၏။ ဣညာနဲ့ရှုပေနှင့်ဣဃာ အားလျော်စွာ။ ဧကံဝါနိကာယံ၊တပါးသော နိကာယ်ကိုဝင်း။နေ့ဝါနိကာယေ၊ နှစ်ပါးသော နိကာယ်တို့ကိုဝင်း။ တေပိဒုကံ၊ ပိဋိကတ်သုံးပုံဟုဆိုအပ်သော။သကလံ၀ါပနဗုဒ္ဓ၀စနံ၊ အလုံးစုံသော ဘုရားစကားတော်ကိုဝင်း။ဥဂ္ဂဏှိတွာ၊သင်ယူ၍။ တသဗုဒ္ဓ၀စနသ၊ထိုဘုရားစကားတော်ကို။ ဝါရဏံ,ကထနံ,၀ါစနံ၊ဆောင်ခြင်း၊ပြောဟောခြင်း၊ဖိုရှုသင်ကြားခြင်းသည်။ အတ္ထိ၊ရှိ၏။။ဣတိ ဣနံ၊ဤသို့ဆောင်ခြင်း၊ပြောဟောခြင်း၊ ဖိုရှုသင်ကြားခြင်းသည်။

ဂန္ဓာရုရံနှာမ၊ ဂန္ဓာရုရမည်၏။ ပဏ္ဏာသေနှာသနှာဘိရတသ။ သစ်ရွက်မိုးသော ကျောင်းခို မှေ့လျော်သော။ သလ္လဟုကဝတ္ထို နှောခေါင်းပါးသော အကျင့်ရှိသော ရဟန်းအား။ ဝါ၊ပေါ့သော အသက်မွေးခြင်း ရှိသော ရဟန်းအား။ အတ္တဘာဝေ၊ခန္ဓာအတ္တ ဘောဒ်။ခယဝယံ၊ကုန်ခြင်း ပျက်ခြင်းကို။ပဋ္ဌပေတွာ၊ဖြစ်စေ၍။ဝါ၊ သိစေ၍။ သာတစ္စကိရိယဝေသနှ၊အရိအသေ ပြုသည်၏, အစွမ်း ဖြင့်။ဝိပဿနံ၊ဝိပဿနာကို။ဝဝေဿတွာ၊ပွားစေ၍။ အရဟတ္တဂ္ဂဟ ဏံ၊အရဟတ္တမဂ်လ်ကိုယူခြင်းသည်၊ဝိပဿနာရုရံနှာမ၊ **ဝိပဿ နာရုရမည်၏**။

(၃) ဘိက္ခဝေ၊ရဟန်းတို့။ပုနစပရံ၊တပါးကုံ၊ဘိက္ခု၊ရဟန်း သည်။ သဗြဟ္မစာရီနံ၊သီတင်းသုံးဘော် ဖြစ်ကုန်သော သူတို့၏။ ဥစ္စာဝစာနိ၊ အမှုကြီး,အမှုငယ်,ဖြစ်ကုန်သော။ ဝါ၊ အယုတ်, **အ** မြတ်, ဖြစ်ကုန်သော။ ယာနိ တာနိ ကိ ံကရဏီယာနိ၊ **အ**ကြင် သက်နှံးချုပ်ဆိုးခြင်း စသော ပြုဘွယ်ကိစ္စတို့သည်။ သန္တိ၊ရှိကုန် ၏။တတ္ထ၊ထိုသက်နှံးချုပ်ဆိုးခြင်းစသော ပြုဘွယ်ကိုနှုတ်။ဒဏ္ဍော၊ ပြုခြင်းဌာ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။ အနုလသော၊ ပြုခြင်းဌာ မပျင်းရိသည်။ ဟောတိ၊ ဖြစ်၏။ တတြ၊ပါယာယ၊ ထိုသက်နှံး ချုပ်ခြင်း ဆိုးခြင်း စသည်ကို ပြုရာသော **အ**ကြောင်းနှင့်။ တတြ ဝိမံသာယ၊ ထိုအမှုကို စုံစမ်းခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံ သည်။ ဟောတိ၊ဖြစ်၏။ ကာတုံ၊ပြုခြင်းဌာ။ အလံ၊စွမ်းနိုင်သည်။ ဟောတိ၊ဖြစ်၏။ သံဝိဓာတုံ၊ စီရင်ခြင်းဌာ။ **အ**လံ၊စွမ်းနိုင်သည်၊ ဟောတိ၊ဖြစ်၏။ **အ**ယံဘိက္ခု၊ဤရဟန်းသည်။သဗြဟ္မစာရီနံ၊သီ တင်း သုံးဘော်တို့၏။ ဥစ္စာဝစာနိ၊ **အ**မှုကြီး **အ**မှုငယ် ဖြစ်ကုန် သော။ ယာနိတာနိကိ ံကရဏီယာနိ၊ **အ**ကြင်သက်နှံး ချုပ်ခြင်း, ဆိုးခြင်း,စသော **အ**မှုကိစ္စတို့သည်။သန္တိ၊ရှိကုန်၏။တတ္ထ၊ထို**အ**မှု ကိုနှုတ်။ ဒဏ္ဍောဝတာ၊ပြုခြင်းဌာ **လိ**မ္မာပေစ္ဆ တကား။ **အ**နုလသော ဝတာ၊မပျင်းရိလေစ္ဆ တကား။ တတြ၊ပါယာယ၊ထို သက်နှံးချုပ် ခြင်း,ဆိုးခြင်း, စသည်ကို ပြုရာသော **အ**ကြောင်းနှင့်။ တတြ ဝိမံ

သာယ၊ထိုသက်နိုးချုပ်ခြင်း,ဆိုးခြင်း,စသော အမှုကို စုံစမ်းခြင်းနှင့်။ သမန္ဓာဂတောဝတာ၊ပြည့်စုံပေစွ တကား။ ကာတုံ၊ပြုခြင်းငှါ။ အလံဝတာ၊ စွမ်းနိုင်ပေစွ တကား။ သံဝိဓာတုံ၊ စီရင်ခြင်းငှါ။ အလံဝုတာ၊ စွမ်းနိုင်ပေစွ တကား။ ဣတိ၊ ဤသို့ နှုလုံး သွင်း၍၊ နံဘိကျွဲ၊ ထိုရဟန်းကို။ ထေရာ၊ မထေရ်ကြီး ဖြစ်ကုန်သော။ ဘိက္ခု၊ပါ၊ရဟန်းတို့သည်လည်းကောင်း။ ဝတ္တဗ္ဗံ၊ဆို ဆုံးမအပ်၏ ဟူ၍။ မည္ဘန္တိ၊မှတ်ထင်ကြကုန်၏။ အနုသာသိတဗ္ဗံ၊အာဘန်ဘန် ဆို ဆုံးမအပ်၏ ဟူ၍။ မည္ဘန္တိ၊ မှတ်ထင် ကြကုန်၏။ မဇ္ဈိမာ၊ မထေရ်လတ် ဖြစ်ကုန်သော။ ဘိက္ခု၊ပါ၊ ရဟန်းတို့ သည်လည်းကောင်း။ နဝါ၊ သိဘင်းငယ် ဖြစ်ကုန်သော။ ဘိက္ခု၊ပါ၊ရဟန်းတို့ သည်လည်း။ဝတ္တဗ္ဗံ၊ဟူ၍။မည္ဘန္တိ၊ကုန်၏။ အနုသာသိတဗ္ဗံ၊ဟူ၍။ မည္ဘန္တိ၊ကုန်၏။ထေရာနှုတ်မှိတ်သ၊မထေရ်ကြီးတို့ အစဉ်စောင့်ရှောက် သနားခြင်းရှိသော။ မဇ္ဈိမာနှုတ်မှိတ်သ၊မထေရ်လတ်တို့ အစဉ်စောင့်ရှောက် သနားခြင်းရှိသော။နဝါနှုတ်မှိတ်သ၊သတင်းငယ်တို့ အစဉ် စောင့်ရှောက် သနားခြင်း ရှိသော။ တသ၊ ထို ရဟန်းအား။ ကုသလေသုဓမ္မေသု၊ကုသိုလ်တရားတို့၌။ ဝုဏ္ဏိယေဝ (ဗုဒ္ဓိယေဝ)တိုးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။ ဘိက္ခဝေ၊ရဟန်းတို့။ အယံပိဝေဠော၊ဤ တရားသည်လည်း။ ဝါ၊ဤ သဘောသည်လည်း။ နာထကရဏော၊နာထကရဏမည်၏။ ဝါ၊ ဖြိုရိုရာထောက်တည်ရာကင်ပြုတတ်၏။ ။**ဒသဂ်ဘုရပါဋိတော**ဝိ **အာနက်**။

၄ တတ္ထ၊ထို"ရူပ်ဇာနတော" စသောပါဋိတော်၌။ ဇာနနာ၊ သိခြင်းတို့သည်၊ဗဟုဝိဓ၊များသော အပြား ရှိကုန်၏။ဟိ-ဝိဏ္ဍာ ရယိသ၊ဓါ၊ ချဲ့ဦးအုံ့။သိပ္ပဇာတိကော၊ သင်အပ်ပြီးသောအတတ် ရှိသော၊ ကောစိ၊ အချို့သော။ ဘိက္ခု၊ဝေ၊ ရဟန်းသည်သာလျှင်။ ဆတ္တုံ၊ထိုးကို။ ကာတုံ၊ပြုခြင်းငှါ။ ဇာနာတိ၊သိ၏။ ကောစိ၊ အချို့ သောရဟန်းသည်။ စိဝရာဒိနုံ၊သက်နိုးစသည်တို့ကွယ်။ အညတရံ

ရုံ၊တပါးပါးကို။ ကာတုံ၊ပြုခြင်းဌာ။ ဇာနာတိ၊သိ၏။ ဤဒီသာနိ ကမ္မာနိ၊ဤသို့ သဘောရှိသောအမှုတို့ကို။ ဝတ္ဘာသိ၊သေ၊မြတ်သော ဝတ်အကျင့်၌။ ဌတွာ၊တည်သည်ကိုပြု၍။ ကရောန္တိ သ၊ပြုသော။ တာသ၊ ထိုရဟန်း၏။ ဇာနနာ၊ သိခြင်းသည်။ သဂ္ဂမဂ္ဂဖလာနံ၊ နတ်ရွာ,မဂ်ဖိုလ်,နိဗ္ဗာန်,တို့၏။ ပဒဋ္ဌာနံ၊အကြောင်းသည်။ နဟောတိ၊မဖြစ်။ ဣတိ၊ဤသို့။ နဝတ္ဘာဗ္ဗံ၊မဆိုအပ်။ ပန၊ဆက်ဦးအံ့။ ယော ဘိက္ခု၊အကြင်ရဟန်းသည်။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ရှင်,ရဟန်း,ပြု၍။ဝဇ္ဇကမ္မာဒိနိ၊ဆေးကုခြင်းအမှု စသည်တို့ကို။ကာတုံ၊ပြုခြင်းဌာ။ဇာနာတိ၊သိ၏။ ဧဝံ ဇာနတော၊ဤသို့ ဆေးကုခြင်း အမှု စသည်ကို ပြုခြင်းဌာ သိသော။ တာသ၊ ထိုရဟန်း အား။ ယသ္မာ၊ အကြင်ကြောင့်။ အာသဝါ၊အာသဝေါ တရားတို့သည်။ ဝဇ္ဇနိယော ဝ၊ပွားကုန်သည်သာလျှင်တည်း။ တသ္မာ၊ထို ကြောင့်။ယံ၊ အကြင်ဆတ္တကမ္မ,စိဝရကမ္မ စသည်ကို။ဇာနတော၊ သိသော။ ပဿတော၊မြင်သော။ တသ္မာ၊ထိုရဟန်းအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယော၊ ကုန်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဒေဝ-တံ ဝေ ဇာနနံ၊ ထိုသိခြင်းကိုသာလျှင်။ ဒဿနန္တော၊ပြတော်မူလိုသည် ဖြစ်၍။ဣတိ၊ဤ၌ အာဒီ၊ဣတိ၌ ပံ အစရှိသောစကားကို။ ဘဂဝါ၊မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ။နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာဘနက်။

မှတ်ချက်။ ထိုးလုပ်ခြင်းအတတ်,သက်နှုးချုပ်ခြင်း,ဆိုးခြင်း, စသော အတတ်များကို သိခြင်း တတ်ခြင်းသည်၊ မဂ်ဖိုလ်၏ အကြောင်းမဟုတ်ဟု-မဆိုအပ်။ဆေးကုခြင်းစသော အတတ်ကို ပြုခြင်းဌာ၊ တတ်သိသော ရဟန်းအားသာ၊ "မိန္ဒာဇီဝ"အကြောင်းဖြစ်၍၊အာသဝေါတရား ပွားများတတ်လေသည်။

(၅) ဝတ္ဘာသိသေဌတွာတိ၊ ဝတ္ဘာသိသေဌတွာဟူသည်ကား။ ဝတ္ဘံ၊ ဝတ်အကျင့်ကို။ ဥတ္တမံ ရုံကတွာ၊အမြတ် အဦး ပြု၍။ဟိ၊

သစ္စံ၊မှန်၏ ၊ ပရိသုဒ္ဓါဒီဝေါ၊ စင်ကြယ်သော အသက်မွေးခြင်း ရှိ သော။ယောဘိက္ခု၊အကြင်ရဟန်းသည်။ကာတုံ၊ပြုခြင်းငှါ။ အစာ ခဲယူနှာခုံ၊မသိကုန်သော။ သဗြဟ္မစာရိနံ၊ သိတင်းသုံးဘော်တို့၏ လည်းကောင်း။ အတ္တနော၊မိမိ၏ လည်းကောင်း။ ဝဿဝါတာဒိ ပဋိဗာဟာနတ္ထံ၊ ရိယင်း,လေ,စသည်ကို တားမြစ်ခြင်း အကျိုးငှါ။ ဆတ္တာဒိနိ၊ထီးစသည်တို့ကို။ ကရောတိ၊ပြုအံ့။ သောဘိက္ခု၊ထို ရဟန်းသည်။ဝတ္တသိသေ၊မြတ်သော ဝတ်အကျင့်၌။ ဌတ္ဝာ၊တည် သည်ကို ပြု၍။ကရောတိနာမ၊ပြုသည် မည်၏ ။ပဒဋ္ဌာနံ၊ နတ်ရှာ, မဂ်ဖိုလ်,၏ အကြောင်းသည်။ နဟောတိ၊မဖြစ်။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗံ၊မဆိုအပ်။ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ နာထ ကရဏာမဇ္ဈသဘာဝေန၊ နာထကရဏာတရားတို့သဘောဖြင့်၊ မဂ္ဂ ဖလာဓိဂမသာ၊ မဂ်ဖိုလ်ကို ရခြင်း၏ ။ ဥပနိဿယဘာဝတော၊ ဥပနိဿယ၏ အဖြစ်ကြောင့်တည်း။ဟိသစ္စံ၊မှန်၏ ။ ''ယာနိတာ နိသဗြဟ္မစာရိနံဥစ္စာဝစာနိကိ ကရဏီယာနိ၊ တဏ္ဍုဒကွောဟော တိတိအာဒိ''၊ဟောတိ အစရှိသော စကားတော်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ ဇေဝံဇာနတောတိ၊ ဇေဝံဇာနတောဟူသည်ကား။ ဇေဝံ၊ဤသို့။ ဝဋ္ဋကမ္မကုဟနာဒိနံ၊ဝဋ္ဋ ကမ္မ, ကုဟနကမ္မ, စသည်ကို။ ဇာနနဟေတု၊ သိခြင်းကြောင့်။ ပဝတ္တာ၊ ဖြစ်သော။ ဓိဋ္ဌာဇီဝပစ္စယာ၊ ဓိဋ္ဌာဇီဝဟူသော အ ကြောင်းကြောင့်။ ကာမာသဝါဒယော၊ ကာမာသဝ အစရှိကုန် သော။အာသဝါ၊အာသဝေါတရားတို့သည်။ ဝဗုဇ္ဈိယေဝ၊တိုးပွားး ကုန်သည်သာလျှင်တည်း။နုပဟီယန္တိ၊မပယ်အပ်ကုန်။ ။နိဒါန ဝဏ္ဏသံယုတ်ဦးကာအနက်။

ဤသို့ အဠကထာ, ဋီကာ, တို့ကို ထောက်၍ **ဝဏ္ဏိဝဠဉ္ဇာ သာ ဦးကာ၊ အဘိဓမ္မာဝတာရဦးကာ** တို့၌။ ။ယော ဟိ ပရေသံ ဟိတဇ္ဈာသယေန ဝမ္မံ ဒေသေတိ၊ ဟိနုက္ကဋ္ဌာဒိနိစ နဋ္ဌကာရ, မဇ္ဈ

ဂဏာနာဒီနိ သိပ္ပာယတနာနိ ဝမ္ဘကိ, ကသိ, ဝါဏိဇ္ဇာဒီနိ ဝါ ကမ္မာ ယတနာနိ သုစိဟာရဏာဒီနိ ဝိဇ္ဇာဌာနာနိတိ ဧဝံ နိရဝဇ္ဇသိပ္ပာ ယတနာဒီနိ သိက္ခာပေတိ၊ သယံဝါ သိက္ခတိ၊ ဓမ္မကထိကသ သက္ကာရံ ကတ္တာ ဓမ္မံ ကထာပေတိ၊အာယတိ ပညဝါ ဘဝိဿာ မိတိ ပတ္ထနံ ပဋ္ဌပေတ္တာ နာနပ္ပကာရကံ ပုညကမ္မံ ကရောတိ၊ တဿဝံ နာနပ္ပကာရကံ ပညာသံဝတ္တနိယကမ္မံ သမ္ဘာဒေန္တဿ တံကမ္မံ ဥပနိဿာယ ဥပ္ပဇ္ဇမာနံ ကုသလံ ဥာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ။ ။**မဏိမဇ္ဈိမသာဒီကာ-၁၄၉**။

ဟိ-သစ္စံ၊မှန်၏။ ။ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ပရေသံ၊ တပါးသောသူတို့၏။ ဟိတဇ္ဈာသယေန၊အကျိုးစီးပွားကို အလို ရှိသဖြင့်။ဓမ္မံ၊တရားကို။ ဒေသေတိ၊ဟောတတ်။ ဟိနုက္ကဋ္ဌာဒီနိ၊ဟိန, ဥက္ကဋ္ဌ,အစရှိကုန်သော။ နဋ္ဌကာရ, မဟဋ္ဌဂဏာနာဒီနိ၊ နှီးသမား အ တတ်-လက်ဆစ်ချိုး၍ ရေတွက်ခြင်း အတတ် အစရှိကုန်သော။ သိပ္ပာယတနာနိစ၊အတတ်အပေါင်းတို့ကိုလည်းကောင်း။ ဝမ္ဘကိ, ကသိ, ဝါဏိဇ္ဇာဒီနိ၊ လက်ဖြင့် ပြုအပ်သော အမှု, လယ်ထွန်ခြင်း ကုန်သွယ်ခြင်းအမှု, အစရှိကုန်သော။ကမ္မာယတနာနိဝါ၊အမှု အ ပေါင်းတို့ကို လည်းကောင်း။ သုစိဟာရဏာဒီနိ၊ စင်ကြယ်စွာ ဆောင်အပ်သော အမှု အစရှိကုန်သော။ ဝိဇ္ဇာဌာနာနိစ၊အတတ် ၏, အကြောင်းတို့ကိုလည်းကောင်း။ဧဝံ၊ဤသို့။နိရဝဇ္ဇသိပ္ပာ ယတနာဒီနိ၊အပြစ်မရှိသော သိပ္ပါယတန စသည်တို့ကို။သိက္ခာ ပေတိ၊သင်စေအံ့။ သယံဝါ၊ကိုယ်တိုင်လည်း။ သိက္ခတိ၊ သင်အံ့။ ဓမ္မကထိတဿ၊ ဓမ္မကထိကပုဂ္ဂိုလ်**အား**။ သက္ကာရံ၊ ရိုသေခြင်း ကို။ကတ္တာ၊ပြု၍။ဓမ္မံ၊တရားကို။ကထာပေတိ၊ဟောစေအံ့။ အာယ တိ ဝါ၊နောင်အခါ၌မူလည်း။ ပညဝါ၊ ပညာရှိသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ဧဝံ၊ဤသို့။ပတ္ထနံ၊တောင့်တခြင်းကို။ပဋ္ဌပေတ္တာ၊ဖြစ်စေ၍။ နာနပ္ပကာရကံ၊ **အ**ထူးထူး အပြားပြားသော။ ပုညကမ္မံ၊ကုသိုလ် ကောင်းမှုကို။ကရောတိ၊ပြုအံ့။ဧတံနာနပ္ပကာရကံ၊ဤသို့ **အ**ထူးထူး

အပြားပြား ပြုအပ်သော။ ပညာသံဝဏ္ဏနိယကမ္မံ၊ ပညာပွားကြောင်း ဖြစ်သော အမှုကို။သမ္မာဒေဿသ၊ ပြီးစေသော။တသပုဂ္ဂလသ၊ထိုပုဂ္ဂိုလ်၏။ တံကမ္မံ၊ထိုကံကို။ ဥပနိဿာယ၊အမှီပြု၍၊ဥပဇ္ဈာယနှံ၊ဖြစ်သော။ကုသလံ၊ကုသိုလ်သည်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏသမ္ပယုတ်သည်။ ဝါ၊ ဉာဏ်နှင့် ယှဉ်သော ကုသိုလ်သည်။ ဥပဇ္ဈာတိ၊ဖြစ်၏။ ။ဟု-ဆိုသည်။

မှတ်ချက်။ ဤသို့ ပြုဆိုခြင်းသည်။ ဂဏန်း သင်္ချာ စသော အတတ် လက်သမားအမှု၊လယ်လုပ်,ကုန်သွယ်,ခြင်း စသော အမှုတို့ကို ကိုယ်တိုင်သင်ခြင်း၊သူတပါးတို့ကို သင်စေခြင်းမျှားသည် **ပညာသံဝဏ္ဏနိက** အမှုဟုသာ ပြုဆိုလိုရင်း ဖြစ်သည်။ **ရဟန်းတို့** **အား** အပ်သောအမှု, မအပ်သောအမှု, ဟု- ပြုဆိုလိုသောအရာမဟုတ်။ သာသနာတော်တွင်း, သာသနာပ,လူ, ရှင်, ရဟန်း, တို့ကို မရွေးမချယ်၊ "ပညာသံဝဏ္ဏနိက" ကုသိုလ် ဖြစ်နိုင်ရန် အကြောင်းကိုသာ ပြုဆိုသော အရာဖြစ်၏။

အဘိဓမ္မာဝတာရဋီကာ, မဏိမဉ္ဇူသာဋီကာ,တို့၌ ပြုဆိုအပ်သော အရာသည်၊ ထိုအလုံးစုံသော **အမှု**တို့ကို၊ ရဟန်းတို့**အား** ပြုအပ်,ပြုသင့်,ပြုထိုက်သောကြောင့်သာ၊ ယင်းကဲ့သို့ ၎င်းဋီကာ ဆရာများ ဘွင့်ပြကြသည်ဟု- **အ**ကယ်၍ အယူရှိကြသားအုံ့။ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း,အစရှိသော အမှုများသည်လည်း၊ ရဟန်းတို့ မချွတ်ပြုအပ်သော **အ**မှုများသာ ဖြစ်ရာ၏။ ထိုသို့ ဖြစ်ခဲ့လျှင်။ ။"ဣဿ စ ယသ္မာ အဂါရသ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ အဂါရိယန္တိ ဝုစ္စတိ၊ တဿ ပဗ္ဗဇ္ဇာယ နတ္ထိ တသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယန္တိ ဉာတဗ္ဗာ"- ဟူသော "**သာဓုဇ္ဇနလသုက် အဋ္ဌကထာ**" "**ဘေရဝသုတ်အဋ္ဌကထာ**" "**ကဿပသံယုတ်**

အဋ္ဌကထာ" စသည် တို့၌၊ လူတို့၏ အစီး အပွား ဖြစ်သော လူတို့ အားသာ လျော်သော လယ်ထွန်ခြင်း, ကုန်သွယ်ခြင်း, အမှု မျိုးသည် ရဟန်း တို့အား မရှိကြောင်းကို ပြဆိုသည်နှင့် ဆန့်ကျင်ရာသည်။

စ၊ဆက်ဦးအုံ့။ဧည့်၊ ဤ"နယိန် သုကရံ **အဂါရံ**" အစရှိသော ပါဠိ၌။ယသ္မာ၊အကြင့်ကြောင့်။ **အဂါရသ**၊ အိမ်ရာထောင်သော လူ၏။ ဟိတံ၊ အစီးအပွားဖြစ်သော။ ကသိဝါဏိဇ္ဇာဒိကမ္မံ၊လယ် လုပ်ခြင်း,ကုန်သွယ်ခြင်း,စသော **အမှုကို**။ **အဂါရိယန္တိ**၊**အဂါရိ ယ**-ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ တဋ္ဌ၊ထိုလယ်လုပ်,ကုန်သွယ်,ခြင်းစ သော **အမှု**သည်လည်း၊ပဗ္ဗဇ္ဇာယ၊ ရဟန်း၏ အဖြစ်၌။ နတ္ထိ၊မရှိ။ တသ္မာ၊ထိုကြောင့်။ပဗ္ဗဇ္ဇာ၊ရဟန်း၏ အဖြစ်ကို၊ **အနဂါရိယန္တိ**၊ **အနဂါရိယ**-ဟူ၍။ဥာတဗ္ဗာ၊သိအပ်၏။ **။သာဓုဇနေ ဝသုတ် အဋ္ဌကထာ**။**အနုက်**။

ဧဝံ နဟာပနကာလေ ပန ကောသမသုံ ဩဠာ ပနကာလေဝါ တွံ ညာတော ယသသိ၊ ဣဒါနိ မယင် တံ နိဿာယ ပစ္စယေဟိ နု ကိလမိဿာမာ တိ နု ဝတ္တာဗ္ဗော၊အညာပိ **အနိယျာနိကကထာ** နု ကဿထတဗ္ဗာ။ **။ဟု- ဝိနည်းမဟာဝါ**အဋ္ဌ **ကထာ-ပဗ္ဗဇ္ဇာခန္ဓက** နှိုက် လာရှိသည်။ ၂ ၀ ၄။

ပန၊ဆက်၍ဆိုဦးအုံ့။ နဟာပနကာလေဝါ၊ ရေချိုးစေသော ကာလ၌ရင်း။ကောသမသုံ၊ဆံ,မုတ်ဆိတ်,ကို၊**ဩဠာ**ပနကာလေ ဝါ၊ပယ်ချသော ကာလ၌ရင်း။**တွံ**၊သင်သည်။ ညာတော၊ ထင်ရှား သော သူသည်။ ယသသိ၊အကြီးအရုံမျိုးသော သူသည်။ **အသိ**၊ ဖြစ်၏။ ဣဒါနိ၊ယခုအခါ၌။မယံ၊ငါတို့သည်။ တံ၊သင့်ကို။ နိဿာ ယ၊မှီ၍။ ပစ္စယေဟိ၊လေးပါးသော ပစ္စည်းတို့ဖြင့်။ နကိလမိဿာ မ၊မပင်ပန်းကုန်တော့အုံ့။ ဣတိ၊ဤသို့။ နဝတ္တာဗ္ဗော၊ မဆိုအပ်။

အညာဝိ၊ တပါးလည်းဖြစ်သော။အနိယျာနိကကထာ၊သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော စကားကို။နုကထေတဗ္ဗာ၊ မပြောဟောအပ်။

ဤသို့ လာရှိသောကြောင့်၊ ရှင်လောင်းဖြစ်သော ကျောင်းသား ကြီး,ငယ်,တို့ကို သာသနာတော်မှ ဆုတ်နုစ်ကြောင်း,ရှင်,ရဟန်း,အဖြစ်သို့ မဝင်နိုင်ရန် အကြောင်း, သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော စကားကို၊ ရဟန်းတို့က မပြောကြားအပ်-ဟူလို။

ယခုထက်တိုင် ဗုဒ္ဓသာသနာဝင် အမျိုးသား အဆက်ဆက်တို့သည်လည်း၊သားငယ်,မြေးငယ်,တို့ကို ဘွားမြင်သည်က စ၍ ရှင်ပြုလိုသော အကြံအစီ မပြတ်မစဲ၊တကြံထဲ,တစိထဲ,အားခဲ, ကျိုးကုတ်,လုလ္လ ထုတ်၍ဥစ္စာ ပစ္စည်း အနည်းနည်း စုဆောင်းလျက်၊ပစ္စည်း အင်အား အသွင့်သင့်ရာ၊ မည်သည့်အခါ မဆို၊ရှင်ပြုလိုခြင်း အရင်းခံနှင့် ဗုဒ္ဓသာသနာစာပေကျမ်းဂန် တတ်မြောက်စေလို၍၊သားငယ်,မြေးငယ်,တို့ကို ကျောင်းသို့ အပ်ထား စာပေသင်ကြားစေသည့် အရာသာ များသည်။ ။ယင်းသို့ ဖြစ်၍၊ပညာလက်ထေဝံဆရာထား၍ ဖြစ်စေ၊ကိုယ်တိုင်ဖြစ်စေ၊ကျောင်းသားသူငယ်များကို သင်ကြားစေသော**ရဟန်းသည်** ဗုဒ္ဓသာသနာဝင် ဓိ, ဘ, ဘိုး,ဘွား တို့၏၊အလိုအဆက်ကိုမျက်ဆီးခုံမကာ၊ ပြဆိုအပ်ခဲ့ပြီးသော ''ပဗ္ဗဇ္ဇာခန္ဓက-အဋ္ဌကထာ'' အလိုကိုလည်း၊ မျက်ဆီးကျော်နင်းသူဖြစ်၍ဗုဒ္ဓသာသနာတော်ကို **ဆုတ်ယုတ်ကွယ်ပပြယ်သော ရဟန်းပင်ဖြစ်သည်။**

ပါဠိတော်နှင့်၊အနုက် အဓိပ္ပါယ် မစပ်သော **လောကီအတတ်ပညာကို** သင်ကြား လေ့ကျက်ခြင်းကို မဆိုထားဘိ၊ ပါဠိတော်

နှင့် အနုက် အဓိပ္ပါယ် စပ်ဆက်၊ သင့်လျော်သော "ဗျို့, ကဗျာ, လင်္ကာ,စာကဗျိ" သင်ကြား လေ့ကျက်ခြင်းသည်ပင်၊ သာသနာတော် ဆုတ်ယုတ်,ကွယ်ပ,ခြင်း၏ အကြောင်း ဖြစ်သည်ဟု-နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-၄၇၉-အာနိုက သုတ် ၌ ဟောတော်မူလျက်ရှိ၏။

အာနိုက သုတ်။

ဘုတပုဗ္ဗံ ဘိက္ခဝေ ဒသာရဟာနံ အာနုကောနာမ မုဒိင်္ဂါ အဟောသိ၊တေဒသာရဟာ အာနုကေ ဃဋ္ဋိတေ အညံ အာဏိ ဩဒ္ဒဟိ သု၊အဟု ခေါ သော ဘိက္ခဝေ သမယော ယံ အာနုကဿ မုဒိင်္ဂဿ ပေါရာဏံ ပေါက္ခရဝတ်ံ အန္တရဓာယိ၊ အာဏိ သဃ်ာဌောဝ အဝသိသိ၊ ဇေမေဝခေါ ဘိက္ခဝေ ဘာရိယန္တိ ဘိက္ခု။ အနာဂတမဒ္ဓါနံ ယေ တေ သုတ္တန္တာ တထာဂတဘာသိတာ ဂမ္ဘီရာ ဂမ္ဘီရတ္ထာ လောကုတ္တရာ သုညတပဋိသံယုတ္တာ တေသု ဘည်မာနေသုနသုသိသိသန္တိ၊နု သောတံ ဩဒ္ဒဟိသန္တိ၊နု အညာစိတ္တံ ဥပဋ္ဌာပေသန္တိ၊ နု စတေ ဓမ္မေ ဥဂ္ဂဟေတဗ္ဗံ ပရိယာပုဏိတဗ္ဗံ မညိသန္တိ၊ ယေ ပန တေ သုတ္တန္တာ ကဝိတာ ကာဝေယျာစိတ္တက္ခရာ စိတ္တဗျဉ္ဇနာ ဗာဟိရကာ သာဝကဘာသိတာ၊ တေ သုဘည်မာနေသု သုသိသိသန္တိ၊ သောတံ ဩဒ္ဒဟိသန္တိ၊ အညာစိတ္တံ ဥပဋ္ဌာပေသန္တိ၊တေ ဓမ္မေ ဥဂ္ဂဟေတဗ္ဗံ ပရိယာပုဏိတဗ္ဗံ မညိသန္တိ၊ဇေမေဝ တေသံ ဘိက္ခဝေ သုတ္တန္တာနံ တထာဂတ ဘာသိတာနံ ဂမ္ဘီရာနံ ဂမ္ဘီရတ္ထာနံ လောကုတ္တရာနံ သုညတပဋိ သညုတ္တာနံ အန္တရဓာနံ ဘာရိယတိ၊တသ္မာ တိဟ ဘိက္ခဝေ ဇေဝံ သိက္ခိတဗ္ဗံ၊ ယေ-တေ သုတ္တန္တာ တထာဂတဘာသိတာ ဂမ္ဘီရာ ဂမ္ဘီရတ္ထာ လောကုတ္တရာ သုညတပဋိသညုတ္တာ၊တေသု ဘည်မာနေသု သုသိသိသာမ သောတံ ဩဒ္ဒဟိသာမ အညာ စိတ္တံ ဥပဋ္ဌာပေသာမ၊တေစ ဓမ္မေ ဥဂ္ဂဟေတဗ္ဗံ ပရိယာပုဏိတဗ္ဗံ မညိသာမာတိ၊ဇေဋ္ဌ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေးခို ဖြစ်ဘူးသည်ကား။ တနည်း၊ဘူတပုဗ္ဗံ၊ရှေးခို ဖြစ်ဘူးသော။ ဝဏ္ဏုံ၊ဝဏ္ဏုကို။ အဟံ၊ ငါဘုရားသည်၊ဝဒါမိ၊ဟောတော်မူဦးအုံ့။ တုမှေ၊သင်ချစ်သားတို့ သည်။သုဏာထ၊နာကြကုန်ဦးလော့။ဒသာရဟာနံ၊ဒသာရဟ အ မည်ရှိကုန်သော မင်းတို့အား။ အာနကောနာမ၊ အာနိကမည် သော။ မုဒိင်္ဂါ၊မုရိုးစည်သည်။ (မုဒိင်းစည်သည်)အဟောသိ၊ရှိ သည်ဖြစ်၏။ တေဒသာရဟာ၊ထိုဒသာရဟာမင်းတို့သည်။အာန ကော၊ အာနိကမည်သော မုရိုးစည်ကို။ ဃဋိတော၊တီးခတ်သည်ရှိ သော်။ဝါ၊တီးခတ်၍ကွဲးအက်သည်ရှိသော် အညံ့၊တပါးသော။ အာဏိ ံ၊ တံသင်း မယ်နကို။ ဩဒဟိ ံသု၊ သွင်းကြကုန်၏။ ဘိက္ခဝေ၊တို့။ ယံ-ယဿို ံသမယော၊ အကြင်အခါ၌။ အာနကဿ၊ အာနိကမည်သော။မုဒိင်္ဂဿ၊မုရိုးစည်၏။ ပေါရာဏံ၊ရှေးအခါ၌ ဖြစ်သော။ ပေါက္ခရဝလကံ၊ အခေါင်းထွင်းသော သစ်သားပျဉ် သည်။ ဝါ၊ စည်ခေါင်းသည်။ အန္တရဝါယိ၊ ကွယ်ပျောက်ခဲ့၏။ အာဏိသမ္ပယောဇေါ၊ တံသင်း မယ်နအပေါင်းသည်သာလျှင်။ဝါ၊ အဖာသစ်သားသည်သာလျှင်။ အဝဏိသိ၊ ကြွင်းကျန်တော့၏။ သောသမယော၊ထိုတံသင်း မယ်နဲ့ သွင်းသော အခါသည်။ အဟု ခေါ်၊အဟုဝေ၊ဖြစ်သည်သာလျှင်တည်း။

ဘိက္ခဝေ၊တို့။ ဝေမေဝခေါ-ဤအတူသာလျှင်။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ အဒ္ဓါနံ၊ကာလခို။ ဘိက္ခ။၊ရဟန်းတို့သည်။ ဘဝိသန္တိ၊ဖြစ်ပေါ်လာလိမ့်ကုန်လတ္တံ့။ ကိ ံဘဝိသန္တိ၊အာဘယ် သို့ ဖြစ်ပေါ်ကုန်လတ္တံ့.နည်း။တထာဂတာ၊ဖြတ်စွာဘုရားတို့သည်။ ဘာဝသိတာ၊ ဟောတော်မူအပ်ကုန်သော။ ဂန္ဓာ့ရာ၊ နက်နဲးကုန် သော။ဂန္ဓာ့ရဏ္ဍာ၊နက်နဲးသော အနက်ရှိကုန်သော။လောကုတ္တရာ၊ လောကုတ္တရာဖြစ်ကုန်သော။ ဝါ၊လောကမှ လွန်မြောက်ကြောင်း ဖြစ်ကုန်သော။ ဝါ၊ လောကုတ္တရာ အနက်ကို ပြတတ်ကုန်သော။ သုညတပဋိသညုတ္တာ၊ နိဗ္ဗာန်တရားနှင့် စပ်ယှဉ်ကုန်သော။ ဝါ၊ ရာဂ,ဒေါသ,မောဟ,ဆိတ်ခြင်းနှင့် စပ်ယှဉ်ကုန်သော။ ဝါ၊သတ္တ

မှ ဆိတ်သော သဘာဝမျှမျှကို ပြုတတ်ကုန်သော။ ယေတော သုတ္တန္တာ၊ အကြင်သုတ္တန်ပါဠိတို့သည်။ အဋ္ဌိသန္တိ၊ ရှိကုန်၏။ တေသု၊ ထိုသုတ္တန်တရားတို့ကို။ ဘညမာနေသု၊ ဟောကုန်သည် ရှိသော်။နသုဿသိ.သန္တိ၊မနာကြားလိုကုန်လတ္တံ့။ သောတံ၊နားသို့။ နသြေဒဟိသန္တိ။မသက်ဝင်ကုန်လတ္တံ့။ အညံ-အညာယ၊သိခြင်းဌာ။စိတ္တံ၊စိတ်ကို။ နဥပဋ္ဌာပေသန္တိ၊ မဖြစ်စေကြကုန်လတ္တံ့။ဝါ၊ မထားကြကုန်လတ္တံ့။ တေစဝမ္မေ၊ ထိုဘုရားဟော သုတ္တန်တရားတို့ကိုလည်း။ ဥဂ္ဂဟေတဗ္ဗံ၊သင်ယူအပ်၏ဟူ၍။ နမညိဿန္တိ၊ မမှတ်ထင်ကြကုန်လတ္တံ့။ ပရိယာပုဏိတဗ္ဗံ၊ အာဘန်တလဲ့လဲ့ သုံးသပ် သင်ယူအပ်၏ဟူ၍။ နမညိဿန္တိ၊ မမှတ်ထင်ကြကုန်လတ္တံ့။

ဗာဟိရကာ၊ **သာသနာတော**ဝိမှ **အပ** ဖြစ်ကုန်**သော**။ သာဝကာဘာသိတာ၊သာဝကတို့သည် ဟောအပ်ကုန်သော။ ကဝိတာ၊ ပညာရှိ-ကဝိတို့ ဘွဲ့စီကုံးအပ် ကုန်သော။ ကာဝေယျာ၊ကဗျာဖြစ်ကုန်သော။ စိတ္တကွဲရာ၊ ဆန်းကြယ်သော အကွဲရာ ရှိကုန်သော။ စိတ္တဗျဉ္ဇနာ၊ ဆန်းကြယ်သော သဒ္ဒါ ရှိကုန်သော။ ယေပနတော သုတ္တန္တာ၊အကြင်ပါဠိတို့သည်၊သန္တိ၊ရှိကုန်၏။။တေသု၊ထို ဗာဟိရက သာဝကတို့သည် ဟောအပ်ကုန်သော သုတ္တန်တို့ကို။ဘညမာနေသု၊ ဟောကုန်သည် ရှိသော်။ သုဿသိသန္တိ၊ နာလို,နားထောင်လို,ကြကုန်လတ္တံ့။ သောတံ၊နားသို့။ သြေဒဟိသန္တိ၊သက်ဝင်ကြကုန်လိမ့်လတ္တံ့။အညံ-အညာယ၊သိခြင်းဌာ။စိတ္တံ၊စိတ်ကို။ ဥပဋ္ဌာပေသန္တိ၊ဖြစ်စေကြကုန်လတ္တံ့။ဝါ၊ထားကြကုန်လတ္တံ့။တေစဝမ္မေ၊ထို ဗာဟိရက သာဝကတို့ ဟောအပ်သော ဝမ္မတို့ကို။ ဥဂ္ဂဟေတဗ္ဗံ၊ သင်ယူအပ်၏ ဟူ၍။ မညိဿန္တိ၊ မှတ်ထင်ကြကုန်လိမ့်လတ္တံ့။ ပရိယာပုဏိတဗ္ဗံ၊ အာဘန်တလဲ့လဲ့ သုံးသပ်,သင်ယူအပ်၏ဟူ၍။ မညိဿန္တိ၊မှတ်ထင်ကြကုန်လိမ့်လတ္တံ့။

ဘိက္ခဝေ၊ရဟန်းတို့။ဝေမေ၀၊ ဤအတူသာလျှင်။ ဝါ၊ ဤသို့ **ဒသာရဟမင်းတို့၏ အာနိကမည်သော စည်သည်၊တည်ရင်း**

ကွယ်ပျောက်။ တံသင်း- ယင်နရောက်သည် အတူသာလျှင်။ တထာဂတာဘာသိတာနှ၊ မြတ်စွာဘုရားတို့သည် ဟောအပ်ကုန်သော။ ဂန္ဓိရာနှ၊ နက်နဲးကုန်သော။ ဂန္ဓိရဏ္ဍာနှ၊ နက်နဲးသော အနက် ရှိကုန်သော။လောကုတ္တရာနှ၊လောကုတ္တရာ အနက်ကို ပြတတ်ကုန်သော။ သုညတပဋိသညုတ္တာနှ၊သတ္တဝ ဆိတ်သော သဘာဝမျှမျှကို ပြတတ်ကုန်သော။ တောသံ၊ ထိုမြတ်စွာဘုရားတို့သည် ဟောအပ်ကုန်သော ပါဠိသုတ္တန်တို့၏ ၊ အနန္တရခနှ၊ကွယ်ခြင်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဘဝိသတိ၊ ဖြစ်လတ္တံ့။ တသ္မာ၊ ထိုကြောင့်။ဘိက္ခဝေ၊ရဟန်းတို့။ဣဟ၊ဤသာသနာတော်၌။ဘိက္ခု၊ဟိ၊ရဟန်းတို့သည်။ဇေတံ၊ဤသို့။ သိက္ခိတဗ္ဗံ။ကျင့်အပ်၏။ ကိံ သိက္ခိတဗ္ဗံ၊အဘယ်သို့ ကျင့်အပ်သနည်း။

တထာဂတာဘာသိတာ၊ မြတ်စွာဘုရားတို့သည် ဟောအပ်ကုန်သော။ ဂန္ဓိရာ၊ ကုန်သော။ ဂန္ဓိရဏ္ဍာ၊ ကုန်သော။ လောကုတ္တရာ၊ကုန်သော။ သုညတပဋိသညုတ္တာ၊ကုန်သော။ ယေတေ သုတ္တန္တာ၊အကြင် ဘုရားဟောပါဠိ တို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။တေသု၊ထိုဘုရားဟောပါဠိတို့ကို။ ဘည္ဒမာနေသု၊ဟောကုန်သည်ရှိသော်။ သုသိသောမ၊ နာကုန်အံ့။ သောတံ၊နားသို့။ ဩဒဟိသောမ၊သက်ဝင်စေကုန်အံ့။ အညံ-အညာယ၊ သိရင်းခဲ့။ စိတ္တံ၊စိတ်ကို၊ ဥပဋ္ဌာပေသောမ၊ ဖြစ်စေကုန်အံ့။ဝါ၊ ထားကုန်အံ့။ တေစမ္မေ၊ထိုဘုရားဟောပါဠိတို့ကိုလည်း။ ဥဂ္ဂဟေတဗ္ဗံ၊ သင်ယူအပ်၏။ ဟူ၍။ ပရိယာပုဏိတဗ္ဗံ၊ အဘန်တလဲးလဲးသုံးသပ်သင်ယူအပ်၏။ ဟူ၍။ မညိသောမ၊မှတ်ထင်ကုန်အံ့။ ဣတိ၊ဤသို့။ သိက္ခိတဗ္ဗံ၊ကျင့်အပ်၏။ဘိက္ခဝေ၊ရဟန်းတို့၊ဧဝံဟိ-ဧဝံဧဝ၊ဤသို့သာလျှင်။ ဝေါ၊ သင်ချစ်သားတို့အား။ သိက္ခိတဗ္ဗံ၊ မဲ့ရွှတ်ကျင့်အပ်၏။

မှတ်ချက်။ဤ"အာနိကသုတ်"၌၊မြတ်စွာဘုရားဟောတော်မူ
လိုရင်းမှာ၊ ငါဘုရား နက်နက် နဲးနဲး ဟောထား

သော "ပါဠိဝေမ, လောကုတ္တရာ သုညတပွဋိသံ ယုတ္တ" ဖြစ်သော တရားမျှားကိုသာ နာယူကြ၊ သင်ကြားကြဟု-ညွှန်ပြတော်မူလိုရင်း ဖြစ်သည်။

အခြားသော သာသနာတော်မှ၊အပြင်ဘက်သား၊ သာဝကမျှား ဟောကြား, သိုးကုံး, ဘွဲ့ဆိုထားသော သုတ္တန်မျှားကို၊ မနာယူကြနှင့်, မသင်ကြားကြနှင့်,-ဟုလည်း၊ ဝိတ်ပင် တားမြစ်တော်မူလို၍၊ဤသုတ်အဆုံး၊"နိဂုံးဝါကျ" ကိုဟောတော်မူသည်။ ။ဂန္ဓကာရကမှတ်ချက်။

အာနိုဂသုတ်-အဋ္ဌကထာမှတ်ချက်။

ဂန္ဓိရာတိ-ပါဠိဝဏ္ဏနာ ဂန္ဓိရာ၊သလ္လေခသုတ္တသဒ္ဒါသာ။ဂန္ဓိရဏ္ဍာတိ- အဏ္ဍဝဏ္ဏနာ ဂန္ဓိရာ၊ မဟာဝေဒလ္လသုတ္တသဒ္ဒါသာ။ လောကုတ္တရာတိ- လောကုတ္တရဲ့အဏ္ဍဒီပကာ။ သုညတပွဋိသံ ယုတ္တာတိ-သတ္တသုညတာ ဓမ္မမတ္တမေဝ ပကာသကာ၊သခ်ိတသံ ယုတ္တသဒ္ဒါသာ။ ။ကဝိတာတိ-ကဝိဟိကထိတာ၊ဇာတရဲ့ တဝေသ ဝ ဝေဝစနံ။ဒိတ္တကဒ္ဒရာတိ-ဝိစိတ္တြအာကဒ္ဒရာ၊ဇာတရဲ့ တဝေသဝ ဝစနံ။ ။ဗာဟိရကာတိ-သာသနတော ဗဟိဘူတာ။သာဝကဘာသိတာတိ-တော်သံ တော်သံ သာဝကေဟိ ဘာသိတာ။သုသိသိသန္တိတိ- အက္ခရစိတ္တတာယစေဝ သဝဏ်သမ္ပတ္တိယာစ အတ္တမနာ ဟုတ္တာ သာမဏေရ, ဒဟရဘိက္ခု, မာတုဂါမ, ဂဟပတိကာ, ဒယော ဇေ ဓမ္မကထိကောတိ သန္ဓိပတိတ္တာ သောတုကာမာ ဘဝိသန္တိ။တာဒ္ဓာတိ-ယာဒ္ဓာ တထာဂတဘာသိတာ သုတ္တန္တာ အနုဋ္ဌယ္ယမာနာ အန္တရဓာယိသန္တိ၊ တာဒ္ဓာ။ ။နိဒါနဝဏ္ဏသံ ယုတ် အဋ္ဌကထာ-၂၀၆။ ဒုကနိပါတ်အဂ်တ္တိ၊ရ်အဋ္ဌကထာ ၄၉။ ။

ဝိဘိတ္တြဲအက္ခရာတိ- ဝိဘိတ္တြာကာရက္ခရာ၊ ဝိညာဏာ။ သာသနတောဗဟိဘူတာတိ-နိသာပရာဂါ။ ။အနုဠုယ္ယမာနာတိ-နဥဠုယ္ယမာနာ သဝနေ, ဓာရဏာ,ပရိစယ, အတ္ထုပပရိက္ခာဒိဝသေန အနုဠုယ္ယမာနာ။အန္တရာယိသန္တိတိ-အဒဿနံ ဂစ္ဆိသန္တိ။ ။နိဒါနဝဂ္ဂသံယုတ်ဋီကာ။ ။ဌ-ချပ်။ ။ကဝိနော ကမ္မံ ကဝိတာ၊ ယံ ပနသ ကမ္မံ၊ တံ တေန ကတန္တိ ဝုစ္စတိတိ အာဟ ကဝိတာတိ၊ကဝိဟိကထိတာတိ၊ ဣတရေန-ကာဝေယျာတိ ပဒံ။ ကာဗျန္တိ ဝုတ္တံ ဟောတိ၊ကာဗျန္တိစ ကဝိနာ ဝုတ္တန္တိ အဏ္ဍော၊ ဝိဘိတ္တြဲအက္ခရာတိ-ဝိဘိတ္တြဲာကာရက္ခရာ ဝိညာပနီယာ၊ သာသနတောဗဟိဘူတာတိ-နသာသနာဝစရာ။ ။ဒုကအဂ်ုတ္တိ၊ရ်ဋီကာ။၃ ၂ ၈။ ။

ဆန်းကြယ်သောအက္ခရာ- ဆန်းကြယ်သောသဒ္ဒါ ဆိုသည်၌၊ အက္ခရာ အရေးအသား အက္ခရာသဏ္ဌာန်ကိုဆိုသည်မဟုတ်၊ နှုတ်ဖြင်္ဂ်ာသောသဒ္ဒကို ဆိုသည်ဟု ယူအပ်၏။ ဘုရားအစဉ်ရှိသောပညာရှိတို့-ရှုတ်ဆိုအပ်သည်မှတပါး၊ အခြားသော နှုတ်ဖြင်္ဂ်ာ ရှုတ်ဆိုသော သဒ္ဒကို ဆန်းကြယ်သည်ဟု ဟောတော်မူသည်။ ယခု-ဘုတ်-ပေ-သင်ပုန်းခ္ဍာ်ရှိ ကြသော အရေးအသား အက္ခရာများသည်ကား၊ သင်္ကေတအမှတ်အသားမျှသာဖြစ်ကြ၏။ ။ဂန္ဓ ကာရကမှတ်ချက်။

ဤမျှသော စကား အစဉ်ဖြင့်၊"တိရစ္ဆာနဝိဇ္ဇာ"ဂဏန်းသင်္ချာ အတတ်ကို၊ ဗုဒ္ဓသာသနာဝင်၊ ရဟန်းသံဃာ, ရှင်သာမဏေတို့ လေ့လာ သင်ကြား ပို့ချပြင်းဌာ၊သင့်,မသင့်,အကြောင်း၊ပါဠိ,အဋ္ဌကထာ,ဋီကာ,ဂန္ထိုရ,ဗဟုသုတ,အရာခ္ခု၊ကျောင်စောထင်ရှား တော်မူသော **မိုင်းခိုင်းဆရာတော်ဘုရားကြီး** ဆုံးဖြတ် ရေး

သားတော်မူရာ၊ အပြည့်အစုံ ထည့်သွင်းအပ်ပြီး။ ဗုဒ္ဓသာသနာ တရားကျမ်းဂန်နှင့် စပ်သော အရာမှာ၊တရား ကျမ်းဂန်သာလျှင်၊ **ပမာဏဖြစ်သည်**။ထိုတရားကျမ်းဂန်အရာတွင်၊မြင်မြင် ဝါးဝါး ပုဂ္ဂိုလ်တို့-တရားကျမ်းဂန်ကို ဆုံးဖြတ်နိုင်သည် မဟုတ်။ ရင့်သော ပညာဖြင့် ထုံအပ်, ဆည်းပူးအပ်, သော ပညာဉာဏ်ရှင် ပုဂ္ဂိုလ်တို့၏ သာလျှင် အရာဖြစ်သည်။ ဤ အရေပ်ရပ် ဘေဒပြအပ်သော စကားတို့တွင်၊ရဟန်းသာမဏေတို့အားကား၊ **ဘိရဏ္ဍာနဝိဇ္ဇာ-လောကာယတ-အတတ်များသည်**''အန္တကမ္ဘ''အတွင်း အမှုများ မဟုတ်၊**နိဿရဏတ္ထ** အကျိုးကို လိုလားသော ပုဂ္ဂိုလ်သူမြတ်တို့၌၊''**ပဘိဏကမ္ဘ**''အပြင်ပ,အမှုသာ ဖြစ်ကြောင်းထင်ရှားလေပြီ။

ယခုအခါ၊နောင်အခါ၊ ဗုဒ္ဓသာသနာ တရားကျမ်းဂန်နှင့် စပ်သော အရာတွင်၊ ကောင်းစွာ တတ်မြောက်,ပြည့်စုံ,လုံလောက်, သော ပုဂ္ဂိုလ်မြတ်တို့ ရှိလေသော်လည်း။အရေး အရာ မတွင်လျှင် မပါဝင်ကြရ၊ ပါဝင်သော ပုဂ္ဂိုလ်တို့မှာ၊ ကျယ်ဝန်းစွာသော ကျမ်းဂန် ဝိဇ္ဇာကတ် အရာကို၊ ကောင်းစွာ နိုင်နင်းအောင် တတ်မြောက်ခြင်း မရှိဘဲးလျှင်၊မိမိတို့ ထင်မြင် သမျှဖြင့်၊ဆုံးဖြတ် ပြောကြား လေက၊**အမှောက်မှောက်အမှားမှား** တရားလမ်းကြောင်း.တိမ်းစောင်းချွတ်ယွင်းဖြစ်ချေမည်။သို့ဖြစ်၍၊ဗုဒ္ဓသာသနာတရား ကျမ်းဂန် အရေး အရာနှင့်စပ်သဖြင့်၊ဟုတ်မှန်ရာ၊ သိရှိမှတ်သားလိုသော၊ပုဂ္ဂိုလ်တို့မှာ၊အရေး အရာနှင့် စပ်ရာ၊ ဟုတ်မှန်ရာသိရှိမှတ်သားရန်၊စင်စစ် အရေး အရာရှိလျှင်၊**ကျမ်းဂန်သာပမာဏ**၊ အရိုး အစည်၊လက်သုံး စံကျ၊ နှည်းလမ်းအတိုင်း၊ ဆရာမြတ်တို့ နှည်းနာကို၊ ငြမ်းကြီး သဖွယ်၊လိုက်နာ ယူသုံး၊ မှီခိုကြရာသည်။ "**ဆိုင်းကိုပစ်၍-လက်ရှက်ကသည်**''ဆိုသောစကားကဲ့သို့၊ထင်ယောင်ထင်မှား၊ဉာဏ်ပိုးဝါးဖြင့်၊ငါတကားမမှ၊သူတော်ကောင်းတရား၊မကွဲးမပြား၊ထွန်းကားစေလိုသော၊နှလုံးရှိသူတို့၊ယူလို,သုံးလို,မှတ်သားလို,ကြမည်ဖြစ်သောကြောင့်။ ဤ "**ဘိရဏ္ဍာနဝိဇ္ဇာ**

အခဏ်းအခြေတ်စာ'' ကို၊ ကောင်းစွာ ထည့်သွင်း ဘော်ပြ ပါ သတည်း၊ ။**မဟာပေါဓိသတင်းစာအခဏ်ပြီးပြီ**။

ထိုအခါက၊မန္တလေးမြို့တွင်၊ ဂဏန်းသင်္ချာ စသော လောက ဓာတ်ပညာသင်ကြားရန်၊နယ်ဥာဏ်ဆရာလက္ခံပြီးလျှင်၊ ရှေးဦးစွာ သင်ကြားခြင်း ပြုသည့်- ဒကွိဏာဝန်တိုက်- မြတ်ဘုန်းကြီးကို၊ တံဆိပ်တော်ရဆရာတော်ကြီးများ၊အစုံအညီ၊စည်းဝေးပြီးလျှင်၊ **သမုတိ ပခန်း သာသနာဝိုင်** စသော ဆရာတော်ကြီး တို့က၊ မသင်အပ်ကြောင်း အခဏ်းအခြေတ်ချ၍၊ ၎င်းမြတ်ဘုန်းကြီးကို အ ပေါင်းအသင်းမပြုဘဲ၎ောင်ကြဉ်ထားကြရာ၊ နောက်မှ ၎င်း မြတ် ဘုန်းကြီးက-တောင်းပန်ဝန်ချသဖြင့်၊ဆက်ဆံကြသည်။ ။

အခဏ်းမှတ်ချက်။ဤအထက်တော်ပြရာပါ၊ **တိရစ္ဆာနဝိဇ္ဇာ** **အခဏ်းအခြေတ်** ကို၊ ''မိုင်းခိုင်ဆရာတော် ဘုရား ကြီး'' ရေးသားတော် မူရခြင်း အကြောင်းမှာ၊ မြန်မာ သက္ကရာဇ် ၁၂၄၇-ခုနှစ်၊တန်းဆောင်မုန်း လပြည့်ကျော် {၈}ရက်နေ့- **သီပေါဘုရင်** မင်း မြတ်နှင့် တကွ၊ အထက် မြန်မာပြည်ကို၊ အင်္ဂလိပ် အစိုးရမင်းများ သိမ်းယူ ပြီးသည်နောက်-များ မ ကြာမီ အတွင်း၊ ရဟန်းတော်များ ကျောင်းခ် **လောကဓာတ်ပညာဆိုင်ရာ** အတတ်ပညာသင် ကျောင်းများ ဘွင့်ဘို့ရန်အကြောင်းနှင့် စပ်လျဉ်း ၍၊ပညာပိုင်းဆိုင်ရာအရာရှိများက (**နန္ဒာဘိဓေ သိရိ သဒ္ဓမ္မ ဓိပတိပဝရ မဟာ ဓမ္မရာဇာဓိ ရာဇ ဂုရု**)ဟူသော-ဘွဲ့ပုံတော်ရှိ၊ပခန်း သမုတိ **သာသ နာဝိုင်** ဆရာတော်ဘုရားကြီးနှင့် တကွ၊''သုဓမ္မာ ဆရာတော်ဘုရားကြီး'' များအား လျှောက်ထား ရာ၊သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့်တကွ၊

သုမင်္ဂလာဆရာတော်ဘုရားကြီးများက၊ (ပဏ္ဍိတ ဇေသိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု) ဟူ သော တံဆိပ်တော်ရ၊ မိုင်းခိုင်ဆရာတော် ကို၊ တာဝန် လွှဲအပ်ရာတွင် - ၎င်း လောကဓာတ် ပညာဘက် ဆိုင်ရာ အတတ်များသည်၊ "**အိ ရဟန္တာနုဝိဇ္ဇာလောကာယတ**" အတတ်မျိုးများ ဖြစ်၍၊ ရဟန်း-သာမဏေများ-**မသင်အပ် မသင် ထိုက်ကြောင်း** ဖြင့် ဆုံးဖြတ် ရေးသားတော်မူခဲ့ သော-အဆုံးအဖြတ်ကြီး တခု ဖြစ်လေသည်။

၁၂၁၇-ခုနှစ်က
ပုန္တာထုတ်၍ မေးပုံ။

မန္တလေးမြို့ - ပရိယတ္တိသာသနဟိတအသင်း - စာမေးပွဲ ပထမရက် ဒွေးမာတိကာမေးခွန်း-ပုန္တာနုပါတ်-၁၀-၌-မေးပုံ-ဖြေပုံကို အောက်ပါအတိုင်းတွေ့ရှိရသည်။

(၁၀) **အမေး**။ အင်္ဂလိပ်ဘာသာ၊ စာစကားများကို၊ မိမိ သင်ကြားခြင်း၊ သူတပါးတို့အား သင်ကြားပေးခြင်း များ၌၊ **အပ်ပါမည်လော**၊ **မအပ်လျှင်** - **မည်သည့်** သိက္ခာပုဒ်များသို့ သက်ဝင်၍၊ **မည်သည့် အာပတ်** သင့်ကြောင်းကို၊ ဘိက္ခု-ဘိက္ခုနီ-ခွဲခြားမှု **အာပတ်** တပ်ခဲ့ပါဟု-**အမေး**ထုတ်သည်။

အဖြေ။ ။အင်္ဂလိပ်ဘာသာ၊ စာစကားများကို၊ မိမိသင်ခြင်း၊ သူတပါးတို့အား သင်ကြားပေးခြင်းများမှာ၊ **မအပ်**။ ဘိက္ခုနီ၊ ဘိရဟန္တာနုဝိဇ္ဇာ ပရိယာပုဏာန သိက္ခာပုဒ်၊ ဘိရဟန္တာနုဝိဇ္ဇာ...ဝါစေယျ-သိက္ခာပုဒ်များသို့၊ သက်

ဝဝ်ရကား၊ဘိက္ခုအား၊ဒုက္ခင့်အာပတ်။ဘိက္ခုနီအား၊ ပါစိတ်အာပတ်သင့်သည်ဟု။ ။အဖြေတုတ်သည်။

တရုတ်တပါးသော ဘာသာတို့တွင်၊ မဂဓ ဘာသာဖြင့်သာ ဘုရားရှင်သည် အာဘယ့်ကြောင့် ဟောလေသနည်းဆိုရာ၌၊တပါး သောဘာသာတို့သည်အမြိုးမတည်၊ကြာမြင့်တိုင်းရှေ့သည်။မဂဓ ဘာသာမူကားမပြောင်းမရှေ့အမြိုးတည်သည်။ဗဒ္ဓိသတ္တိဒါဌာဏ် နှင့်လည်း၊အာရုံ၊ အာရမ္မဏိကတော်လှသည်။ ထိုကြောင့်၊ မဂဓ ဘာသာဖြင့်သာ ဘုရားဟောတော်မူလေသည်ဟူ၍ ဆိုသည်ကို ထောက်လျှင်၊ မဂဓဘာသာမှတပါး၊ အခြားသော ဘာသာတို့ သည်၊အမြိုးမတည်၊ကြာလျှင်ရှေ့ချေသည်ဟု။ ။တောင်တွင်း ပုဂ္ဂိုလ်လမ်ကျော်-ခင်ကြီးဗျော်-ဖြေဆိုသည်။ ။

သာ မာဂဓိ မူလဘာသာ၊ နရာ ယာယာဒိကပ္ပိကာ။ ဗြဟ္မု နောစာသုတာလာပါ၊ သမ္ဗုဒ္ဓါစာဝိ ဘာသရေတိ။

လောကာယတာဒီနောက်ဆက်တွဲ ပြီးပြီ။